www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## အလွမ်းတိုင်းမရပ်တဲ့ သံယောဇဉ်ရထား




www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

အလွမ်းတိုင်းမရပ်တဲ့ သံယောဇဉ်ရထား

စာမူခွင့်ပြုချက်အမှတ်
၅၀၁၉၉၃၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၂၀၇၀၈

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၁၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇)
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်ကို ခင်မင်စွာနဲ့ လင်းလင်းစာရေးလိုက်ပါတယ်။ မဆုမြတ်ရဲ့စာတွေကို လင်းလင်းကြိုက်တယ်။ နာမည်လေးတွေကိုလည်း လင်းသဘောကျတယ်။ မဆုမြတ်ရဲ့စာအုပ်တိုင်းကို လင်းဖတ်တယ်။ လက်ကမချနိုင်လောက်အောင်ကို ကောင်းတယ်။ မဆုမြတ်လည်းစာပေလောကမှာ ဒီထက်မကအောင်မြင်ပြီး အစဉ်ထွန်းလင်းနေတဲ့ ကြယ်တစ်ပွင့်ဖြစ်ပါစေ ...

နိုင်ငံကျော်တဲ့ ဆရာမကြီးဖြစ်ပါစေ ...
မဆုမြတ်ရဲ့ ပရိသတ်
လင်းလင်း
ပြည်မြို့

လင်းလင်း
၃-၁၁၈ - ၃၂
တာတီယနှစ်(သင်္ချာ)
ပြည်တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ အစီအစဉ်

မဆုမြတ်မွန်မွန်

သမီးကမမဝတ္ထုတွေအားပေးနေတာကြာပါပြီ။ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ'ကနေ 'ပန်းတစ်ပွင့်၏မူပိုင်ရာသီဥတု'အထိတော့ ဖတ်ပြီးပါပြီ။ မမရဲ့ဝတ္ထုတွေအားလုံးကောင်းတော့ ဘယ်ဟာပိုကောင်းမှန်းတောင် မပြောတတ်တော့ဘူး။ သမီး မမကို အရမ်းချစ်သွားပြီ။ မမကို သမီးအကူအညီတောင်းချင်ပါတယ်။ သူငယ်ချင်းသုံးယောက်ပါတဲ့ ဝတ္ထုလေးရေးပေးပါလား။

မမကို ထာဝရအားပေးနေမယ်နော်

အိ

**အိသစ်ထက်**
**နံပါတ်(၂၃)၊ ရွှေမောင်းရပ်၊**
**မိုးကောင်းမြို့နယ်၊ [illegible]မြို့၊**
**ကချင်ပြည်နယ်။**



## အမှတ်တရ အစီအစဉ်

မဆုမြတ်

မဆုမြတ်ကို ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ မိတ်ဆက်စာရေးတာ ပထမဆုံးမို့ အမှားပါရင်ခွင့်လွှတ်ပေးပါနော်။ မဆုမြတ်ရဲ့စာအုပ်(၁၀)အုပ်လောက်တော့ ဖတ်ပြီးပါပြီ။ အားလုံးကြိုက်ပါတယ်။ အကြိုက်ဆုံးကတော့ မှော်ကဗျာရွှေရုပ်နဲ့ကြယ်ကလေးရဲ့နှင်တံပါပဲ။ နောက်ထွက်မဲ့စာအုပ်တွေထဲမှာ ဆံပင်ရှည်လေးနဲ့ဆင်းရဲတဲ့ဘဝမျိုးလေးတွေကို ရေးပေးစေချင်ပါတယ်။ မဆုမြတ် စာပေလောကတွင် အောင်မြင်မှုသရဖူကို ထာဝရဆောင်းနိုင်ပြီး စိတ်ချမ်းသာကိုယ်ကျန်းမာလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းဆန္ဒပြုလျက် ...

ခင်မင်ရင်းနှီးစွာဖြင့်
အိမွန်

အိအိမွန်
အမှတ်(၃)အားကစားကွင်းအနီး
ဝမ်းတွင်းမြို့၊
မန္တလေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ဇင်လဲ့က မမရဲ့ ပရိသတ်တစ်ဦးပါ။ မမစာအုပ်တွေကို အမြဲဖတ်ပါတယ်။ ဇင်လဲ့တစ်ခါမှ ဒီလိုစာမျိုးတွေ မရေးဘူး။ ဇင်လဲ့က မမစာအုပ်တွေကို အရမ်းကြိုက်တာ။ မမက အရေးအသားတော်တော်ကောင်းတယ်နော်။ မမရဲ့စာကို စောင့်မျှော်ရင်း ...

မမရဲ့ ထာဝရပရိသတ်တစ်ဦး
ညီမလေး
ဇင်လဲ့

ဇင်လဲ့
C/O တပ်ကြပ် ဦးမျိုးအောင်–၄ဒါ လုသွယ်
အမှတ်(၆)တပ်ထိန်း
ထားဝယ်မြို့။

စေတနာစာပေ
၏

အမှတ်တရအစီအစဉ်

မမဆု

နှင်းလေးက မရဲ့အမာခံပရိသတ် မရဲ့ထွက်သမျှစာအုပ်တွေအားလုံးကို အရမ်းကြိုးပဲသဘောကျပါတယ်။ မဆုရဲ့ အိုင်ဒီယာလေးတွေက အရမ်းကောင်းတယ်နော်။ မ,က တော်တယ်လို့ ပြောစရာမလိုအောင် တော့်လွန်းတယ်။ မလိုစာရေးဆရာမတစ်ယောက် မြန်မာနိုင်ငံမှာ ဖြစ်ထွန်းခဲ့တဲ့အတွက် အရမ်းကိုဂုဏ်ယူပါတယ်။ မကိုထာဝရအားပေးနေမှာပါ။

မကို ထာဝရအားပေးနေမဲ့
ခင်နှင်းဝေ

ခင်နှင်းဝေ
အမှတ်(၆)၊ ခိုင်ရွှေဝါ(၃)လမ်း၊
မြို့မ(၄)ရပ်၊ မုဒုံမြို့နယ်၊
မွန်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာ့စာပေ
၏

## အမှတ်တရအစီအစဉ်

မွန်မွန်ရေ

ခင်မင်စွာနဲ့ မိတ်ဆက်ဆိုက်ပါတယ်။ ဆုမြတ်မွန်မွန်ဆိုတဲ့ ကလောင်ရှင် ဘုရားပေးတဲ့ဆုများလားလို့တောင် ထင်ရလောက်အောင် တော်လွန်းတယ်။ အထူးသဖြင့် မိန်းကလေးတွေဘက်က ရပ်တည်ပြီးရေးတတ်လို့ပါ။ မိန်းမဆို နှိမ်ချင်တဲ့ဒီလောကမှာ မွန်မွန်လို ကလောင်ရှင်တစ်ယောက် ထွန်းပေါက်လာတာ ဝမ်းသာစရာပါ။ မွန်မွန်ရဲ့အိုင်ဒီယာက ပါးပါးလေးနဲ့သစ်တယ်။

သူငယ်ချင်းများ

အမှတ်(၉၈)၊ ရပ်ကွက်(၁၀)
ပိန္နဲကုန်းကျေးရွာ၊
ဘောလုံးကွင်းအနီး၊ ကျိုက်မရောမြို့နယ်၊
မွန်ပြည်နယ်။

စေတနာ့စာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော် ရိုသေစွာဖြင့် မဆုမြတ်လို့ခေါ်ပါရစေ ... ။ ကျွန်တော် မဆုမြတ်ရဲ့ ချစ်ခြင်း၏ဟာန်ဆောင်ခြင်းအတတ်ပညာစာအုပ်ကို ကျွန်တော်စဖတ်မိတာပါ။ ဒီလို စိတ်ဝင်စားဖွယ်ကောင်းအောင်ရေးနိုင်ပါစေလို့ ကျွန်တော်ဆုတောင်းလိုက်ပါတယ်။ မဆုမြတ်ရဲ့ထာဝရပရိသတ်ဖြစ်ချင်တဲ့သူ ...

မျိုးခေါင်ခေါင်
တ.တ.က(၄) ဝဲကလီ
သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မ

မနက်ဖြန်တိုင်းမှာ အောင်မြင်မှုတွေနဲ့ ထပ်တူပျော်ရွှင်ခြင်းတွေရရှိပါစေလို့ ဆုမွန်ခြွေလျက်ပါ။ မရဲ့ ၂၀၀၈ မတ်လထုတ် 'ချစ်သူတို့၏အခမ်းနားဆုံးအရာ'ဆိုတဲ့စာအုပ်လေးကို သဲဖတ်ပြီးပါပြီ 'မ'က အရမ်းတော်တာပဲနော်။ အဲဒီလိုမျိုး မိန်းလေးတွေအတွက် ဆင်ခြင်သင့်တာလေးတွေ ဆင်ခြင်ရအောင် ပညာပေးဝတ္ထုလေးတွေများများရေးပေးပါလို့ ...

မရဲ့ထာဝရပရိသတ်

သဲ

သဲစုဝါ
မဒေါက်

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

မမဆု

ငယ်လေးက ခင်မင်စွာနဲ့ မမဆုလို့ပဲခေါ်မယ်နော်။ မမဆုရဲ့စာသားတွေကို အရမ်းကြိုက်တယ်။ မမဆုရဲ့စာသားတွေကို ဖတ်နေရချိန်ဆို ဘာဆိုဘာမှ သတိမရတော့လောက်အောင် စာထဲမှာ နစ်မြောနေတာပါ။ မမဆုရေ 'ချစ်သူတို့၏အခမ်းနားဆုံးအရာ'ကို အရမ်းကြိုက်တယ်။ မမဆုရဲ့အောင်မြင်မှုကို အမြဲဂုဏ်ယူနေမဲ့ ...

ချစ်တဲ့ညီမလေး

အငယ်လေး

အငယ်လေး
C/O ကိုတင်လှိုင် + မရွှေရွှေ
အမှတ်(၃)၊ ဆိုင်းကုန်း၊
ရွှေကူမြို့၊ ကချင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်မွန်မွန်

မမရဲ့စာအုပ်တွေကို ဖတ်ဖြစ်တာကြာပြီ။ တချို့စာအုပ်တွေထဲက စာတ်ကောင်စရိုက်တွေကို ကြိုက်တယ်။ မမရေ မမရဲ့စာအုပ်တွေထဲက စာသားတချို့ကိုကြိုက်လို့ မှတ်ထားဖြစ်တယ်။ မမက စာအရေးအသား လိမ္မာပါးနပ်တယ်လို့မြင်တယ်။ နောက်ထွက်မဲ့စာအုပ်တွေလည်း ပရိသတ်အကြိုက်နဲ့ကိုက်ညီပါစေလို့ ဆုတောင်းပေးလျှက်ပါ။

ညီမလေး လတ်

လတ်
အမှတ်(၁၀)၊ ဉောင်ဝင်သာ(၁)လမ်း၊
အောင်ဆန်းရပ်ကွက်၊
ကျုံပျော်မြို့။

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

ဆရာမ မမြတ်

ဆရာမရဲ့ဝတ္ထုတွေကို သမီး အရမ်းသဘောကျပါတယ်။ သမီးကလေ 'လသုံးစင်းနှင့်ကခုန်ခြင်း'စာအုပ်ကို အရင်ဆုံးဖတ်ဖူးတာပါ။ ဆရာမရဲ့စာအုပ်တော်တော်များများကိုလည်း ဖတ်ဖြစ်ပါတယ်။ ဆရာမရဲ့စာအုပ်ကို စဖတ်ဖူးပြီဆိုကတည်းက ဆရာမရဲ့စာအုပ်ပဲဖတ်ချင်တော့တယ်။ ဆရာမက စာအရေးအသားကောင်းသလိုရုပ်ကလည်းအရမ်းချောတယ်နော်။ ဆရာမတစ်ယောက် အောင်မြင်မှုတွေ ဒီထက်မက ဆက်လက် ဆွတ်ခူးနိုင်ပါစေ။ ဆရာမကို အမြဲတမ်းအားပေးလေးစားနေမဲ့ ...

တနည်ငြိမ်းချမ်း
2nd Year (Phil)
မိတ္ထီလာတက္ကသိုလ်

တနည်
C/O ဒေါ်နိုင်ဆွေဦး
စက်မှု(ကြိတ်လုံး)ရွာနေ
မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း
အမှတ်(၄)၊ သကြားစက်(ဒဟာတ်ကုန်း)
နေပြည်တော်တပ်ကုန်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

ဆေးမြတ်မွန်မွန်

ခင်မင်စွာနဲ့ မမဆုလို့ခေါ်ပါရစေ။ ဒီစာက စုရဲ့ပထမဦးဆုံး မိတ်ဆက်စာပါ။ အမှားပါရင် ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါရစေ။ မဆုရဲ့ချစ်ခြင်း၏ဟာန်ဆောင်ခြင်းအတတ်ပညာစာအုပ်လေးကို စု ပထမဦးဆုံး ဖတ်တဲ့စာအုပ်လေးပါ။ မမဆုရဲ့စာအုပ်က အရမ်းဖတ်လို့ကောင်းပါတယ်။

ထာဝရ ခင်နေမယ်နော်

စုစုလွင်

စုစုလွင်
အိမ်အမှတ် (မဝ ၃/၆)၊ (၃)ရပ်ကွက်၊
ဖားကန့်မြို့၊ ကချင်ပြည်နယ်၊
မော်ဝမ်းကြေးနန်းရုံးအနီး။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

ဆမ မင်္ဂလာပါ

မမရဲ့စာအုပ်ကို'မှော်ကဗျာရွှေရုပ်'ကနေ စဖတ်မိကတည်းက ကြိုက်သွားတာပါ။ အရမ်းဖတ်လို့ကောင်းတယ်။ လက်ကမချင်အောင်ကို အရမ်းကောင်းတာ။ ဆုမြတ်မွန်မွန်စာအုပ်တွေကိုလေ ဆွေမျိုးတွေကော သူငယ်ချင်းတွေပါ အရမ်းကောင်းတာလို့ပြောပြီးဖတ်နိုင်းတော့ သူတို့လည်း အရမ်းကြိုက်သွားတယ်သိလား။ Top Ten စာရင်းဝင်စာရေးဆရာမဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်မယ်နော်။

ထက်ရည်ဝင်း(ခ)ထက်ထက်
(၉)ရပ်ကွက်၊ မြေတိုင်း(၂)၊
ပန်းခြံ(၃)၊ ဓာမထာလမ်း၊
ရွှေပြည်သာမြို့။

www.burmeseclassic.com

www.burmeseclassic.com



မဆု

ပျော်ရွှင်မှုအပေါင်းနှင့်ပြည့်စုံပါစေလို့ မဆုရဲ့ပရိသတ်တစ်ယောက်ဖြစ်တဲ့ သမီးအိပွင့်က ဆုတောင်းပေးလိုက်ပါတယ်။ မဆုရဲ့ 'မော်ကဗျာရွှေရုပ်'ဆိုတဲ့စာအုပ်ကို ဖတ်ဖတ်ချင်းကြိုက်မိတယ်။ မဆုရဲ့စာအုပ်က ညီမကိုဆွဲဆောင်မှုရှိတယ်။ 'ရွှေရုပ်'လိုယောကျ်ားတွေကို အထင်မကြီးတတ်တဲ့ မိန်းမတစ်ယောက်ဖြစ်ချင်တယ်။ 'ရွှေရုပ်'လိုယောကျ်ားတွေကို နည်းနည်းလေးမှ စိတ်မဝင်စားတတ်တဲ့ မိန်းကလေး အပြင်မှာရှိနိုင်သလားဟင်မဆု..

မဆုရဲ့ပရိသတ်
Pwint

အိပွင့်အောင်
ကောပရံကျေးရွာတောင်ပိုင်း
မုဒုံမြို့နယ်၊
မွန်ပြည်နယ်။

ဆရာမ ဆုမြတ်မွန်မွန်

ခင်မင်ရင်းနှီးလေးစားစွာနဲ့ မမလို့ခေါ်ပါရစေ။ အခုအသစ်ထွက်တဲ့ 'ချစ်သူတို့၏အခမ်းနားဆုံးအရာ' အဲဒီထိ 'ပွန်း'အားလုံးဖတ်ပြီးသွားပြီ။ မမရဲ့အရေးအသားကောင်းလွန်းတာကြောင့် ပွန်းလက်ကမချချင်ဘူးလေ။ ဒါကြောင့် ပွန်းမနားတမ်းအားပေးနေပါတယ်။ အောင်မြင်ကျော်ကြားတဲ့ ဆရာမတစ်ယောက်ဖြစ်ပါစေလို့ ပွန်းဆုတောင်းလိုက်ပါတယ်။ 'မမ'ရဲ့စာအုပ်တွေကို ပွန်းနှလုံးခုန်သံမရပ်သရွေ့အားပေးနေမှာပါ။

ပွန်းပွန်း

နှင်းအိချော(ခ)ပွန်းပွန်း
အမှတ်(၁၆၅)၊
မောရဂီဝါရပ်၊ ၇၅-လမ်း။ ၃၅ × ၃၄ကြား
ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စာေတာ္စာမေပ
### ၏
## အမှတ်တရအစီအစဉ်

မမွန်

ကျွန်တော် 'မမွန်'ရဲ့ စာအုပ်တွေတော်တော်များများဖတ်ဖူးတယ်။ ဒါပေမဲ့ 'ရင်ခွင်ဆီသို့ လှေကားထစ်များ'စာအုပ်က တော်တော်ဆွဲဆောင်မှုရှိတယ်။ တစ်ကြောင်းဖတ်မိလေ စိတ်ဝင်စားလေပဲ။ မှုကွဲသလိုလေးဆိုတော့ပိုကြိုက်တယ်။ နောင်ကိုလည်းအလားတူ မှုကွဲဆန်းဆန်းလေးရေးပေးပါ။

မောင်ဝေလှိုင်ဟိဏ်း (Ep-ဒုတိယနှစ် 2GEp-20)
စန္ဒီလှိုင်ဆောင်၊ သိမ်အင်ရပ်၊
အစိုးရနည်းပညာကောလိပ်
**မိုးညှင်းမြို့၊**
ကချင်ပြည်နယ်။

စာေတာ္စာမေပ
၏
အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမြတ် ကျွန်တော် ခင်မင်လေးစားစွာဖြင့် မိတ်ဆက်စာရေးလိုက်ပါတယ်။ မရဲ့ စာအုပ်တွေကို 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ'မှ 'ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု'အထိ ဖတ်ပြီးပါပြီ။ မရဲ့ စာအုပ်တွေအားလုံးကို အရမ်းကြိုက်တယ်။ နောက်စာအုပ်မှာလည်း အချစ်ဇာတ်လမ်းဆန်းဆန်းလေးတွေ ရေးပေးပါ။ ဆရာမတစ်ယောက် ဒီထက်မက ကမ္ဘာကျော်တဲ့စာရေးဆရာမ ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဆရာမကို ဘုရားသခင်က ဒီထက်မက ကောင်းကြီးမင်္ဂလာမိုးတွေရွာသွန်းပါစေ ...

မောင်ဒိုလန်ချင်
**နံပါတ်(၈/၁၄)၊ သီတာလမ်းသွယ်(၃)၊**
**ဇော့ကန်၊ အင်းစိန်မြို့နယ်၊**

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မချော

မလေးကို ချောလို့ မချောလို့ပဲခေါ်မယ်နော်။ မချောရဲ့ စာအုပ်တွေဟာ အရမ်းကောင်းတယ်သိလား။ မချောရဲ့စာအုပ်တွေကို မလွှတ်တမ်းဖတ်တယ်။ မချောရဲ့ Idea ကို အရမ်းကြိုက်တယ်။ မချောရဲ့ brain ကို အရမ်းချီးကျူးပါတယ်။ ဒီ့ထက်လည်း အောင်မြင်ပါစေ။

မချောရဲ့ပရိသတ်ညီမ
ဝင့်ဝါစိုး

မဝင့်ဝါစိုး
အမှတ်(၃)ရပ်ကွက်၊ အညာတန်းလမ်း
ခြောက်ရွာ၊ အင်္ဂပူမြို့နယ်၊
ဧရာဝတီတိုင်း။



## အမှတ်တရအစီအစဉ်

မမဆုမြတ်

မမဆုမြတ်လို့ပဲ ခေါ်မယ်နော်။ စာအုပ်ထွက်တိုင်း အမြဲတမ်းအားပေးခဲ့ပါတယ်။ မမရဲ့စာအုပ်တွေက အရမ်းပဲ Heart ထိတယ်။ အရမ်းလည်းဆွဲဆောင်မှုရှိတယ်။ မမရဲ့စာအုပ်တွေကို လက်ကမချနိုင်အောင်ဖြစ်နေပြီလေ ... ။ 'နှုးညံ့ခြင်းပြိုင်ပွဲ'ကို အကြိုက်ဆုံးပါပဲ။ မမဒီထက်မက အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမဖြစ်ပါစေလို့ ဖူးရင်ထဲက လှိုက်လှိုက်လှဲလှဲ ဆုတောင်းလိုက်ပါတယ်။

မမကို မြင်မြင်ခြင်းချစ်မိတဲ့
ဖူး

ရွှေသိန်းသန်းစားသောက်ဆိုင်မှတစ်ဆင့်
မသက်ဖူးဝေ
ဦးသိန်းဟန် + ဒေါ်သိန်းနွဲ့
အမှတ်(၃)ရပ်ကွက်၊ (၄)လမ်း၊
နိုက်ဦးမြို့နယ်၊ ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်

သမီးက စာဖတ်အရမ်းဝါသနာပါတဲ့ မဆုမြတ်ရဲ့ပရိသတ်တစ်ယောက်ပါ။ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ'ကို အရင်ဆုံးဖတ်မိသွားတယ်။ အရမ်းကောင်းတာပဲ မဆုမြတ်ရယ်။ အခုတော့ မဆုမြတ်ရဲ့စာအုပ်တွေကို အကုန်လုံးဖတ်ပြီးသွားပါပြီ။ မဆုမြတ်ရဲ့စာအုပ်တွေထွက်နေသရွေ့ အမြဲအားပေးနေမဲ့ပရိသတ် ...

သွယ်ခင်လတ်
အလယ်ဈေး မြောက်ဦးမြို့၊
ရခိုင်ပြည်နယ်။

စေတနာစာပေ
၏

အမှတ်တရအစီအစဉ်

မမမွန်

မမမွန်ရဲ့ဝတ္ထုထဲက ဟန်ဆောင်ခြင်းအတတ်ပညာကိုနောက်ပြီး ချစ်သူတို့၏အခမ်းနားဆုံးအရာ ဖြိုးနှစ်အုပ်ပဲဖတ်ရသေးတယ်။ ဒါပေမဲ့ ဒီစာအုပ်တွေဖတ်ပြီးပြီးချင်း အရမ်းကြိုက်တယ်။ မမမွန် အရမ်းတော်တာပဲနော်။ မမမွန် နောက်ထွက်မယ့်စာအုပ်တွေရော အခုထွက်ပြီးစာအုပ်တွေပါရှာပြီး အကုန်ဖတ်မှာပါ။ ဖြိုးလည်း မမမွန်စာအုပ်တွေ့တိုင်းဖတ်မိတော့မှာ မမမွန်အရေးအသားအရမ်းကောင်းတယ်နော်။ စာအုပ်တစ်အုပ်ရဲ့အစက ခုရဲ့ဆွဲဆောင်မှုမပြီးမချင်း လက်ကမချချင်အောင်ရေးနိုင်တဲ့နိုင်ငံကျော်စာရေးဆရာမတစ်ယောက်ပဲ။ မမမွန်ရဲ့ဝတ္ထုတွေကိုဆက်ဖတ်နေမဲ့ ...

ညီမ ဖြိုး

ဖြိုးဆုမွန် (ဓ.င ဌာန)
ရွှေတောင်ချည်မျှင်နှင့်အထည်စက်ရုံ
C/O ဦးစန်းဝင်း+ဒေါ်ကျင်စန်း
မြတ်မွန်အုပ်ချုပ်ဆိုင်
အိမ်အမှတ်(၃၄)၊ ကူကြီးလမ်း၊
ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊
ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



မမမြတ်မွန်

ခင်မင်လေးစားစွာဖြင့် ညီမလေးစာရေးလိုက်ပါတယ်။ မမရေးတဲ့စာအုပ်တွေကို 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ'ကစလို့ 'ကိုယ်ယောင်ပျောက်ပွင့်တဲ့နှင်းဆီတို့ရဲ့သခင်'ထိ ဖတ်ပြီးသွားပါပြီ။ စာအုပ်အားလုံးကိုကြိုက်ပါတယ်။ မမစာအုပ်တွေကိုဖတ်ပြီး ကောင်းတဲ့ရည်မှန်းချက်တွေ တိုးတက်လာတယ်။ မမရဲ့စာတွေက ခေတ်အမီလိုက်နိုင်တယ်။ မမအောင်မြင်မှုအပေါင်း သရဖူဆောင်းကာ မမဝါသနာပါသောအလုပ်ကို ကျန်းမာချမ်းသာစွာ လုပ်နိုင်ပါစေလို့ ညီမလေး ဆုတောင်းပေးပါတယ်နော် ...

ယဉ်ယဉ်မြင့်
2GEC - 83
နည်းပညာတက္ကသိုလ်
သန်လျင်။

စေတနာစာပေ၏
အမှတ်တရအစီအစဉ်

'မ'

ခင်မင်မှုများစွာနဲ့ စာရေးလိုက်ပါတယ်။ မရဲ့ဝတ္ထုတော်တော်များများ ကျွန်တော်ဖတ်ပြီးပါပြီ။ အားလုံးကြိုက်ပါတယ်။ Idea လေးတွေက ဆန်းတယ်နော်။ မရဲ့ဝတ္ထုက တစ်ခါဖတ်ပြီးရင် စွဲသွားစေတယ်။

မကို ထာဝရအားပေးနေမဲ့
ကိုဖြိုး

ကိုဖြိုး
C/O ဦးအောင်သူ (ဒု-စက်ရုံမှူး)
ဝုန်နီစက်ရုံ
ချောင်းဦးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရ အစီအစဉ်

မဆုရှင်

'မျက်နက်ဝန်းရဲ့ မေတ္တာတံချူ'က စဖတ်ခဲ့တာ ယနေ့ထိပါပဲ။ 'အညိုးမြစ်'ကို အကြိုက်ဆုံးပဲ။ 'သစ်ရွက်စိမ်းလေးရဲ့ နွေဦးဒဏ္ဍာရီ'လို စာတ်လမ်းမျိုး များများရေးပေးပါ။ စာရေးဆရာတွေထဲမှာတော့ ဆရာမ လွန်းထားထားပြီးရင် မဆုမြတ်ကိုအကြိုက်ဆုံးပဲ။ မဆုမြတ်ရဲ့ မျက်နှာဖုံးတွေမှာ မင်းသားမင်းသမီး ပန်းချီပုံတွေအစား Romantic ဖြစ်စေမဲ့ ရှုခင်းမျက်နှာဖုံးတွေ ထည့်စေချင်ပါတယ်။

နှင်းနဲ့ နှောင်းနွေ
အမှတ်(၃၀)၊
ဗိုလ်ချုပ်လမ်း၊ ဝန်ဟိုက်(၄)၊
နမ္မတူမြို့။

## စေတနာစာပေ ၏ အမှတ်တရ အစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်မက 'မ'ရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ မရဲ့ ထွက်သမျှစာအုပ်တွေအားလုံးဖတ်ပြီးသွားပြီ။ အားလုံးလည်းကြိုက်တယ်။ အားလုံးလည်းကောင်းတယ်။ 'ချစ်ခြင်း၏ ဟန်ဆောင်ခြင်းအတတ်ပညာကို ပိုကြိုက်တယ်' မရေ ပညာပေးစာအုပ်လေးတွေလည်းရေးပေးဦးနော်။ ပရိသတ်များ နွေးထွေးခြင်းကောင်းကင်အောက်မှာ အောင်မြင်ခြင်းဆိုတဲ့သစ်ပင်လေး ထာဝရ ရှင်သန်လန်းဆန်းနေမှာပါ ...

မရဲ့ ထာဝရပရိသတ်
အေးအေးဝင်း

အေးအေးဝင်း
အေးစေတီ(၁၄)၊
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မမ

မမရဲ့ဝတ္ထုလေးတွေကိုဖတ်ပြီး အရမ်းပျော်ရွှင်မိတယ်။ ဘာကြောင့်လဲမသိဘူး။ မမရဲ့စာအုပ်လေးတွေကိုဖတ်ရတဲ့ အခိုက်အတန့်လေးမှာ ညီမလေး အရာရာကိုမေ့နေခဲ့တယ်။ ညီမလေးလေ 'လသုံးစင်းနှင့်ကာခုန်ခြင်း'စာအုပ်ကို အရမ်းနှစ်သက်မိတယ်။ ညီမလေး မမကို အမြဲအားကျနေမိတယ်။ ငယ်ငယ်လေးနဲ့ စာပေလောကကို ဝင်ရောက်လာနိုင်ခဲ့လို့ပါ။ မမ အမြဲတမ်း ကြယ်ကလေးလို လင်းလက်နိုင်ပါစေ။ အောင်မြင်မှုထာဝရ ပိုင်ဆိုင်နိုင်ပါစေလို့ ...

ဆန္ဒပြုလျက်
ညီမလေး
**S.K Light**

**ဦးထွန်းမြင့် + ဒေါ်မိမိငွေ**
**ကျွန်းတော(၁)လမ်း၊**
**ကညွတ်ကွင်းမြို့၊**
**ပြည်မြို့နယ်၊ ပဲခူးတိုင်း။**

# စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ဆရာမကို အမြဲတမ်းအားပေးနေတဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ဆရာမရေးတဲ့စာအုပ်လေးတွေမှာ ဆိုလိုချင်တာကို စကားလုံးဆန်းသစ်စွာနဲ့ လှလှပပ၊ ထိထိမိမိရေးဖွဲ့တတ်တာကို ချီးကျူးမိပါတယ်။ ဓာတ်လမ်း၊ ဓာတ်အိမ်ခိုင်ရင် ဓာတ်သိမ်းမှာ မညားလည်း မရှောင်ဘူး ဖတ်တာပဲ။ ဆရာမရဲ့စာအုပ်တွေက ဘာသာပြန်ပါတဲ့အတွက် ဖတ်ရတာအဆင်ပြေတယ်။ ထွက်သမျှစာအုပ်တိုင်းကို အားပေးမယ်။ နောက်ထွက်မယ့်စာအုပ်များစွာကိုလည်း မျှော်နေမယ် ...

ဆရာမရဲ့ ထာဝရပရိသတ်
ချမ်းစိမ့်စိမ့်မိုး

**ချမ်းစိမ့်စိမ့်မိုး**
**ခရိုင်ပြန်/ဆက်ရုံး**
**ခန္တီးမြို့၊ နာဂတောင်တန်းဒေသ၊**
**စစ်ကိုင်းတိုင်း။**

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

### အမှတ်တရအခိအစဉ်

မဆုမွန်

မဆုမွန်လို့ ခေါ်ခွင့်ပြုပါနော်။ ချစ်ခြင်း၏ ဟာန်ဆောင်ခြင်း အဲတာတ်ပညာကောင်းတယ်နော်။ မရေ ဒီထက်မက စာပေခရီး ရှည်ကြီးထဲမှာ ထာဝရလျှောက်လှမ်းနိုင်ပြီး အောင်မြင်မှုအထွတ် အထိပ်ကို ရောက်ရှိနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းနေမဲ့ ...

မရဲ့ ချစ်ဆုံးညီမလေး
နှင်းအိဝေ (ယယ်ငယ်)

ဦးတင်မောင်+ဒေါ်အေးကြည်
အကွက်(၂)၊ ဈေးကုန်းကျေးရွာ၊
ဗိုလ်လိုင်း၊ ရွှေနတ်တောင်၊
တော်လမြို့နယ်။

စေတနာစာပေ ၏

အမှတ်တရအခိအစဉ်

မမမြတ်မွန်

အိငယ် တတိယအကြိမ်စာရေးလိုက်ပါတယ်။ မမရဲ့ စာအုပ်တွေ အရမ်းအောင်မြင်နေပါပြီ။ မမက လူတစ်ယောက် ဆီကို စာတစ်စောင်ပဲပြန်တာတော့ မဟုတ်ပါဘူးနော်။ အိငယ် ကို တကယ်ခင်တယ်ဆိုရင် ပရိသတ်တစ်ယောက်အနေနဲ့ အသိ အမှတ်ပြုတယ်ဆိုရင် အခု ဒီစာရရင် စာတစ်စောင်လောက်ထည့် ပေးပါ။ မမမြတ်မွန် စာပေလောကမှာ အမြဲတမ်းရှုံ့ကြွယ်လို လင်းလက်တောက်ပနေနိုင်ပါစေလို့ ဆန္ဒပြုရင်း ...

မှ
Ei Nge

အိငယ်
ရန်ကြီးအောင်(၁၇၁)
မြစ်ကြီးနား
ကချင်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မဆုမြတ်

သမီးက မဆုမြတ်ရဲ့ ပရိသတ်တစ်ဦးပါ။ သမီး မဆုမြတ်ရဲ့စာအုပ်တော်တော်များများကို ဖတ်ပြီးပါပြီ။ အကုန်လုံးကြိုက်တယ်။ မဆုမြတ်က စာအုပ်တစ်အုပ်ထဲမှာပဲ ရယ်စရာရော ဝမ်းနည်းစရာရော အကုန်ပြည့်စုံအောင် ရေးထားတယ်နော်။

သည်းသည်း
အမှတ်(၂၅)၊ ဂန္ဓမာလမ်း၊
အောင်ဆန်းရပ်ကွက်၊
ကျုံ့ပျော်မြို့။

စေတနာစာပေ
၏

အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော် အစ်မရဲ့စာအုပ်ကို 'လသုံးစင်းနှင့်ကခုန်ခြင်း' ကနေ စဖတ်တာပါ။ 'ချစ်သူတို့၏အခမ်းနားဆုံး'အထိ ဖတ်ပြီးပါပြီ။ အားလုံးပဲကောင်းပါတယ်။ အစ်မ သူငယ်ချင်းတွေက အစ်မ ဝတ္ထုတွေဖတ်ပြီး ကောင်းလို့ငှားလာရင် လုကြတာအမောပဲ။ ဆက်လက်ထွက်ရှိမယ့်စာအုပ်တွေကိုအားပေးလျက် ...

ထာဝရအောင်မြင်ပါစေ
ခင်မိုး
တတိယနှစ်(ရူပဗေဒ)
မုံရွာ

ခင်မိုး
ဝင်းရပ်၊ ချောင်ဦးမြို့၊
စစ်ကိုင်းတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ၏

# အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်လို့ပဲ သမီးခေါ်ပါရစေနော်။ 'အနမ်းဆက်တိုင်း' ကစပြီး မဆုရဲ့စာအုပ်တွေကို ဖတ်ဖြစ်ခဲ့ပါတယ်။ မဆုမြတ်ကို အပျိုစင်မှာကတည်းက သိနေခဲ့ပါတယ်။ မဆုမြတ်ရဲ့စာအုပ်တွေက ဆွဲဆောင်မှုရှိသလို ဖတ်ရင်းနဲ့ ရှေ့ဆက် ဘာတွေဖြစ်လာမလဲ ဆိုတာတွေးပြီး ရင်ခုန်နေရတာလည်း အရသာတစ်မျိုးပါပဲ။ သမီးက မဆုမြတ်ကို အမြဲတမ်းအားပေးနေတဲ့ ပရိသတ်တစ်ဦးပါ။

အိအိနိုင်
အမှတ်(၂၆)၊ ကျောက်မီးသွေးရုံလမ်း၊
ငွေခင်ယော်ရပ်ကွက်အရှေ့၊
မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

## စေတနာစာပေ၏

# အမှတ်တရအစီအစဉ်

ခင်မင်လေးစားရပါသော မမြတ်

ခင်မင်လေးစားမှုဖြင့် စာရေးလိုက်ပါတယ်။ မမြတ်ရဲ့ စာအုပ်များစွာကိုဖတ်ဖြစ်ပါတယ်။ မမြတ်ရဲ့စာအုပ်တွေများစွာထဲကမှ နှုးညံ့ခြင်းပြိုင်ပွဲဆိုတဲ့စာအုပ်လေးကို တော်တော်သဘောကျမိတယ်။ မမြတ်ရဲ့ဝတ္ထုတွေထဲမှာ တက္ကသိုလ်ရဲ့လွမ်းမောဖွယ်ကောင်းတဲ့ဝတ္ထုလေးတွေလည်း ရေးပေးပါဦးနော် ...

မမြတ်ရဲ့ထာဝရဝရိသတ်
သန့်ဇော်အောင်

သန့်ဇော်အောင်
ကျောက္ကူလမ်းအလယ်ရပ်
ဂျစ်ကာအထည်တိုက်
ဘုတလင်မြို့နယ်
မုံရွာမြို့

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

### အမှတ်တရအစီအစဉ်

မမ

ကျွန်တော် ခင်မင်လေးစားစွာနဲ့ စာရေးလိုက်ပါတယ်။ ကျွန်တော်က မမရဲ့ များစွာသောပရိသတ်ထဲကတစ်ယောက်ပါ။ မမရဲ့စာအုပ်တွေကို သူများတွေညွှန်းလို့ ဖတ်မိရင်း နှစ်ခြိုက်နေသူတစ်ယောက်ပါ။ မမရေးတဲ့ဇာတ်လမ်းတွေထဲက ဇာတ်ကောင်တွေရဲ့ခံစားချက် ယောကျ်ား၊ မိန်းမတွေရဲ့ခံစားချက်တွေကို ရေးဖွဲ့တာ တကယ်ပဲ ဟာကွက်မရှိအောင် ပီပြင်ပါတယ်။ ခင်မင်လေးစားရတဲ့ မမတစ်ယောက် အောင်မြင်မှုတွေတည်တံ့ပြီး ဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျပါစေ ...

ခင်မင်လေးစားစွာနဲ့
စည်သူစိုးမိုး

တ/၃၅၃၄၉၀
တသ စည်သူစိုးမိုး (တသ–၂) အထူးစစ်သည်
ရင်းမှူးသင်တန်းအမှတ်(၅၉)
တ–၁၇၊ ဗထူး။ (ရှမ်း/တောင်)

## စေတနာစာပေ ၏

### အမှတ်တရအစီအစဉ်

မဆုမြတ်

ဝေဝေက မဆုမြတ်ရဲ့ ပရိသတ်တစ်ယောက်ပါ။ မဆုမြတ်ရဲ့စာအုပ်တွေကို ဖတ်ဖြစ်တာ သိပ်မကြာသေးဘူး။ အဲဒီအတောအတွင်းမှာပဲ တစ်အုပ်ပြီးတစ်အုပ်ဖတ်ချင်လာတယ်။ ဖတ်ရင်လည်း စာအုပ်က ပြီးသွားမှာစိုးလို့ စာရွက်လှန်ရတာကိုတောင် နှမြောလာတယ်။ တကယ်ဖတ်လို့ကောင်းတယ် မဆုမြတ်ရယ်။ နောင်လည်း မဆုမြတ်ကို ဆက်ပြီးအားပေးနေမဲ့ ပရိသတ်ပါ။ မဆုမြတ်တစ်ယောက် အောင်မြင်မှုတွေနဲ့ အတူထာဝရပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ဝေဝေနိုင်ဦး
အမှတ်(၇၇)၊ ရွှေတောင်လမ်း၊
ရွှေဘိုရပ်ကွက်၊
ငါးသိုင်းချောင်းမြို့နယ်ခွဲ၊
ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မင်္ဂလာပါ မမမွန်

ညီမလေးက မမမွန်ရဲ့ပရိသတ်လေးပါ။ မမမွန်ရဲ့စာအုပ်ကို အခုထိအားပေးဆဲပါ။ ဇာတ်လမ်းရော ဇာတ်ကောင်လေးတွေရဲ့နာမည်ရော အရမ်းဆန်းပြီး စိတ်ဝင်စားတယ်။ ဝတ္ထုနာမည်ပေးတာကအစ ပြောစရာမလိုအောင် အားလုံးကောင်းတယ်။ ညီမလေးကတော့ မမမွန်ရဲ့နှုတ်ခမ်းလေးကို အရမ်းကြိုက်တယ်။ မမမွန်က နှုတ်ခမ်းလှတယ်နော်။ ညီမလေးက ဇာတ်သိမ်းခန်းကို ပေါင်းတာကြိုက်တယ်။ မမမွန်ထာဝရ ပျော်ရွှင်နိုင်ပါစေ ...

ဂျိုး
အမှတ်(၁၂၀၃)၊ (၁)လမ်း၊
ပဒုမ္မာလမ်းထောင့်၊ ဝိတောက်မြိုင်ရပ်၊
ကျွန်းလှမြို့၊ စစ်ကိုင်းတိုင်း။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

အစ်မရဲ့စာအုပ်ကို 'နှုးညှိခြင်းပြိုင်ပွဲ'စာအုပ်မှာ စဖတ်ဖူးတာပါ။ ကောင်းလွန်းလို့ လက်ကမချချင်လောက်အောင်ပဲ အရမ်းကောင်းတယ်။ ထွက်သမျှစာအုပ်တွေလည်း အကုန်ဖတ်ပြီးပြီ။ အစ်မအရမ်းချော့တာပဲ။ အစ်မ ဒီထက်အောင်မြင်မှုတွေ ရပါစေလို့ ညီမလေးဆုတောင်းပေးမယ်နော်။

မရဲ့ စာဖတ်ပရိသတ်

ဆွေ

ဆွေဆွေလင်း(ခ)ပုံပုံ
နရပတိစည်သူလမ်း၊
ဈေးမရပ်ကွက်၊
စည်ဝင်သာယာရုံးအနီး။

www.burmeseclassic.com

www.burmeseclassic.com

# အမှတ်တရအခိုအစဉ်

မမွန်

ရှန်းက မမွန်ရဲ့စာဖတ်ပရိသတ်များစွာထဲက တစ်ယောက်ပါ။ ခေတ်နဲ့ညီအောင်ရေးတတ်တဲ့ မမွန်ရဲ့အရေးအသားကိုလည်း သဘောကျတယ်။ စာဖတ်သူတွေ အသက်ဝင်အောင်ရေးပေးနိုင်တယ်။ ဒါကြောင့် မမွန်ရဲ့အမာခံပရိသတ်တွေပေါ်ရတာပေါ့။ ညီမလည်း မမွန်ရဲ့အမာခံပရိသတ်တွေထဲကတစ်ယောက်ပါ။

ရှန်းလဲ့ M.Sc (Maths)
ပညာရေးရုံးအနောက်ဘက်
စည့်ဝင်သာယာရပ်၊ ဂုန့်ဂေါ်မြို့၊
မကွေးတိုင်း။



# အမှတ်တရအခိုအစဉ်

မဆုမြတ်မွန်မွန်ရှင်

မမမွန်လို့ ခေါ်ပါရစေနော်။ သမီးက မမမွန်ရဲ့အမာခံပရိသတ်တစ်ဦးပါ။ မမမွန်ရဲ့စာအုပ်တွေအားလုံး ဖတ်တောင်းတယ်။ ဖတ်ပြီးတာနဲ့ ဆက်ဖတ်ချင်လောက်အောင် ဆွဲဆောင်မှုရှိတယ်။ မမမွန် ဒီထက်မက အောင်မြင်နိုင်ပါစေလို့ ဆုတောင်းရင်း ...

ခင်ရတနာစိုး
အမှတ်(၂၅)၊ မော်သံလမ်း
ရွာမြို့၊ မွန်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

'မ'

'မ'လို့ပဲ ခေါ်ပါရစေ။ ညီမနာမည် နွယ်လို့ခေါ်ပါတယ်။ ညီမက 'မ'ရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ 'မ'ထွက်ရှိလာတဲ့စာအုပ်တိုင်းကို မလွတ်တမ်းဖတ်ဝါတယ်။ 'မ'ရေးလိုက်တဲ့စာအုပ်တိုင်းကို ညီမနှစ်သက်ပါတယ်။ ညီမ ပိုပြီးနှစ်သက်ဆုံးကတော့'နူးညံ့ခြင်းပြိုင်ပွဲ'စာအုပ်ပါပဲ။ 'မ'ဒီ့ထက်ပိုတဲ့အောင်မြင်မှုတွေရပါစေ။ 'မ'ရဲ့ နောက်ပိုင်းထွက်ရှိလာတဲ့စာအုပ်တိုင်းကို မလွှတ်တမ်းအားပေးနေမယ့် ထာဝရပရိသတ်။

'နွယ်'

နွယ်နီထွန်း
ဃ/၅(၁၃၂)၊ အမှတ်(၄)ရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

စာအုပ်တစ်အုပ်ချင်းစီမှာ ရသတစ်ခုခုကတော့ ကျန်ခဲ့တာပါပဲ။ ထွက်သမျှစာအုပ်တိုင်းကို ဖတ်ဖြစ်တယ် အရမ်းကောင်းတယ်။

အားပေးလျက်
အယ်လီထွန်းထွန်း

အယ်လီထွန်းထွန်း
စက်မှုလယ်ယာဦးစီးဌာန
မနေပြည်တော်မြို့၊
ရောဝတီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

ဓမဆုမြတ်မွန်

မမဆုမြတ်မွန်ရဲ့ ဝါသနာရှင်စာဖတ်ပရိသတ်ဘစ်ယောက်အနေနဲ့ အကြံပြုချင်တာ မဟုတ်ပါဘူး။ မိတ်ဆက်ချင်တာ။ မမရေးတဲ့ဝတ္ထုတွေကို နှစ်သက်ပါတယ်။ မမရေးတဲ့ဝတ္ထုတွေထဲက ပဲ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ' ဆိုတဲ့စာအုပ်ကို ကြိုက်ပါတယ်။ နောက်တစ်အုပ်ကတော့ သစ္စာတရားရဲ့လေးနက်မှုကို ဂုဏ်ယူစရာဖြစ်အောင်ရေးသားထားတဲ့အတွက် ဆရာမကို လေးစားမိပါတယ်။ မမဆုမြတ်မွန်လည်း စာအုပ်တွေကို ဒါထက်ပိုမိုကောင်းမွန်အောင်ရေးသားနိုင်ပြီး အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်တဲ့ စာရေးဆရာမတစ်ယောက်အဖြစ် အစဉ်ထာဝရ ရပ်တည်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

မမမွန်ရဲ့ပရိသတ်လေး
ပထမနှစ်(ဥဝဒေ)

အမှတ်–၂၆/၃၊
စံပယ်လမ်းသွယ်၊ (၃)ရပ်ကွက်၊

စေတနာစာပေ
၏

အမှတ်တရအစီအစဉ်

ဝတ္ထုစာရေးဆရာမလေး မမမွန်မွန်

မမကို ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ မမရဲ့ 'အကြင်နာများ ကောင်းကင်ယံသို့လွင့်တင်ထားသည်'နဲ့ 'ပန်းတစ်ပွင့်ရဲ့မူပိုင်ရာသီဥတု'ကို အရမ်းကြိုက်တယ်။ ဝတ္ထုထဲမှာ ကဗျာလေးတွေရောထည့်ထားတာ ပိုပြီးဆွဲဆောင်မှုရှိတယ်။ မမမွန်ရဲ့နှုတ်ခမ်းလေးက အရမ်းလှတယ်။ မမရဲ့ဆက်ထွက်မဲ့စာအုပ်များကိုစောင့်မျှော်ဖတ်နေမဲ့ ...

ပုလဲဖြူ နဲ့ ပုလဲနက်

ပုလဲဖြူ နဲ့ ပုလဲနက်
၁ ရပ – ၂၂၁၊ ၁ ရပ – ၂၂၂
ရှပဗေဒရွာနှ၊ ဟသ်ာတတက္ကသိုလ်
ဟသ်ာတမြို့။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မမြတ်မွန်

ခင်မင်လေးစားစွာဖြင့် မိတ်ဆက်စာရေးလိုက်ပါတယ်။ မမရဲ့ဝတ္ထုတွေကို သမီးအရမ်းကြိုက်ပါတယ်။ 'အနမ်းဆက်တိုင်း'ကနေ စဖတ်ရပါတယ်။ လစဉ်ထွက်လာမဲ့စာအုပ်တွေကိုလည်း မျှော်လင့်လျက်ပါ။ မမက ပညာသားလေးတွေပါတယ်။ ထိထိမိမိကိုရေးတတ်တယ်။ သမီးတို့မြို့မှာလည်း မမပရိသတ်တွေ အများကြီးရှိတယ်။ ဆုမြတ်မွန်မွန်ဆိုတဲ့စာအုပ်အကြောင်းပါးစပ်ဖျားမှာမချကြပါ။ ဒီလောက်ထိ လူကြိုက်များပါတယ်။ မမဒီထက်မက အောင်မြင်ပါစေ။ သဇင်ပန်းလိုအမြဲတမ်းပွင့်လန်းနိုင်ပါစေ ... ။

မမရဲ့ထာဝရပရိသတ်
သမီး

ကြည်ကြည်အောင်မြတ်ကြည်
နံပါတ်(၁၅၀)၊ မြေနီကုန်းတံတားဦး။
မြို့မ၊ ပလက်ဝမြို့၊
ချင်းပြည်နယ်တောင်ပိုင်း။

# စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မဆုရဲ့စာအုပ်တွေစထွက်ကတည်းက ဖတ်နေတာ အခုထိပါပဲ။ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ'ကို အရမ်း Crazy ဖြစ်တယ်။ 'နှုးညံ့ခြင်းပြိုင်ပွဲ'ကတော့ heart ထိတယ်။ ရေးတဲ့စာသားတိုင်းက အရမ်းထိပြီး စိတ်ကိုဆွဲဆောင်နိုင်တယ်လေ။ ဝတ္ထုထဲမှာထည့်ရေးထားတဲ့ ကဗျာလေးတွေကလည်း အရမ်းမိုက်တယ်နော်။ အနုပညာပင်လယ်ပြင်ကျယ်ကြီးထဲမှာ ဆုမြတ်မွန်မွန်ဆိုတဲ့ လှေငယ်လေးအမြဲရွက်လွှင့်နေပါစေလို့ ...

လင်းရောင်ရှိန်နေ
ပြည်ကျော် ရေထွက်ကုန်ရောင်းဝယ်ရေး။
ပန်ဟိုက်ဈေးတွင်း၊ နမ္မတူမြို့၊
ရှမ်းမြောက်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်

ညီမက မမဆုမြတ်ရဲ့ပရိသတ်တစ်ဦးပါ။ 'ရင်ခွင်ဆီသို့လှေကားထစ်များ'စာအုပ်ကို စဖတ်ရပါတယ်။ အရမ်းကောင်းတာပဲ။ လက်ကမချချင်လောက်အောင်ကို မမရဲ့စာအုပ်တွေက ဆွဲဆောင်တယ်လေ။ မမရေ မမဆုမြတ်က စာရေးအရမ်းတော်တာပဲ။ ညီမလည်း စာရေးဝါသနာပါတယ်။ မမရဲ့အောင်မြင်နေတဲ့ စာရေးဆရာမတွေကို အရမ်းအားကျတာပဲ။ မမဆီ စာရေးလိုက်တာပါ။ မမရဲ့စာအုပ်တွေက ဝေဖန်စရာမရှိအောင်ကောင်းတယ် မမရဲ့။ ဒါကြောင့် နောက်ထွက်လာမဲ့ မမရဲ့စာအုပ်တွေကို မလွတ်တမ်းကိုစောင့်မျှော်နေမှာပါ။

မမဆုမြတ်
ထာဝရပရိသတ်
ဖြူလေး

ဖြူသီထွေး
C/O ဒေါ်မျိုးယဝဝင်း
အမှတ်(၂)၊ သတ္တုရုံ၊ ဝှေတော်ရပ်၊
မြိတ်မြို့။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမဆု

'လသုံးစင်းနှင့်ကခုန်ခြင်း'ဆိုတဲ့ ဝတ္ထုကိုစဖတ်ခဲ့ရတဲ့အချိန်ကစပြီး စာအုပ်တိုင်း ရင်ထဲမှာစွဲသွားခဲ့ရပါတယ်။ မိတ်ဆက်စာတစ်ခါမှမရေးဖူးလို့ မှားတာရှိရင် ခွင့်လွှတ်ပါနော်။ 'ရင်ခွင်ဆီသို့လှေကားထစ်များ'ဆိုတဲ့ စာအုပ်ကို အရမ်းကြိုက်တယ်မမရဲ့။ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ'ဆိုတဲ့စာအုပ်ကို ဖတ်လိုက်ရတာ ရင်ထဲမှာ မတင်မကျဖြစ်မိလွန်းလို့ မမနောက်ရေးမဲ့စာအုပ်တိုင်းမှာ မင်းသားနှင့်မင်းသမီးညားတဲ့စာအုပ်မျိုးပဲရေးပေးပါနော်။ စာသားတိုင်းစကားလုံးတိုင်းဟာ ရင်ကိုထိစေတဲ့စကားလုံးတွေပါ။ မမ ဒီ့ထက်မကရေးနိုင်ပါစေ။ မမရဲ့အောင်မြင်မှုတွေ ကြယ်တွေလတွေလို ထွန်းလင်းတောက်ပပြီး' မိုးကောင်းကင်ကြီးလို ထိပ်ဆုံးမှာ ထာဝရတည်တံ့နိုင်ပါစေ။

ညီမ
မြနှင်းယမုံ

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်မွန်မွန်

ညီမက မမရေးတဲ့စာအုပ်တွေအကုန်လုံးကြိုက်တယ်။ ဝေဖန်စရာမလိုအောင် ဟာကွက်မရှိဘဲ အလွန်ကောင်းပါတယ်။ အခု အသစ်ထွက်တဲ့ချစ်သူတို့၏အခမ်းနားဆုံးအရာကလည်း အရမ်းဖတ်လို့ကောင်းတယ်။ 'ပန်းတစ်ပွင့်၏မူပိုင်ရာသီဥတု'ကိုလည်း ကြိုက်တယ်။ မမရေ နောက်ထွက်မဲ့စာအုပ်တွေကိုလည်း ဆက်လက်အားပေးနေမယ်နော် ...

မမကိုချစ်တဲ့ မမရဲ့
ထာဝရပရိသတ်

ဦးတက်တိုး + ဒေါ်မြင့်မြင့်
အိမ်အမှတ်(၅၀)၊ ဆုတ်ဖြတ်လမ်း၊
ဖြူးမြို့၊

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ဆုမြတ်မွန်မွန်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







"တချို့က သံယောဇဉ်တွေကြောင့် ချစ်
သွားကြသည်။
တချို့က ချစ်သောကြောင့် သံယောဇဉ်
တွေ ဖြစ်သွားကြသည်။
မည်သို့ဆိုစေ —
သံယောဇဉ်မှာ အချစ်မရှိ၍ အကြောင်း၊
မဟုတ်သော်လည်း၊
အချစ်မှာတော့ သံယောဇဉ်တွေ ရှိပါမှ
မြဲမြဲနိုင်ပေလိမ့်မည်"

(ခြူးမရနိုင်)

www.burmeseclassic.com

www.burmeseclassic.com



"နှင့်မေးခွန်းက ရယ်စရာ ကောင်းနေတာ ကိုးဟ၊ အချစ်မှာ ဘယ်လိုလူတွေ ကံမကောင်းတတ်ကြလဲဆိုတော့ ငါက ဘယ်လိုဖြေပေးရမှာလဲ။

ငါ ထင်တာကတော့ အရမ်းချစ်တတ်တဲ့လူတွေ ကံမကောင်းဘူး ..."

အချစ်မှာ ကံကောင်းအောင် လုပ်ယူလို့လည်း မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကံက သူများ လက်ထဲမှာ ရှိနေတာကိုး"

(ခန့်ဖြိုးနိုင်မြဲ)



"ယောက်ျားတစ်ယောက်ရဲ့အချစ်ဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ပုံစံမတူကြဘူး။ တချို့ယောက်ျားတွေက အချစ်ကို အချိန်ကာလနဲ့ စောင့်ဆိုင်း ဆုံးဖြတ်ခဲ့ကြတယ်။

တချို့ယောက်ျားတွေကတော့ ...

မိန်းကလေးတစ်ယောက်ကို တကယ်ချစ် မချစ် ဆိုတာ တခြား မိန်းကလေးတွေနဲ့ ရည်းစားအများကြီးထားပြီး ဆုံးဖြတ်ကြည့်ကြတယ်"

(မင်းတိမ်လွှာ)

www.burmeseclassic.com

www.burmeseclassic.com



"ကိုစွတစ်ခုကို ထင်ထင်ရှားရှား မမြင်နိုင်
တော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ထင်တဲ့
အခါမှာ နောက်ဆုတ်လိုက်တာအကောင်း
ဆုံးပဲ ...။
ဘာလို့လဲ ဆိုတော့ နောက်ဆုတ်လိုက်
ရရင် ရှေ့ကိုပိုမြင်ရတယ်လေ"

(စာနည်)



# ၁

နံနက်ခင်းသည် လေပြည်နုနုလေးတွေကို ဖြည်းဖြည်းချင်း မွှေးဖွားပေးနေသည်။ အံရုမ်ကြီးမပူပြင်းသေးသော နေရောင်ခြည်သည် နွေးထွေးစွာ ဖြာလင်းနေသဖြင့် မနေ့က ဟောင်းခဲ့ပြီဖြစ်သော အရာများအားလုံးသည် ဒီနေ့မှာ အသစ်ပြန်ဖြစ်နေကြသည်။ နေရောင်ခြည်သည် နွေးထွေးသော်လည်း သစ်ရွက်သစ်ခက်များကို ထိုးခွဲနိုင်စွမ်းရှိသဖြင့် ဝန်းကျင်တစ်ခုလုံးရှိ အလင်းပြောက်များသည် ဘက်မလိုက်တတ်သော သဘာဝတရား၏ ဆလိုက်များဖြစ်ကြသည်။

ပြောရလျှင်တော့ ဒီနေ့အဖို့ ပတ်ဝန်းကျင်တစ်ခုလုံး သာသာယာယာရှိနေသည်။ ရေတမာပင်အောက်က ခုံတန်းလေးတွင် ငြိမ်သက်စွာထိုင်နေသော "ချူးမရ"သည် လူက ငြိမ်သက်နေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း စိတ်တွေက ဟိုဒီပြေးလွှားကာ မငြိမ်သက်နိုင်ချေ။ ဝတ္ထုစာအုပ်တွေ ဗီဒီယိုကားတွေထဲမှာ ကြုံဖူးသလို မိန်းကလေးတွေ စိတ်လှုပ်ရှားလျှင် လက်ကိုင်ပဝါတို့ တစ်သျှူးတို့ စတာတွေကို လုံးခြေမိမှာစိုးတာကြောင့် လက်ထဲမှာ ဘာကိုမှတောင်ကိုင်မထား။

အိတ်ကိုတောင် ဘေးမှာချလျက် လက်နှစ်ဖက်ကို ပေါင်ပေါ် တင်ထားကာ ယှက်ထားမိသည်။ တဖြည်းဖြည်းနှင့် "မရ"ရဲ့ရင်တွေ အရမ်းခုန်လာသည်။ သိပ်မကြာသောအချိန်တစ်ခုတွင် "မရ"သည် ချစ်သူမရှိသော မိန်းကလေးဘဝကနေ၍ ချစ်သူရှိသော မိန်းကလေးတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားတော့မည်။

ချစ်သူဆိုသော ခေါင်းစဉ်အောက်က ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ရဲ့ နှောင်တွယ်မှုက ဘယ်လိုမျိုးများ ရှိမှာပါလိမ့်။

အိုး … အချစ်ဆိုတာကို မရ အရမ်းရင်ခုန်ပါသည်။

"မရ"

တိုးဖွသောအသံ ဖြစ်လင့်ကစား လှိုက်လှဲနွေးထွေးလွန်းသောကြောင့် မရသည် စိတ်ထဲမှာ ဆတ်ခနဲတောင် ဖြစ်သွားရသည်။ သူက ခဏနားပြီးမှ စကားစပြောလေသည်။

"ဘာတွေစဉ်းစားနေလို့ ဒီလောက်ကြီး ငြိမ်နေရတာလဲဟင်"





သူက ပင်စည်ကိုမှီပြီး ရပ်နေရာမှ မရရဲ့ ရှေ့သို့ ရောက်လာသည်။ မရရဲ့ဘေးမှာတော့ ဝင်မထိုင်ပါ။ အဲဒီအတွက် သူ့လေးစားမှုကို အသိအမှတ်ပြုသည့်သဘောဖြင့် မရက သူ့ကို တစ်ချက်မော့ကြည့်မိသည်။ သူက မရရဲ့မျက်နှာကို နူးညံ့သော အပြုံးတစ်ခုဖြင့် ငေးကာနေလျှင် မရသည် အဲဒီအပြုံးအကြည့်ကို ဒဏ်မခံနိုင်စွာဖြင့် ခေါင်းကို ငုံ့လိုက်မိသည်။

ခေါင်းကိုငုံ့ပြီးမှလည်း ကိုယ့်ကိုယ်ကိုယ် နှောင်တရလို့သွားသေးလေသည်။ ကြည့်စမ်း … ဘာဖြစ်လို့ ခေါင်းငုံ့မိရတာပါလိမ့်။ သူ့အကြည့်ကို ဒဏ်မခံနိုင်တော့ဘူးလို့များ ထင်သွားတော့မည်။ မရသည် ခေါင်းကို ချက်ချင်းပဲ ပြန်မော့လိုက်လျှင် သူက လက်ပိုက်ပြီး ရွှန်းရွှန်းစားစား ပြုံးမဲ့ပြုံးကြည့်လို့နေသည်။

သူက မရကို ထပ်ခေါ်သည်။ သူ့ရဲ့ခေါ်သံလေးသည် မရရဲ့နားထဲသို့ အဆင်ပြေချိုမြိန်စွာ ဖြတ်စီးလို့သွားသည်။ မရရဲ့နာမည်ကို လူတော်တော်များများ ခေါ်ကြသည့်အထဲတွင် သူ့ ခေါ်တာက နားထောင်လို့ အကောင်းဆုံးဟု မရ ထင်သည်။ အချို့ခေါ်တာတွေက ဌာန်ကရိုဏ်း သိပ်၍မကျချေ။

မရ … မရ နှင့် ပီပီသသကြီး ခေါ်ကြသောအခါ အမည်က သိပ်နားထောင်လို့မကောင်း ဖြစ်သွားသည်။ တကယ်တော့ မရရဲ့နာမည်အပြည့်အစုံက ခြူးမရနိုင် ဖြစ်သည်။ ခုိ



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေက ရခိုင်လူမျိုးတွေဖြစ်တာကြောင့် အဲဒီလို မှည့်ထားခြင်း ဖြစ်လေရာ အားလုံးက မရ လို့ပဲ ခေါ်ကြသည်။ အဲဒီထဲမှာမှ သူခေါ်တာ အဆင်ပြေဆုံးပဲ ဖြစ်တော့သည်။ မ နှင့် ရ ကို တစ်ဆက်တည်းဆွဲ၍ လျှာကို လိပ်ခေါ်တတ်ပုံကို မရက တကယ်ပဲ သဘောကျလေသည်။

"မရ"

ဟော ... ထပ်ခေါ်ပြန်ပြီ။ သူကလည်း ခေါ်ကောင်းကောင်းနှင့်ခေါ်နေသလို မရကလည်း နားထောင်ကောင်းကောင်းနှင့် နားထောင်နေတာဖြစ်သည်။ မရသည် ဒီတစ်ခါတော့ သူ့ကို အပြုံးလေးတစ်ချက်နှင့် မေးဆတ်ကာ ထူးလိုက်သည်။

"ကိုယ့်ကို တစ်ခုခုပြောဦးလေ"

"ဘာပြောရမှာလဲ"

သူက သူမရဲ့ ညစ်ကျယ်ကျယ်အပြုံးကို ဟက်ခနဲ တစ်ချက်ရယ်သည်။ သူရယ်ပုံက ကိုရီးယားမင်းသားတွေရဲ့ ရယ်ပုံမျိုးနှင့်တူသောကြောင့် မရက ငေးကြည့်နေမိသည်။ သူကပဲ ကိုရီးယားမင်းသားတွေရဲ့အတုကို ခိုးထားသလား ကိုရီးယားမင်းသားတွေကပဲ သူ့အတုကို ခိုးထားသလားတော့ မပြောတတ်။

သူ့ပုံစံကိုမြင်ရတာ ကိုရီးယားမင်းသားတစ်ယောက်ကို မြင်ရတာနဲ့တော့ နည်းနည်းဆင်သည်ဟုထင်သည်။ သူ့ဆံပင်





တွေသည် ကိုရီးယားမင်းသားတွေလို တမင် လှိုင်းထရုံ ပြေပြေလေးကောက်ထားတာ မဟုတ်ဘဲ နဂိုလှိုင်းပြေးဆံပင်မျိုးဖြစ်သည်။ သူဝတ်လျှင် ကော်လာပါသောစပို့ရှပ်ကို ဝတ်ဆင်တာ တစ်ခါမှ မမြင်ဖူးပဲ လည်ပင်းပိတ် ဖစ်တင်တီရှပ်များနှင့် ဘက်ဂီဘောင်းဘီ မပွတပွများကိုသာ ဝတ်ဆင်တတ်သဖြင့် သူနှင့် အလွန်လိုက်ဖက်လှရှိသည်။

အို ... သူ ဝတ်တတ်စားတတ်ပုံကို မရတင် မကဲ့ဘဲ ကျောင်းထဲမှာရှိသော မိန်းကလေးတော်တော်များများကပါ နှစ်ခြိုက်သဘောကျရတာဖြစ်သည်။ မရရဲ့အကြည့်က သူ့အောက်ပိုင်းသို့ ရောက်သွားသည်။

(အောက်ပိုင်းဆိုလို့ တစ်လွဲထင်တော်မမူကြပါနှင့်)

ခြေသလုံးနားလောက်မှာရှိသည့် အိတ်ကပ်ကြီးကြီးမှ တစ်ဆင့် သူစီးထားသော School ဒီဖိုင်းသစ် ခြေညှပ်ဖိနပ်ထံသို့ အကြည့်က ရောက်သွားသည်။ အခုခေတ်ထဲမှာ ယောကျ်ားလေးတော်တော်များများက ခြေညှပ်ဖိနပ် သိပ်မစီးကြပေမယ့် သူကတော့ သူများနဲ့မတူအောင်လို့လားတော့ မသိချေ။ ခြေညှပ်ဖိနပ်စီးထားသော သူ့ပုံစံက လုံးဝဝင်လို့နေလေသည်။

ခြေညှပ်ဖိနပ် စီးထားသဖြင့် သူ့ခြေချောင်းတွေကို မရက စိတ်တိုင်းကျ အကဲခတ်ခွင့်ရနေသည်။ ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



တော်တော်များများသည် သူတို့ခြေထောက်တွေကို သိပ်ဂရုစိုက်လေ့မရှိသဖြင့် ခြေချောင်းတွေဟာ သိပ်မသန့်ရှင်းလှသော်လည်း သူကတော့ ယောကျ်ားလေးတန်မဲ့ ခြေချောင်းတွေက သပ်ရပ်သန့်ရှင်းလှပါပေသည်။

"မရ"

သူ့ခေါ်သံကြောင့် မရက မော့ကြည့်မိလျှင် သူက ခပ်ပြုံးပြုံးဖြင့် ...

"လက်တွေရော ဖြန့်ပြရမလားဟင်"

သူ့အပြောကို မရက ရုတ်တရက် နားမလည်ချေ။ သူက ဆက်ပြောသည်။

"ဩော် ... မရက ကိုယ့်ကို ခြေသည်း လက်သည်းစစ်နေသလားလို့ပါ၊ ကိုယ်တို့ငယ်ငယ်က ဆရာမရှေ့မှာ တနင်္လာနေ့တိုင်း ခြေသည်းလက်သည်း အစစ်ခံရသလိုမျိုးလေ"

သူ့စကားကြောင့် မရက ပြုံးမိသွားရသည်။ အင်း ... အဲဒီလိုအဖြစ်မျိုးနဲ့တော့လည်း ဆင်တူသားပဲ။ မရရဲ့စိတ်တွေသည် ရောက်ခါစကလို မဟုတ်တော့ဘဲ နည်းနည်းတော့ တည်ငြိမ်လာပြီဟုထင်သည်။ ပြီးတော့ ခုချိန်ထိ သူ့ကို စကားမပြောရသေးတာကိုလည်း သတိပြုမိကာ အားနာလာပါသည်။





"ရှင့်စိတ်ဆန္ဒရှိရင်လည်း ဖြန့်ပြပေါ့၊ ဒါပေမဲ့ လက်သည်းစစ်ဖို့တော့ မဟုတ်ပါဘူး၊ လက်သူကြွယ်မှာ စေ့စပ်လက်စွပ် ပါ,မပါစစ်ဖို့ပါ"

"ဟင့်အင်း ... အဲဒါတော့ မပါဘူး၊ မရ ဝတ်ပေးမှပဲ ဝတ်ဖူးတော့မှာပါ"

"အပြောကတော့ တကယ်ကောင်းတယ်နော်"

"ချစ်တာလည်းကောင်းပါတယ်၊ ချစ်သူကို အရမ်းချစ်ပြတတ်တယ်၊ ဘာမဆို ခွင့်လွှတ်တတ်တယ်၊ လိုအပ်တဲ့အချိန်တိုင်း အသင့်ရှိနေတတ်တယ် ...

ချစ်သူကောင်းတို့ရဲ့ အရည်အချင်းနဲ့ လုံးဝပြည့်စုံတဲ့သူပါ"

မရက သူ့အပြောကို ပခုံးတစ်ချက်တွန့်မိကာ ...

"အလုပ်လျှောက်နေတဲ့ အတိုင်းပါပဲလား၊ ကောင်းပြီလေ ဒါဆိုလည်း Provation period (စောင့်ကြည့်အစမ်းခန့်) သုံးလခန့်လိုက်မယ် ...

မကောင်းဘူးလား"

တစ်ချိန်လုံး ပြုံးနေခဲ့သောသူသည် ဒီတစ်ခါတော့ ခဏမတတ် လန့်ဖျပ်သွားကာ မရကို အလန့်တကြားကြည့်လိုက်သည်။ အဲဒီအလန့်တကြား မျက်လုံးတွေကို ခဏလောက်ကြည့်ခွင့်ရလိုက်လျှင်ပဲ မရက ကျေနပ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲဒီလိုမျိုးတော့ မရက်စက်ပါနဲ့ မရရာ၊ ကျွတ် ... မရ ပျော်တတ်တယ်၊ နောက်တတ်တယ် ဆိုတာကို ကိုယ် နားလည်တယ် ...

လက်ခံနိုင်တယ်။ ပြီးတော့ ကိုယ့်ကို ဘယ်လိုဖဲ့ နောက်နောက် ရတယ်၊ ကိုယ့်မှာ စာရင်းမရှိဘူး ...

ဒါပေမဲ့ ... မရနဲ့ ကိုယ်နဲ့ကြားမှာရှိတဲ့ ချစ်ခြင်းကို တော့ လွတ်ငြိမ်းချမ်းသာခွင့်ပေးပါကွာ ... နော်"

မရက နှုတ်ခမ်းလေးကို စူပြီးကာ ...

"ဟင် ... ဒါလည်း ဘာဖြစ်လို့လဲ၊ လူတစ်ယောက်နဲ့ တစ်ယောက်ရဲ့ စိတ်သဘောထားဆိုတာ တစ်ထပ်တည်းကျ တာမှမဟုတ်တာ၊ အိမ်ထောင်ရေးကို စဉ်းစားဖို့ဆိုတာဝေးလို့ သမီးရည်းစားဘဝမှာတောင် တစ်ယောက်နဲ့တစ်ယောက် စိတ်တိုင်းမကျတာတွေက အများကြီးလေ ...

ဒီတော့ မရတို့နှစ်ယောက် တစ်ယောက်နဲ့ တစ် ယောက် သုံးလလောက်ပဲ အစမ်းရည်းစား ဖြစ်ကြည့်ရင် မကောင်းဘူးလား ...

ဒီသုံးလအတွင်းမှာ ဘာပြဿနာမှမရှိဘဲ အေးအေး ချမ်းချမ်းနဲ့ နားလည်မှုရှိတယ် ဆိုရင်တော့ ဆက်ရန်ပေါ့။ ဒါမှမဟုတ် ..."





မရရဲ့စကားတောင် မဆုံးသေးချေ။ သူက စိတ် ပျက်လက်ပျက်ဖြင့် ခေါင်းကို ဖြည်းဖြည်းချင်းခါယမ်းလို့နေလျှင် မရသည် အဲဒီပုံစံကို သဘောကျစွာနှင့် ငေးကြည့်နေမိသည်။ ချောမင်းသားလေး ရှိုးပွဲနေပြီ။

"မဟုတ်သေးပါဘူး မရရယ်၊ ဒီလောက်စိတ်ပျက်စရာ ကောင်းတဲ့ အိုက်ဒီယာကို မရ ဘယ်ကများရလာတာပါ လိမ့် ...

ဘော်ဒါတွေက ချွန်လွှတ်လိုက်တာလား၊ ဒါမှမဟုတ် ကိုယ့်ကို သက်သက်ကျပ်တာလား၊ မရက အရှမ်းအသည်း ယားအောင်လုပ်တယ်ကွာ၊ half-feel ကြီးမလုပ်ပါနဲ့"

"ဒါဆို full-feel ကြီး လုပ်ရမယ်ပေါ့လေ"

သူက စိတ်ပျက်နေသည့်ကြားမှ မရရဲ့စကားကို ရွဲ့မဲ့မဲ့နှင့် ရယ်လေသည်။ သူ့ဆံပင်တွေကိုလည်း တစ်ချက်ကုတ် လိုက်သေးသည်။ မရက အဲဒီပုံစံကို စိမ်ပြေနပြေ စိုက်ကြည့်နေ လျှင် သူလည်း မရကို အသည်းယားချင်စဖွယ်ကောင်းအောင် ပြန်ကြည့်လို့နေသည်။ ပြီးတော့ ကိုယ်တော်က လုပါတယ်ဆို နှုတ်ခမ်းကိုတောင် ကိုက်ကာ ခပ်ဖွဖွ ပြုံးလိုက်သေးသည်။

"မရ ကိုယ့်ကို မညှဉ်းဆဲပါနဲ့တော့ကွာ ပြောပါ"

"အခုနက Provation period ကို သဘောတူလား"



www.burmeseclassic.com

www.burmeseclassic.com

မရက အတည်ပေါက်ကြီး ပြောနေသည်မို့ သူက ရှုံ့မဲ့ကာ ...

"အာ ... တကယ်ကြီး ပြောနေတာလား၊ အဲဒီလို ရည်းစားထားနည်းအသစ်ကို ဘယ်သူက ထွင်လိုက်တာလဲ"

"မရရဲ့ သူငယ်ချင်းတစ်ယောက်ပဲ၊ သူက အဲဒီလိုမျိုးနည်းနဲ့ပဲ ရည်းစားထားတာ၊ မဆိုးဘူး အဲဒါ တော်တော်အဆင်ပြေတယ်"

"မကောင်းတဲ့အကျင့်တွေ အတုမခိုးပါနဲ့လား မရရယ်။ မရတော့ လူပေါင်းမှားပြီနဲ့ တူပါတယ်"

"မမှားဘူး၊ သူနဲ့မရက ငယ်ငယ်လေးတည်းက ပေါင်းလာတာ၊ သူ့ဆုံးဖြတ်ချက်တွေက တော်တန်ရုံ မှားတာမျိုးဘူး။ အားလုံးနိုင်မြဲတယ်"

သူက ဘာမှမပြောတော့ဘဲ ခေါင်းငုံ့ကာ လက်ပိုက်လျက် တိတ်ဆိတ်ငြိမ်သက်သွားသည်။ မရသည် အဲဒီပုံကို တစ်ချက်ကြည့်ရင်းမှ လှစ်ခနဲ ပြုံးမိသွားသည်။ ဒီလောက်ဆို တော်လောက်ပြီဟုထင်သည်။ သူက မရကို မကြည့်တော့ဘဲ မြေပြင်ကိုသာ ငုံ့မိုးစိုက်ကြည့်လို့နေသည်။

မရက သူ့ကို တစ်ခုခုပြောဖို့ အားယူလိုက်ရင်း သူ့နာမည်ဟာ နှုတ်ဖျားမှ ခုန်ကျထွက်သွားခဲ့သည်။





"တိမ်လွှာ"

သူက ခေါင်းကို မော့မလာဘဲ မရကို မျက်လုံးနှင့်သာ လှမ်းကြည့်သည်။ သူ့မျက်လုံးတွေက ရီတီတီ။ နှုတ်ခမ်းတွေက ပြုံးမဲ့မဲ့။ သူ့ကို မရက ကစားသလို လုပ်နေခြင်းအပေါ် နည်းနည်းတော့ မခံချိမခံသာ ဖြစ်နေပုံပေါ်သည်။

"မရကို စိတ်ဆိုးသွားသလား"

"မဆိုးပါဘူး။ စိတ်မကောင်းဖြစ်တာပါ"

"အလို ... တယ်နပါလား"

"အေးပေါ့လေ၊ မရက အချစ်ကို မခံစားတတ်သေးတော့ တစ်ဖက်သားရဲ့ချစ်ခြင်းဆိုတာ မရအတွက် လှောင်စရာ ကလိစရာလို ဖြစ်နေတာကိုး ...

ဒါဟာ အချစ်ကို နားမလည်လို့လုပ်တာပဲ၊ ရပါတယ်၊ ကိုယ် ခွင့်လွှတ်တယ်၊ ဘယ်လိုမှ သဘောမထားဘူး ...

မရ ကိုယ့်ကို ဘာပြောစရာရှိသေးလဲ"

ဒီစကားက သူ သွားတော့မယ်ဆိုတာကို နိမိတ်ပြည့် စကားဖြစ်သည်။ မရသည် သူ့မျက်ဝန်းတွေထဲသို့ တည့်တည့် စိုက်ကြည့်ကာ ...

"ပြောစရာရှိသေးတာပေါ့။ မရ ရှင့်ကို ဒီနေ့ အဖြေပေးမယ်လို့ ပြောထားတာပဲလေ၊ ပေးမှ မပေးရသေးတာ ...


www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အဖြေပေးဖို့ ကျန်သေးတာပေါ့"

သူ့မျက်လုံးတွေက လက်ခနဲဖြစ်သွားသည်။ သူ့မျက်နှာပေါ်တွင် မချင့်မရဲဖြစ်သည့်သဏ္ဍာန်တွေ ပေါ်လာပြီးနောက် နေမထိထိုင်မသာ ဖြစ်လို့လာဟန်တူသည်။ မရ ဟူသော ကောင်မလေးသည် တစ်ဖက်သားမှာ အဲဒီလို ခိုးလိုးခုလု ဖြစ်နေလျှင် အတော်ပဲ စားဝင်အိပ်ပျော်တတ်ပါသည်။

"မရ ကိုယ့်ကို ရူးချင်စိတ်ပေါက်လာအောင်တော့ မလုပ်ပါနဲ့ မရရယ်"

"ဒီအတိုင်းတော့ ရှင် မရူးသေးပါဘူး။ မရရဲ့ချစ်သူဖြစ်မှ ရှင် ရူးရမှာ ...

ကဲ ... ခုချိန်ကစပြီး ပိုင်ပိုင်နိုင်နိုင်ကြီး ရူးပေတော့"

မရရဲ့ ကဗျာမဆန်သောအဖြေပေးပုံကို သူက ဝမ်းသာအားရဖြင့် ...

"ဟား ... ဒါဖြင့်ရင် မရက ကိုယ့်ကို"

မရသည် မျက်စိတစ်ဖက်ကိုမှိတ်ကာ ပြောင်စပ်စပ်ဖြင့် ...

"Yes, I love you မင်းတိမ်လွှာ"

အဲဒီစကားကြောင့် သူ့မျက်နှာတွင် တကယ်ဝမ်းသာရိပ်တို့ ထိန်လင်းလို့သွားသည်။ သူသည် တစ်ချက်နှစ်ချက်





တောင် ခုန်ပေါက်လိုက်သေးလေသည်။ ပြီးတော့မှ မရကို စိုးရိမ်သလိုကြည့်ကာ လက်ညှိုးတစ်ချောင်း တယမ်းယမ်းဖြင့် ...

"မရ ... ဒါ ... ဒါ ... ဟိုဟာ သုံးလခံတော့ မဟုတ်ဘူးနော်"

မရသည် သူ့အပြောကြောင့် ရုတ်တရက်ပင် အိုးတိုးအမ်းတမ်းတောင် ဖြစ်သွားရသည်။ သူကတော့ ဘာမှန်းညာမှန်းတောင် သတိထားမိပုံ မပေါ်ချေ။ မရကိုပင် ခုန်ဆွ ခုန်ဆွနှင့် စပ်၍မေးနေသေးသည်။

"ဟင် ... မရ ... သုံးလခံတော့ မဟုတ်ဘူး မဟုတ်လား"

"ကျွတ် ... ဘာသုံးလခံလဲ၊ အော်မနေစမ်းပါနဲ့"

မရ ပြောတော့မှပင် သူက သဘောပေါက်သွားကာ ဟားဟားနှင့် အော်ရယ်လေသည်။ မရကလည်း အသာရယ်မောသည်။ သူက မရကို ညစ်ကျယ်ကျယ် ပြုံးကြည့်ကာ ...

"ဟား ... ဟား ... ကိုယ့်ရှူးကိုယ်ပတ်ပြီပေါ့။ မရဘူး အညာကိုသိပြီ။ ကိုယ့်ကို ကျပ်ရင် မရကိုလည်း ပြန်ကျပ်ရုံပဲ။ ကိုယ့်ကို မကျပ်နဲ့ ပြော promise ကတိပေးလား"

"အင်း ... ပေးတယ်"

"တကယ်နော် နေဦး (နာရီကို ပင့်ကြည့်လျက်) အခု ကိုးနာရီနဲ့ ဆယ်မိနစ်တိတိ၊ ဟုတ်ပြီ ... ဒီအချိန်မှာ မရ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ကတိပေးလိုက်တယ်၊ ကတိနဲ့အတူ ချစ်ပါတယ်
ဆိုတဲ့အဖြေကို ပေးတယ်နော်"

"အင်းပါဆိုဟယ်၊ ဘယ်လို ဖြစ်နေတာလဲ၊ မုန်းချင်လာ
ပြီ"

"မမုန်းသေးနဲ့ဦး၊ အခုတော့ မမုန်းသေးနဲ့ဦး၊ နောက်
ရင် မုန်းချင်စရာတွေက တစ်ပုံတစ်ခေါင်းကြီးပေါ်လာမှာ
အဲဒီကျမှမုန်း ဟုတ်ပြီနော်"

သူက လက်ညှိုးတစ်ချောင်းကိုထောင်ကာ အခု
စတိုင်လ်ကျကျ စကားပြန်ပြောနိုင်တော့သည်။ မရသည် မင်းသ
ရဲ့ စတိုင်လ်ထုတ်ပုံကို မျက်ခုံးရှုံ့ကာ ကြည့်နေမိသည်။ သူ
မရတို့ ချစ်သူဖြစ်သွားပုံမှာ ကြည်နူးပီတိတွေဖြင့် ရက်ကိုရက်က
နိုင်တာမျိုးတွေရှိမနေဘဲ တစ်ယောက်နဲ့တစ်ယောက် နောက်ပြော
ကျီစယ်တာနှင့် ကြုံနေရသဖြင့် အိပ်မက်လိုလို ဘာလိုလိုတော
ထင်မိလာရလေသည်။

မရက သူ့ကို တစ်ခုခုပြောဖို့ ဟန်ပြင်လိုက်စဉ်
ပဲ သူ့ကိုယ်ခန္ဓာတစ်နေရာမှ ကလေးငိုသံတစ်သံက စူးစူးဝါး
ထွက်ပေါ်လာလျှင် မရတောင် လန့်ဖျပ်သွားရသည်။ သူ
ဟဲခနဲ ရယ်ပြကာ ဖုန်းကို နားထောင်လေသည်။ သူ့ကြည့်ရ
ဘယ်သူ့ဆီကဖုန်းဆိုတာ အတပ်သိနေသလိုပဲဖြစ်သည်။





"အေး ... ပြော ... အင်း ... ဟုတ်တယ် ဖိုင်းတယ်၊ အဲဒါ
မင်းရဲ့ကလေးငိုသံကြီးကို ပြောင်းပေးတော့၊ လာမှာပေါ့၊
အေး ... ဒါပဲ ဘိုင့်ဘိုင်"

သူ ဖုန်းပြောတာက တစ်မိနစ်တောင် မကြာပါ။
သူက ရွှင်ရွှင်လန်းလန်းနှင့် ဖုန်းကို ပိတ်လိုက်သည်။ ဒီအချိန်မျိုး
တောင် ဖုန်းပြောနေသောသူ့ကို မရက မျက်စောင်းနှယ်ကြည့်
ရာ ...

"အဲဒါက ဘယ်ကဖုန်းလဲ"

"ဆောရီးပါ မရရာ။ ကိုယ့်သူငယ်ချင်း ဇာနည်လေ။
သူက ဒီနေ့ မရ အဖြေပေးမှာကို သိနေလို့ လှမ်းပြီး
သတင်းစုံစမ်းတာပါ ...

အခုသိရတော့ ကွန်ဂရက်ကျူလိတ် လုပ်တာ ...
ဟဲ ဟဲ"

"သြော် ... ရှင်က လူတကာကို လျှောက်ပြောထားတယ်
ပေါ့လေ"

"ဟာ ... လူတကာကို လျှောက်မပြောပါဘူး။ အဖေတို့
အမေတို့ကိုတောင် အသိမပေးရသေးဘူး။ လူတကာကို
လျှောက်ပြောစရာလား ...



www.burmeseclassic.com

www.burmeseclassic.com



ကပါ မရရာ၊ အခုမှ ချစ်သူဖြစ်တာ တစ်နာရီထော မပြည့်သေးတဲ့ဟာ၊ စိတ်ကောက်ဖို့တော့ စဉ်းစားမနေ နဲ့...

အခုချိန်ကစပြီး ကိုယ်တို့နှစ်ယောက် တစ်ယော ကိုတစ်ယောက် ဘယ်လိုချစ်သွားကြမယ်ဆိုတာသာ စဉ်း ရအောင်ပါ ...

နော် ... မရ။ ရော့ ... ကိုယ့်လက်ကို တွဲလို တွဲလိုက်၊ တွဲလိုက် မြန်မြန်လေး ပလိစ်”

သူက ပြုံးသဖြင့် မရကို ချော့မြူမြူပြောကာ လ တစ်ဖက်ကို ကမ်းပေးလို့လာသည်။ ပထမတော့ မရသည် လက်ကို သွားရောက်မဆုပ်ကိုင်သေး။ သူ့မျက်နှာကို မော့ကြ နေသေးသည်။ သူက လုပ်လေဟူသောပုံစံမျိုးဖြင့် မေးထပ်ဆတ တော့မှ မရက စိတ်ကိုဒုံးဒုံးချကာ သူ့လက်တစ်ဖက်ကို သွားရော ဆုပ်ကိုင်လိုက်သည်။

ပြီးတော့ ထိုင်ခုံမှ အသာထရပ်လိုက်ပါသည်။ သူ မရရဲ့မျက်နှာကို ရွှန်းရွှန်းစားစား စိုက်ကြည့်လေကာ ...

“ခုချိန်ကစပြီး ကိုယ်တို့နှစ်ယောက်က အရင်းနှီးဆုံးလူ ဖြစ်သွားကြပြီနော် မရ ...





အဲဒါကို မရ မမေ့နဲ့။ ကိုယ်တို့နှစ်ယောက် နှောင်တွယ်သွားကြပြီ။ ကဲ ... ရှေ့ဆက်သွားစို့လား”

သူ့စကားက အဓိပ္ပာယ်နှစ်မျိုး ကောက်လို့ရသော စကားဖြစ်သည်။ မရသည် သူ့ကို ထွေထွေထူးထူး ပြန်မပြောမိတော့ဘဲ သူနဲ့အတူ လက်ချင်းတွဲ၍ လျှောက်လာခဲ့သည်။ တက္ကသိုလ်ဝန်းကျင်မှ တချို့အတွဲတွေ ကျောင်းသားကျောင်းသူတွေက မရတို့ကို တိုးတိုးတိတ်တိတ် အကဲခတ်ကြလေသည်။

သူသည် မရရဲ့လက်ကိုတွဲကာ ဂုဏ်ယူဝံ့ကြွားစွာဖြင့် လျှောက်လို့သွားနေသည်။ သူ့မျက်နှာကို မရက ဘေးတိုက်အနေအထားမှ တစ်ချက်စောင်းငဲ့ကြည့်မိသည်။ မရရဲ့ချစ်သူဟာ ချောပါသည်။ ချောဆို သူဟာ ဖစ်ဆစ်မေဂျာရဲ့ကင်းဖြစ်သည်။ ချောရုံတင်မဟုတ်သေး စတိုင်လ်ကလည်းရှိသေးသည်။ ပြီးတော့ မရကိုလည်း ချစ်တတ်သည်။ ဒါဖြင့် မရကရော ...။

အဲဒီမေးခွန်းကို ဖြေမည့်သူမှာ မရ မဟုတ်ချေ။

တစ်ခုခုကို နက်နက်နဲနဲတွေးတတ်သော ...။ ဘာမဆို စဉ်းစားလွန်းအားကြီးကာ စာအုပ်တွေမှလွဲ၍ တခြား ဘယ်သူ့ကိုမှ လူရာမသွင်းသော မရရဲ့ ငယ်သူငယ်ချင်း “ခန့်ငြားခိုင်မြဲ”သာလျှင် ဖြစ်တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၂

သူတို့အိမ်သို့ သွားရာလမ်းတစ်လျှောက်တွင် သစ်ရွက်တွေ ကြွေနေကြသည်။ သူ ဆိုသည်မှာ မရ၏သူငယ်ချင်း ခိုင်မြဲကိုပြောတာဖြစ်ပါသည်။ ခိုင်မြဲနှင့် မရတို့အိမ်မှာ တစ်လမ်းကျော်ပဲခြားသည်။ မရသည် ခိုင်မြဲတို့အိမ်သို့ အရေးနည်းနည်းကြီးကာ နေပူသည်ဟုထင်လျှင် စက်ဘီးနဲ့သွားသည်။ တစ်ခါတလေ ဆိုက်ကားငှားသွားတတ်သည်။ အရေးလည်းမကြီး၊ နေလည်းမပူသော သာသာယာယာရှိသည့် ညနေခင်းမျိုးဆိုလျှင်တော့ ခြေလျင်လျှောက်သွားတတ်သည်။

အခုလည်း နေစောင်းသွားကာ သာသာယာယာရှိသော ညနေခင်းလေးတစ်ခုမို့ မရက ရေမိုးချိုးပြီးတာနှင့် ခြေလျင်လျှောက်လာခဲ့သည်။ လမ်းမှာတွေ့သော အသိမိတ်ဆွေများကို





မရက ပြုံးပြနှုတ်ဆက်ခဲ့သေးသည်။ မရတို့ရပ်ကွက်လေးသည် အင်မတန်မြန်မာဆန်ကာ နွေးထွေးသောရပ်ကွက်လေးတစ်ခုဖြစ်သည်။ လူသစ်တွေဟူ၍ သိပ်မရှိဘဲ မရတို့ငယ်ငယ်တည်းကလည်း ဒီလူတွေ၊ ကြီးလာတော့လည်း ဒီလူတွေနှင့် အကြောင်းသိတွေလို ဖြစ်နေသည်။

သိပ်ချမ်းချမ်းသာသာကြီးတွေဟူ၍ မရှိဘဲ အစိုးရလခစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ စသဖြင့် အဲဒီလိုမျိုးတွေသာပေါသည်။ ဆင်းတောင့်ဆင်းရဲဟာမျိုးတွေတော့လည်း မရှိ။ သူ့ဟာနဲ့သူ တိုင်တိုင်ပင်ပင် ငြိမ်းငြိမ်းချမ်းချမ်းနှင့် မိသားစုဆန်သောရပ်ကွက်လေးဖြစ်သဖြင့် ဒီလိုရပ်ကွက်မျိုးလေးထဲမှာ သူလာဖြစ်ရသည့်အတွက် မရက အမြဲကျေနပ်နေလေ့ရှိသည်။

ဒီလို နှစ်သက်တန်ဖိုးထားတတ်အောင်လည်း မရရဲ့သူငယ်ချင်းကပဲ ပြောပြပေးခဲ့တာဖြစ်သည်။ ခိုင်မြဲသည် မရအတွက်တော့ ထူးခြားသည့် သူငယ်ချင်းတစ်ယောက်ဖြစ်သည်။ တစ်ခါတလေ သူပြောသည့် ဒဿနတွေမှာ စိတ်ဝင်စားဖို့ကောင်းသည်။ သူက သူများနဲ့တော့ သိပ်မရှိပါ။ ကိစ္စတစ်ခုအတွက် သူများရွေးသည့်ထောင့်မှ ရွေးတတ်သူဖြစ်သည်။ ဥပမာ ... ရည်းစားကို သုံးလလောက် အစမ်းထားကြည့်ပါလားဟူသော အတွေးကို စဉ်းစားခဲ့သူမှာ သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မြဲရဲ့ဘဝကလည်း နည်းနည်းတော့ သနားစရာကောင်းသည်ဟု ထင်သည်။ ခိုင်မြဲတို့က မိသားစုလေးယောက်ရှိသည်။ ခိုင်မြဲရဲ့အဖေက လျှပ်စစ်တွင်ခုံတွေ ဘာတွေလုပ်သည်။ ရပ်ကွက်ထဲက ကိုယ်ပိုင်တစ်နိုင်လုပ်ငန်းလေး ဖြစ်သောကြောင့် သိပ်ကြွယ်ဝိုးကြွယ်ဝကြီးတော့ မဟုတ်ချေ။ ခိုင်မြဲရဲ့အမေကတော့ အိမ်ရှင်မသက်သက်သာ။ အစ်မကလည်း တက္ကသိုလ်ကျောင်းသူဖြစ်သည်။

ခိုင်မြဲ ဆယ်တန်းအောင်ပြီးစ အချိန်မှာပဲ ခိုင်မြဲရဲ့အဖေက လေဖြတ်ပြီး ဆုံးသွားသည်။ တွင်ခုံမှာက ဦးစီးမယ့်သူမရှိတော့ချေ။ အမေနဲ့အစ်မကလည်း ဘာမှမတတ်။ ခြောက်တန်းလောက်တည်းက ဖခင်နှင့်အတူတူ တွင်ခုံမှာ ဝင်ကူခဲ့ရသောအကျိုးကျေးဇူးကို ခိုင်မြဲက လက်တွေ့ခံစားလိုက်ရလေသည်။ ဖခင်၏နေရာကို သူက ဝင်လိုက်ရသည်။ ကျောင်းကို အဝေးသင်ပဲ ဆက်တက်သည်။ မရသည် နုနယ်ပျိုမျစ်သော အရွယ်မှာ တက္ကသိုလ်ကျောင်းသားဘဝ အရသာကို ပီပီပြင်ပြင် မခံစားနိုင်သော ခိုင်မြဲရဲ့ဘဝကို သနားနေရကာဖြစ်သည်။

သို့သော် ခိုင်မြဲကတော့ သူ့ဘဝသူ ကျေနပ်နေလေ့ရှိသည်။ အမယ် ... သူက မရကိုတောင် ဆုံးမစကားပြောလိုက်သေးတော့သည်မှာ ...





"မရ ... ငါ့ဘဝမှာ ခံယူထားတဲ့ ခံယူချက်တစ်ခုရှိတယ်။ လူဆိုတာ ကိုယ်ရောက်တဲ့နေရာမှာ အကောင်းဆုံးဖြစ်အောင်နေ၊ ပျော်ရွှင်အောင်နေပြီး ကိုယ်တတ်နိုင်သလောက် အများကောင်းကျိုးကို ဆောင်ရွက်သင့်တယ် ...

အခု ငါ့ဘဝကိုငါ ကျေနပ်တယ် မရရဲ့။ အရင်က ငါဟာ မိဘဆီကနေ ပိုက်ဆံကို လက်ဖြန့်တောင်းနေတဲ့ ကျောင်းသား၊ အခု အိမ်ရဲ့ဝင်ငွေကို ရှာဖွေပေးနေတဲ့ အိမ်ထောင်ဦးစီး ... ဟဲ ဟဲ၊ အိမ်မှာ ငါ ဟင်းကြေးများခွင့်ရှိတယ်။ ဒါက အပေါ်ယံအမြင်လေး တွက်ပြောမိတာပေါ့ဟာ ...

တကယ်တမ်းကျတော့ ငါ့အသက်အရွယ်နဲ့ မိဘကိုလုပ်ကျွေးခွင့်ရတာကိုက ထူးခြားတဲ့ကုသိုလ်ကံပေါ့။ ပြီးတော့ အလုပ်လုပ်နေတဲ့ သူတစ်ယောက်နဲ့ မလုပ်တဲ့သူတစ်ယောက်နဲ့ ဘဝအမြင်ချင်းလည်း မတူတော့ဘူးဟ ...

ပျော်ပျော်ရွှင်ရွှင်နဲ့ သောကကင်းကင်း ကျောင်းတက်နေရတဲ့ တက္ကသိုလ်ကျောင်းသားတွေနဲ့စာရင် ငါ့မှာ ဘဝအတွေ့အကြုံပိုရှိတယ်။ သူတို့ထက် လောကဓံကို စောပြီး ရင်ဆိုင်ရတဲ့အတွက် ခံနိုင်ရည်ရှိတယ်၊ ရင့်ကျက်တယ် ...

လောကကြီးက တရားပါတယ်ဟာ။ အားလုံးကို မျှမျှတတ ပေးထားတာပါ။ နင် ငါ့အတွက် အုံးစားမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မရသည် တစ်ချိန်က သူပြောခဲ့ဖူးသော စကားများကို ပြန်လည်ကြားယောင်လာကာ တစ်ကိုယ်တည်းပြုံးမိသွားသည်။ တဖြည်းဖြည်းနှင့် တွေးရင်း တွေးရင်း လမ်းလျှောက်လာခဲ့သည်မှာ ခိုင်မြဲတို့အိမ်နားတောင် ရောက်တော့မည်ဖြစ်သည်။ မရသည် သူ့အိမ်နားသို့ မရောက်ခင် ကုန်စုံဆိုင်လေးသို့ဝင်ကာ သူ ကြိုက်တတ်သော ရယ်ဒီမိတ်လက်ဖက်ထုပ်တစ်ထုပ်ကို ဝယ်လိုက်သည်။ နှပ်ပြီးသားလက်ဖက်၊ အကြော်စုံ၊ ခရမ်းချဉ်သီးအစိမ်းတစ်လုံး စသဖြင့် ဖွယ်ဖွယ်ရာရာပါသော လက်ဖက်ထုပ်လေးကိုကိုင်ကာ မရက သူတို့အိမ်သို့ ဆက်လျှောက်လာခဲ့သည်။

ခိုင်မြဲတို့အိမ်သည် မကျဉ်းမကျယ်ခြံဝင်းလေးထဲမှာရှိပြီး အောက်ခြေမှ အုတ်ဖိနပ်မြင့်မြင့်ခံထားသော ပျဉ်ချပ်များဖြင့် ဆောက်လုပ်ထားသည့် ရေနံချေးဝဝ အိမ်မည်းမည်းလေးဖြစ်သည်။ ပြတင်းတံခါးတွေကတော့ မှန်တံခါးပေါက်တွေဖြစ်ကာ ခန်းဆီးလေးတွေ တလွင့်လွင့် လေတဖြူးဖြူးဖြင့် နေချင့်စဖွယ် သပ်သပ်ရပ်ရပ် တစ်ထပ်အိမ်လေးဖြစ်ပါသည်။

ခြံထဲမှာလည်း အုန်းပင်၊ ပိန္နဲပင်၊ မာလကာ၊ သြဇာ၊ သရက် စသဖြင့် အပင်စုံတွေလည်းရှိသည်မို့ ရောက်တဲ့သူတိုင်းက စိတ်ချမ်းသာကာ နှစ်ခြိုက်ကြသည်။ အိမ်ထဲမှာလည်း အဖေမနှင့် အစ်မဖြစ်သူက အိမ်တွင်းမှုအထိန်းအသိမ်းတော်သော





ကြောင့် သပ်ရပ်သန့်ရှင်းကာ ရောက်တဲ့သူတိုင်းကို စိတ်ချမ်းသာစေသည်။

သူဌေးအိမ်တွေလို တန်ဖိုးကြီးဆိုဖာများ၊ ကော်ဇောများ၊ ရှိုးကေ့စ်များ စသဖြင့် ဖိတ်ဖိတ်တောက် မဆင်ယင်ထားနိုင်သော်လည်း သာမန်ဆက်တီစားပွဲလေးနှင့်အတူ စုတတ် ဆောင်းတတ်သဖြင့် TV၊ DVD စသဖြင့် သူ့ဟာနဲ့သူ ပြည့်ပြည့်စုံစုံလေး ဆော့ရှိသည်။

ထမင်းစားခန်း၊ မီးဖိုခန်း ဆိုလည်း သပ်ရပ်သန့်ရှင်း[illegible]ကာ အားလုံးခြုံကြည့်လိုက်လျှင် ခိုင်မြဲတို့ အိမ်လေးသည် [illegible]ကာသနမပါသော နွေးထွေးသည့် နေချင့်စဖွယ် အိမ်လေးပဲဖြစ်[illegible]ဘော့သည်။

မရသည် အတွေးနှင့်အတူ သူတို့အိမ်ရှေ့သို့ ရောက်[illegible]သွားသည်။ သူတို့အိမ်လေးသည် ချစ်စဖွယ် ဝင်းတံခါး အုတ်တံတိုင်း[illegible]ဖြူကို ပျဉ်ချောင်းအနက်များဖြင့် ကာရံထားသည်မှာ အထဲက [illegible]လေးနှင့် ဟာမိုနီဖြစ်သည်ဟုထင်သည်။ အစတုန်းက အခုကာ[illegible]သော ခြံစည်းရိုးပုံစံမျိုး မဟုတ်သေး။ ဒါက နောက်ပိုင်းမှ [illegible]က ပြောင်းလဲလိုက်တာဖြစ်သည်။ ခိုင်မြဲသည် လျှပ်စစ်ပစ္စည်း[illegible]ကို ဝါသနာပါသောသူပီပီ အုတ်တံတိုင်းဖြူဖြူလေးထဲ၌ [illegible]ခေါင်းလောင်းကို တပ်ထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မရသည် ခြံတံခါးကို ဒီအတိုင်းဖွင့်ဝင်သွားလည်းရပါလျက်နှင့် ဘဲလ်ကို တီးလိုက်သေးသည်။ ဒီနေ့ မီးက ညနေခြောက်နာရီမှ ပျက်မှာမို့ ဘဲလ်တီး၍ မမြည်မှာကို မပူရချေ။ မရသည် ဘဲလ်ကို ခပ်နာနာလေး ဖိတီးလိုက်သည်။ ဘဲလ်သံက ခပ်စူးစူးလေး ထွက်ပေါ်လာလျှင် ခဏကြာ၍ တံခါးကို တစ်စုံတစ်ယောက်က လာဖွင့်ပေးသည်။

မရက ခေါင်းကို တစ်ချက်ငဲ့စောင်းကာ တံခါးလာဖွင့်ပေးသူကို ပြောင်ပြလိုက်လျှင် သူက မအံ့သြသောပုံစံဖြင့် ...

"နင်မှန်း ငါ သိသားပဲ"ဟု ပြောသည်။ မရက လက်ကို နောက်ပစ်ထားကာ ...

"သိရင် ဘာလို့ တံခါးလာဖွင့်ပေးနေသေးလဲ"

သူက မရကို မစောင့်တော့ဘဲ ရှေ့မှလှည့်ထွက်သွားရင်းမှ ပြောသည်။

"မဖွင့်ပေးရင်လည်း နင်က ဆက်ပြီးတီးနေဦးမှာပဲမဟုတ်လား၊ တော်ကြာ မေမေက ဘာပါလိမ့်ဆိုပြီး ဆင်းလာနေမှာ"

သူက သူ့အမေကိုတော့ တော်တော်ချစ်သောသားဖြစ်သည်။ သို့သော် သူချစ်သောအချစ်က မရတို့ ချစ်ပုံမျိုးနှင့် မတူပါ။





မရက သူ့နောက်ကနေ၍ အသာလိုက်လာရင်းမှ ...

"နင် ဘာလုပ်နေတာလဲ"

"ထုံးစံအတိုင်းပေါ့"

ဒီအချိန်ဆို သူက အလုပ်မှပြန်ရောက်ပြီး ခဏတစ်ဖြုတ်နားကာ သစ်ပင်တွေကို ဟိုကြည့်ဒီကြည့်လုပ်၊ ကိုင်းကူးစရာရှိတာကူး စသဖြင့် လုပ်နေတတ်သည်။ သူ့အပန်းဖြေပုံကလည်း အဆင့်နှင့်ဖြစ်သည်။ အလုပ်မှပြန်ရောက်လာပြီး ရေမိုးမချိုးခင် သစ်ပင်တွေနှင့် အပန်းဖြေသည်။ ရေမိုးချိုး ထမင်းစားပြီးတဲ့နောက် ညနေကျတော့ စာအုပ်တွေ သီချင်းတွေနှင့် အပန်းဖြေတတ်သည်။ အဲဒါက ဒုတိယပိုင်း အပန်းဖြေတာဖြစ်သည်။

ခိုင်မြသည် သူ့ဟာနဲ့သူတော့ ဟုတ်နေတာပဲဖြစ်သည်။ မရက ခိုင်မြသွားရာ အိမ်ဘေးဘက်ကနေရာသို့ လိုက်ပါသွားသည်။ ခိုင်မြက မြေပြင်ပေါ်မှာချထားသော ကိရိယာတန်ဆာပလာများကို ညွှန်ပြရင်းမှ ...

"ငါ ဘွန်ဇိုင်း လုပ်နေတာတာ"

"ဟုတ်လား ... ဘာဘွန်ဇိုင်းလဲ"

"ညောင်ပင်ဘွန်ဇိုင်း"

သူက တိုပြတ်ပြတ်ပြန်ဖြေရင်းမှ မရကို လှည့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နင် ကိစ္စရှိလို့လား မရ"

"အောင်မာ ... ငါက ကိစ္စရှိမှ လာတတ်တာကျနေတာ

ဒီမှာ ငါ လက်ဖက်ထုပ်ဝယ်လာတယ်၊ အဲဒါ စားမလား"

"နင်ကလည်း ဝယ်လာပြီးမှ စားမလားတဲ့။ ဘာယင်

အခိပ္ပာယ်ကြီးလဲ၊ နင်တို့တွေ မြန်မာစကားပြောတာတော

မှ ရှင်းရှင်းလင်းလင်းပြောမထွက်ဘဲ ရှုပ်နေကြတယ်နော်"

"ဘာမှမရှုပ်ဘူး၊ နင်သာ အတတ်ကျူးအရှုးဖြစ် အရာ

ကို အတွေးခေါင်နေတာ ...

ငါက ဝယ်လာတာ ဝယ်လာတာပဲ၊ နင် အခု စား

ချင်တယ်ဆိုရင် သုပ်မယ်၊ မစားချင်သေးဘူး ဆိုရင်လည်း

နင်တို့ကြောင်အိမ်ထဲမှာ ထည့်ထားခဲ့ရုံပဲ ...

အဲဒါပြောတာ"

သူက မဟုတ်သေးပါဘူးဟူသော ပုံစံဖြင့် ခေါင်းယမ်း

သည်။ ဘာမှတော့ ဆက်မပြောတော့ချေ။ သူ့ရဲ့အကျင့်ကောင်း

တစ်ခုက သူများနှင့် ပြိုင်မငြင်းတတ်ခြင်း ဖြစ်သည်။ သူထင်သော

မှန်သည်ဟု ယူဆသောကိစ္စတစ်ခုကို တစ်ခါပဲပြောသည်။ နောက်

ထပ် ထပ်ကာ ထပ်ကာ မပြောတော့ချေ။

မရက သူ့သဘောထားကို ထပ်မမေးတော့ဘဲ

ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လက်ဖက်သွားသုပ်သည်။ သို့သော်





ကိုယ်တိုင်တော့ မသုပ်လိုက်ရပါ။ သူ့အမေက သုပ်ပေးလိုက်

ခြင်း ကိုယ်တိုင်က လက်ဖက်သုပ်နှင့်တွဲရန် လက်ဖက်ခြောက်ခတ်

ရေနွေးကြမ်းအိုး ပြင်တာပဲ လုပ်လိုက်ရသည်။ မရက လက်ဖက်သုပ်

ပန်းကန်နှင့် ရေနွေးကြမ်းကရားကို လင်ပန်းတစ်ချပ်နှင့် မ,လာချိန်

သည် သူက မရကို ဗာဒံပင်ရိပ်အောက်က ပင်စည်ဖြတ်လုံသစ်ပင်

ငုတ်ကြီးမှာ အေးအေးလူလူ ထိုင်စောင့်နေပြီဖြစ်သည်။

စားပွဲခုံအဖြစ် သစ်ပင်ကြီးတစ်ပင်ရဲ့ပင်စည်ကို အသုံး

ပြုထားတာဖြစ်ပြီး ထိုင်ခုံတွေကတော့ အုန်းပင်က ဖြတ်ပိုင်းတွေ

ကို ဝိတ်ကူးကောင်းစွာနှင့် ပြုလုပ်ထားသည်မှာလည်း သူ့အိုက်ဒီယာ

ဖြစ်သည်။ မရက လက်ဖက်သုပ်ပန်းကန်ကို ချပေးလိုက်လျှင်

သူက တစ်ဇွန်းခပ်မြည်းသည်။

"အင်း ... မေမေ့လက်ရာပဲ"

"ဟင် ... နင်က ဘယ်လိုလုပ် သိလဲ"

သူက စပ်ဖြဲဖြဲနှင့်ရယ်ကာ ဒီလိုပေါ့ဟု ပြောသည်။

"ဘာဒီလိုပေါ့လဲ၊ ငါ့လက်ရာနဲ့ နင့်အမေလက်ရာနဲ့ ဘာကွာ

လို့လဲ"

"ကွာတာတော့ သိပ်ကြီးကြီးမားမား မရှိပါဘူး"

သူက အေးအေးဆေးဆေးပဲ ပြန်ဖြေကာ လက်ဖက်

သုပ်ကို နောက်တစ်ဇွန်းကော်စားသည်။ ပြီးတော့ ရေနွေးကြမ်း



www.burmeseclassic.com

www.burmeseclassic.com



သောက်သည်။ မရက သူ့အမေသုပ်ပေးလိုက်သော လက်ဖက်သုပ်ကို တစ်ဇွန်းကောက်မြည်းမိသည်။ ကောင်းတာတော့ တော်တော်ကောင်းသည်။ ဒါပေမဲ့ မရ သုပ်လည်းပဲ ဒီလိုကောင်းမှာပဲဟု ထင်သည်။

သူက မရ တွေးနေတာကို သိသဖြင့် အသာပြုံးနေလေသည်။ အဲဒီတစ်ယောက်ဟာ သူများစိတ်ထဲကအရာတွေကို တော်တော်သိနေတာလည်း ထူးတော့ထူးခြားသည်။ မရတို့ဖြင့် သူများက ငိုနေတာတောင် ပျော်လို့ကျတဲ့ မျက်ရည်လား၊ ဝမ်းနည်းလို့ကျတဲ့ မျက်ရည်လား ဆိုတာ သိပ်မခွဲခြားတတ်ချေ။

"ဒါဖြင့်ရင် ဘာကွာတာလဲ။ နင့်အမေက လက်ဖက်သုပ်ရင် ဘယ်လိုတက်ကနစ်တွေနဲ့ သုပ်တာမို့လို့လဲ"

ပြောရင်းနှင့် ဝန်ခံလိုက်သလို ဖြစ်သွားသော မရရဲ့ စကားကို သူက တဟားဟားနှင့် ရယ်လေသည်။ မရကတော့ လူလည်ကျလွန်းသောသူ့ကို မျက်စောင်းထိုးကာ နှုတ်ခမ်းစူမိသည်။

"ငါ့အမေသုပ်တဲ့ လက်ဖက်နဲ့ နင်သုပ်တဲ့လက်ဖက်က ဘာမှ မကွာပါဘူးဟာ၊ အရသာချင်း ခွဲမရအောင်တူပါတယ် ... ဒါပေမဲ့ သူ့သားလေး ရွံတတ်မှန်းသိတဲ့ ငါ့အမေ လက်ဖက်သုပ်ထဲမှာ ဇွန်းနှစ်ချောင်း အမြဲထည့်ပေးတတ်တယ်လေ ...





ငါ လေ့လာထားတာကြာပြီ။ မေမေ သုပ်ပေးလိုက်တဲ့ လက်ဖက်သုပ်ဆိုရင် ဇွန်းနှစ်ချောင်း အမြဲပါတယ်။ နင် သုပ်လာတဲ့ဟာဆိုရင် ဇွန်းက တစ်ချောင်းတည်း ... အဲဒါ ကွာတာ"

သူက ပိုင်ပိုင်နိုင်နိုင် တိတိကျကျကြီးပြောလိုက်လျှင် မရက သူ့ကို မျက်စောင်းမထိုးဘဲ မနေနိုင်ပါ။

"နင် စုံထောက်လုပ်ဖို့ကောင်းတယ်။ ဆားပုလင်းနှင်းမောင်တို့ ဆားပုလင်းမင်းအောင်တို့ ဝတ္ထုတွေကိုဖတ်ပြီး နင့်ကိုယ်နင် စုံထောက်ရူး ရူးနေတာ မဟုတ်လား"

မရရဲ့ မနာလိုသလို အပြောကို သူက ဘာမှမဖြစ်သလိုဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"လူဆိုတာ အလကားမနေရဘူးလေ၊ မျက်လုံးတွေ နားတွေရှိနေတာ အလကားထားဖို့မှ မဟုတ်တာ။ မြင်တတ်ရတယ်၊ တွေးတတ်ရတယ်၊ အခုကိစ္စကိုပဲကြည့်၊ နင်တောင် သတိမထားမိဘူး မဟုတ်လား ...

တချို့အသေးအဖွဲ့လေးတွေဟာ တစ်ခါတလေကျတော့ အရမ်းအသုံးဝင်တတ်တယ်၊ အမှုကြီးတွေမှာဆိုရင်လည်း တချို့ အသေးအဖွဲလေးတွေက အမှုမှန်ရအောင် ဖော်ထုတ်ပေးလိုက်တာမျိုးတွေ ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... တော်စမ်းပါဟာ၊ စုံထောက်ဝတ္ထုတွေ လျှောက်ဖတ်နေပြီး ငါ့ကို ဆရာလာလုပ်မနေစမ်းပါနဲ့၊ ဒါလေးပြောနိုင်တာများ"

"စုံထောက်ဝတ္ထုပဲဖတ်ဖတ် ဘာဝတ္ထုပဲဖတ်ဖတ်ပါ၊ စာတစ် အုပ်ကို ဖတ်ပြီးပြီဆိုရင် ကိုယ့်အတွက် အသိတစ်ခုခုတော့ ရ,ရမယ်လေ ...

လက်တွေ့ဘဝထဲမှာ အသုံးချနိုင်ရင်ချ၊ မချနိုင်ရင် လည်း အဲဒီစာအုပ်ဟာ အနည်းဆုံး ကိုယ့်ကို relax တော့ ဖြစ်စေရမှာပေါ့"

မရက ဆရာကြီးလာလုပ်နေသောသူ့ကို ကဲဟူသော မောင်းတင်ထားသည့်အကြည့်ဖြင့် ကြည့်လိုက်လျှင် သူက မပြော တော့ပါဘူးဟူသော ပုံစံဖြင့် ငြိမ်သွားသည်။ မရသည် လက်ဖက် သုပ်တစ်ဇွန်းကို ကော်စားရင်းမှ မရရဲ့ အသစ်ကျပ်ချွတ်ရည်းစား မင်းတိမ်လွှာ အကြောင်းကို သူ့အား ဘယ်လိုစကားစရမယ်ဆိုတာ စဉ်းစားနေမိသည်။

သူက မင်းတိမ်လွှာကို နာမည်ပဲ ကြားဖူးထားသည်။ မရကို လိုက်နေသောသူတွေ အားလုံးကိုတော့ မရက သူ့ကို ပြောပြထားသည်။ တစ်ခါတစ်ခါမှာ နည်းနည်းကြီးသည့် စကား တွေကိုပြောလျှင် အမြင်ကတ် ကြည့်မရတာကလွဲလို့ သူ့ကို မ





တိတ်တဆိတ်တော့ အထင်ကြီးမိတာကို ကိုယ့်ဟာကိုယ် ဝန်ခံရ လမည်။ သူက မရထက်စာလျှင် အများကြီး ရင့်ကျက်ကာ အတွေးအခေါ် အယူအဆက ကမ္ဘာ့အဆင့်မီဖြစ်ပါသည်။ ကမ္ဘာမှာ ခေတ်စားလာသော အတွေးအခေါ် အယူအဆများ၊ လူတွေရဲ့ ပြောင်းလဲလာသော သဘောထားများ၊ သမီးရည်းစား ချစ်သူစုံတွဲ တွေကြားက ပြောင်းလဲလာသော အနေအထိုင်များ စသဖြင့် သူ ပြောပြသော အကြောင်းအရာတွေမှာ စိတ်ဝင်စားဖို့ကောင်းသည်။

"ရည်းစားထားရတာ ဘယ်လိုနေလဲ မရ"

"ဟင်"

သူက ရုတ်တရက်ကြီး ထမေးသဖြင့် မရမှာ ကြောင် တောင်တောင် ဖြစ်သွားရလေသည်။

သူကတော့ ခပ်အေးအေးပင် ကရားထဲမှ ရေနွေးတစ် ခွက်ကို ထပ်ငှဲ့ကာ သောက်နေသည်။ သူ ဒါကို ဘယ်လိုလုပ်များ သိတာပါလိမ့်။

"မအံ့သြပါနဲ့ မရ။ ငါ မေးတာသာ ဖြေပါ"

"နေပါဦး နင့်ကို ငါ ဘယ်တုန်းက ပြောပြခဲ့ဖူးလို့လဲ၊ မပြောပါဘူးနော်၊ တစ်ခါမှမပြောပါဘူး"

သူက ပိရိစွာ ပြုံးသည်။ အဲဒီအပြုံးကြီးကို မရ ခင်မတန် မုန်းပါသည်။ ဆားပုလင်းနှင်းမောင်ဝတ္ထုတွေထဲက



www.burmeseclassic.com

www.burmeseclassic.com



ဘရုးခံတံ့ ဖမ်းမိလျှင် ပိုင်ပိုင်နိုင်နိုင်ကြီး ပြုံးတတ်သောအပြုံးမျိုး နှင့် ဆင်တူကြီးဟု ထင်သည်။

"နင် ငါ့ကို ဖိန့်ဖိန့်လုပ်နေဟာ မဟုတ်လား"

"မဖိန့်ပါဘူးဟာ၊ အတိအကျ ပြောရရင် နင် မနေ့က မင်းတိမ်လွှာကို အဖြေပေးလိုက်တာ မဟုတ်လား"

မရသည် ဟိုက်ခနဲ မအော်မိအောင် အတော်ထိန်း သိမ်းထားလိုက်ရသည်။ သို့သော် ပါးစပ်ဟသွားတာကိုတော့ မတားဆီးနိုင်ချေ။

သူက မရ တစ်ယောက် အမေးရလွတ်အောင် ဆက် ပြောသည်။

"တချို့ကိစ္စတွေကို သိတယ် ဆိုတာက တွေးတတ်တာ တွေးနိုင်တာကြောင့်ပါသလို တချို့အရာတွေကျတော့လည်း တိုက်တိုက်ဆိုင်ဆိုင် သွားဆုံလို့ သိသွားတာလည်း ရှိတယ် ပါတယ် ...

အခုသိတာကတော့ တိုက်တိုက်ဆိုင်ဆိုင်ပေါ့၊ ငါ ကြမ္မာက ဆားပုလင်းနှင်းမောင်ကို ကူညီလိုက်လို့ သိရတာ မျိုးပါ။ မနေ့က နင်တို့ကျောင်းကို ငါ ရောက်တယ်ဟ"

"ဟင် ... တကယ် ... ကောင်စုတ်၊ ဒါနဲ့များ ငါ့ကို လှမ်း မခေါ်ဘူး"





သူက မရရဲ့စကားကို တဟားဟားနှင့် အော်ရယ် လေသည်။

"ခေါ်စရာလားဟ၊ ဝင့်လည်မှာကြောက်ပါတယ်၊ မင်းသားနဲ့ မင်းသမီး ဒီလောက်အရေးကြီးနေတဲ့ ချိန်ခါသမယမှာ ငါ လှမ်းခေါ်လိုက်လို့ကတော့ ပွဲကမလှတော့ဘူးပေါ့ ...

နင်ကလည်း ငါ့ကို ရောက်တုန်းရောက်ခိုက် လာ ကန်တင်းသွားမယ်ဆိုပြီး ခေါ်မှာ၊ ဟိုကောင်က ကြားထဲက ငါ့ကို အလိုက်ကန်းဆိုး မသိတဲ့ကောင် ဆိုပြီး စိတ်ထဲက မေတ္တာပို့နေမှာ။ နေပါဟာ။ ဘာလုပ်မှာလဲ"

"နင်က ကျောင်းကို ဘာလာလုပ်တာလဲ"

"ဆရာဦးကျော်ဝင်း ရုံးခန်းက မီးအားမြှင့်စက်ပျက်နေလို့ အဲဒါပြင်ပြီး သွားပို့ပေးတာလေ"

အခုမှပင် ရှင်းရှင်းလင်းလင်းသဘောပေါက်နိုင်တော့ သော မရဟာ သူ့ကို သက်သောင့်သက်သာ ပြန်ကြည့်နိုင်တော့ သည်။ သူက မရကို ခပ်ပြုံးပြုံးနဲ့ မေးဆတ်ပြကာ ...

"ကဲ ... ဆရာမကြီး ပြောစမ်းပါဦး၊ ရည်းစားထားရတာ ဘယ်လိုအခြေအနေရှိလဲ၊ ပျော်စရာကောင်းလား"

"ဘာဆရာမကြီးလဲ၊ ခိုင်မြဲနော်၊ ငါ့ကို ဆရာမကြီးလို့ မခေါ်နဲ့၊ မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာဖြစ်လဲ၊ ဆရာကြီး ဆရာမကြီးတွေလို့ခေါ်ရင် လူတွေက ဘာလို့ သိပ်မကြိုက်ချင်ရတာလဲ မသိဘူးနော် ...

တကယ်ဆို ဂုဏ်တောင်ယူပြီး ဝမ်းသာရဦးမှာ၊ နေရာတစ်ခုခုမှာ ဆရာကြီးဖြစ်ဖို့ဆိုတာ လွယ်တာမှမဟုတ်တာ"

"မသိဘူး ... မကြိုက်ဘူး"

"နင်က ငါ့ထက်စာရင် ဆရာကြီးပဲ မဟုတ်လားဟာ၊ ငါ မတက်ရတဲ့ နေ့တက္ကသိုလ်ကို တက်ခွင့်ရတယ်၊ အခု ရည်းစားတစ်ယောက်ပါရပြီ၊ မမိုက်ဘူးလား ပြော"

"တော်စမ်းပါ၊ ရည်းစားတစ်ယောက်ရတာများ စကားထဲ ထည့်ပြောလို့"

မရကာ အရေးမပါသည့်ဟန်ဖြင့် ဆံပင်ကို သပ်ကာ ပြောလိုက်လျှင် သူက မရကို ပြုံးကြည့်နေသည်။ အဲဒီအပြုံးကို မရက မသက်သာဖြင့် ...

"ဟဲ့ ... ဘာပြုံးတာလဲ" ဟု မေးလျှင် ...

"သြော် ... ရည်းစားတစ်ယောက် ရဖို့ဆိုတာ နင့်လိုချောတဲ့ လှတဲ့သူတစ်ယောက် အတွက်တော့ ဟုတ်တာပေါ့ဟာ ...

ငါတို့အတွက်ကျတော့လည်း တကယ် ခက်တယ် ဟ"





မရက သူ့စကားကြောင့် ပြုံးမဲ့မဲ့ဖြင့် စိုက်ကြည့်မိသည်။ သူ့ကိုယ်သူ နှိမ်ချတတ်သော ခိုင်မြသည် တိမ်လွှာလို ဝတ်စားပြင်ဆင်လိုက်ရင်တော့ ထွက်လာမည့်ရုပ်မျိုး ဖြစ်သည်။ အခုတော့ သူက ရိုးရိုးပဲနေတတ်သူဖြစ်သည်။ တီရှပ်နှင့် ဂျင်းဘောင်းဘီကို တစ်ခါတလေမှ တွဲဝတ်တတ်၍ များသောအားဖြင့် ရှပ်အင်္ကျီလက်တိုနှင့် ပုဆိုးကို တွဲဝတ်တတ်သောကောင်လေးသည် ကောင်မလေးတွေ သိပ်စိတ်ဝင်စားသော သူတစ်ယောက်ပဲ ဖြစ်ပါသည်။

သူ့မှာ တခြားကောင်လေးတွေလို အပြတ်အသတ် သ,ထားရသော ဆံပင်အထောင်များလည်းမရှိ၊ စိန်နားကပ်လည်း မရှိ။ ဟန်းဒ်ဖုန်းလည်းမရှိပါ။ Oakley, BSC, Guy Laroche, Lacoste, Polo, All Star စတာတွေကို သူ မသိ၊ ကြားလည်းမကြားဖူးချေ။ သူသိတာက ရွှေဥဒေါင်း၊ ဖေမြင့်၊ လူထုစိန်ဝင်း၊ မင်းလူ၊ မင်းသိခ်၊ မင်းမြတ်သူရ၊ နီကိုရဲ၊ တာရာမင်းဝေ၊ ဂျူး၊ အကြည်တော် စတာတွေပဲ ဖြစ်သည်။

မရက သူငယ်ချင်းဖြစ်သူကို ပင့်သက်ရှိုက်ကာကြည့်မိရင်း ...

"နင်က ကြိုက်နေတဲ့လူ ရှိလို့လား"

"မရှိပါဘူးဟာ၊ ရှိရင်တော့ ဘယ်နေလိမ့်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် မရက လှစ်ခနဲ ပြုံးမိသွားရသည်။ အဲဒီ ဘာစ်ခုတော့ သူ့ကိုယုံသည်။ သူသည် သူ ရှင်သန်ချင်သော သူ ပုံဖော်ထားသည့် ဘဝမှာ သူ နေချင်သော စတိုင်လ်နဲ့သာ နေထိုင်ခြင်းဖြစ်သည်။ သူချစ်သော မိန်းကလေးဟာ ဘယ်လိုအဆင့်အတန်းကမို့ မလိုက်ရဲဘူးဟူသော သတ္တိမျိုး သူ့မှာမရှိချေ။

"မင်းတိမ်လွှာက ဘယ်လိုနေလဲ"

မရရဲ့အမေးကို သူက ထူးဆန်းအံ့သြဟန် မပြဘဲ ချက်ချင်းဖြေပေးသည်။

"ငါက မလှမ်းမကမ်းပဲ မြင်ရတာဟ။ ဒီကောင်က လှတော့ လှတယ်"

"ဘာလှတာလဲ ... နင်ကလည်း"

"လှတာပေါ့။ ဒီကောင့်ကို ငါ ချီးကျူးပါတယ်၊ စိတ်ရှည်လက်ရှည် ပြင်ဆင်ထားရတာ၊ နင့်လူကို မေးခဲ့စမ်းပါဦး၊ ကျောင်းမလာခင် အလှအပ ကိစ္စအတွက် အချိန်ဘယ်လောက် ပေးခဲ့ရလဲလို့"

မရက ခိုင်မြဲ့စကားကို စိတ်မဆိုးနိုင်ဘဲ အသာရယ်မောမိသည်။ ခိုင်မြဲ ပြောရလောက်အောင်ပင် တိမ်လွှာသည် သူ့ကိုယ်သူ ဖက်ရှင်နေးဘယ်လ် ဖြစ်အောင် နေတတ်သောသူတစ်ယောက်ဖြစ်သည်။ ဒီကြားထဲ King ဟူသော ဂုဏ်ပုဒ်ကြောင့်





သူ့မှာ အဲဒါကိုလည်း King ပီသအောင် ထိန်းသိမ်းပြရသေးလေသည်။

"ငါ မေးတာဖြေပါဦး၊ သူက ဘယ်လိုနေသလဲလို့၊ နင်က လူကဲခတ် တော်တာပဲဟာ"

"ဟ ... နင်ကလည်း ငါက သူနဲ့ စကားပြောဖူးသေးတာလည်းမဟုတ်၊ မျက်နှာချင်းဆိုင်တောင် တွေ့ဖူးသေးတာလည်း မဟုတ်ဘဲနဲ့ ဘယ်လိုလုပ် မှတ်ချက်ချလို့ရမှာလဲ ...

ဒါတောင် အဝေးက လှမ်းကြည့်တာပါ။ တော်တော်တော့ အလှကြိုက်တဲ့ကောင်လို့ ခန့်မှန်းမိတယ်၊ လိုးရှင်းတွေ ဘာတွေများတောင် လိမ်းထားလား မသိပါဘူးဟာ"

"နင်နဲ့ တစ်နေ့လောက် ပေးတွေ့မယ်လေ"

"နေပါဟာ၊ ကိုယ့်ဟာကိုယ် အေးဆေးချစ်ကြစမ်းပါ"

"အောင်မာ ... နင့်စကားကြီးက ဘာစကားလဲ"

"ဟုတ်တယ်လေ၊ ဘာလုပ်မှာလဲ တွေ့ပြီးတော့၊ ရှက်စရာကြီး"

"သြော် ... နင်က ငါ့ရဲ့ အခင်ဆုံးသူငယ်ချင်းပဲဟာ၊ သူနဲ့ သိတော့ သိထားသင့်တာပေါ့"

"ငါနဲ့က နောက်မှသိလို့ရပါတယ်။ နင်သာ သူ့အကြောင်းကို သိအောင် အရင်လုပ်ပါ ခြူးမရနိုင်"



www.burmeseclassic.com

www.burmeseclassic.com



မရသည် သူ ကိုယ့်ကို အဲဒီလိုနာမည်အပြည့်အစုံ ခေါ်လျှင် လူက ဆတ်ခနဲ ဖြစ်သွားရသည်။ သူက အတည်အတံ့ စကားတွေ ပြောချင်လျှင် မရရဲ့နာမည်ကို အဲဒီလို အပြည့်အစုံ ခေါ်တတ်သည်။

"နှင်က ဘာကိုဆိုလိုတာလဲ"

"နှင် ရည်းစားဆိုတဲ့ အဓိပ္ပာယ်ကို သိလား မရ"

မရက မသိကြောင်းကို မျက်မှောင်ကြုတ်ကာ ပြန်ဖြေလိုက်သည်။

"အဲဒီတော့ နှင် အထူးအားဖြင့် ရည်ရွယ်ခဲ့တဲ့သူတစ်ယောက် အကြောင်းကို သိသင့်တယ်လို့ထင်လို့ ငါက ရိုးရိုးသတိပေး တာပါဟာ ...

နှင့်လူက ဖြောင့်တယ်မဟုတ်လား၊ ဖြောင့်တယ်ဆို တော့ မကွေးဘူးပေါ့ဟာ၊ မကွေးတော့ ကောက်နေတာပေါ့။ ကောက်နေတော့ မျက်စိတစ်ဆုံး မမြင်ရဘူးပေါ့၊ မမြင်ရ တော့ ကိုယ် မတွေ့လိုက်တဲ့ ထောင့်ချိုးတွေမှာ ကိုယ်မကြိုက် တာတွေ ပါချင်ပါလာနိုင်တာပေါ့၊ အဲဒါပါပဲ"

မရသည် ခိုင်မြဲရဲ့စကားအဆုံးတွင် ဘာမှမပြောနိုင် တော့ဘဲ အတွေးတစ်ခုထဲမှာ နစ်ဝင်သွားသည်။ တိမ်လွှာနှင့် မရ တို့ ရည်းစားတွေ ဖြစ်ကြသည်မှာ နှစ်ရက်သာရှိသေးသော်လည်း





သူ မရကို လိုက်ခဲ့တာတော့ ကျောင်းဖွင့်စတည်းက ဖြစ်သည်။ တွေ့ခဲ့ကြတာ ခုနစ်လ ရှစ်လလောက်တော့ ရှိမည်ထင်သည်။

အဲဒီအချိန်အတွင်းမှာ မရဟာ သူ့အကြောင်းကို ဘာတွေ သိခဲ့ပါသလဲ။ သူ့နာမည်က မင်းတိမ်လွှာ။ မရတို့ အစ်ဆစ်မေရှာရဲ့ကင်း။ သူ့မိဘတွေက ပိုက်ဆံရှိသည်။ သူက နုပ်ချောသည်။ အပြောအဆို အမူအရာတွေ လန်းသည်။ သူ့ကို ခမ်းကလေး တော်တော်များများက သဘောကျကြသည်။ အဲဒီထဲ ကမှ သူက မရကို သဘောကျသည်။

သူ မရ အနားသို့ရောက်လာလျှင် မရ ရင်ခုန်သည်။ သူနဲ့ စကားပြောရလျှင် ပျော်သလိုလို ရှိသည်။ နောက်တော့ရော အောက်ထပ် ခံစားချက်တွေတော့ မရ မစဉ်းစားတတ်တော့ချေ။ အဲဒီအခါကျမှပဲ မရသည် သူ့အကြောင်းကို ဘာမှ သိပ်သေချာ သိသေးဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သဘောပေါက်သွားမိလေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၃

မရသည် နာရီကို တစ်ချက်ကြည့်ကာ စိတ်တိုလာလေသည်။ ကြည့်စမ်းပါဦး။ ဒါဟာ ချစ်သူနဲ့ ပထမဆုံးချိန်းတွေ့တဲ့ ယောက်ျားတွေလုပ်မယ့် အလုပ်မျိုးလားဆိုတာ။ မရက နာရီဒိုင်ခွက်ကို ငုံ့ကြည့်ကာ စက္ကန့်တွေကိုတောင် ရေတွက်နေမိသည်။ စက္ကန့်တံလေးတွေက တထောက်ထောက်နှင့် ပြေးနေသလို မရရဲ့ ဒေါသတွေကလည်း တစ်စထက်တစ်စ ဒီဂရီတိုးမြင့်လို့လာသည်။

အဲဒီအချိန်မှာပဲ မရရဲ့ မျက်လုံးနှစ်ဖက်ဟာ အလင်းရောင် ပျောက်ကွယ်လို့သွားသည်။ တစ်စုံတစ်ယောက်က နောက်ကနေပြီး အသာလေးရောက်လာကာ မရရဲ့မျက်လုံးတွေကို မှိတ်လိုက်တာဖြစ်လေသည်။ မရသည် ဒါ ဘယ်သူ့လက်ချက် ဆိုတာကို သိသဖြင့် အဲဒီလက်ကို လက်သည်းတွေဖြင့် အားပါးတရ ဆိတ်ဆွဲပစ်လိုက်သည်။





"အား ... သေပါပြီကွာ၊ ကျွတ် ... ကျွတ် ... ဟာ ... မရ ... တကယ်ဆိတ်တယ်ကွာ၊ နာလိုက်တာ"

သူက မရရှေ့သို့ ခုန်ပေါက်ပြီးရောက်လာကာ သူ့လက်ခုံကိုပွတ်လျက် ရှုံ့ရှုံ့မဲ့မဲ့အော်လေသည်။ လိမ္မော်နှင့်အဖြူစပ်ကြား အော်လ်တာစပို့ရှပ်ကို ပြာလွင်သော ဂျင်းနံဘောင်းဘီတစ်ထည်နှင့် တွဲဖက်ဝတ်ဆင်ထားသော သူ့ပုံစံသည် ဟိုးအဝေးက လှမ်းမြင်တာနဲ့ကို ထင်းထွက်တောက်ပနေလေ့ရှိသည်။

ဒီကြားထဲ အပေါ်သို့ထောင်ကာ ဘေးသို့လန်နေသော ဆံပင်တို့ဟာလည်း Golden Brown Colour ဆိုးကာ ဟိုက်လိုက်ပါ ဆောက်ထားသဖြင့် ကြွကြွရွရွ မြောက်ကာနေသည်။ လူတစ်ကိုယ်လုံးထံကလည်း ဆွဲဆောင်မှုရှိသော အနံ့တစ်မျိုးက ဖြာထွက်နေသေးသည်။

အင်း ... ခိုင်မြဲပြောသလို အပြင်မထွက်ခင် အလှအပအတွက် ဘယ်လောက်များ အချိန်ပေးရမှာပါလိမ့်။

မရက နာရီပါသောလက်ကို တစ်ချက်မြှောက်ပြကာ မျက်နှာထားတင်းတင်းဖြင့် ...

"ရှင် ဆယ်မိနစ်တိတိ နောက်ကျတယ်"

"အာ ... ဆယ်မိနစ်။ ဆယ်မိနစ်လေးနဲ့များ ဆိတ်ဆွဲရတယ်လို့ကွာ။ ရက်စက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... စကားကို ဆင်ခြင်ပြောနော်။ ဆယ်မိနစ်နောက်ကျတာလေးများ ဟုတ်လား၊ ဒီမှာ မင်းတိမ်လွှာရဲ့ ဒီနေ့ဟာ ဘာနေ့လဲဆိုတာ ရှင် သိပါတယ်နော်"

"ဟာ ... သိတာပေါ့။ ဒီနေ့ဟာ စနေနေ့၊ ကိုယ်တို့ကျောင်းပိတ်တဲ့နေ့လေ"

"တောက် ... ရှင် ရူးချင်ယောင်ဆောင်မနေနဲ့ မင်းတိမ်လွှာ။ မရ အရမ်းစိတ်တိုလာပြီနော်။ အဲဒီလို ပေါ့ပျက်ပျက်လုပ်တာမျိုးကို မရ လုံးဝ မကြိုက်ဘူး"

မရရဲ့ ခပ်ဆတ်ဆတ်စကားကြောင့် သူ့မျက်နှာမှာ နည်းနည်းတော့ အချိုးပြေသွားသည်။ မရက သူ့ကို ခပ်တင်းတင်းကြည့်ကာ ...

"ရှင်နဲ့ မရတို့က ဒီနေ့မှ First date လေ တိမ်လွှာရဲ့။ အမှန်က ရှင်ကတောင် ကြိုပြီးရောက်နေရမှာ။ အခုတော့ ရှင်က ဆယ်မိနစ်တောင် နောက်ကျတယ် ဆိုတော့ ဒါကောင်းသလား ...

ဒါ ရှင် မရကို အလေးမထားတာပဲပေါ့။ အဲဒီလိုလူကို မရက ခွင့်လွှတ်ရမှာလား"

"ခွင့်လွှတ်ပါကွာ၊ ကိုယ် စောစောလာပါတယ်။ ဒါပေမဲ့ လမ်းမှာ ပွိုင့်တွေ ခဏခဏမိတာနဲ့ နောက်ကျသွားရတာပါ ...





မရကလည်း ကိုယ့်ချစ်သူ အသစ်ကျပ်ချွတ်လေးကားမောင်းလာတာ အန္တရာယ်ကင်းဘေးရှင်းပါစေကြောင်း ဆုတောင်းပေးနေမယ်တော့ မရှိဘူး ...

ကိုယ့်ကို ထိုင်ပြီး မေတ္တာပို့နေတယ်ပေါ့လေ ဟုတ်လား"

"ပို့မှာပေါ့၊ ရှင်က ကားကို အခုမှ တက်မောင်းဖူးတဲ့လူလား၊ အပြင်ထွက်ရင် မီးပွိုင့်မိတတ်တာ ရှင် နားမလည်ဘူးလား။ ကိုယ်က ကိုးနာရီချိန်းထားရင်တောင်မှ ရှစ်နာရီခွဲလောက်က အိမ်က ကြိုထွက်ရတာပဲမဟုတ်လား ...

အလေးထားတဲ့လူတိုင်း ဒီလို ဘယ်တော့မှမဖြစ်ဘူး၊ ဒါ အလေးမထားလို့၊ ဂရုမစိုက်လို့ ... ဟင်း"

မရရဲ့ ချက်ကျလက်ကျ တတွတ်တွတ် အပြောကို ...ာ ရှုံ့မဲ့ကာ ခေါင်းတွေယမ်းနေလေသည်။ မရကလည်း ဟန် ...ောင်တတ်သူပီပီ ဘာမဆို ရင်ထဲမှာ မျိုသိပ်မထားတတ်ချေ။ ...ထဲရှိတာကို ပြောချင်ရာ ပြောချလိုက်ရမှ ကျေနပ်သူဖြစ်သည်။ ...ယ်ပြောလိုက်လို့ သူများ ခံစားသွားရမှာတွေ ဘာတွေ သိပ် ...ည့်ခဉ်းစားမနေချေ။ စိတ်ထဲရှိလျှင် မြိုမထားတတ်သူမှာ မရပဲ ...တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တောင်းပန်ပါတယ် မရရာ။ နောက်ဆို ဒီလိုမျိုး မဖြစ်စေရပါဘူး၊ အခုဟာကလည်း မရကို အလေးမထား ဂရုမစိုက်တာ မဟုတ်ပါဘူးကွာ ...

ပြီးတော့ ဟို နာရီဝက် တစ်နာရီနောက်ကျတာမျိုး လည်း မဟုတ်ပါဘူး။ ဆယ်မိနစ်လောက်လေးကတော့ ကိုယ့်ကို အဲဒီလောက် ဒေါသမကြွေးသင့်ဘူး ...

နော် ... မရ။ စိတ်မကောက်နဲ့တော့ကွာ။ ပထမဆုံး စတွေ့တဲ့နေ့လေးဆိုတော့ စိတ်ကို ကြည်ကြည်လင်လင်နဲ့ ပျော်ပျော်ရွှင်ရွှင်ထားကြေး ... ဟုတ်ပြီလား"

သူက မရရဲ့ ရှေ့တည့်တည့်မှ ကိုယ်ကို ငုံ့ကိုင်းကာ တတွတ်တွတ် ချော့နေလျှင် မရသည်လည်း ဆက်ပြီး ငြိုးသနာမနေ ချင်တော့ပါ။ သူပြောသလို ပထမဆုံးစတွေ့သည့်နေ့မှာ စိတ် အနှောင့်အယှက် မဖြစ်ချင်တော့သဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ ကာ မျက်စောင်းတစ်ချက်ပစ်ထိုးရင်း ပါးစပ်ပိတ်လိုက်ရသည်။

ဒီတော့မှ သူက ဟဲခနဲ တစ်ချက်ရယ်ကာ မရရဲ့ဘေး နားမှာ ဖွေ့ခနဲဝင်ထိုင်လေသည်။ တစ်ကိုယ်လုံးကိုပစ်ပြီး ထိုင်ချ လိုက်တာကြောင့် သူ့ခန္ဓာကိုယ်က မရရဲ့ဘက်သို့ နည်းနည်းလာထိ မိသွားသည်။ သူနဲ့ မရသည် ဒီနေ့မှ ရည်းစားတွေအဖြစ် ပီပီပြင် ပြင် စချိန်းတွေ့ကြခြင်း ဖြစ်လေရာ တစ်ယောက်နဲ့တစ်ယောက်





ဘယ်လိုပြောဆို ဆက်ဆံရမယ်ဆိုတာကို မသိဘဲ အခုမှပဲ ရင်တွေ တဒိုင်းဒိုင်း ခုန်လာရလေသည်။ အခုနကတော့ စိတ်တိုတာနဲ့ ဒေါသထွက်တာနဲ့ပေါင်းကာ ခံစားချက်က ဘယ်လိုလာတယ်ဆို တာ ကိုယ့်ကိုယ်ကိုယ်မသိ။

အဲဒါမှ ပြဿနာပဲ။ ပထမဦးဆုံးအကြိမ် ရည်းစား ထားဖူးပြီး ပထမဆုံးအကြိမ် စချိန်းတွေ့သော မိန်းကလေးတစ် ယောက်ဟာ ချစ်သူကို ဘယ်လောက်အတိုင်းအတာအထိ အလေး အနက်ထား ဆက်ဆံရမယ်ဆိုတာ မရ မသိချေ။ ပြောရလျှင် မရ မှာ ယောကျ်ားလေးနဲ့ ပတ်သက်ပြီး အတွေ့အကြုံမရှိ။ မရရဲ့ သူငယ်ချင်းတွေကလည်း တစ်ယောက်မှ မစုံကြသေးဘဲ အုပ်စု ထဲမှာ မရက ရှေးဦးဖောက်သူဖြစ်လေရာ မရကို တိုင်တိုင်ပင်ပင် နှင့် ပြောဆိုပြသလိုက်မည့် သူငယ်ချင်းက မရှိချေ။

သူက မရဘက်သို့ တင်ပါးကို မရွှေ့ဘဲ ခန္ဓာကိုယ် အပေါ်ပိုင်းပဲ နည်းနည်းယိမ်းကာ ...

"မရ ဒီနေ့ ဘယ်သွားချင်သေးလဲဟင်"

"အင်း ... ခုလောလောဆယ်တော့ မရှိသေးပါဘူး"

မရက စကားကို နှိုင်းနှိုင်းချိန်ချိန် သုခမိန်လုပ်ကာ ပြန်ဖြေလိုက်ရသည်။ သူက ခေါင်းတစ်ချက်ဆတ်ကာ လက်ဖဝါး ကို အချင်းချင်းပွတ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒီနေရာလေးကတော့ အေးချမ်းတာပေါ့နော်"

မရက သူ့စကားကို ထောက်ခံမဲ မပေးမိချေ။ မရသည် ကန်တော်ကြီးရေပြင်ထဲက ကြာရွက်တွေကို အဓိပ္ပာယ်မဲ့ လှမ်းငေးနေမိသည်။ သူနဲ့ မရတို့ ထိုင်နေကြသည်မှာ ကန်တော်ကြီးထဲက ရေစပ်နားရှိ ကျောက်သားခုံလေးမှာဖြစ်သည်။ မရတို့အပေါ်က သစ်ပင်ကြီးတစ်ပင်က အုပ်မိုးပေးထားပြီး အရိပ်အာဝါသကောင်းကောင်းရကာ ကျေးငှက်သံသဲ့သဲ့နှင့် အဝေးရှိ စားသောက်ဆိုင်တချို့မှ လွင့်လာသော သီချင်းသံများမှအပ အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် ရှိလို့နေသည်။

အဲဒီ အေးချမ်းတိတ်ဆိတ်မှုဟာ လူကို ဘာကြောင့်ချောက်ချားစေတာပါလိမ့်။ တစ်ခါတလေမှာ တိတ်ဆိတ်မှုဟာ စူးစူးဝါးဝါး ကြောက်မက်ဖွယ်အသံတွေထက်တောင် ချောက်ချားစရာ ကောင်းသလားလို့ပဲ။ ဒါကြောင့် သူ့ရဲ့စကားတွေမှာ တိတ်ဆိတ်မှုကို ဦးစားပေးပြီး ...

"မရ"

"အမယ်လေး"

သူက ဆတ်ခနဲခေါ်လိုက်တာနှင့် မရက လန့်ဖျပ်သွားသဖြင့် မရကို အံ့ဩတကြီးကြည့်ကာ ...





"ဘာတွေများတွေးနေလို့ လန့်သွားရတာလဲ မရ့ရယ်"

"ဩော် ... ဟိုဟာလေ သရဲကား"

"ဘာသရဲကားလဲ၊ ခုန ကြည့်ခဲ့ရတဲ့ သရဲကားအကြောင်းလား"

"အင်း အင်း ... ဟုတ်တယ်၊ ကြောက်စရာအရမ်းကောင်းလို့ ... ဟင်း ... ဟင်း"

မရက စကားရောဖောရော လုပ်ကာ တဟဲဟဲနဲ့ ရောချလိုက်ရသည်။ မဟုတ်ရင် ရှင်နဲ့ ကျွန်မ နှစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်မို့ ကြောက်လို့ပါဆိုရင် ဘာဖြစ်မလဲ။

ခက်တော့လည်း ခက်သည်။ သူ့ဘက်ကတော့ ဘယ်လိုနေမယ်မှန်း မသိပေမယ့် မရဘက်ကတော့ ရည်းစားနဲ့ ပထမဆုံးအကြိမ် ချိန်းတွေ့ရသည့်အလုပ်မှာ တော်တော်အနေရအထိုင်ရခက်သည်ဟု ထင်သည်။ တခြားမိန်းကလေးတွေရော ဒီလိုပဲလားတော့ မသိချေ။ သူနဲ့ မရသည် အခုနကတော့ ပုံမှန်စိတ်တွေဖြင့် သွေးပူနေကြသလောက် ခုချိန်မှာတော့ ရည်းစား ဆိုသည့် အသိစိတ်ဝင်သွားသဖြင့် ပြောစရာစကားက ခေါင်းစဉ်ပျောက်လျက် ရှိနေပြန်သည်။

"မရ ကြည့်ရတဲ့ သရဲကားက ဘာကားလဲဟင်"

"ဩော် ... ဟိုဒင်း ... The Eye တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အော် ... ဂျက်ဆီကာအယ်လ်ဘာ ပါတဲ့ TheEye လား၊ ဟုတ်တယ်၊ အဲဒီကားက တော်တော်ကောင်းတယ်နော် ...

ဒါနဲ့ မရက ဘာတွေ ဝါသနာပါလဲဟင်၊ ကိုယ့်ကို ပြောပြထားပါဦး"

အင်း ... ရည်းစားနဲ့ချိန်းတွေ့တဲ့ ပထမဆုံး Date က တစ်ယောက်နဲ့တစ်ယောက် ဒီလို အင်တာဗျူးဝင်ကြတာနဲ့တူတယ်။ သူ ဘာကြိုက်လဲ၊ ကိုယ် ဘာကြိုက်လဲ ဖလှယ်ကြတော့ နည်းနည်းတော့ အကြောက်ပြေသည်ဟု ထင်သည်။

"မရလား စာအုပ်ဖတ်တယ်၊ မဂ္ဂဇင်းတွေ ဘာတွေပေါ့။ ဖက်ရှင်အကြောင်းများများပါတဲ့ မဂ္ဂဇင်းဆို ပိုကြိုက်တယ်၊ နောက် အချစ်ဝတ္ထုတွေဖတ်တယ်၊ ဗီစီဒီတို့ ဗီဒီယိုကားတွေကြည့်တယ် ...

နောက် ချဉ်ချဉ်ငန်ငန်စပ်စပ်တွေ အရမ်းကြိုက်တယ်။ အဲဒါ မရရဲ့ ဝါသနာတွေပဲ"

"ဟုတ်လား မဆိုးပါဘူး၊ ကိုယ်နဲ့ တော်တော်တူပါတယ်"

အဲဒီနောက် မရတို့ကြားတွင် ပြောစရာစကား မရှိသလို တိတ်ငြိမ်လို့ သွားပြန်သည်။ အခုချိန်ထိ သူနဲ့ မရ ကြားတွင် ချစ်သူရည်းစား စကားမျိုး တစ်ခွန်းမှ မပြောဖြစ်ကြသေး။ သူကလည်း မပြော။ မရ တစ်ယောက် ဗီဒီယိုတွေ၊ ဝတ္ထုတွေထဲမှာ





တွေ့ဖူးသည့် သမီးရည်းစားတွေကတော့ ကဗျာဆန်ဆန် စကားလုံးတွေ၊ ကြင်ကြင်နာနာ အကြည့်တွေဖြင့် ပြောဆိုဆက်ဆံကြသည်ဘဲ။ အခုတော့ ဒါမျိုးမဟုတ်ဘဲ သူနဲ့ မရ ကြားတွင် ဘာစကားမှ ပြောစရာမရှိသလို ဖြစ်နေသည်။

သူကပဲ အတွေ့အကြုံ မရှိသော ယောကျ်ားလေးမို့လို့လား။ သူသာ အတွေ့အကြုံရှိသော ယောကျ်ားလေး ဆိုရင်တော့ ဒီလိုကြီး ချိန်းထားတာနောက်ကျ၊ စကားပြောတာ တောင်ရောက်မြောက်ရောက် ရောက်မနေနိုင်ဘူး ထင်သည်။ သူ့မှာ မရထက် အရင် ရည်းစားတစ်ယောက်ယောက်များ ရှိမနေနိုင်ဘူးလား။ ဟုတ်ပြီ အဲဒါဆိုရင်တော့ ပြောစရာခေါင်းစဉ်တစ်ခုတော့ ရသွားပြီ။

မရက အဲဒီမေးခွန်းကို မေးဖို့အတွက် သူ့ဘက်ခေါင်း ...လှည့်သည်၊ သူကလည်း မရကို တစ်ခုခုပြောဖို့ရာ လှည့်အလာ ...င်းနှစ်ခုက ဆုံမှတ်တစ်ခုမှာ ဖျတ်ခနဲ သွားဆုံသွားကြသည်။ ...မ်းတွေက ကိုယ်စီ ကိုယ်စီ တစ်ခုခုပြောဖို့ရာ ပွင့်ပြီးမှ မပြော ...ကြတော့ချေ။

"မရ ဘာပြောမလို့လဲ ပြောလေ"

"ဟင့်အင်း ... တိမ်လွှာ အရင်ပြော"

"အော် ... ရပါတယ်၊ မရ ပြောပါ၊ Lady first ပေါ့။ ကိုယ်ပြောမှာက အရေးမကြီးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ မရ ပြောမှာကတော့ အရေးကြီးတယ်"

မရက သူ့မျက်နှာကို စေ့စေ့ပြူးကြည့်ကာ မေးလိုက်လျှင် သူက အနည်းငယ် လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ဟုတ်တယ် ဒီအတိုင်းကြီး အေးစက်နေတာ ပျင်းဖို့ကောင်းတယ်။ လူကအေ သော်လည်း ပညာကမနေသောအခါ မရမှာလည်း အဲဒီစိတ်က တွေ ထွက်လာရတာဖြစ်သည်။

"ရှင့်မှာ အရင်တုန်းက ရည်းစားရှိခဲ့ဖူးလား တိမ်လွှာ"

"ဟာ ... မရှိခဲ့ဖူးပါဘူး၊ မရကလည်း"

သူက မရရဲ့မျက်နှာကို တည့်တည့်မကြည့်ဘဲ ခေါ စောင်းစောင်းလုပ်ကာ ရှောင်လွှဲလွှဲဖြေသွားသည်။ အဲဒီလို ရင်မဆိုင် နိုင်တာကိုက သူ မရိုးသားဘူးဆိုတာ မရက ကောက်ချက်ဆွဲ ရလေသည်။

"ရှင် မရကို မလိမ်နဲ့နော်"

"အာ ... မလိမ်ပါဘူး မရရာ။ ဘာဖြစ်လို့ အဲဒါတွေ မေးနေရတာလဲ၊ ဒီအချိန်မှာ ဒါတွေ မမေးစမ်းပါနဲ့ကွာ"

"သြော် ... ဒီအချိန်မမေးလို့ ဘယ်အချိန်မေးရမှာလဲ။ ဘ ဆယ့်နှစ်နာရီမှ ဖုန်းဆက်ပြီးမေးရမှာလား။ ကဲပါ ဖြေ ပါ ဘာဖြစ်လဲ၊ ထားခဲ့ရင်ထားခဲ့တယ်၊ ရှိခဲ့ရင် ရှိခဲ့တယ်ပေါ့ မရက ရှင့်ကို ပြဿနာရှာမလို့ မေးနေတာမဟုတ်ပါဘူး"





"ဟုတ်ဟုတ် မဟုတ်ဟုတ်ပါ မရရယ်။ ကိုယ်နဲ့ မရရဲ့ First date မှာ အရင်ရည်းစားအကြောင်း ပြန်ပြောနေစရာ လား"

"ဟင် ... ကြည့်စမ်း၊ စကားထဲမှာတောင် အဖြေကပါသွား ပြီ။ ပြော ... ပြော ... ဘယ်သူလဲ၊ အရင်ရည်းစားက ဘယ်သူလဲ၊ ဘာဖြစ်လို့ ပြတ်သွားရတာလဲ"

သူက ရှုံ့ရှုံ့မဲ့မဲ့ဖြင့် သူ့ဆံပင်သူ ကုတ်ဖွသည်။ အခုနကလို ချောက်ချားဖွယ်ရာ အခြေအနေတစ်ခုက လွတ်မြောက် သွားကာ သူ့အရင်အတိတ်ကိုပဲ အသည်းအသန် သိချင်လို့လာ လေသည်။

"ပြော ... ပြောစမ်းပါ၊ ရှင် အရင်က ရည်းစားဘယ်နှ ယောက်ထားခဲ့လဲ၊ ဟင်း ... ဒါနဲ့များ သူ့ကိုယ်သူ အတွေ့ အကြုံမရှိတဲ့စတိုင်လ် ဖမ်းထားသေးတယ်"

"ဟား ... စွပ်စွဲတယ်ကွာ၊ အတွေ့အကြုံမရှိတဲ့စတိုင်လ် ဆိုတာ ဘာကိုပြောတာလဲ၊ မရလို စတိုင်လ်မျိုးကိုပြော တာလား"

"အံမယ် ... အံမယ် ... ကြည့်စမ်း ပြန်ခွပ်တယ်တော့။ ရှင် တော်တော်မကောင်းတဲ့လူပါလား တိမ်လွှာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မရ ကျတော့ရော၊ မရက နည်းနည်းလေးမှ စာနာစိတ်မရှိဘူးလေ၊ ဒီနေ့မှ ကိုယ်တို့ ပထမဆုံး အေးအေးလူလူလေး တွေ့ကြရတာ၊ ဘာလို့ ဒါမျိုးတွေ မေးရတာလဲ၊ ဒါက ကိုယ့်ကို အဖြေမပေးခင်တည်းက မရ ဘာသာ မရ စုံစမ်းထားရမယ့် ကိစ္စတွေလေ"

မရသည် သူ့အပြောကြောင့် မျက်လုံးပြူး ပါးဖောင်းအောင် ဒေါသထွက်သွားကာ ထိုင်နေရာမှ ဆတ်ခနဲ မတ်တတ်ထရပ်မိသည်။ သူက ခြေနှစ်ဖက်ကို ဖြကားထိုင်ကာ လက်ယှက်ထားရင်း စိတ်တို စိတ်ရှုပ်သည့်ပုံစံဖြင့် မျက်ခုံးကို တွန့်ချိုးလို့ထားလေသည်။

"အဲဒီတော့ ဘာလဲ၊ ကျုပ်က အခု ပြန်စုံစမ်းရမယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

ဒေါသစိတ်ကြောင့် မရရဲ့အသံက နည်းနည်းကျယ်သွားသည်။ သူက မရရဲ့အသံကျယ်ကြောင့် စိတ်ပျက်သလို ကျွတ်ခနဲ စုတ်သပ်ကာ ...

"မရ ... စိတ်ကို အေးဆေးထားစမ်းပါကွာ၊ မရက စိတ်ခံစားမှုကို အရမ်းဦးစားပေးတာပဲ၊ အိတ်ဖိုက်တင်း သိပ်ဖြစ်တယ် ...





ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ပြဿနာဖြစ်ရတာ တကယ်ပဲ မကောင်းဘူး"

"ဩော် ... ဘယ်သူကတော့ ပြဿနာဖြစ်ချင်မှာလဲ၊ ရှင်က မရ မေးတာကိုမှ ကောင်းကောင်းမွန်မွန်မဖြေတာ"

"ဖြေစရာလားကွာ၊ အဲဒါတွေကို မရ ဘာလုပ်မှာလဲ။ သူတို့နဲ့ပြတ်လို့ ကိစ္စဝေးလို့ မရနဲ့ ဖြစ်နေတာလေ၊ သူတို့ကို ဘာမှ အုံးစားစရာ အကြောင်းမရှိဘူး ...

ဒါကို မရက အရေးမပါတဲ့ကိစ္စတွေကို စကားထဲသွင်းပြီး ကိုယ့်ကို ဖွဲ့တာကိုး။ ကိုယ်က မရကို တကယ်ရင်ခုန်တာလေ၊ တကယ်ရင်ခုန်လို့ ကိုယ် စကားလုံးရွေးမရဘူး ...

မရပဲ စဉ်းစားကြည့်စမ်းပါဦး၊ မရကို အဲဒီလိုမေးရင် မရ ကြိုက်မှာလား"

မရသည် သူ့ကို နိုင်ချင်စောဖြင့် မျက်စောင်းတစ်ချက်ထိုးကာ ...

"ကြိုက်တယ် ... ကြိုက်တယ်၊ မရတို့က ဘာရည်းစားမှ မရှိခဲ့ဘူး။ ရှေ့ကြောင်းနောက်ကြောင်း အကုန်ရှင်းတယ်"

"ရှိခဲ့လည်း ကိုယ်က အုံးမစားဘူး မရ။ မရနဲ့ ကိုယ်နဲ့ မတွေ့ခင်ကကိစ္စတွေဟာ ပြဿနာပြန်လုပ်နေစရာကိစ္စမျိုးမှ မဟုတ်တာ ...



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့အတိတ်မှာ အနည်းဆုံး ချစ်သူ တစ်ယောက်လောက်တော့ ရှိခဲ့ကြဖူးမှာပဲ မရ။ တချို့ဆို တစ်ယောက်ကို မကဘူး ...

ကိုယ်နဲ့မတွေ့ခင်က ဖြစ်ခဲ့တဲ့ကိစ္စတွေကတော့ ဘာမှ မတတ်နိုင်တဲ့ ကိစ္စတွေပဲလေ။ ခံစားနေရင် ကိုယ်ပဲ အရှုံး ဖြစ်သွားမှာပေါ့"

မရက အပီအပြင် ဆရာကြီးလုပ်နေသော သူ့ကို မဲ့ရွဲ့ကာ ကြည့်နေမိသည်။ ကြည့်စမ်း ... ယောက်ျားတွေများ သိပ်မှန်းဖို့ကောင်းတာပဲ။ အမျိုးအစားမကောင်းတဲ့ဟာတွေ။ အေး ပေါ့ ... သူတို့ကတော့ ရှေ့ကြောင်းတွေ နောက်ကြောင်းတွေ ဘယ်စိတ်ဝင်စားပါ့မလဲ။ သင်းတို့ယောက်ျားတွေက လူပျိုဖော်ဝင် ပြီဆိုတာနဲ့ ရည်းစားက ထားပစ်ပြီးကြပြီကိုး။ ချစ်တာ မချစ်တာ နောင်းမှလည်း၊ အရွယ်ရောက်လာလျှင် ရည်းစားရှိရေးကသာ သူ တို့အတွက် အရေးကြီးနေသည်။ မရက လက်ကိုပိုက်ကာ ရှုတည် တည်ကြည့်လျက် ...

"ကဲ ... ပြောစမ်းပါ၊ ရှင် ရည်းစားဘယ်နှယောက်ထားခဲ့ လဲ"

သူက စိတ်ပျက်သလိုဟန်ဖြင့် ကျစ်ခနဲစုတ်သပ် ကာ ...





"အဲဒါက မရ အတွက် အရေးကြီးနေလို့လား"

"အရေးမကြီးဘူး၊ ဒါပေမဲ့ သိရမှဖြစ်မယ်"

သူက ကောင်းပြီလေဟူသော သဘောမျိုးဖြင့် ပခုံး တစ်ချက်တွန့်ကာ မရကို စိန်ခေါ်သလို မျက်လုံးမျိုးဖြင့် စိုက်ကြည့် လိုက်။ သူ့လက်တစ်ဖက်က ရှေ့သို့ ဆန့်ထွက်လာကာ လက် ချောင်းငါးချောင်းကို မြင်သာအောင် ကျဲပြလိုက်သေးသည်။ ပြီးတော့ အသေချာမှာစိုးသည့်အလား ...

"ငါးယောက်"

မရသည် မေးကြောတစ်ချက်တင်းသွားကာ မျက်နှာ ကြီး အထက်သို့ ပင့်တင်လိုက်မိသည်။ သူ့ကို စိုက်ကြည့်မိလျှင် သူကလည်း မရကို ဘယ့်နှယ်လဲဟူသော သဘောမျိုးဖြင့် ...

"ပြဿနာမရှိဘူးနော် မရ၊ အေးဆေးပဲ မဟုတ်လား"

အခုချိန်မှာ သူ့ရဲ့ Old flame (ရည်းစားဟောင်း) တစ်ယောက်ကို ပြဿနာမရှိ အုံးမစားသော်ငြား သူ့ရဲ့ ခပ်ရွှဲ့ရွှဲ့ ဆောင်းစောင်း ရုပ်သွင်ကိုတော့ မရက ဘယ်လိုမှ မခံစားနိုင်ချေ။ မရသည် ဘာကို ဒေါသထွက်မှန်းမသိ ထွက်လာကာ ရင်ထဲမှာ [illegible]ဖြင့် မခံစားနိုင်အောင် ရှိလာသည်။

ကြည့်စမ်းပါဦး။ ဘယ်လောက်ဆိုးရွားတဲ့ကိစ္စမျိုးပါ လိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ချစ်သူဖြစ်ပြီး ပထမဆုံးချိန်းတွေ့သောနေ့မှာမှ သူ့မှာ အရင်က ရည်းစားငါးယောက်ရှိခဲ့သည်ဆိုသော အဖြစ်ဟာ မရအဖို့တော့ တော်တော်အောက်သည်ဟုထင်သည်။ မရသည် နားထဲတွင် ခိုင်မြဲပြောခဲ့သော သူနဲ့ပတ်သက်သည့် စကားတစ်ခွန်းကို ကြားယောင်လာသည်။

*[ငါနဲ့က နောက်မှသိလို့ ရပါတယ်၊ နင်သာ သူ့အကြောင်းကို သိအောင် အရင်လုပ်ပါ ခြူးမရနိုင်]*

မရသည် သူ့မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။ အဖွဲ့အပိန့် ဝတ်ခြုံ တင်းတိမ် မဲ့ခြောက် ဘာတစ်ခုမှ မရှိသော မျက်နှာတစ်ခုသည် ကုတ်ဖဲ့စစ်ချွင်စရာ ကောင်းအောင်ပင် မရကို ပြုံးကြည့်နေသည်။

နေနှင့်ဦးပေါ့ဟာ ဟူသော အသံကျယ်ကြီးသည် မရရဲ့ ရင်ထဲမှာသာ အထပ်ထပ် မြည်ဟည်းပဲ့တင်လို့ သွားသည်။

အပြင်ဘက်မှာတော့ မရသည် သူ့ကို ပြုံးပြလိုက်ရပါသည်။ ထိုအပြုံးမျိုးဟာ မရှိသွားဖြသည့် စာရင်းထဲမှာ ဝင်နေမလားဆိုတာကို အိမ်ရောက်လျှင် မှန်ရှေ့မှာ တစ်ခါထပ်ပြုံးကြည့်ရဦးမည်။





## ၄

"ဟား ဟား ဟား … ဖြစ်မှဖြစ်ရလေ မရရယ်။ နင်ကတော့ စံပါပဲ"

ခိုင်မြဲက အပင်တစ်ပင်ကို ကိုင်းကူးနေရင်းမှ မရပြောသော အဖြစ်အပျက်တို့ကို နားထောင်ကာ နှစ်နှစ်ခြိုက်ခြိုက်ကို ရယ်လေသည်။ မရသည် ခံစားချက်တို့ကို မျိုချမထားနိုင်သော ထုံးစံအတိုင်း ညနေဘက်မှာပဲ ခိုင်မြဲ ထံသို့ သွားကာ ဖြစ်ကြောင်းကုန်စင်ကို နတ်သံနှောတော့တာဖြစ်သည်။ ခိုင်မြဲက အဖြစ်အပျက်တို့ကို ပြောပြနေချိန်မှာ တစ်ခွန်းမှ ဝင်မမေး။ ခိုင်မြဲရဲ့ အကျင့်ကောင်းတို့ထဲမှာ အဲဒါလည်း ပါဝင်သည်။

သူများစကားပြောနေလျှင် ဖြတ်မမေးတတ်။ ဝင်မပြောတတ်၊ ပြီးတော့မှသာ သူ့ထင်မြင်ချက်ကို ခပ်အေးအေး ပြောပြတတ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစပ်ပါပဲလဲ၊ နင်ပြောတဲ့အတိုင်းဆို ငါက လွန်တယ်ပေါ့ ဟုတ်လား"

"လွန်တယ်လို့တော့ မပြောပါဘူး။ ဒါပေမဲ့ နင့်ဟာက ပထမဆုံးတွေ့တဲ့နေ့မှာမှ ဒါမျိုးတွေ သွားမေးတာကိုး"

"ဩော် ... ငါလည်း ငါ့စိတ်ထဲ သိချင်လာတဲ့ဟာကို မေးတာပဲဟာ။ သူကလည်း စကားမှ မပြောတာ၊ အဲဒီလို တိတ်တိတ်ကြီး ငါလည်း မနေချင်တော့တာနဲ့ ..."

"မရ ... မရ ... နင် တကယ်ခက်သေးတယ်"

သူက မရကို တရားကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောသည်။ မရက ခေါင်းကိုကုတ်ကာ ...

"ဒါဆို လွယ်အောင် ဘယ်လိုလုပ်ရမလဲ၊ ပြော"

"အရိုးဆုံးနည်းဟာ အလွယ်ဆုံးနည်းပဲပေါ့ဟာ"

"ဘယ်လို ! "

သူက ခက်ရင်းဖြင့် မြေတွေကို ဆွနေရာမှ မရကို လည်ပင်းလိမ်ပြီး လှည့်ကြည့်ကာ ...

"ဟုတ်တယ်လေ၊ ပြဿနာမဖြစ်ချင်ရင် ချစ်ချစ်ခင်ခင် နေပေါ့"

"ထွတ် ... ဒါတော့ နင်ပြောမှလား၊ ဟင်း ... ပုံစံကိုက နင့်ကို ငါ ခေါ်ပြချင်တယ်၊ ရည်းစားများ ငါးယောက်တောင် ပြတ်ဖူးသတဲ့ ...





လွန်လွန်ကျူးကျူးတော်။ ဒါဆို ငါက ခြောက်ယောက်မြောက်ကြီးပေါ့"

"ရည်းစားအနေနဲ့ ဆိုရင်တော့ ခြောက်ယောက်မြောက်ပေါ့၊ ဒါပေမဲ့ အချစ်ဦးလည်း ဖြစ်ချင်ဖြစ်နေနိုင်တာပဲလေ"

"ဟွန်း ... မထင်လိုက်တာဟာ၊ ဘာလဲ ... ငါက ဘယ်သူ့ကို အချစ်ဦးလဲဆိုတာပါ ထပ်မေးနေရဦးမှာလား"

ဒီတစ်ခါတော့ နိုင်မြဲက လက်ထဲမှ ခက်ရင်းကို ပစ်ချထားခဲ့ပြီးနောက် ဘုံဘိုင်ခေါင်းမှာ လက်သွားဆေးကာ ပြန်ရောက်လာသည်။

"မေးနေစရာ မလိုပါဘူးဟာ၊ ဒါမျိုးဆိုတာ အချိန်တန်ရင် သိလာတဲ့ ကိစ္စမျိုးပါ၊ နောက်ဆိုရင် နင် ဒီလို မဟုတ်မဟုတ်တွေ လျှောက်,လျှောက်မလုပ်နဲ့တော့ပေါ့ ...

ဒါမျိုးကိစ္စဆိုတာ မေးစရာမဟုတ်မှန်း နင် စဉ်းစားသင့်တာပေါ့"

"အောင်မယ် ... နင်က ယောက်ဖဘက်က လိုက်နေတာပေါ့လေ ... ဟုတ်လား"

မရက နာအောင်ပြောသော်လည်း နိုင်မြဲက နာဟန်မပြပါ။

ခပ်ပြုံးပြုံးနှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုသာဆိုရင်တော့ တစ်လောကလုံးက လူပျိုယောကျ်ား လေးတွေအားလုံး ငါ့ယောက်ဖတွေ ဖြစ်ကုန်မှာပဲ။ ငါလည်း ယောကျ်ားလေးတစ်ယောက်ပဲလေ၊ ငါ့အမြင်က ဒီလိုပဲ ရှိမှာပေါ့ ...

နင့်ကို မမေးရဘူးလို့ မပြောပါဘူး။ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါကို သိရမယ်လေ။ နောက်ကျမှ မေးတာက တစ်မျိုးပေါ့ မရရာ ...

အခုတော့ နင်လုပ်ပုံက ပထမဆုံး စရှိန်းတွေ့တဲ့ နေ့မှာတင် ပြတ်စရာကောင်းတဲ့ အခြေအနေ ဖြစ်နေပြီ"

"ရည်းစားထားရတာ အဲဒီလောက်တောင် ခက်လားဟင်"

မရရဲ့ ညည်းညည်းညူညူ အပြောကို ခိုင်မြဲက တနာ့ွာ ပြုံးကြည့်ကာ ...

"မခက်ပါဘူးဟာ၊ ရည်းစားထားရတာ လွယ်လွယ်လေးပါ"

"အောင်မယ် ... သူက ထားဖူးတာဆိုတော့"

"မထားဖူးတာ မထားချင်လို့လေ။ ငါ တကယ်ချစ်တဲ့သူ တွေ့လာရင်တော့ ထားဖြစ်မှာပေါ့ ...

ဒါပေမဲ့ တချို့အသိတရားတွေဆိုတာ လက်တွေ့ ကြုံဖူးမှ သိနိုင်တာမှ မဟုတ်တာ။ နင် ရည်းစားထားတာ လွယ်လား ခက်လားတွေ စဉ်းစားမနေနဲ့၊ ရည်းစားထား





တာ လွယ်လွန်းလို့ပဲ နင့်ရည်းစား မင်းတိမ်လွှာ ရည်းစား ငါးယောက်တောင် ရှိခဲ့တာ မဟုတ်လား"

မရက လာနှိပ်ကွပ်နေပြန်ပြီ ဟူသော အကြည့်မျိုး ဖြင့် ခိုင်မြဲကို မျက်လုံးလှန်ကြည့်သော်လည်း ခိုင်မြဲက ဘယ့်နှယ် မှ မနေဟန်ဖြင့် ဆက်ပြောသည်။

"မရ ... လူဆိုတာ အကောင်းဆုံးကို မျှော်လင့်တတ်ရ တယ်ဟ၊ အဆိုးအကောင်း ရောထွေးနေတဲ့ လူ့ဘဝကြီး ထဲမှာ အဆိုးတွေပဲ ရနေပါလားလို့ ဒီပရက်ရှင်တွေ ဝင် လာရင် နင် မခံစားနိုင် ဖြစ်သွားမယ် ...

တို့ဘဝတွေက စိန်ခေါ်မှုတွေနဲ့ပြည့်နေတာ၊ အဲဒါတွေ ကို တို့ကလက်ခံနိုင်ရမယ်။ လက်မခံနိုင်တဲ့ကောင်သွားမှာပဲ"

"နင့်စကားတွေက မိုက်တာတော့ မိုက်ပါတယ်။ ဒါပေမဲ့ လိုရင်းပျောက်နေသလိုပဲ"

"လိုရင်း မပျောက်ဘူး။ ပဏာမပျိုးနေတာ။ နင်သာ ကြည့်တတ် မြင်တတ် အတုခိုးတတ်မယ်ဆိုရင် မင်းတိမ်လွှာ ထံက သင်ယူစရာတွေ အများကြီးပဲ"

ခိုင်မြဲရဲ့ စကားကြောင့် မှုရက မျက်ခုံးဝင့်ကာ စိတ်ဝင်စားသွားရသည်။ ခိုင်မြဲက အဲဒီလိုပင်။ သူ့အတွေးအခေါ် တွေက စိတ်ဝင်စားစရာ အရမ်းကောင်းသည်။ အခုလည်း မရအဲ



www.burmeseclassic.com

သူ့စကားကို အဆန်းတကြယ်ဖြစ်ကာ မျက်လုံးတွေတောင် အရောင်တဖျပ်ဖျပ် တောက်ပလို့ လာရလေသည်။

မရသည် ကိုယ်ကိုတောင် ကိုင်းညွတ်လျက် ...

"ဘယ် ... ဘယ်လို သင်ယူစရာတွေ များတာလဲ"

"နင် မြန်မာစကားပုံတစ်ခု မကြားဖူးဘူးလား။ သူများသင်ကိုယ်တတ်တဲ့ ...

သူများဆီက ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် ကိုယ်နဲ့မဆိုင်ဘူးလို့ မသတ်မှတ်ထားပဲ ကိုယ့်အတွက် ကြည့်တတ်ရတယ်ဟ။ နမူနာယူပြီး အသုံးချတတ်ရတယ် ...

အဲဒီအကျိုးကျေးဇူးက အလကားမဖြစ်ဘူး ...

ဘယ်အရာမဆို ကိုယ့်အတွက် အကောင်းဘက်က ကြည့်တတ်ရတယ်။ အနုပညာသမားတွေဆိုရင် အရမ်းတော်တယ်။ သူတို့ ခံစားချက်တွေကို သူတို့က ကောင်းကောင်းကြီး ပြန်အသုံးချတာ။ တချို့ဆို ခံစားချက်အထာရာတွေကို မေ့မသွားအောင်တောင် တမင်မွေးထားကြတာ _

အဲဒါကို မွေးမြူပြီး အဲဒီ mood , အဲဒီ feel တွေကို သူတို့က ပြန်အသုံးချကြတာဟ၊ အဲဒီတော့ အနုစ်တွေချည်း ထွက်လာပြီး အနုပညာတွေက အောင်မြင်ကြတာပေါ့ဟာ"





"ငါကရော ဘယ်လိုအနုစ်တွေ ထုတ်သုံးရဦးမှာလဲ"

"နင်က ထုတ်သုံးရအောင် အခုမှ နင်က သင်ယူရဦးမှာလေ။ ဘာကို ထုတ်သုံးဦးမှာလဲ"

"ငါက ဘယ်သူ့ဆီက သင်ယူရမှာလဲ"

"မင်းတိမ်လွှာ ဆီကပေါ့"

"ဟင် ... ဘာတွေ သင်ယူရမှာလဲ"

"အားလုံးပဲပေါ့။ အဓိက,က ငါ တစ်ခုပြောမယ် မရ။ နင်နဲ့ ငါနဲ့ဟာ မောင်နှမလို နေတဲ့သူတွေနော်။ အေး ... နင်နဲ့ ငါကြားမှာ ဘာမှလျှို့ဝှက်ထားစရာ အကြောင်းမရှိဘူး။ နင့်ကို ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ...

နင့်မှာ ရည်းစားတစ်ယောက်ရှိတယ် မရ။ သူဟာ ယောက်ျားလေးတစ်ယောက်။ ယောက်ျားတစ်ယောက် ဖြစ်တဲ့အတွက် နင်နဲ့ တွေးပုံ တွေးတာချင်း တူမှာမဟုတ်ဘူး။ ယောက်ျားလေးတစ်ယောက်က သူ့ရည်းစားကို ခံစားတာနဲ့ မိန်းကလေးတစ်ယောက်က သူ့ရည်းစားကို ခံစားတာနဲ့ ခံစားချက်ခြင်း အရမ်းထပ်တူ မကျနိုင်ဘူး ...

ဒီတော့ နင်က တချို့ကိစ္စတွေမှာ ကိုယ့်စိတ်က မပါပေမယ့် လိုက်လျောပေးရတာမျိုးတွေ ရှိလာမယ်။ အဲဒီအခါမှာ နင့်စိတ်က အမှားအမှန်ကို ဆုံးဖြတ်နိုင်ဖို့ လိုတာပေါ့ဟာ။ ငါက အဲဒါကိုပဲ သတိပေးချင်တာပါ"

www.burmeseclassic.com



ခိုင်မြဲရဲ့စကားက ဘာကို ဆိုလိုမှန်း သဘောပေါက် သွားလျှင် မရမှာ နည်းနည်းရှက်သွားရသည်။ သို့သော် ခိုင်မြဲ ကတော့ ခပ်တည်တည်ပင်။ မရသည် သူ့အကြောင်း သိနေသဖြင့် သိပ်တော့လည်း ရှက်မနေတော့ပါ။ တစ်ခါတုန်းကလည်း သူ မရတို့အိမ် လာလည်စဉ် မရက သူ့ကို ဟက်ဟက်ပက်ပက် ကောင်းကောင်းမွန်မွန် စကားမပြောနိုင်ချေ။

အဲဒီအချိန်တုန်းက မရသည် အမျိုးသမီးတို့ တစ်လတစ်ကြိမ် အာဝေနိကဒုက္ခကို ခံစားနေရချိန် ဖြစ်လေ ခါးတွေကိုက် ဗိုက်တွေအောင့်လျက် အတော်ကြီး စိတ်ညစ်နေ သည်။ သူက မရနှင့် စကားလေးငါးခွန်း ပြောပြီးနောက် မရ တစ်ချက် အကဲခတ်ကာ ...

"မရ ... နင် နေမကောင်းဘူးလား"

"အေး ... ငါ ခါးတွေကိုက်နေလို့ဟာ၊ ကျွတ် ... ကျွတ်"

မရက သူ ရိုးရိုးပဲ မေးတယ်ထင်၍ အမှတ်တမဲ့ ပြန်ဖြေလိုက်တာ ဖြစ်သည်။ သူ့ကို အဲဒီလိုတွေ သိမယ်ဟုလည် မထင်ချေ။ သူက ခဏဟုဆိုကာ လှစ်ခနဲ ပျောက်သွားသည် မရကတော့ ဘာများလဲဟု နားမလည် ပါးမလည်ဖြင့် ကြောင် တောင်တောင် ကျန်ခဲ့ပြီးမှ သူက ဆယ်မိနစ်လောက်အကြာတွင် ပြန်ရောက်လာသည်။





ပြီးတော့ မရကို ဆေးကတ်တစ်ကတ် ကမ်းပေးလျှင် မရက နားမလည်စွာဖြင့် ...

"အဲဒါ ဘာဆေးလဲ"

"Dolfenal တဲ့၊ ခါးကိုက်တာတွေ ဗိုက်အောင့်တာတွေ ပျောက်တယ်"

"ဟယ် ... နင် ... နင်က ဘယ်လိုလုပ်သိ"

မရမှာတော့ ရှက်သည့်စိတ်ကြောင့် မျက်နှာတစ်ခု လုံး သွေးရောင်လွှမ်းသွားသော်လည်း သူကတော့ဖြင့် ဘယ့်နှယ့် မှမနေပါ။ သာမန် ပါရာစီတမောလ်ပေးသလို သဘောထားကာ ခပ်တည်တည်ပင်။

"ငါ့အစ်မဆို နင့်ထက်တောင် ဆိုးသေးတယ်။ အဲဒီလိုမျိုး ခါးကိုက်ရင် ခါးပေါ်ကို ကျောက်ပျဉ်တောင် တင်ထားရ တာ ...

ကဲ ... ကဲ ... မြန်မြန်သွားသောက်ချေ၊ သွား ... သွား"

"ကျွတ် ... ခိုင်မြဲ၊ နင် သိတာတွေ သိပ်များနေပြီနော်၊ ဟင်း ... နေရာတကာ သူ မသိတာကို မရှိဘူး"

"အရာရာကို သိတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ နားလည်တာ လောက်ပဲ ရှိတာ။ တကယ်တော့ လူတွေပြောပြောနေတဲ့ သိတယ် ... သိတယ် ဆိုတာတွေဟာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာ တစ်ခုကို သိတယ်ဆိုတာ အကုန် အစင် မသိနိုင်ဘူး။ နားလည်တာလောက်ပဲ ရှိတာ ...

ဘာမှ ရှက်နေစရာ မလိုပါဘူး။ သဘာဝဟာ သဘာဝပါပေါ့"

ခိုင်မြကား အဲဒီလိုလူမျိုးဖြစ်သည်။ မရသည် သူ့လို သူငယ်ချင်းကောင်း တစ်ယောက်ကို ပိုင်ဆိုင်ထားရသည့်အတွက် အမြဲဂုဏ်ယူတတ်လေ့ ရှိပါသည်။ သူ့စကားငါးခွန်းဆိုလျှင် သုံးခွန်းလောက်က မရ အတွက် စေတနာစကားတွေ ဖြစ်လေရာ အဲဒီအတွက် မရက ကျေနပ်ရသည်။

"ငါပြောတာက နင် ရည်းစားထားတာလည်းထား၊ ကိုယ့်ရည်းစားရဲ့ စိတ်နေသဘောထားကိုလည်း လေ့လာပေါ့ဟာ။ လူတိုင်းမှာ စိတ်ဝင်စားစရာကောင်းတဲ့ အတွေးအခေါ် အမူအကျင့်တစ်မျိုးတော့ ရှိတတ်ကြတာပဲ ...

သူက ရည်းစားငါးယောက်တောင် ထားခဲ့ဖူးတာဆိုတော့ သူ့မှာလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့ ...

အဲဒါကို နင်က မသိမသာ စုံစမ်းကြည့်ပေါ့။ ဘာအကြောင်းနဲ့ ပြတ်သွားရတာလဲ ဆိုတာ။ နင့်အလှည့်မှာ ရှောင်လို့ ရတာပေါ့ မဟုတ်ဘူးလား ...

သူ့ကိုတော့ ပြဿနာသွားမရှာနဲ့တော့နော်"





"အေးပါ ... နင်ကလည်း။ ယောကျ်ားလေးတွေက သူတို့ချစ်သူတွေကို ဘယ်လိုပုံစံမျိုးဖြစ်မှ သဘောကျကြတာလဲ မသိဘူးနော်"

မရရဲ့ ညည်းညည်းညူညူ အပြောကို ခိုင်မြက သဘောတကျပြုံးကာ ...

"ဒါကတော့ ယောကျ်ားတစ်ယောက်နဲ့တစ်ယောက် မတူကြဘူးပေါ့ဟာ၊ တချို့ကျတော့လည်း သွက်မှကြိုက်တာ၊ တချို့ကျပြန်တော့လည်း ရိုးရိုးအေးအေးကြီးကိုပဲ ချစ်နေမိတယ် ဖြစ်ရော ...

ဒါပေမဲ့ တူတာတစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"သူတို့ကို ချစ်စေချင်တဲ့စိတ်ပေါ့ဟာ။ အစစအရာရာ အလိုက်သိ ဖြည့်ဆည်းပေးပြီး ချစ်တဲ့အချစ်မျိုးကိုတော့ ဘယ်ယောကျ်ားမဆို ဝဲလ်ကမ်းပါဟာ ...

ဒီတော့ နင်က များများချစ်ပြလိုက်၊ ဟုတ်ပြီလား"

မရက အဲဒီစကားကို ကြားလျှင်တော့ နှာခေါင်းကို ရှုံ့ကာ မဲ့ပြလိုက်သည်။ ပြီးလျှင် မျက်လုံးထဲမှာ အရှုံးအမှုး အသည်းအသန် အကြည့်တွေနှင့် ကြည့်ပြတတ်သော ရည်းစားကို မြင်ယောင်လာသည်။ လူကို တကယ်ကြွေတာလား၊ ကြွေချင်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေတာလား မသိသော ရည်းစားကို ဘယ်လိုထိန်းရမယ် ဆိုတာကို စဉ်းစားအကြံထုတ်ဦးမှပါ။

ရည်းစားထားရတဲ့ အရသာဟာ နည်းနည်းတော့ စိတ်ရှုပ်ဖို့ကောင်းပေမယ့် စိတ်လှုပ်ရှားစရာတော့ ကောင်းသည်ဟု မရက ထင်သည်။ အထူးသဖြင့် ကိုယ့်ရည်းစားကို ပေါ့ပေါ့လေး ချစ်နေတာမျိုး မဟုတ်ဘဲ သူ့ရဲ့စိတ်ထားနှင့် အချစ်ကို သုတေသနလုပ်နေရတာက အလွန်တရာ စိတ်ဝင်စားဖို့ ကောင်းပါသည်။

ဒါကြောင့် ရည်းစားရှိသူများ အမေ့မေ့အလျော့လျော့ မနေကြစေကုန်။





# ၁

နောက်တစ်ပတ် ကျောင်းပြန်ဖွင့်သောအခါ သူက ရကို ဘာမှမဖြစ်သလိုနှင့် အထာနှင့် လာခေါ်လေသည်။ မရက ည်း အတေးအမှတ် မထားသော ပုံစံမျိုးဖြင့် ပြုံးပြုံးရွှင်ရွှင်ညို ဟဲပြန်လုပ်ပြလိုက်သည်။

နးမဟုတ်တောင်

(အမှန်မှာ စိတ်ထဲကတော့ သိပ်မ။ သိပ်အသိသာကြီး သော် ပညာရှိအမျက် အပြင်မထွက်)။

စ်ယောက် ဆိုရင်

"ဟိုင်း ... မောနင်း မရ။ ဒီနေ့ ဝတ်စုံလေးနဲ့ တယ်၊ သိလား"

၊ သူ့ကို ဆတ်ခနဲ

မရကို ပြောနေသော သူက ခရေစီကင် မပြုအား။ သူ့ ရောင်တောက်တောက်ကို ထိရက်စရာမရှိသော မထင်ဘဲ ဖုန်းကို ၌ တွဲဝတ်ထားသောသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မရကတော့ ကျောင်းတက်ချိန်မှာ ဘောင်းဘီ စကတ်တို၊ ဂါဝန် စတာတွေကို ဝတ်ခွင့်မရသူမို့ ကချင်ရိုးရာ ဝတ်စုံကိုသာ ခေတ်မီမီ ချုပ်ဝတ်ထားတာဖြစ်သည်။

မရက သူ့အပြောကို မမဲ့မိအောင် ထိန်းသိမ်းထား ရကာ ...

"အင်း ... ကျေးဇူးပဲ"

"ကင်(န်)တင်း သွားရအောင်လေ မရ။ ကလပ်စ်က လိုပါ သေးတယ်"

မရက ဘေးနားက သူငယ်ချင်းဖြစ်သူ စန္ဒာ ငဲ့ကြည့်မိသည်။ သူက ဒါမျိုးကျတော့ အလိုက်သိလေသည်။

"စန္ဒာရော ... လိုက်ခဲ့လေ။ လာပါ"

စန္ဒာကလည်း ပြုံးပြုံးလေးနှင့် ခေါင်းယမ်းပြ သည်။

အေးအေးဆေးဆေး သွားကြပါဟာ၊ သွား ဲ့က်သွားလိုက်"

မရက ခုံမှမထခင် သူက မရကို လက်ကမ်း နေတယ် ဟူသော သဘော။ မျက်နှာက ချိုစိမ့် နူးညံ့စွာပြုံးလျက်။ စန္ဒာပင်လျှင် သူ့ပုံစံကို အံ့ :ကြည့်ကာနေသည်။ မရသည် ဘာပဲပြောရမှ တကယ်ပဲ ခိုက်သွားသည်။





လှုပ်အလယ်မှာ ချစ်သူတစ်ယောက်က ကိုယ့်ကို အလေးထား ဂရုစိုက်တာလောက် ကျေနပ်စရာကောင်းတာ မရှိ ဟု ထင်လေသည်။ မရသည် သူ့လက်ဖဝါးထဲသို့ ကိုယ့်လက် တစ်ဖက်ကို ထည့်ဖို့ပြင်လိုက်သည်။ အဲဒီအချိန်မှာပဲ သူ့အိတ်ထဲ မှ ဖုန်းမြည်သံတစ်ခုက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လို့ လာသည်။

မရ ကြားဖူးနေကျ ဖုန်းမြည်သံ မဟုတ်ဘဲ ဒီဖုန်း သံက ဒီကောလ် တစ်ခုအတွက်သာ သီးသန့် ထုတ်ထားသော Ring tone ဖြစ်သည်။

သူက လွယ်အိတ်ပြက်အတွင်းမှာပဲ ကမ်းထားသော လက်နှင့် ဖုန်းကိုထုတ်ယူကာ ဖွင့်ကိုင်လိုက်လျှင် လှမ်းတော့မည့် ရ၏ လက်များသည် လေထဲမှာ တန်းလန်းမဟုတ်တောင် နည်းနည်းတော့ ဟန့်သွားသည်ဟု ထင်သည်။ သိပ်အသိသာကြီး မဟုတ်ပေမယ့် မသေချာစွာ စောင့်ကြည့်နေသူတစ်ယောက် ဆိုရင် တော့ မြင်သာမှာဖြစ်သည်။

မရက ရုတ်တရက် တင်းသွားကာ သူ့ကို ဆတ်ခနဲ မော့ကြည့်မိသည်။ သူက မရကို သတိတောင် မပြုအား။ သူ့ ကိုယ်သူ ဘာဖောင်းလိမ့် ဖြစ်တယ်တောင် မထင်ဘဲ ဖုန်းကို အပျာကယာဖွင့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဓာနည်၊ ပြော"

"ဟုတ်လား ... ဘယ်အခ်ချိန်လောက်လဲ"

"အေး ... ရပါတယ်၊ ငါ ပြန်လာခဲ့မှာပေါ့။ အခုကလား၊ ကလပ်စ်မတက်သေးဘူး။ ကန်တင်း ခဏသွားမလို့၊ အေးပါ ရပါတယ် ...

အိုခေ ... အိုခေ ... ဒါပဲနော်"

သူက ခေါက်ဖုန်းကို ထောက်ခနဲ ပြန်ပိတ်ရင်းမှ မရကို ခပ်ချိုချိုလေး ပြုံးပြသည်။ အဲဒီအပြုံးကို မရသည် စူးစူးစိုက်စိုက် ပြန်ကြည့်ပြီးမှ အဓိပ္ပာယ်ပါစွာ ပြုံးပြလိုက်သည်။ သူက မရကို လက်ထပ်မကမ်းတော့။

ကမ်းလည်းပဲ မရက ပုတ်ထုတ်ပစ်မည် ဆိုတာကို သိသော ရည်းစားငါးယောက်ပြတ်သည့် အတွေ့အကြုံအရ အရှောင် အတိမ်း တော်ပြီးဖြစ်သည်။

မရသည် ဆိုးဆိုးဆတ်ဆတ် ပြောပစ်ချင်စိတ်တွေ အား ရင်ထဲမှာ တလိပ်လိပ်နှင့် ပြန်မျိုချထားရကာ စိတ်ကို ထိန်းလျက် ကန်တင်းကို သူနဲ့အတူ လိုက်ပါလို့လာသည်။ မရ၏ ဦးနှောက် အသိဉာဏ်များထဲတွင် ဘုမတောနဲ့၊ မလောနဲ့၊ ဖြည်းဖြည်း လေးနဲ့ လေ့လာသင်ယူရမယ် ဟူသော အချက်ပေးသံတွေ ညံ နေလေသည်။





ကန်တင်းအရောက်တွင် သူက မရ စားတတ်သော မုန့်များကို မှာပေးသည်။ မရက နန်းကြီးသုပ်နှင့် ကော်ဖီမစ် နို့စိမ်းရောကို မပြောင်းမလဲ စားတတ်သူဖြစ်လေရာ သူက အကြိုက်ကို သိစွာနှင့် မှာပေးပါသည်။ နို့စိမ်းပေါက်ထားသော ရေနွေးထဲသို့ ကော်ဖီမစ်ထုပ်ကို ဖောက်ထည့်ကာ ဂရုတစိုက် မွှေပေးသည်။ သူ့အတွက် လာချထားသော ရှယ်ပုံမုန့် ဝမ်းတီးကိုတောင် လှည့်မကြည့်နိုင်အား။ မရသည် သူ့ဇွက်ကိုယူကာ မွှေပေးချင်သော်လည်း အခုနက ကိစ္စကို တင်းနေသဖြင့် မျက်နှာမပျက်အောင် ဆောင် တော်တော်ထိန်းထားရသည် ဖြစ်လေရာ အပိုကိစ္စတွေကို လုပ်မပေးချင်တော့။

သူကတော့ သူ့လက်ဖက်ရည်ခွက်ကို မမွှေပေးတာ ဘယ့်နှယ်မှ သဘောထားဟန် မတူပါ။ မရရဲ့ကော်ဖီခွက်ကို ရှေ့သို့ပို့ပေးရင်းနဲ့မှတောင် ...

"သောက်ကြည့်ဦး မရ။ ဘာလိုသေးလဲလို့"

မရက သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ရင်းမှ ...

"စေတနာနဲ့ လုပ်ပေးတာဆိုတော့ သောက်လို့ကောင်းမှာပါ"

သူက မရရဲ့စကားကို ဟက်ခနဲ တစ်ချက်ရယ်ကာ ရှေ့ဆံပင်တွေကို ဆတ်ခနဲမော့ကာ ရယ်ရင်း ပင့်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်နဲ့ပင့်တင်ခြင်း မဟုတ်ဘဲ ခေါင်းကိုမော့ကာ ပင့်တင်ခြင်း ဖြစ်သောကြောင့် သူ လုပ်လိုက်သော စတိုင်လ်ဟာ အလွန်ကြည့်ကောင်းပါသည်။ ဒီအပြုအမူတွေကိုပေါ့ မိန်းကလေးတွေ စွဲလမ်းကြတာ။

"မရက မုန့်စားရင် အမြဲတမ်း နန်းကြီးသုပ်နဲ့ နို့စိမ်းကော်ဖီမစ်ပဲ စားတတ်တယ်နော်။ မပြောင်းလဲဘူး။ မရိုးဘူးလားဟင်"

"မရိုးပါဘူး။ မရက ကြိုက်တာကိုး"

"ဒါဖြင့်ရင် အချစ်မှာလည်း ဒီလိုပဲပေါ့နော်"

မရက ခပ်မဲ့မဲ့ပြုံးကာ ...

"ဒါပေါ့။ လူတစ်ယောက်ရဲ့ စိတ်နေစိတ်ထားနဲ့ နှလုံးသားနဲ့က နည်းနည်းတော့ ဆက်စပ်နေတယ်လို့ ထင်တယ်နော်"

သူက ချက်ဆိုလျှင် နားခွက်က မီးတောက်သည်ဖြစ်လေရာ မရရဲ့ လက်တစ်ဖက်ကို လာရောက်ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ သူ ဆုပ်ကိုင်သည်မှာ အားပေးသလို ဖျစ်ညှစ်ဆုပ်ကိုင်တာဖြစ်ပြီး ချက်ချင်းပဲ ပြန်လွှတ်သွားပုံကို မရက သဘောကျသွားသည်။

"မရ ... ကိုယ့်ကို ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောတယ်ဆိုတာ ကိုယ် နားလည်ပါတယ်။ အဲဒီလိုတော့ မထင်ပါနဲ့ မရရယ်။



လူတစ်ယောက်ရဲ့ စိတ်နေစိတ်ထားနဲ့ နှလုံးသားက ဆက်စပ်မှုတော့ ရှိနေပေမယ့် တိုက်ရိုက်တော့ အချိုးမကျပါဘူး ...

ပြီးတော့ သက်မဲ့တွေပေါ်မှာထားတဲ့ ခံစားချက်နဲ့ သက်ရှိတွေပေါ်မှာထားတဲ့ ခံစားချက်က တူမှမတူတာ။ ကိုယ် ရည်းစားတွေ ထားခဲ့တာ မရကို ဝန်မခံချင်ရင် ရသားပဲ။ ဒီကျောင်းက တစ်ယောက်မှ မပါတာ ...

ပြီးတော့ ... ကိုယ်က မရကို တကယ်ချစ်တာပါ မရရယ်။ ကိုယ် ဒီစကားကို ခဏခဏလည်း မပြောချင်ဘူး"

"အောင်မယ်"

"ဟုတ်တယ်လေ မရရဲ့။ စကားဆိုတာ ခဏ ခဏ ပြောနေလို့ ရတာပဲ။ စိတ်ထဲက မပါဘဲ ခဏ ခဏ ပြောတဲ့ စကားမျိုးက တန်ဖိုးမရှိပါဘူး ...

ကိုယ်က မရကို လက်တွေ့ပဲ သက်သေပြသွားမှာပါ။ အချိန်ကြာလာတာနဲ့အမျှ ကိုယ့်အချစ်ကို မရ နားလည်လာမှာပါ"

သူ့မျက်နှာက တစ်စုံတစ်ရာကို တိကျပြတ်သားလို့နေသဖြင့် မရ ရင်ထဲ၌ နည်းနည်းတော့ ကျေနပ်သွားသည်။ ထို့ကြောင့် အဲဒီခေါင်းစဉ်ကနေ လွှဲဖယ်ကာ တခြားအကြောင်းအရာ တစ်ခုကို ပြောင်းယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဒီနေ့ ကလပ်စ် မတက်တော့ဘူးလား။ ဘယ်သွား[...] မလို့လဲ"

"ဩော် ... ဓာနည်လေ။ ကားတစ်စီး သွားကြည့်မလို့[...] အရေးပေါ် လာထုတ်တာဆိုတော့ တော်တော်တန်ရုံ[...] အဲဒါ အဖော်မရှိလို့ ကိုယ့်ကို လာခေါ်တာ ...

ပြီးရင် သူ့ဆီက ဘော်ဒါကြေး မြိုးမြိုးမြက်မြ[...] တောင်း ရမယ်။ ဟဲ ... ဟဲ ...။ အဲဒီကရတဲ့ ပိုက်ဆံ[...] မရကို အမှတ်တရ လက်ဆောင်တစ်ခုခု ဝယ်ပေးဦးမှာ[...] မရ ဘာယူမလဲ ပြော၊ ဘာလိုချင်လဲ"

"အမယ်လေး တော်ပါပြီ၊ သူများဆီက ဓားပြတိုက်[...] မယ့် ပိုက်ဆံနဲ့များ"

"ဟာ ... ဓားပြမတိုက်ပါဘူး။ ရိုးရိုးသားသား ရှာဖွေလာ[...] တာပါ။ အတည်တကျ အလုပ်အကိုင် မရှိသေးခင် ဒီလို[...] ရှာဖွေရတာပေါ့ မရရယ် ...

ကိုယ့်ချစ်သူလေးကို ရိုးရိုးသားသား ရှာဖွေလို့ရတဲ့[...] ပိုက်ဆံနဲ့ အမှတ်တရ ဝယ်ပေးချင်တာပါ"

မရသည် ဒီလိုအပြောမျိုးကျတော့ နှုတ်ခမ်းကြီး[...] ကော့တက်အောင်ပြုံးကာ နားဝင်ချို၍ နေလေသည်။ ဒီနေ့မှာ[...] သူ မွှေပေးသော ကော်ဖီနှင့် သူနယ်ပေးသော နန်းကြီးသုပ်တို့က[...]



[...] ပို၍ပဲ စားကောင်းနေသလိုလို ...။ မရက နန်းကြီးသုပ်တစ်[...]ကို ကော်စားရင်းမှ ...

"ဒါနဲ့ ... ဓာနည် ဆိုတာ ရှင့်ဆီ ခဏ ခဏ ဖုန်းဆက်တယ်၊ ဘယ်သူလဲ ... သူငယ်ချင်းလား"

"သူငယ်ချင်းပေါ့။ သူငယ်ချင်းတောင်မှ ရိုးရိုးသူငယ်ချင်း မဟုတ်ဘူး၊ အချစ်ဆုံး သူငယ်ချင်းတွေ"

"ဟုတ်လား ... ရွယ်တူလား"

"အင်း ... သူက ကိုယ့်ထက် တစ်နှစ်တော့ ကြီးတယ်။ ဒါပေမဲ့ ရွယ်တူလိုပါပဲ၊ မင်းနဲ့ ငါနဲ့ပဲ ပြောကြတာ"

"သူက ဘာလို့ ကျောင်းမတက်တာလဲ"

"သူက First year တစ်နှစ် တက်သေးတယ်။ ဒါပေမဲ့ အဲဒီနှစ်မှာပဲ သူ့အဖေဆုံးသွားတော့ သူက အိမ်လုပ်ငန်းတွေကို ဝင်လုပ်ရတာ ...

အမေကလည်း မရှိတော့ဘူး။ အစ်ကိုတစ်ယောက်ပဲ ရှိတာဆိုတော့ သူက အစ်ကိုနဲ့အတူတူ တွဲလုပ်နေတာပေါ့"

"ဟင် ... အစ်ကိုကလည်း ကျောင်းလေးတောင် ပြီးအောင် မတက်ခိုင်းဘူး"

မရရဲ့ ဝေဖန်သလို အပြောကို သူက သဘောတကျ [...]ယ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက မလုပ်ခိုင်းပါဘူး။ သူ့ကကိုက လောဘကြီး
တာပါ။ ပြီးတော့ အစ်ကိုက မိန်းမယူသွားရင် သူ ခဏ
ချည်ရဲ့ဆိုတဲ့ အတွေးနဲ့ ဝင်လုပ်တာ။ အခုတော့ ငွေ
ရှာရကောင်းမှန်း သိသွားတော့ ပိုဆိုးတာပေါ့လေ"

"ဪ ... ဪ"

သူက မရကို ပြုံးငဲ့ကြည့်ကာ ...

"မရမှာရော ... အဲဒီလို ငယ်သူငယ်ချင်းတွေ မရှိဘူးလား"

"ရှိတာပေါ့။ မရ သူငယ်ချင်းနဲ့ တိမ်လွှာသူငယ်ချင်း
အဖြစ်ချင်းတူတယ်။ ဒါပေမဲ့ မရ သူငယ်ချင်းကတော့
သာမန်လူလတ်တန်းစားပါ ...

သူက ခင်ဖို့တော့ ကောင်းတယ်"

"ဟုတ်လား ... နောက်ကျမှ ကိုယ်တို့ အတူတူ ဆုံကြ
အောင်။ မကောင်းဘူးလား မရ"

"အင်း ... ကောင်းတယ်"

မရရဲ့ နှစ်နှစ်ခြိုက်ခြိုက် ပြန်ဖြေသံကို သူက သဘော
ကျသလို ပြုံးငေးနေသည်။

အဲဒီနေ့ နံနက်ခင်းလေးကတော့ မရတို့ နှစ်ယောက်
မှာ အဆင်မပြေမလိုလို ဖြစ်ပြီးမှ ပြန်အဆင်ပြေခဲ့သည်။ အဲဒါက
လည်း မရက စိတ်လျှော့လိုက်၍ဖြစ်မည်။ တစ်ခါတလေကျတော့





လည်း အလျှော့ပေးရတာက စိတ်ချမ်းသာမှုတော့ ရစေသည်ဟု
ထင်သည်။

သူက ကင်တန်းမှ မရကို အတန်းရှေ့ထိ ပြန်လိုက်
ပို့ပေးသည်။ ပြီးတော့ လူတွေမမြင်အောင် မရရဲ့ လက်လေးကို
ဖွတ်ခနဲ နိုးကိုင်ကာ ...

"မရ အပြန်ကို လာကြိုမယ်နော်"

မရက ကြည်ကြည်နူးနူးလေး ပြုံးကာ ခေါင်းညိတ်
ပြလိုက်သည်။ သူက လက်ဖျားလေးတွေကို မချင့်မရဲ ဖျစ်ညှစ်
ကာ အသာလွှတ်ပေးရင်းမှ နောက်သို့ ခြေလှမ်းတွေ ဆုတ်သွား
သည်။ ပြီးတော့ သူ့လက်ချောင်းလေးတွေကို လှုတ်ခတ်နှုတ်ဆက်
ကာ ထောင့်ချိုးကို မကွေ့ခင်၌ မရကို Fly Kiss ပေးသွားသေး
လေသည်။

မရသည် မျက်စောင်းလေးတစ်ချက် ထိုးမိသော်
လည်း ဒီရည်းစားကတော့ ချစ်ရကောင်းတယ်ဟု တွေးကာ
ကြည်နူးနေခဲ့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့သူငယ်ချင်းထံမှရသော ဘော်ဒါကြေးနှင့် မရကို ဂျပန်စားသောက်ဆိုင်လေး တစ်ဆိုင်မှာ ဂျပန်စာလိုက်ကျွေး သည်။ ပြီးတော့ ဂျပန်တွေ ထိုင်သလို ထိုင်ပြကာ ဂျပန်စကား တွေ လျှောက်ပြောပြနေသဖြင့် မရမှာ မျက်ရည်ထွက်အောင်ပင် ရယ်ရလေသည်။

ခေါင်းတညွတ်ညွတ် တဟိုက်ဟိုက်ဖြင့် အပီအပြင် ပေါပြသဖြင့် မရသည် သူနှင့် တဟားဟား ပွဲကျနေရသည်။

သူ့ကို ဒီလိုပေါတတ်မှန်း မသိခဲ့ပါ။

"ရှင် တော်တော်ပေါတာပဲ တိမ်လွှာရယ်။ နာမည်နဲ့လူ ပုံစံကို မြင်ရင် လုံးဝထင်ရက်စရာ မရှိဘူး။ အမယ်လေး ... လေး ... ခုများတော့လား"

"မရနော် ... ကိုယ့်ကို ပေါတယ်လို့ မပြောနဲ့၊ ကိုယ်က ပေါတာမဟုတ်ဘူး၊ ကိုယ့်ချစ်သူကို ပျော်အောင် ပျော်တော် ဆက်ပေးနေတာ ...





ပေါတယ်ဆိုတာ ဘယ်နေရာမှာမဆို ငပေါလုပ်နေ တဲ့သူတွေမှ ပေါတာ၊ ကိုယ် မရနဲ့ နှစ်ယောက်တည်းရှိ တဲ့အချိန်ပဲ ပေါပြတာ ... အဲလေ ..."

"ဟား ဟား ဟား ... စိတ်ရင်းအမှန်တွေ ထွက်လာပြီ"

"ဟာကွာ ... မဟုတ်ဘူး။ ယောင်ထွက်သွားတာ။ ကိုယ် က မရ ပျော်အောင် တမင်နောက်တာ၊ ဖျော်ဖြေတာ အဲဒီ လို"

"အင်းပါ ... အင်းပါ၊ လားလိုက်ပါတော့"

မရရဲ့ ပြုံးစိစိအပြောကို သူက မာန်မဲသလို တစ် ချက်ကြည့်ကာ ...

"မရနော် ... ကိုယ့်ကို ငပေါလို့ သတ်မှတ်ရင် နောက် တစ်ခါကျ အဲဒီလို ပျော်စရာတွေ လုပ်မပြတော့ဘူး ... ဓာနည့်လို ခေါက်ထားလိုက်မယ်"

မရသည် သူ့ပါးစပ်က ဓာနည် ဆိုတာကို ခဏ ခဏ ကြားရသလို သူနဲ့ မရ တွေ့နေချိန်မှာလည်း အဲဒီ ဓာနည် ဆိုတာဆီက မကြာခဏ ဖုန်းလာတတ်သဖြင့် အဲဒီနာမည်ကို တော့ တော်တော်ကြီး ရင်းနှီးလို့နေချေပြီ။ လူကိုတော့ အခုထိ မမြင်ဖူးသေးပါ။ သူသည် အဲဒီ ဓာနည် ဆိုတာကိုတော့ တော် တော်ချစ်သည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဓာနည့်ကို ဘယ်လိုခေါက်သားလိုက်တာလဲ"

"ကိုယ် ဓာနည့်ကို ပြောင်တာ မရထက် ဆိုးတာပေါ့။ ကိုယ်တို့က ဟိုးငယ်ငယ်တည်းက ပေါင်းလာတာဆိုတော့ လုံးဝ အုံးကိုမစားတော့ဘူး ...

ဓာနည်ကြီးက ကိုယ် နောက်ရင် အရမ်းသဘောကျပြီး အရမ်းရယ်တာ၊ ပြီးရင် လူကို ပေပေါ ပေပေါနဲ့ သူမပျော်ရတာ ကျနေတာပဲ ...

နောက်ဆုံးတစ်ခေါက်က စိတ်ဆိုးတာနဲ့ သူ့ကို လုံးဝမနောက်တော့ဘူး။ အဲဒါ လိုက်ချော့ပြီး ခွတ်ပြန်နောက်နိုင်းနေတာလေ"

"ဩော် ... မရကိုတော့ အဲဒီလို မလုပ်ပါနဲ့ဟယ်။ မရက ရှင့်ကို ပေပေါလို့ ဘယ်တော့မှ မပြောဘူး၊ စိတ်ချ"

"အေး ... Promise နော်။ ဒါမှ ကိုယ့်ရဲ့ Ko Ko Ro လေး"

"ဟင် ... လုပ်ပြန်ပြီ၊ ဘာတုန်း အဲဒါက"

အဲဒီအချိန်မှာ ဂျပန်ဝတ်စုံနှင့် မိန်းကလေးတစ်ယောက်က ဟင်းပန်းကန်တွေကို လာချပေးတာမို့ သူက အဲဒီကောင်မလေးကို ...





"ဒီမှာ ကိုကိုရို့ဟင်းရော ရလားဟင်"

"ရှင် ... ဘယ်လိုဟာကို ပြောတာလဲဟင်၊ မီနူးထဲမှာပါလား"

"မီနူးထဲမှာတော့ မပါဘူး၊ ဒါပေမဲ့ ရမှာပါ။ Ko Ko Ro ကို တောက်တောက်စင်းပြီး စားချင်တာ။ ရလား။ သိလား Ko Ko Ro ဆိုတာ"

ကောင်မလေးက တစ်ချက်စဉ်းစားဟန်ပြုပြီးမှ လှစ်ခနဲပြုံးကာ ...

"သိပါတယ်၊ ဘယ်သူ့ Ko Ko Ro ကို ချက်ပေးရမှာလဲရှင်"

သူက မရဆီ လက်ညှိုးညွှန်ပြကာ "သူ့ဆီက တောင်းလိုက်"ဟု ပြောလေသည်။ ကောင်မလေးက နောက်နေမှန်း သိသဖြင့် ခစ်ခနဲရယ်ကာ ခေါင်းညွတ်ပြီး ထွက်ခွာသွားသည်။

"Ko Ko Ro ဆိုတာ ဘာကို ပြောတာလဲ"

"Heart (နှလုံးသား)ပေါ့"

"ကြည့်စမ်း ... ရှင်က မရရဲ့နှလုံးသားကို တောက်တောက်ကြော်ပြီး စားချင်တယ်ပေါ့လေ ... ဟုတ်လား"

"ကိုယ်တစ်ယောက်တည်း စားမှာမဟုတ်ပါဘူး၊ မရကိုပါ ကျွေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ကိုယ့်ဟာကိုယ် ထုတ်ပြီး ပြုတ်စားချေ"

"ဟာ ... ကြည့်စမ်း စိတ်ပုပ်လိုက်တာ။ ကိုယ်ကတော့ ကိုယ့်ချစ်သူကို ဂျပန်စာတောင် ဝယ်ကျွေးရတယ်။ သူက ဒီအလကားရဲ့ နှလုံးသားလေးတောင် ထုတ်မပေးချင်ဘူး ကပ်စေးနှဲလိုက်တာ"

မရက စကားတတ်သော ကိုယ်တော်ချောကို ဘာမှ ပြန်မပြောတော့ဘဲ မျက်စောင်းတစ်ချက်ထိုးကာ ပြုံးရုံသာ ပြုံးနေလိုက်တော့သည်။ သူက မရကို တုနှင့် အသားတစ်ဖတ်ညှပ်ပြီး ခွံ့ကျွေးရင်းမှ ...

"ကိုယ်က မရရဲ့ နှလုံးသားကို အပိုင်လိုချင်လို့ ပြောတာပါကွာ။ မရဆီမှာ ရှိနေရင် နောက်တစ်ယောက်ကို ပေးလို့ရနေမှာ စိုးလို့ပေါ့ ...

ကိုယ်က ထုတ်ယူထားလိုက်တော့ မရ ဘယ်သူ့ကိုမှ ပေးလို့မရတော့ဘူး၊ ဟုတ်တယ်ဟုတ်"

"မဆိုင်ပါဘူး။ ရှင်သာ အဲဒီလို လုပ်မယ့်သူမျိုးပါ"

"ဟာကွာ ... မရက ကိုယ့်ကို အခုထိ မယုံသေးဘူးလား။ မရ ယုံအောင် ကိုယ် ဘယ်လိုကြီး သက်သေပြရမှာလဲ။ ကိုယ့်မှာ မရ မကြိုက်တဲ့ ဘာအပြုအမူတွေများ ရှိနေလို့လဲ ...





ပြော ... အခုပြော"

အဲဒီလို မေးတော့လည်း မရက မပွင့်တပွင့်ဖြင့်သာ...

"အဲဒီလိုတော့ မရှိသေးဘူးပေါ့။ ဒါပေမဲ့ တစ်ခါတလေ ကျတော့လည်း စိတ်တိုင်းမကျစရာတွေ ရှိတာပေါ့။ ဒါကလည်း အခိုက်အတန့်ပါပဲ"

"ဒါပေါ့ အဲဒါက ညှိယူရင် ရပါတယ် မရရယ်။ အဓိက,က ကိုယ်တို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိရှိနဲ့ ချစ်သွားကြဖို့ပဲ ...

အဲဒါဆို အားလုံး အိုကေမယ်၊ ဟုတ်ပြီနော်"

သူ့အပြောကို မရက ပြုံးပြုံးလေးနှင့် ခေါင်းညိတ်ပြမိသည်။ ဒီလိုကျပြန်တော့လည်း သူ့အတွေးအခေါ်တွေက ဆိုးဘူးပေပဲဟု အတွေးထဲမှာ အမှတ်ပေးမိရလေသည်။ သူက စားရင်းသောက်ရင်းမှနေ၍ ကောက်ကာငင်ကာ ...

"မရ ... ဂျင်းပန်(န်)အရှည် ဝတ်လား"

"အင်း ... အရင်တုန်းကတော့ ဝတ်ပါတယ်၊ ဘာဖြစ်လို့လဲ"

"ဝတ်တာ သိပ်မတွေ့လို့လေ။ မရက ဘော်ဒီမိုက်တာပဲ။ ဝတ်ပေါ့။ ဒီနေ့ မရကို Nobody ဂျင်း(န်)တစ်ထည် ဝယ်ပေးဦးမယ် ...

ဒီဇိုင်းသစ်ထွက်တာ အရမ်းလှတယ်။ နက်ပြာကို ရွှန်းနေတာပဲ၊ လုံးဝဂျင်း(န်)ကာလာအစစ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့။ မဝယ်ပေးပါနဲ့"

"အာ ... အမှတ်တရပဲဟာ။ နောက်တစ်ပတ် ကိုယ်နဲ့ ဒိတ်ထွက်ရင် ဝတ်ခဲ့။ မရနဲ့ဆိုရင် အရမ်းလှမှာ။ ဒီကပြီးရင် သွားဝယ်ကြမယ်။

မရ fly တိုတာ ဝတ်ရဲလား။ အင်း ... အရမ်းတိုတော့လည်း မကောင်းပါဘူး။ ထိုင်ရင် ဆီးစေ့ပစ်ထည့်သွားမှာ စိုးရတယ်နော် ...

ကိုယ်ဖြင့် fly တိုတိုလေးတွေဝတ်ပြီး တုတ်ထိုးထိုင်စားနေတဲ့ ကောင်မလေးတွေမြင်ရင် အရမ်းသည်းယားတာပဲ ...

ဆီးစေ့နဲ့ ပေါက်ချင်တယ် ... ဟား ဟား"

မရက သူ့အပြောကို မျက်စောင်းတစ်ခါထိုးမိပြန်သည်။ အဲဒီတစ်ယောက်ဟာ အကောင်းပြောနေရင်းကနေ ထ,ထ, ဖောက်လာတာက တကယ်ဆိုးသည်။

သူပြောသော ကောင်မလေးမျိုးတွေကို မြို့ထဲမှာ မရ ခဏ ခဏ မြင်ဖူးသည်။ ကောင်မလေးတွေရဲ့ ဂျင်း(န်) ဘောင်းဘီက fly တွေဟာ တိုလွန်းအားကြီးလျှင် ထိုင်လိုက်တဲ့အခါမှာ ဘောင်းဘီက အောက်သို့ အရမ်လျှောကျပြီးနောက်သိပ်ကြည့်မကောင်းတော့ချေ။





တချို့ဆို undrwear တွေ ဘာတွေပါ အထင်းသား မြင်နေရကာ တကယ်ကို ရုပ်ပျက်ဆင်းပျက် နိုင်ပါသည်။ အဲဒါမျိုးတွေကျတော့ သူတို့ယောကျ်ားလေးတွေက ဘယ်လိုသဘောထားကြလဲတော့ မသိချေ။

"ပါးစပ်ကသာ ဆီးစေ့နဲ့ ပေါက်ချင်တယ် ပြောနေ စိတ်ထဲကတော့ အရမ်းသဘောကျနေတယ် မဟုတ်လား"

"မရရယ် ... ကိုယ် မရကို ဘာမှညာမပြောချင်ဘူး။ အားလုံးကို အမှန်အတိုင်းပဲ ပေးသိချင်တယ်။ ဒါပေမဲ့ ဆေးခါးကြီးတွေက နည်းနည်းတော့ အဝင်ဆိုးတယ်နော် မရ"

"အမယ်လေး ... ပဏာမပတ်ပျိုး တီးနေပြန်ပြီ။ ကဲ ... ပြောမှာသာ ပြောပါ"

"ယောကျ်ားလေးဆိုတော့လည်း မျက်လုံးထဲမှာမြင်ရင် ကြည့်မိကြမှာပေါ့ မရရယ်။ ကိုယ်တို့ ယောကျ်ားတွေအားလုံး Play Boy မဂ္ဂဇင်းထဲက မော်ဒယ်တွေကို ကြိုက်တယ်၊ ဒါပေမဲ့ အိပ်မက်ထဲအထိ မပါဘူး ...

ဒီလောက်ဆို မရ သဘောပေါက်မှာပါနော်"

သူက ပြုံးစစနှင့် မေးဆတ်ပြောလျှင် မရမှာ ဘာမှပနိုင်တော့ချေ။ စိတ်ထဲမှာ မအီမလည်တော့ ဖြစ်ပေမယ့် နာရယ်လို့တော့လည်း မယ်မယ်ရရ ထုတ်ပြစရာကား မရှိ



www.burmeseclassic.com

www.burmeseclassic.com



ချေ။ တဖြည်းဖြည်းနှင့် မရသည် သူ့စိတ်သဘောထားကို လေ့လာရာမှ ယောကျ်ားတို့၏ စိတ်သဘောထားကိုပါ လေ့လာနေရသလို ဖြစ်လာသည်။

သူတို့ယောကျ်ားလေးတွေဟာ သူငယ်ချင်းအချင်းချင်း ချစ်မိပြီဆိုလျှင်လည်း မိန်းကလေးထက်တောင် ပိုသည်ဟု ထင်သည်။ သူက မရကို Nobody ဆိုင်မှာ ဂျင်း(န်)ဝယ်ပေးရင်းမှ ဇာနည် ဆိုသူထံကို ဖုန်းလှမ်းဆက်သေးသည်။

"အေး ... ဇာနည် ငါ။ အခု Nobody ထဲမှာ ရောက်နေတာ။ ဂျင်း(န်)အသစ်တွေ မိုက်တယ်။ အဲဒါ မင်းအတွက် ဆွဲခဲ့ရဦးမလား ...

ဟုတ်လား ... ဒါများ ငါ့ဖို့တောင် ဝယ်မလာဘူး။ အေးပါ ... တွေ့ဦးမယ်၊ အဲဒါဆို ဒါပဲ"

သူက ဖုန်းကိုပြန်ပိတ်ကာ မရ ဘက်သို့ လှည့်ပြီး ပြောရင်း ...

"သူက ကိုယ်တို့ထက်တောင် ဦးပြီးသွားပြီတဲ့"

အဲဒီနောက် မရ တစ်ယောက် အစမ်းဝတ်ထားသော ဘောင်းဘီကို ကြည့်ကာ သူက လက်မတစ်ချက် ထောင်ပြသည်။ မရသည် ကိုယ့်ကို အစစအရာရာ ဂရုစိုက်သော ချစ်သူတစ်ယောက် အတွက် ရင်ထဲမှာ တကယ်ပဲ ချမ်းမြေ့ရပါသည်။





ဒဂုံစင်တာထဲက ပြန်ထွက်လာသောအခါ သူက မရရဲ့ပခုံးတစ်ဖက်ကို ဖွဖွလေး ဖက်လာသည်။ မရက သူ့ကိုပြုံး၍ ကြည့်မိလျှင် သူက မရရဲ့ခေါင်းလေးကို ချစ်စနိုးဖြင့် အုပ်မိုးသည်။ ပြီးတော့ တိုးတိုးလေး ကပ်ပြောသည်မှာ ...

"နှစ်ယောက်တည်းသာဆို နဖူးချင်းတိုက်ပစ်တယ်"

မရသည် အဲဒီအပြောလေးကြောင့် နဖူးချင်း ဆယ်ခါတိုက်ခံရတာထက်တောင် ရင်ခုန်လို့ သွားခဲ့သည်။ ဒီပုံအတိုင်းဆိုလျှင် သူ့ကို မရ အကြီးအကျယ် ချစ်မိသွားမည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၆

အခြေအနေတွေ ဆိုသည်မှာ တစ်သမတ်တည်း သွားနေတာ မဟုတ်ဘဲ ပြောင်းလဲတတ်ပါလားဟု သတိမပြုမိ အချိန်ထိတော့ မရသည် ရည်စားတစ်ယောက် ထားရတာ စိတ်ချမ်းသာ ကျေနပ်နေခဲ့ပါသည်။ တိမ်လွှာနှင့် ပြဿနာလည်း သိပ်မတက်။ သူကလည်း မရကို စိတ်ချမ်းသာအောင် ထားသဖြင့် ပျော်ရွှင်ကျေနပ်ခဲ့ရသည်။ တိမ်လွှာသည် မိန်းကလေးတစ်ယောက် ကိုတော့ အတော်ချစ်ပြနိုင်သည့် လူစားမျိုးထဲတွင် ပါဝင်လေသည်။

ချစ်သူကို ဂရုစိုက် ကြင်နာပြတတ်သည်မှာ အံ့ဩ ပဲဖြစ်သည်။ တစ်ခါတလေ စိတ်တိုင်းမကျစရာများကတော့ ရှိ ပဲ သူ့သူငယ်ချင်း ဓာနည် ဆိုသူကို ဦးစားပေး အရေးသယ်တ တာ ဖြစ်သည်။ တစ်ခါတစ်ရံမှာ မရနဲ့ စကားပြောကောင်း





တုန်း ဓာနည်က ဖုန်းလှမ်းဆက်ပြီးခေါ်လျှင် ပေါက်ခနဲပါအောင် ထ,သွားတတ်တာကိုတော့ မရ မကြိုက်ချေ။

သူ့စကားထဲမှာလည်း ဓာနည် ဓာနည်နဲ့ တစ်နည်း တည်း နည်နေတတ်သည်။

အဲဒီအကြောင်းကို မကျေနပ်သဖြင့် မရကတောင် နိုင်မြဲကို ပြောပြဖြစ်သေးသည်။

"တိမ်လွှာကိုလေ ငါ အားလုံး သဘောကျပါတယ်။ သူ ငါ့ကို တကယ်ချစ်တယ် ဆိုတာလည်း ခံစားမိတယ်။ ဒါပေမဲ့ ဓာနည် ဆိုတဲ့ကောင်ကို သယ်လွန်းနေတာတော့ ကြည့်မရဘူးဟာ ...

ယောက်ျားအချင်းချင်းကို သည်းလွန်းတယ်"

"ဒါဆိုရင်တော့ သေချာပြီ၊ ဒီကောင် နှစ်ကောင်ထဲက တစ်ယောက်ယောက်ဟာ ဂျီပုန်းပဲ။ ဒါမှမဟုတ်ရင်လည်း နှစ်ယောက်စလုံးရင်လည်း ဖြစ်နိုင်တယ်"

"ဟယ် ... ပေါက်တီးပေါက်ရှာ၊ နင်ကလည်း"

"အကောင်းပြောနေတာ။ ဟိုလို မိတ်ကပ်တွေလိမ်း အတု တွေထည့် အချွန်တွေ ဘာတွေထည့်မှ အဲဒါမျိုးလို့ ထင် ရတာမဟုတ်ဘူး။ တချို့ကိစ္စတွေက အရမ်းနူးညံ့ပြီး မသိ သာတာ ရှိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကို ငါ ကြည့်ခိုင်းတဲ့ Brokeback Mountain ရုပ်ရှင်ကားကို မမှတ်မိဘူးလား။ အဲဒီထဲက ကောင်နှစ် ကောင်ဆို လုံးဝယောကျ်ားရင့်မကြီးတွေ။ ကောင်းဘွိုင်တွေ ဒါတောင် ဘယ်လို ငြိကြလဲ"

ခိုင်မြ ပြောမှပင် မရမှာ ရင်တွေ ဘာတွေတောင် ပူလာရလေသည်။

အဲဒီ ဇာနည် ဆိုတဲ့ တစ်ယောက်ကိုတောင် ချက်ချင်း လိုလိုပဲ တွေ့ချင်လာရသည်။

"နင်ရော ... အဲဒီလို ချစ်ရတဲ့ ယောကျ်ားလေး သူငယ် ချင်းမျိုး မရှိဘူးလား"

"ချစ်ရတဲ့ ! ဟုတ်လား။ နင့်စကားကကို မဟုတ်သေးတာ နင့်ရည်းစားက သူ့သူငယ်ချင်းသူ ချစ်ရတဲ့ ချစ်ရတဲ့ အဲဒီ လိုကြီး ပြောလား"

"အဲဒီလိုကြီးတော့ အမြဲတမ်း မဟုတ်ဘူးပေါ့ဟာ၊ ထား ငါမေးတာပဲ ပြောစမ်းပါ"

"ခင်မင်တဲ့ ဘော်ဒါတွေတော့ ရှိတာပေါ့ဟာ။ နင် ပြော သလောက်ကြီးတော့လည်း မဖြစ်ပါဘူး။ အေးပေါ့လေ ရှိရင်လည်း ရှိမှာပေါ့။ ခက်တာက ငါက သူ့ကို သေချာ မှ မတွေ့ဖူးသေးတာ"





"အေး ... သူကတော့ တစ်နေ့ကျ အားလုံးဆုံမယ်လို့တော့ ပြောဖူးတယ်၊ ဟင်း ... အဲဒီ တိမ်လွှာဟာလေ ငါ့ကို အမြဲ တမ်း အုံးစားအောင် လုပ်တယ်"

"သူက လုပ်တာ မဟုတ်ဘူး။ နင်က လက်ခံနေတာ။ လက်ခံနေတာကို မဟုတ်သေးဘူး။ နင်က အပူရှာနေ တာ ...

ဘယ်ကောင်မလေးနဲ့မှ မရှုပ်ပဲ နေတော့လည်း သူငယ်ချင်းနဲ့ကအစ လိုက်သဝန်တိုနေတယ်၊ မမိုက်သေး ပါဘူး"

အဲဒီတုန်းကတော့ မရက ခိုင်မြကို မျက်စောင်းတစ် သာ ထိုးခဲ့သည်။ ပြီးတော့ ကိုယ့်စိတ်ကိုလည်း နည်းနည်း ဘာ့ ပြန်ဆုံးမလိုက်ပါသည်။ ဒါပေမဲ့ တစ်ချီမှာတော့ ဘယ်လိုမှ ချုပ်လို့ မရနိုင်သော ကိစ္စတစ်ခုက ဖြစ်ပွားခဲ့သည်။ အဲဒီနေ့ မရနှင့် သူငယ်ချင်းတွေကို သူက တိုင်းရင်းသားကျေးရွာသို့ ပို့ပေးဖို့ ချိန်းထားခဲ့သည်မှာ မနက်ကိုးနာရီဖြစ်သည်။

မရတို့အားလုံးက လမ်းသင့်သော ငုဝါတို့အိမ်မှာ လုပ်ကာ သူ့ကို စောင့်ကြသည်။ သို့သော် ကိုယ်တော်ချော ကိုးနာရီလည်း ပေါ်မလာသလို ကိုးနာရီခွဲမှာလည်း ပေါ်မ ဆယ်နာရီထိလည်း ပေါ်မလာ။ သူ့ဖုန်းကို လှမ်းဆက်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ယုတ်ပတ်စွာဖြင့် ဖုန်းကိုပိတ်ထားလျှင် မရရဲ့ဒေါသတွေ မှာ တဆတ်ဆတ် တုန်နေအောင် ထွက်လာရလေသည်။ လူမလာ နိုင်တာ အသာထားတော့။ ဖုန်းကိုပိတ်ထားသည်မှာတော့ မရက် တမင်သက်သက် စိန်ခေါ်တာနှင့်သာ တူတော့သည်။

သူငယ်ချင်းတွေက မရကို အားနာသဖြင့် ဘာမှ မပြောကြသော်လည်း အဲဒီလို မပြောတာကိုက လူကို ပို၍အရှက် ရစေသည်။ မရသည် နှုတ်ခမ်းကို ပြတ်မတတ် ကိုက်ထားရင်း တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်မိသည်။ စိတ်ထဲတွင် ဖျတ်ခနဲ အတွေးပေါ်သွားသည်မှာ သူနဲ့ ပုလင်းတူဘူးဆို့ ဇာနည် ဆိုသည့်ကောင်ရဲ့ လက်ချက်ပဲလားဆိုတာ ဖြစ်သည်။

အဲဒီ ဇာနည် ဆိုတာကို သူ့မှာ ဘယ်လောက်များ ဖင်တုန်အောင်ပင် ကြောက်ရသလဲတော့ မသိချေ။ ဟိုက မြေပြင် ကို ဖနောင့်နဲ့ တစ်ချက်ပေါက် ခေါ်လိုက်တာနှင့် သူက အမြီး တနန့်နန့်နဲ့ ပြေးသွားသည်ဟု မရကတော့ ပစ်ပစ်နှစ်နှစ်ကြီး တွေးပစ်လိုက်လေသည်။

"တောက် … ဒါ ဟိုလဒ ဇာနည် အစုတ်အပြတ်ရဲ့ လက် ချက်ပဲနေမှာ။ တွေ့ကြသေးတာပေါ့ကွာ"

မရနှင့် တိမ်လွှာတို့ ဖြစ်နေကြသည်ကို သိသော ငုဝါရဲ့ညီမက မရကို တစ်ချက်အကဲခတ်ကာ …





"မခြူးမရ ပြောတာ ကိုတိမ်လွှာ့ သူငယ်ချင်း ဇာနည်ကို ပြောနေတာလား"

"အင်း … ဟုတ်တယ်။ အဲဒီတစ်ယောက်က အရမ်းမုန်းဖို့ ကောင်းတယ်။ သူများသမီးရည်းစား တွေ့နေပြီဆိုရင် ခဏ ခဏ ဖုန်းဆက်တယ်။ တစ်ခါတလေဆိုရင် သူခေါ် ရင် ချက်ချင်းတောင် ထသွားရတယ် …

ဘယ်လိုကောင်မှန်းကို မသိဘူး။ အားအားယား ယား။ အခုလည်း အဲဒီကောင်ကိစ္စပဲ နေမှာပေါ့။ သူ့ဆီ ဖုန်းဆက်မှာသိလို့ ဖုန်းကိုပိတ်ထားတာ၊ တွေ့မယ် အဲဒီ တိမ်လွှာ အစုတ်ပလုတ်တော့၊ တွေ့တော့မှ ကောင်းကောင်း ကြီး ကျွေးလွှတ်ဦးမယ်"

ငုဝါရဲ့ညီမက မရရဲ့ ဒေါသသင့်နေသော မျက်နှာကို တစ်ချက် အကဲခတ်ကာ …

"မခြူးမရ အရင်တုန်းက ကိုတိမ်လွှာ့မှာ ရည်းစားတွေ ရှိခဲ့တာရော မခြူးမရ သိလား"

"အင်း … သိတယ်။ သိပ်များပါဘူး ငါးယောက်တောင် လေ။ ဘာဖြစ်လို့လဲ ယုမာ"

မရက အဲဒီလို အလိုက်သင့်လေး ပြန်ပြောလိုက် တာကိုတော့ နည်းနည်း ကျေနပ်သွားသည်။ သူသာ ညတား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရင် အရင်ရည်းစားရှိခဲ့တာကို အခုမှပါ ပေါင်းသိရသော မေ
ဟာ ဒေါသစိတ်ကြောင့် သွေးတိုးပြီးတောင် သေသွားနိုင်ပါသည်။

"အဲဒီ ရည်းစားတွေနဲ့ ပြတ်ကုန်တာလဲ အဲဒီ ဇာနည့်ကြောင့် ပဲလေ"

"ဟင် ... အဲဒီကောင်က ဘာကောင်မို့လဲ။ သူက တိမ်လွှာကို ကြိုက်နေတာလား။ နေပါဦး ယုမာက အဲဒါတွေ ဘယ်လိုလုပ် သိနေတာလဲ"

"ဟဲ့ ... ယုမာ"

ငုဝါကသူ့ညီမ ယုမာကို ဟန့်သော်လည်း ယုမာကတော့ ခပ်တည်တည်ပင်။ မရသည် ငုဝါကို တစ်ချက်လှမ်းကြည့်လိုက်တာနှင့် ဒီကိစ္စတွေကို သူသိပြီးသားဆိုတာ ရိပ်မိသွားပြီ။ အဲဒီအခါမှာ ပို၍လည်း သက်မကောင်း ဖြစ်လို့သွားလေသည်။

"ငုဝါ ... နင်ပါ ဒါတွေ သိထားတယ်ပေါ့ ဟုတ်လား ကျွတ် ... ကြည့်စမ်း၊ နင် ငါ့ကို ဖုံးထားတယ် ဟုတ်လား ငုဝါ"

"မဟုတ်ရပါဘူးဟာ။ ယုမာ ... နင်ကတော့လေ"

"သူ့ကို ဘာမှသွားပြောမနေနဲ့၊ နင့်မျက်နှာကို ကြည့်လိုက်တာနဲ့ နင် ပုံမမှန်ဘူးဆိုတာ ငါသိတယ်၊ ပြော ... ပြောရတယ် ညီမလေး ယုမာ၊ အစ်မကိုပြော ..."





အဲဒီ ဇာနည် ဆိုတဲ့ကောင်က အခြောက်လား"

"အခြောက် မဟုတ်ဘူး အစို"

"အစို ... ဘာအစိုလဲ"

"မခြူးမရက သူ့ကို ယောကျ်ားလေး ထင်နေတာလား။ တကယ်တော့ ဇာနည် ဆိုတာ အရမ်းလှတဲ့ မိန်းမတစ်ယောက် မခြူးမရရဲ့။ သူ့နာမည် အပြည့်အစုံက ဇာနည် ထိပ်ထားတဲ့"

မရသည် အဲဒီစကားကိုကြားလျှင် ပါးစပ်မှ ဘာဟုတောင် အသံမထွက်နိုင်ဘဲ ဆံပင်မွေးတွေ ထောင်အောင်ပင် အံ့သြသွားရလေသည်။ သူ့ပါးစပ်က ဟိုကောင် ဟိုကောင်၊ ဖုန်းပြောရင်လည်း မင်းနဲ့ငါ တတွင်တွင် ပြောနေသော၊ စက်မှုဇုန်ကားတွေဆင်သည့် လုပ်ငန်းကို လုပ်ကိုင်သော ဇာနည် ဆိုတာကြီးဟာ အရမ်းလှတဲ့ မိန်းကလေးတစ်ယောက်တဲ့။

မရသည် လည်ချောင်းဝမှာ သံပရာသီးတစ်လုံး နင်နေသလို တစ်ဆို့နေလျက် ဘာစကားမှ မပြောနိုင်ချေ။ တစ်ချိန်လုံး ယောကျ်ားတစ်ယောက်ဟု ထင်ထားခဲ့သူဟာ မိန်းမတောင်မှ ရိုးရိုးမိန်းမတစ်ယောက် မဟုတ်ဘဲ အရမ်းလှသည့် မိန်းမတစ်ယောက်ဟု သိလိုက်ရသော အဖြစ်အပျက်သည် မရကို လုံးဝဆွံ့အဖြစ်သွားသူလို ပါးစပ်တစ်ခြမ်း ရွဲ့သွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးဟု သိထားရတုန်းကတောင် နာမည်ကြားတာနှင့် စိတ်တို ဒေါသထွက်ရသော သူတစ်ယောက်ကို မိန်းကလေးပါလားဟု သိလိုက်ရချိန်ဝယ် မရသည် ဘယ်သူ့ကို နာကြည်းရမှန်းမသိ နာကြည်းလာသည်။ တကယ်တော့ သူ့ကို နာကြည်းရမှာပါပဲ။

သူက မရကို နှစ်ပေါက်တစ်ပေါက်ရိုက်ကာ မလိမ့်တစ်ပတ် လုပ်ထားသူဖြစ်သည်။

"မရ ... နင် ဘာမှတော့ မဖြစ်ပါဘူးနော်"

ငုဝါက မရကို စိုးရိမ်နေသလိုဖြင့် မေးသည်။ မရသည် ငုဝါကို လက်တစ်ဖက် ကာပြလိုက်ပြီးမှ ...

"ရတယ် ... ငါ ဘာမှမဖြစ်ဘူး။ ငါ့ကို လိမ်ထားလို့ နည်းနည်း ရှော့ခ်ဖြစ်သွားတာ တစ်ခုပဲ။ ယုမာ ... ညီမသိတာ အစ်မကို ပြောပြပါ"

"ယုမာ သိတာကတော့ သူက ယုမာ သူငယ်ချင်းတစ်ယောက်ရဲ့ အစ်မနဲ့ ဖြစ်တာပါ။ အဲဒီလိုပဲ ဓာနည့်ကိုစွနဲ့ ပတ်သက်ပြီး ပြဿနာတက်ကြရာကနေ ပြတ်သွားတာပဲ ...

သူနဲ့ ဓာနည်နဲ့ကလည်း ဘာမှန်းမသိပါဘူး မမရယ်"

"ဘာလဲ ... အီစီကလီလား"





"အီစီကလီလည်း မဟုတ်ပါဘူး၊ သူငယ်ချင်း သူငယ်ချင်းနဲ့ ပါးစပ်ကတော့ သူငယ်ချင်းက တွင်တွင်မချဘူး။ ပုံစံတွေကတော့ လုံးဝသူငယ်ချင်း အဆင့်ထက် မကဘူး ...

သီချင်းတွေထဲကလို လိုအပ်တိုင်းပေါ့ မင်း ခေါ်လိုက်အမြဲအသင့်ပါပဲဆိုတဲ့ သူငယ်ချင်းမျိုးများတောင် ဖြစ်နေပလား မသိပါဘူး။ ဒါကလည်း မင်းတိမ်လွှာ ဘက်ကတစ်ဖက်သတ်ဖီလင်ပဲ နေမှာပါ။ ဟိုက လှမ်းခေါ်လိုက်တာနဲ့ ဘေးကရည်းစားကို ဘာဖြစ်ဖြစ် ပစ်ထားခဲ့ပြီး လှစ်ခနဲ လှစ်ခနဲ ပြေးတတ်တာ သူ့အကျင့်ပဲလေ။ ဘာတွေများ သူငယ်ချင်း ဖြစ်နေလဲတော့ မပြောတတ်ဘူး"

မရသည် ယုမာရဲ့စကားတွေကို နားထောင်ရင်း မျက်လုံးထဲတွင် အရှုံးအမှူးစတိုင်လ်တွေ လုပ်ပြတတ်သော တိမ်လွှာရဲ့ပုံစံတွေကို မြင်ယောင်ရင်း ရင်ထဲမှာ တဆစ်ဆစ်ဖြင့် နာကျင်ပြီးလာသည်။

ဒီးရင်က ပါးစပ်တွေကသာ ခဏ ခဏ ပြောခဲ့ဖူးသော အရှုံးလုပ်ခံရတယ် ဟူသော အဓိပ္ပာယ်ကို ခုမှ ချက်ချင်းလက်ငင်း သဘောပေါက်ချေပြီ။

ဟုတ်တယ် ... မရဟာ ယောကျ်ားတစ်ယောက်နဲ့ လုံးဝအရှုံးလုပ်ခြင်းကို ခံရတာပဲ။ မရသည် အံကိုတင်းတင်းကြိတ်



www.burmeseclassic.com

www.burmeseclassic.com



ရင်းမှ နာနာကြည်းကြည်း ပြုံးမိလေသည်။ မရရဲ့ စိတ်နေစိတ်ထားကိုသိသော ငုဝါက လက်တစ်ဖက်ကို လာရောက်ဆုပ်ကိုင်လျက် ဖျောင်းဖျကာ ...

"မရရယ် ... အဲဒီလောက်ကြီးလည်း ဒေါသဖြစ်မနေပါနဲ့။ တိမ်လွှာက နင့်ကိုတော့ တကယ်ချစ်တဲ့ပုံပါ။ အဲဒီ ယုမာကလည်းလေ သူများစုံတွဲကြား–သက်သက်ပြဿနာဖြစ်အောင်"

"ယုမာမှာ အပြစ်မရှိဘူး ငုဝါ။ ငါ သူ့ကို ကျေးဇူးအရမ်းတင်တယ်။ စိတ်ဆိုးချင်းစိတ်ဆိုး နင့်ကို စိတ်ဆိုးရမှာ။ သူ့ကြောင့်သာ မဟုတ်ခဲ့ရင် ငါ ဘယ်အချိန်ထိ အရူးလုပ်ခံနေရမလဲ မပြောတတ်ဘူး"

"အရူးလုပ်တာတော့ ဟုတ်မယ် မထင်ပါဘူးဟာ။ နင်သိရင် ပြဿနာတက်မှစိုးတော့ နင့်ကို မပြတ်နိုင်လို့ နေမှာပေါ့"

မရက ဟက်ခနဲ တစ်ချက်ရယ်ကာ နာကြည်းစွာဖြင့် ခေါင်းကို ယမ်းမိသည်။ မျက်လုံးထဲတွင် သိပ်လှသည်ဆိုသော ဇာနည် ဆိုတဲ့ မိန်းမကို ပုံဖော်ကြည့်မိသည်။ အမြင်ကတ်သည့်စိတ်နှင့် ဖော်လို့လားတော့မသိ ဆောင့်ကြွားကြွား ပုံစံနှင့်သာ ပေါ်၍လာလေသည်။





"ပြဿနာဖြေရှင်းမယ် ဆိုတော့လည်း ပြေပြေလည်လည်တော့ ဖြေရှင်းပါ မရရယ်၊ နင့်ဒေါသကို ကြားထဲက ငါက ကြောက်လွန်းလို့ပါ"

အခုတော့ သွေးအေးငြိမ်သက်သွားသော မရက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းနေရင်းမှ ...

"ပြဿနာ မဖြစ်ပါဘူးဟာ။ ဒီလိုကိစ္စမျိုးမှာ ဝူးဝူးဝါးဝါးသွားလုပ်ရင် ငါပဲ ငပေါမကြီး ဖြစ်သွားမှာပေါ့။ ဒီကိစ္စဟာ အကြမ်းပတမ်းနည်းနဲ့ ဖြေရှင်းလို့ရတဲ့ ကိစ္စမျိုးမဟုတ်ဘူးဆိုတာ သူ့ရဲ့ရည်းစားငါးယောက်က သက်သေပြသွားပြီးပြီ ...

ဦးနှောက်မဲ့တဲ့ ဖြေရှင်းနည်းမျိုးနဲ့ ငါ ဖြေရှင်းမှာမဟုတ်ဘူး။ ဒီကိစ္စဟာ သွေးအေးအေးထားပြီး ဖြေရှင်းရမယ့်ကိစ္စ။ ရတယ် ငုဝါ။ ကိစ္စမရှိဘူး အေးဆေးပဲ"

ငုဝါက သွေးအေးသော်လည်း ပိုကြောက်စရာကောင်းသွားပြန်သည့် မရရဲ့မျက်နှာကို မထိတ်လန့်သာရှိစွာ ကြည့်ကာ ...

"နင် ဘာတွေ လုပ်ဦးမလို့လဲ မရရယ်။ တစ်ခုခုဆိုတို့နဲ့ တိုင်ပင်ပါဦး"

"စိတ်ချ၊ ငါ သူ့ကို ပြဿနာမရှာဘူး မဖြစ်ဘူး။ ဒါပေမဲ့ ခြူးမရနိုင် ဆိုတာ သူနဲ့ ဇာနည်ထိပ်ထား ဆိုတဲ့ မိန်းမဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လှည့်သမျှ ခံနေမယ့် ခပ်ညံ့ညံ့မိန်းမ မဟုတ်ဘူးဆိုတာ သိအောင်ပြရုံလေးတင်ပဲ ...

အဲဒါပဲ။ နင်တို့စောင့်ကြည့်နေပါဟာ။ ပွဲက အခုမှ ကြည့်ကောင်းလာတာပါ။ ငါတော့ အခုမှ ရင်ခုန်လာသလိုပဲ ... ဟား ဟား ဟား"

မရက တင်းကျပ်မှုတွေကို ပြေလျော့လို ပြေလျော့ငြား ရယ်မောလိုက်သော်လည်း ထင်သလောက် မလွတ်လပ်သွားချေ။ ရယ်မောခြင်းနှင့်အတူ ခံစားချက်တချို့က ပါမသွားဘဲ နှလုံးသားတွင် ကျပ်ကျပ်သပ်သပ် ညပ်ကျန်ခဲ့ပြန်သည်။

မရသည် လက်ဆစ်တွေကို တဖြောက်ဖြောက်ချိုး၊ ဇက်ကြောတွေကို လိမ်ချိုးရင်းနဲ့ မျက်ဝန်းတွေကို မှေးကျဉ်းထားကာ နှုတ်ခမ်းတွေက တဖြည်းဖြည်း ပြုံး၍လာသည်။ ရှင် မရကို လျှော့တွက်ထားရင် မှားလိမ့်မယ် မင်းတိမ်လွှာ။

❖



မရ မျှော်လင့်ထားသလိုပင် နောက်တစ်ရက် ကျောင်းဖွင့်သောအခါ သူက ထုံးစံအတိုင်း အှယားဖားယားပုံစံဖြင့် မရ အနားသို့ အသည်းအသန် ရောက်ရှိလို့လာသည်။ ပုံမှန်အခြေအနေတိုင်းဆိုလျှင် တိုက်ပွဲခေါ်သံတွေဖြင့် တင်းမာနေမည်ဖြစ်သော မရရဲ့ မျက်နှာသည် သူ ဘယ်လိုမှ အကဲဖမ်း၍ မရအောင် အဓိပ္ပာယ်များ ပျောက်ဆုံးနေသော ဗလာမျက်နှာ ဖြစ်လို့နေသည်။

သူက မရကို တဟဲဟဲဖြင့် မျက်နှာချိုသွေးကာ ...

"မောနင်း မရ"

"အင်း ... မောနင်း၊ ဒီနေ့ စောသားပဲနော်"

မရက ဘာမှမဖြစ်သလိုအထာဖြင့် ပြန်ပြောလိုက်လျှင် သူက နည်းနည်းအံ့ဩသွားသော မျက်နှာဖြင့် မရကို တစ်ချက်အကဲခတ်သည်။ မရကတော့ ခပ်တည်တည်ပင်။ ဒီနေ့ ကျူတိုရီယယ်တစ်ခု ရှိတာမို့ စာအုပ်ကိုဖွင့်ကာ သင်ခန်းစာတွေကို လိုက်ဖတ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက မရကို အထူးအဆန်း လိုက်ကြည့်ကာ နားမလည်နိုင်သော မျက်နှာဖြင့် ဇဝေဇဝါ ဖြစ်နေလျှင် မရသည် စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ဘရာဗိုပေးလိုက်သည်။ တွေ့တယ် မဟုတ်လား။

ပထမဆုံး တိုက်ကွက်မှာတောင် သူ နည်းနည်းတော့ ရှော့ခ် ရသွားပြီ။ ဒါ အကင်းပဲ ရှိသေးတယ် မင်းတိမ်လွှာ။ အမှည့်တွေ၊ အဝင်းတွေ၊ ရက်လွန်တွေသာ လာလို့ကတော့ မင်း အထက်လန်အောက်လျှော်နဲ့ လစ်ဖို့သာ ပြင်ပေတော့။

မရက စိတ်ထဲမှ တိတ်တိတ်လေး ကြုံးဝါးလိုက်ကာ မျက်နှာကတော့ ပြုံးပြုံးလေးနှင့် သူ့ကို လှည့်ကြည့်လိုက်သည်။ သူက မရ မျက်နှာပေါ်မှ တစ်စုံတစ်ခုကို ရှာဖွေနေသည့်အလား ...

"မရ ... ဟိုတနင်္ဂနွေနေ့က မရ ငုဝါတို့အိမ်ကို မရောက် ဖြစ်ဘူးလား"

"ရောက်ဖြစ်တယ်လေ။ သူတို့အိမ်ကနေ ညနေသုံးနာရီထိုးပြီးမှ ပြန်တာ"

"ဟာ ... အဲဒီအချိန်ထိ။ မရ ကိုယ့်ကို စောင့်နေတာပေါ့ ဟုတ်လား"

မရက ပြုံးထားလေလေ သူ့မျက်နှာက ပိုရှုံ့ကိုးရိုးကားရား နိုင်လာလေလေပဲ ဖြစ်သည်။





"စောင့်နေတာတော့ မဟုတ်ပါဘူး။ ဆယ့်တစ်နာရီမှ ရောက်မလာတော့ မလာတော့ဘူးဆိုတာ သိပြီလေ။ သူငယ်ချင်းတွေ စုမိတုန်း စကားပြောနေကြတာပေါ့၊ ဒါပါပဲ"

"ဟို ... မရ ကိုယ့်ဖုန်းကိုရော ဆက်သေးလားဟင်"

မရက ဘာမှမဖြေတော့ဘဲ သူ့ကိုပြုံးပြီးကြည့်နေချင် သူ့မှာ မရရဲ့အကြည့်တွေကိုတောင် ရင်မဆိုင်ရဲတော့ချေ။ အလဲ့ ... ဘယ်ဆိုးလို့လဲ။ ခါတိုင်းက သူ့မျက်လုံးဒဏ်တွေကို ဖယ်ခဲ့တာက မရ ဖြစ်သည်။

သူက ခေါင်းကုတ်သလိုလို နောက်ကျောကုတ်သလို ဖြင့် တောင်စဉ်ရေမရစကားတွေကို စ,ပြောသည်။

"အဲဒီနေ့ကကွာ ဟိုဟာလေ အိမ်က အရမ်းအရေးကြီးတဲ့ ကိစ္စတစ်ခုကို ခိုင်းထားလို့ပါ မရရယ် ...

အဲဒါ ဘယ်လိုမှ လစ်ထွက်လို့ကလည်း မရဆိုတော့ ကိုယ် မရကို အရမ်းအားနာတာပဲကွာ။ မရရဲ့ သူငယ်ချင်းတွေကိုရော ကိုယ် တောင်းပန်ပါ့မယ်"

"မလိုပါဘူး။ အင်မတန် အရေးကြီးတဲ့ သေရေးရှင်ရေး ကိစ္စကြောင့်သာ တိမ်လွှာ ရောက်မလာနိုင်တာ ဆိုဘာ အားလုံးက သိကြပါတယ် ...

ထွေထွေထူးထူး တောင်းပန်နေစရာ မလိုပါဘူး တိမ်လွှာ"



www.burmeseclassic.com

www.burmeseclassic.com



သူက မရရဲ့မျက်နှာကို မရအစစ်မှ ဟုတ်ပါလေစ ဟူသော ပုံစံဖြင့် စေ့စေ့စပ်စပ် ကြည့်ရှုလို့နေသည်။ ပြီးတော့မှ သက်ပြင်းတစ်ချက်ကိုချကာ မရရဲ့သားနားသို့ ဝင်ထိုင်လိုက်ရင်း

"မရ ... ကိုယ့်ကို စိတ်တိုရင် ဒေါသထွက်ရင်လည်း ပွင့်ပွင့်လင်းလင်း အော်ဟစ်ပြီး ရိုက်ပုတ်ပစ်လို့ ရပါတယ်ကွာ။ ကိုယ် မရ ပြောသမျှ ခံပါ့မယ်။ ဒီလိုပုံစံနဲ့တော့ ကိုယ့်ကို မရိပါနဲ့"

မရက အဟုတ်ကို နားမလည်သည့် မျက်ဝန်းများကို ဝိုင်းကြည့်ကာ ...

"ဟင် ... မရက ဘာရိနေလို့လဲ။ ရှင့်မှာ အရမ်းအရေးကြီးတဲ့ ကိစ္စရှိတာကြောင့် ရောက်မလာနိုင်တာ မရက နားလည်မပေးရဘူးပေါ့ ...

ရန်တွေ့ရမယ်ပေါ့၊ အဲဒီလိုလား ပြော"

သူက မရရဲ့ အပြောကို မဟုတ်သေးပါဘူးဟူသော ပုံစံဖြင့် ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းကာနေသည်။ မရသည် အတွေးခက်နေသော သူ့ပုံစံကို တိတ်တခိုး ချောင်းကြည့်နေ စိတ်ထဲမှာ အတော်ဝမ်းမြောက်ပြီးနေသည်။ တစ်ခါတစ် ဟန်ဆောင်တတ်ခြင်းဟာ တော်တော်ထိရောက်သော ပညာပါ ဟု တွေးမိသွားလျှင် မရကို ဆုံးမစကားတွေပြောခဲ့သော သူ ချင်းကောင်း ခိုင်မြကိုပါ သတိရသွားခဲ့သည်။





ခိုင်မြရဲ့ အတွေးပါသော စကားတွေကြောင့်သာ သည် စိတ်လိုက်မာန်ပါ မလုပ်ခဲ့ပဲ ခေါင်းအေးအေးနှင့် ရင် ဖြေရှင်း ပြန်လည်ပညာပေးဖို့ နည်းလမ်းတွေ စဉ်းစားမိခဲ့ခြင်း သည်။ မရက တိတ်ဆိတ်စွာ တွေးတောနေသော သူ့ဘက်သို့ သာလှည့်ကာ တိုးတိုးလေး ခေါ်လိုက်သည်။

"တိမ်လွှာ"

သူက မရကို ငံ့လင့်သော မျက်ဝန်းများဖြင့် ပင့် သည်။ မရက သူ့မျက်ဝန်းတွေထဲ တည့်တည့်စိုက်ကြည့် တောက်ပစွာ ပြုံးပြလိုက်သည်။

"တိမ်လွှာ ... မရကို တကယ်ချစ်သလား"

"ချစ်တာပေါ့ မရ။ ဘာဖြစ်လို့လဲ"

"ချစ်ရင် အစစအရာရာ ပွင့်လင်းမှုရှိပါ တိမ်လွှာ"

"ကိုယ်က မရကို ..."

"မရကို ရှင့် သူငယ်ချင်း ဓာနည်ထိပ်ထားနဲ့ မိတ်ဆက် ပေးပါ တိမ်လွှာ"

သူ့စကားမဆုံးခင် မရက ဖြတ်ပြောလိုက်တာဖြစ် သူက မရကို အံ့သြသော မျက်ဝန်းများဖြင့် ငေးကြည့်နေတာ ကောင်းကောင်းကြီး ပြုံးပြထားလိုက်သည်။ သူ့အိုက်တင် ဖြစ်တာ ဒီတစ်ခါ ကြည့်လို့အကောင်းဆုံးပဲဖြစ်သည်။

"ဘယ်လိုလဲ၊ မရတို့ တွေ့လို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မရ"

သူ့အသံက သိပ်အားမရှိလှချေ။ ပြောင်းလဲသွားသော မရရဲ့ပုံစံနှင့် အပြုံးဖော့ဖော့သီသီတွေကို သက်ာမကင်းစိုးရိမ်နေဟန်ရှိသည်။

"အိုခေ ... ဒါဆို အလုပ်သိပ်များတဲ့ ဇာနည်ထိပ်ထားအားတဲ့တစ်ရက်လောက်မှာ ဆုံကြတာပေါ့ ...

မရမှာလည်း ရှင့်လိုပဲ သိပ်ချစ်ရတဲ့ သူငယ်ချင်းတစ်ယောက် ရှိပါတယ် တိမ်လွှာ။ တစ်နေ့နေ့ကျရင် ရှင်နဲ့ ဆုံပေးဦးမှာပါ"

မရရဲ့အပြောကို သူက လေးလေးပင်ပင် ခေါင်းညိတ်ပြသည်။ ဒီနေ့အဖို့မှာတော့ သူနဲ့ မရတို့ရဲ့ ပုံစံတွေမှာ ပြောင်းပြန်ဖြစ်ကာနေသည်။ ဒါကိုပဲ မရက ကျေနပ်သည်။ ဆိုတစေ သွေးပူလှုပ်ရှားကာ ဝုန်းဒိုင်းကြဲတတ်သော မရသည် တစ်ကြိမ်မှာတော့ အမှတ်တွေပေးမိအောင်ပဲ တည်ငြိမ်နေနိုင်တာကို ကိုယ့်ကိုယ်ကိုယ် ချီးကျူးရလေသည်။

ဒါကြောင့် ပြောတာ။ သွေးပူ စိတ်လှုပ်ရှား မတည်ငြိမ်လွန်းတာဟာ ဘယ်နေရာမှ မကောင်းချေ။ ဖြစ်နိုင်လျှင် လောကကြီးကို လက်ပိုက်ကြည့်လျက် ရှုတင်းတင်း ရင်ဆိုင်နိုင်တာသာ အကောင်းဆုံး ဖြစ်တော့သည်။

❖





# အခန်း ၇

ဒီနေ့ ဇာနည်ထိပ်ထားနှင့် မရ တွေ့ဆုံမည့်နေ့ဖြစ်သည်။ သူက မရကို လာကြိုပေးမည်ဟု ပြောသော်လည်း မရက လက်မခံပဲ အားလုံး ကိုယ့်အစီအစဉ်နဲ့ကိုယ်သာ လာဖို့ပြောလိုက်သည်။ ဒီလောက်ဆိုလျှင် သူလည်း ဇာနည်နှင့် အတူတူရောက်သာဖို့ မဖြစ်နိုင်တော့ဘူး ဆိုတာ သဘောပေါက်မှာပင်။

မရတို့ ချိန်းထားသည့်နေရာက အေးအေးဆေးဆေး ရှိသည့် ကော်ဖီဆိုင်လေးတစ်ဆိုင်မှာ ဖြစ်သည်။ မရသည် အဲဒီကို သွားဖို့ အဝတ်အစားကို ရွေးချယ်၍မပြီးနိုင် ဖြစ်နေသည်။ မှန်တာဝန်ခံရလျှင် အရမ်းလှသည်ဟု မှတ်ချက်ပေးခံထားရသော ဇာနည်ထိပ်ထားရဲ့ရှေ့မှာ သူ့လောက်မလှရင်တောင် သူ့ထက်တော့ မညံ့ချင်ခဲ့ချေ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မရသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိချင်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခြင်းဟာ တစ်ဝက်အောင်မြင်သည်ဟု ပြောပြဖူးသော ခိုင်မြဲရဲ့စကားအတိုင်း ဒီနေ့မှာ မရ ကိုယ့်အလှ ကိုယ် ယုံကြည်၍ နေချင်ပါသည်။ မရသည် တစ်ခါမှ ကိုယ့်ကိုယ် ကိုယ် လှလား မလှဘူးလား ဆိုတာ မဆန်းစစ်ကြည့်ခဲ့ဖူးချေ။ ဒါပေမဲ့ အင်မတန် အလှကြိုက်သော တိမ်လွှာ တစ်ယောက်က မရကို ချစ်ခဲ့သည် ဆိုမှတော့ မရဟာ မလှရင်တောင် ရုပ်မဆိုး ဘူးဆိုတာ သိသာစေသည်။

သူငယ်ချင်းတွေကတော့ မရကို မလှတာတွေ နည်း နည်းချင်း ပေါင်းလိုက်သောအခါ အတော်ဆွဲဆောင်မှုရှိသော မျက်နှာ ဖြစ်သွားသည်ဟုတော့ ပြောဖူးသည်။ မရက သူများမိန်း ကလေးတွေထက် နှုတ်ခမ်းနည်းနည်းပြဲကာ မျက်လုံးကနည်းနည် ပိုပြူးသည်။ မျက်နှာကျက သွယ်ရှည်မျောမျောဖြစ်သဖြင့် ခေါ် ဒယ်ဆန်သော မျက်နှာမျိုး သွားဖြစ်နေသည်။ အသားအရေ တော့ လုံးဝဆုတောင်းထူးစွာဖြင့် အဝါဘက်သို့ပြေးသော တကယ့် ကို အသားတော်ရွှေဝါဝင်းကို ပိုင်ဆိုင်ထားသူပဲ ဖြစ်ပါသည်။

မရသည် အသားတော် ရွှေဝါဝင်းကို နောက်ဆုံး တော့ ကချင်ဝမ်းဆက်သာ ဆင်လိုက်တော့သည်။ အရိုးဆုံးဟာ အဆန်းဆုံးဟု ကြားဖူးတာပဲ။ ကချင်ဝမ်းဆက် အနက်ရောင်ပေါ်





တွင် ကချင်ကွက် ဖြူ ပြာ နီ ဝါ ရောင်စုံတွေကြောင့် ပို၍လှပ ကြွရွကာ တစ်မျိုးဆန်းသွားသည်ဟု ထင်သည်။ အပေါ်မှဖြောင့် ၍ အဖျားပိုင်းမှာ အခွေအနွဲ့ အလိပ်တွေပါသော ကျောလယ်ရှိ ဆံကေသာတွေကို မရက အိမ်မှာပဲ ပုံသွင်းကာ ဒီအတိုင်းချ ထားလိုက်သည်။

နောက်ဆုံးပိတ်အနေဖြင့် နှုတ်ခမ်းကို ဆိုးနေကျ DORU NO(01) ဆိုးပြီး အနက်ရောင်ဒေါက်မြင့်ဖိနပ်စီးပြီးလျှင် မရက အပြင်ထွက်ဖို့ အဆင်သင့် ဖြစ်သွားခဲ့ပြီ။ ချိန်းထားသော ကော်ဖီဆိုင်လေးသို့ မရထက်အရင် ရောက်နေသောသူမှာ တိမ်လွှာ ဖြစ်သည်။ သူ ဝတ်ထားသောအင်္ကျီကို မြင်လျှင် မရက နည်း နည်း ကျေနပ်သွားရသည်။

တိမ်လွှာသည် ဒီနေ့တော့ သိပ်တောက်တောက်ပပ ထင်ထင်ရှားရှားကြီးတွေ ဝတ်မလာဘဲ အနက်ရောင်တီရှပ်တစ် ထည်ကို ဂျင်း(န်)တစ်ထည်နှင့်သာ ခပ်ရိုးရိုး တွဲဖက်ဝတ်ဆင်ထား သည်။ မရနှင့် အင်္ကျီအရောင်ချင်း တူသဖြင့် ချစ်သူတွေအဖြစ် ပိုသဘာဝကျသွားသည်ဟု တွက်ဆမိ၍ ဖြစ်သည်။

သူက မရ ဝင်လာတာကိုမြင်လျှင်လက်လှမ်းပြသည်။ မရသည် သူ့ခုံးမှာ နေရာလွတ် ရှိပါလျက်နှင့် တမင် ဝင်မထိုင်ဘဲ နှစ်ဖက်စလုံးကို မြင်နိုင်သည့် နေရာမှာသာ ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မရ ဘာစားမလဲ"

"ပန်းသီးဖျော်ရည်"

သူ့ရှေ့မှာတော့ ကော်ဖီတစ်ခွက်သာ ချထားသည်။ သူက မရ အတွက် မှာပေးပြီးလျှင် မရကို နွေးနွေးထွေးထွေးပြုံးပြသည်။ သူ့ပုံစံသည် ဟိုတစ်နေ့ကလောက်တော့ ကယောင်ကတမ်း ဖြစ်မနေတော့ပါ။ နည်းနည်း အေးအေးဆေးဆေး ရှိသွားသည်။ သို့သော်လည်း ချက်ချင်းကြီး မော်ဆရာမအသွင် ပေါက်သွားသော မရရဲ့ပုံစံကို ထိန်းထိန်းသိမ်းသိမ်း ကြည့်နေရသည့်ပုံစံတွင်ရှိသည်။

"ဓာနည်ထိပ်ထားက အားရော အားရဲ့လား"

ဓာနည် ဆိုတာ အထီးကြီးမဟုတ်မှန်း သိပြီးတည်းက အဲဒီလို နာမည်အပြည့်အစုံ ခေါ်တာကိုလည်း သူက ရိပ်မိပုံရသည်။ ဘာမှတော့ မပြောချေ။

"အားပါတယ်။ သူ့ကို သေချာပြောထားတာပဲဟာ။ သူကလည်း မရကို တွေ့ချင်နေတာပါ"

"ဘာဖြစ်လို့ တွေ့ချင်နေတာလဲ"

မရရဲ့အမေးကို သူက တစ်ချက်မော့ကြည့်မိသည်။

"ကိုယ့်သူငယ်ချင်းရဲ့ ချစ်သူဆိုတော့ သူက တွေ့ချင်မြင်ဖူးချင်တဲ့ သဘောပါ"





"ဩော် ... ဩော်"

အဲဒီအချိန်မှာပဲ အဝင်ဝဘက်သို့ မျက်နှာမူထားသော သူ့မျက်လုံးတွေဟာ တစ်မျိုးဖြစ်သွားသည်မို့ မရသည် တစ်စုံတစ်ယောက် ရောက်လာပြီ ဆိုတာကို နားလည်လိုက်ရလေသည်။ အဲဒီ ရောက်လာပြီ ဟူသော အသိလေးနဲ့တင် ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားသည်ဟူသော ခံစားချက်သည် ဒီမိန်းမဟာ သာမန်မဟုတ်ဘူးဆိုသော အသိကို ခံစားရလိုက်စေသည်။

မရက ချက်ချင်းလှည့်မကြည့်သေးဘဲ မျက်နှာကို ပုံစံတစ်မျိုးဖြစ်အောင် အသင့်ပြင်ထားလိုက်သည်။ စားပွဲနားသို့ ရောက်လာသော အသံကြားမှ အလိုက်သင့် အနေအထားဖြင့် လှည့်ကြည့်လိုက်လျှင် စိတ်ထဲမှာ ခံစားမှုတစ်မျိုးက ဖြတ်သန်းဝင်ရောက်သွားလေသည်။

မရရဲ့ အကြည့်တစ်ချက်နှင့် မရကို ကြည့်လာသော အကြည့်တစ်ချက်တို့သည် လမ်းခုလတ်တစ်နေရာမှာ တွေ့ဆုံသည်။ အဲဒီမျက်ဝန်းတွေသည် ရောက်လာတည်းက မရကို ကြည့်ပြီး လှမ်းဝင်ခဲ့သည်ဆိုတာ သေချာပါသည်။ မျက်လုံးတစ်ခုတည်းကကို အင်မတန်လှပစွန်းစက်နေသော သူမသည် မရကို ပြုံးငုံ့ငုံ့လေးကြည့်ကာ ခုံမှာဝင်ထိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ခြူးမရနိုင် ပေါ့နော်။ အိုခေ ... ကြားဖူးနေတာတော့ ကြာပါပြီ။ အခုမှပဲ ဆုံဖြစ်ကြတော့တယ်။ တွေ့ရတာ ဝမ်းသာပါတယ် မရ”

“မရလည်း ဝမ်းသာပါတယ်။ မရကလည်း ဇာနည်ထိပ်ထားကို တွေ့ချင်နေတာပါ။ ဇာနည် ဇာနည်နဲ့ဆိုတော့ မရက ယောက်ျားလေးလို့ ထင်နေတာလေ”

သူမက မျက်ခုံးကိုပင့်ကာ နှုတ်ခမ်းကို စုဝိုင်းရင်း အိုးခနဲဟူသော ပုံစံပြုသည်။ အင်း ... မရ နေရာမှာ ယောက်ျားတစ်ယောက်သာ ဆိုလျှင်တော့ တော်တော်စွဲမက်ဖို့ကောင်းတဲ့ ပုံစံပါပေပဲ။

ဇာနည်ထိပ်ထားရဲ့ ပုံစံသည် လှတယ် ဆိုတာထက် အလှတွေ ပိုနေသောပုံစံမျိုး ဖြစ်သည်။

ခပ်တိုတို ညှပ်ထားသော်လည်း ပုံကျလှသည့် ဆံပင်ပုံစံကြောင့် သူမဟာ မရတို့ထက် တစ်နှစ်ကြီးတယ်တောင် မထင်ရဘဲ တစ်နှစ်ငယ်သူလို့တောင် ထင်ရပါသည်။ အင်မတန် ဈေးကြီးမှန်း သိသာသည့် Designer's Clothes သည် သူမရဲ့ ကိုယ်ပေါ်မှာ မော်ဒယ်ပြထားသလို သားနားစွာ ချပ်ရပ်ကျနေသည်။ ပလက်တီနမ်နှင့် စိန် ရောစပ်ပြုလုပ်ထားသည့် လက်ဝတ်ရတနာ မွှားမွှားလေးတွေဟာ လုံးဝအမြင်မရိုင်းစေဘဲ သူမကိုယ်



BURMESE CLASSIC .com



ပေါ်မှ အရောင်တွေ ထွက်နေသလား ထင်ရအောင်ပင် တဖျပ်ဖျပ်ဖြင့် လင်းလက်လှပလို့နေသည်။

ကချင်ဝမ်းဆက် ဝတ်စုံလေးသာ ဝတ်ဆင်ခဲ့သော မရနှင့် ဇာနည်ထိပ်ထားသည် သူဌေးနှင့် ဝန်ထမ်းလို ချပြထားသည့်အလား ကွာခြားနေတော့လေသည်။

“အခု တွေ့လိုက်ရတော့မှပဲ သိပ်လှတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေတော့တယ်”

နောက်ဆက်တွဲ ဖြည့်စွက်ပြောလိုက်သော မရရဲ့ စကားကို သူမက ပြုံးပြီး ခေါင်းတစ်ချက်ဆတ်ကာ ...

“တို့ကို ချီးကျူးတဲ့အတွက် မရကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ တို့က မရရဲ့အလှကို ပိုသဘောကျတယ် ...

မရရဲ့ပုံစံက တို့ထက်ပိုပြီး Attrection ရှိတယ်လေ”

မရကတော့ သူမ စကားပြောတာ ပိုပြီး Attrection ရှိသည်ဟု ထင်သည်။ သူမရဲ့လေသံသည် တခြားသူတွေ စကားပြောတာနှင့် မတူဘဲ ချွဲသံပါသော လေသံမျိုးဖြစ်သည်။ ဒါပေမဲ့ တမင်ချွဲပြောနေတာ မဟုတ်မှန်းလည်း သိသာသည်။ နဂိုမွေးရာပါ အသံဆိုတာကို နားထောင်ရင် သိနိုင်သော်လည်း အဲဒီအသံဟာ သူမ တစ်ကိုယ်လုံးမှာ ဆွဲဆောင်မှု အရှိဆုံးဟု ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မရတို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ကျိုး ဘုတ်မြှောက်၊ ဘုတ် ကျိုးမြှောက် (စိတ်ထဲက ပါ,မပါတော့ မသိ) နေကြတာကို တိမ်လွှာက ဆက်နားမထောင်ချင်တော့ဟန် ဖြင့် ...

"ကဲ ... နင်တို့နှစ်ယောက်က ငါ မိတ်ဆက်ပေးစရာတောင် မလိုပါဘူး။ ငါတောင် မလိုအပ်ဘူးနဲ့ တူပါတယ်နော်"

မရက တစ်ခုခုပြန်ပြောဖို့ ကြိုးစားလိုက်သော်လည်း မရထက်ဦးစွာ သူမထံမှ အသံထွက်လာသည်။

"မင်း လိုအပ်တာပေါ့ တိမ်လွှာရဲ့။ မင်းကြောင့်သာ တို့ နှစ်ယောက် တွေ့ဖြစ်ကြတာလေ"

သူမက အဲဒီစကားကို ပြုံးပြုံးလေး ပြောတာ ဖြစ် သော်လည်း အဲဒီစကားရဲ့အဓိပ္ပာယ်ဟာ ဘယ်လောက်ထိ နက်နဲ လည်းဆိုတာကိုတော့ မရ မခန့်မှန်းတတ်ပါ။ တိမ်လွှာကလည်း အဲဒီစကားကို ထပ်မဆက်ချင်တော့ဟန်ဖြင့် ...

"ဓာနည် ... မင်း ဘာမှ မမှာရသေးဘူးလေ။ တစ်ခုခုမှာ ဦး"

"မင်းပဲ မှာလိုက်တော့"

အဲဒီစကားဟာ ဘယ်အတိုင်းအတာထိ ရောက်သွား လဲဆိုတာတော့ ရုတ်တရက် မရ မတွေးမိချေ။ သူမကို လှမ်းကြည့်





လိုက်လျှင် သူမက မရကို ကြည့်မနေဘဲ တိမ်လွှာ့ကိုသာ ခပ်ပြုံး ပြုံး လှမ်းကြည့်နေသည်။ တိမ်လွှာရဲ့ ပုံစံကတော့ မရကို မကြည့် မိအောင် တမင်ထိန်းချုပ်ထားသော ပုံစံမျိုးဖြစ်သည်။

ဒါလည်း ကောင်းတာပါပဲ။ မရကို ကြည့်မနေသော နှစ်ယောက်စလုံးကို မရက စိတ်တိုင်းကျ အကဲခတ်ခွင့် ရရှိလို့ နေပေသည်။

တိမ်လွှာသည် စိတ်ကျဉ်းကျပ်မှုကို အတင်းဖယ်ထုတ် ထားသော မျက်နှာဖြင့် မီနူးကို ဟိုလှန်ဒီလှန်လုပ်ကာ ဟိုဟိုဒီဒီ ငေးဝဲပြီး ရှာဖွေနေသည်။

"နေဦး ... မင်း မကြိုက်တဲ့ဟာကို တမင်ရွေးမှာပေးမလို့။ အင်း ... ဒူးမလိုင် သောက်မလား။ တခြား အီအီပျစ်ပျစ် တွေထဲက ဘာရှိမလဲ"

"ရှာ ... ရှာ ... တွေ့အောင်ရှာ၊ ရပါတယ်"

သူမက မေးထောက်ရင်းမှ တိမ်လွှာ့ကို လှမ်းပြော သည်။ မေးထောက်ကာပြုံးပြီး တိမ်လွှာ့ကို ကြည့်သော အကြည့် များသည် ရွှန်းစက်ကာ တဖျပ်ဖျပ် လက်နေသည်။ တိမ်လွှာ ဘာ လုပ်လုပ် ခွင့်လွှတ်ထားသည်ဟူသော ခွင့်လွှတ်ပြုံးမျိုးကြီးဖြစ်သည်။ မရသည် အဲဒီအပြုံးကြီးကို အနီးကပ် မြင်တွေ့ရနေလျှင် အသည်း တယားယား ဖြစ်လို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထောပတ်သီးနဲ့ ဒူးမလိုင်နဲ့ ရောခိုင်းလိုက်မယ်၊ ကောင်းလား"

"ကောင်းပါတယ်"

ပြုံးစိစိ ပြန်ဖြေပုံနှင့် ချွဲတဲတဲ အသံဟာ မရရဲ့နားထဲ၌ အတော်ကြီး နားဝင်ဆိုးလို့နေသည်။ တိမ်လွှာ ဆိုသော အသုံးမကျသည့် ရည်းစားကလည်း ပြုံးငြိမ့်ငြိမ့်ဖြင့် နောက်ဆုံးတော့ သူမရဲ့အကြိုက်ဆုံးဖြစ်သော ကပ်ပူချီနို တစ်ခွက်သာ မှာပေးလေသည်။ မရက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"တိမ်လွှာက ဇာနည်ထိပ်ထားကိုတော့ တော်တော်ချစ်တယ်နော်၊ ဘယ်အချိန်ပဲဖြစ်ဖြစ် ဇာနည်ထိပ်ထား အတွက်ဆို stand by ဖြစ်နေတာပဲ"

"ဇာနည်ကလည်း သူ့အတွက်ဆို stand by ပဲလေ"

သူမက အဲဒီစကားကို တစ်စက်မှ တွေဝေတွန့်ဆုတ်ခြင်း မရှိဘဲ ပြန်ပြောသဖြင့် မရမှာ ချက်ချင်း ဘာပြန်ပြောရမှန်းတောင် မသိချေ။ တစ်ခဏ[illegible]ကို မရ သိသွားသည်မှာ ဒီမိန်းမဟာ ပေါ့သေးသေးမိန်းမ မဟုတ်ကူးဟု ထင်သည်။ ဘဝကို စောစောစီးစီး ရင်ဆိုင်ရပြီး လောကအလယ်ထဲမှာ ကျင်လည်လှုပ်ရှားနေရသော မိန်းမတစ်ယောက်အဖြစ် မျက်လုံးတွေက လောကကြီးအကြောင်းကို မရတို့ထက် နားလည်ကာ ရင့်ကျက်၍နေသည်။





မရသည် ကယောင်ကတမ်းဖြင့် တစ်ချက်ရယ်သွမ်းသွေးလိုက်ပြီးမှ ...

"ဩော် ... ဒါဆို ဇာနည်ထိပ်ထားတို့က တော်တော်ချစ်ကြတာပဲနော်"

မရသည် အဲဒီစကားကိုတော့ ဖြစ်ချင်ရာဖြစ် ဟူသော သဘောထားဖြင့် ပြောချပစ်လိုက်တာဖြစ်သည်။ အဲဒီစကားကို ပြောလိုက်စဉ်မှာ တိမ်လွှာ့ကို လှည့်တောင်မကြည့်တော့။ ဇာနည်ထိပ်ထား ဆိုသော မိန်းမရဲ့မျက်နှာကိုသာ ခပ်ထက်ထက်ကြည့်ရင်း ပြောလိုက်တာဖြစ်သည်။

ဝတ်စားဆင်ယင်ပုံမှာရော မျက်နှာပေး အနေအထားမှာရော သူက သူဌေးသမီးတစ်ယောက်ဟု ပါးစပ်က ဖွင့်မပြောလည်းပဲ သိသာနေသည့်ပုံစံ ဖြစ်သော်လည်း မရက သတ္တိရှိရှိနှင့် ရင်ဆိုင်လာနိုင်သောအခါ သူနဲ့ အပြတ်အသတ် မကွာခြားတော့ဘူးဟု ထင်သည်။ အထူးသဖြင့် မရသည် ဒီအချိန်မှာ မှန်မကြည့်ပါဘဲနှင့် ကိုယ့်မျက်လုံးတွေ တဖျပ်ဖျပ် လက်နေမည်ဆိုတာ ကိုယ့်ဟာကိုယ် သိလေသည်။

သူမကလည်း မခေချေ။ မရရဲ့မျက်လုံးတွေထဲသို့ အဆင့်နှစ်ဆင့်ဖြင့် ပြန်ကြည့်သည်။ ပထမအကြည့်က ဒီဟာမ ဘာလဲ ဟူသော အကြည့်မျိုးဖြစ်ပြီး အဲဒီအကြည့်မှာ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တောင် ရှိမည်မထင်ချေ။ မရရဲ့နှလုံးသားပေး အတွေ့အကြုံအရ ကြောင့်သာ သိရခြင်းဖြစ်သည်။ နောက်တော့ သူမရဲ့အကြည့်က ချက်ချင်းပဲ အခိပ္ပာယ်ပြောင်းသွားသည်။

အရည်တရွှမ်းရွှမ်းလက်နေသော တန်ဖိုးကြီး နှုတ်ခမ်းနီကို ဆိုးထားသော နှုတ်ခမ်းလှလှများသည် ဟန်ဆောင်ခြင်းဖြင့် မရကို ပြုံးပြသည်။

ပြီးလျှင် ခေါင်းတစ်ချက်ညိတ်လိုက်ကာ ...

"ချစ်တယ် ဆိုတာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ရှိတယ်လေ။ မရက ဘယ်လိုအချစ်မျိုးနဲ့ ချစ်တယ်လို့ ထင်လို့လဲ"

ဤမျှ ပွင့်လင်းပြောင်ကျသော စကားတို့ကို မရ တစ်ခါမှ မကြားဖူးခဲ့ချေ။ ဘယ်လိုပြန်ပြောရမှန်း မသိသဖြင့် ဓာနည်ထိပ်ထားကို ကြောင်ကာ ကြည့်နေမိသည်။ အဲဒီအချိန်မှာပဲ တိမ်လွှာက ဝူးဝူးဝါးဝါး ထ,လုပ်ကာ အခြေအနေတွေကို ပြောင်းလဲပစ်လိုက်ခြင်း ဖြစ်လေသည်။

"ဘယ်လိုအချစ်မျိုးနဲ့မှ မချစ်ဘူး မရ။ အလကား ... ဒီကောင်က ကိုယ့်ကို ခိုင်းစရာရှိမှ သတိရတတ်တာ ...

ဓာနည် ... မင်း မရကို တွေ့တွေ့ချင်းမှာ အရမ်း မထည့်နဲ့ကွာ။ မရက ငါ့ကို အရမ်းချစ်တာ၊ သဝန်တိုတယ် မနောက်နဲ့ ဓာနည် ... မနောက်နဲ့"





"နောက်နေတာ မဟုတ်ဘူးလေ။ သူ မေးလို့ ငါ ပြန်မေးတာလေ။ မင်းက ငါ့ကို မချစ်တော့ မင်းမှာ အဖြေမရှိပေမယ့် ငါက မင်းကို ချစ်နေတာဆိုတော့ ငါ့မှာ အဖြေရှိတယ်လေ ...

ဒါပေမဲ့ အဲဒါက ပုံစံတစ်မျိုး မဟုတ်ဘူးလား"

မရသည် သူူးဆန်းသော လူသားနှစ်ယောက်ကို ...းကြောင်ကာ ငေးကြည့်နေမိသည်။ သူတို့ပြောနေသော ဘာ...သာစကားတွေဟာ ကမ္ဘာပေါ်တွင် လက်ရှိသုံးနေသော ဘာသာ...ကားမှ ဟုတ်ပါလေစ။

သူတို့ဘာသာတွေကို မရ တကယ်ပဲ လိုက်လို့မမီ...းလို့မလည်တော့ချေ။

တိမ်လွှာက ဓာနည် ဆိုသော ရဲရဲတောက်မကို ...စ်ချက် တောင်းပန်သလိုကြည့်ကာ ...

"ဓာနည် ... တောင်းပန်ပါတယ်ကွ။ မင်း မကျိုပ်ပါနဲ့"

"ဟောတော့ ... ကျိုပ်နေတာကို ချောင်ပေးနေတာလေ တိမ်လွှာ။ ဘာဖြစ်လို့ အထင်လွဲချင်ရတာလဲ"

တွေ့လား ..., စကားပြောသံက ညုတုတု ချွဲတဲတဲ ...က်လုံးတွေက ရီတီတီ။ မရသည် အံ့ဖွယ်ကောင်းသော ဓာနည် ...ပ်ထား၏ မျက်နှာကို ငေးကာ လန့်လာသည်။ ဒီမိန်းမဟာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရင် ကြောက်သလို ဖြစ်ခြောက်မည့် မိန်းမဆိုတာ နားလည် ထားရသဖြင့် မာန်ကို ဖွတ်တင်းထားရသော်လည်း ဒီအချိန် မာန်မတင်းချင်သေးဘဲ ထူးဆန်းအံ့ဩဖွယ်ရာ ဒီမိန်းမကို ဒီနေ့တ နေ့တော့ အလကား ထိုင်ကြည့်ချင်လှလေသည်။

သူမက မရ ဘက်သို့ ပြုံးပြုံးလေး လှည့်လာကာ_

(ဒီလောက် ခွပ်ထားတာကိုလည်း ဘယ်နှယ့်မှ သော မျက်နှာထားဖြင့်)

"မရက တိမ်လွှာရဲ့ချစ်သူဆိုတော့ မရကို တိမ်လွှာနဲ့ပ သက်ပြီး နည်းနည်းဗျူးမယ်၊ ဖြစ်လား မရ"

"ဖြစ်ပါတယ်၊ ဒါပေမဲ့ ရှင့်ကိုလည်း မရ သိချင်တာ ပြန်မေးခွင့်တော့ ရှိရလိမ့်မယ်"

"အိုခေ ... ရပါတယ်။ ဒါမှလည်း တရားမျှတမှာပေါ့"

"မေးလေ ... ဘာမေးမလို့လဲ။ တိမ်လွှာနဲ့ ပတ်သက်ပြီ တော့ ကျွန်မ သိတာကတော့ သိပ်မရှိပါဘူး။ ကျွန်မ သူ့ အကြောင်းတွေ သိပ်မသိဘူး ...

သိလည်း မသိချင်ဘူးရှင့်။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်အကြောင်းကို များများစားစားသိရင် သိ ချစ်ချင်စရာ မကောင်းတော့ဘူး ...

ဟုတ်လား ... အဲဒါ"





မရက အငိုက်ဖမ်းကာ မေးလိုက်သော်လည်း ဇာနည် ထိပ်ထားဟာ ထင်ထားတာထက်တောင် ပို၍ပါးနပ်လေသည်။ တစ်ချက်ပြုံးကာ ခေါင်းကိုငဲ့စောင်းလိုက်ပြီးမှ ...

"တို့ကို မရ မေးခွန်းမေးရမယ့် အလှည့် မဟုတ်သေးဘူး လေ။ မေးချင်ရင် ပြီးမှမေးပေါ့"

မရက မခိုးမခန့်ပြုံးကာ ပခုံးကို တစ်ချက်တွန့်မိ သည်။ သူမက မရကို ဆက်၍မေးသည်။

"တိမ်လွှာ့ကို မရ ဘာဖြစ်လို့ ချစ်တာလဲ"

သူမ အကြည့်တွေက စူးရှပြတ်သားလို့နေသည်။ ရသည် ဒီမေးခွန်းတွေကိုတော့ လှပအောင် တန်ဆာဆင်ဖို့ စိတ်မကူးတော့ဘဲ စိတ်ထဲရှိသည့်အတိုင်းသာ ဖြေဖို့ဆုံးဖြတ်ထား လေသည်။

"ကျွန်မ မသိဘူး"

သူမက မျက်ခုံးတစ်ဖက်တည်းကိုပဲ လှပစွာပင့်ကာ...

"မသိဘူး ! ဘာဖြစ်လို့ မသိရတာလဲဟင်၊ ဒါဖြင့်ရင် ဘယ်လောက်ချစ်လဲ ဆိုတာရော သိလား။ ဆိုလိုတာက အများကြီး ချစ်လား နည်းနည်းလောက်ပဲ ချစ်သလား အဲသလိုပေါ့"

"ဇာနည်ထိပ်ထား ... ရှင့် မျက်လုံးနဲ့ နှစ်လက်မလောက် ကွာတဲ့နေရာမှာ ဘာရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



မရရဲ့ မထင်မှတ်သော မေးခွန်းကြောင့် သူမ ရုတ်တရက်တော့ ကြောင်သွားပုံရသည်။ တိမ်လွှာပင်လျှင် မရကို ဘာပါလိမ့်ဟူသော ပုံစံဖြင့် လှမ်းကြည့်သည်။ မရက တိမ်လွှာ ကို ခပ်ပင့်ပင့်လေး ပြုံးကြည့်လိုက်ပြီးမှ သူမဘက်သို့ ပြန်လှည့် ကာ ဘယ်လိုလဲဟု မေးဆတ်ပြလိုက်လျှင် ထင်သလောက်မည့် သော သူမက ...

"အရာဝတ္ထုအားဖြင့်တော့ မရှိဘူး။ ဒါပေမဲ့ လေ,ရှိတယ်"

"ဟုတ်တယ် ... အဲဒါကို ရှင် ထိတွေ့ကိုင်တွယ်လို့ မရ ဘူး။ မမြင်ရဘူး မဟုတ်လား။ ဒါပေမဲ့ ရှိနေမှန်းတော့ သိတယ်။ အကောင်အထည် မမြင်နိုင်တဲ့ နှုံးညှံ့ပြီး ဖမ်း ဆုပ်ဖို့ခက်တဲ့ သူ့ကို ဂူသွင်းပြီး အသက်ဆက်နေရတယ် _

အချစ်ဟာ အဲဒီလိုပဲပေါ့ ဇာနည်ထိပ်ထား။ ပြောပြ လို့တော့ မရဘူး။ ဒါပေမဲ့ ကိုယ်တိုင်ခံစားကြည့်မှ သိနိုင် တယ်။ အဲဒီသဘောပဲ"

သူမက မရရဲ့အဖြေကို သဘောကျသွားသည့်အလား ခေါင်းကို တဆတ်ဆတ် ညိတ်နေတော့ကာ ...

"မရရဲ့ အဖြေကို တို့ သဘောကျပါတယ်။ အိုခေ _ အဲဒါလည်း ဖြစ်နိုင်ပါတယ်။ ကဲ ... မရကရော တို့ကို ဘာမေးချင်လဲ ... မေး _





ပွင့်ပွင့်လင်းလင်းနဲ့ အားမနာစတမ်းသာ မေးပါ တော့"

အားမနာစတမ်း ဆိုတော့လည်း အားမနာစတမ်း ပေါ့။ မရသည် ရင်ထဲမှာ ဘာကိုမှ မျိုသိပ်မထားတတ်သူပီပီ စိတ်ထဲရှိတာကိုသာ မေးလိုက်သည်။

"အခုနက မဖြေဖြစ်ခဲ့တဲ့ စကားကိုသာ ဆက်ပြောပါ။ ဇာနည်ထိပ်ထားက တိမ်လွှာကို ဘယ်လိုအချစ်မျိုးနဲ့ ချစ် တာလဲ"

သူမက အကြာကြီးပြုံးနေပါသည်။ ပြီးတော့ တိမ်လွှာ ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ မရကို ကြည့်ကာ ...

"တိမ်လွှာ စိတ်ချမ်းသာစေချင်တဲ့ အချစ်မျိုးနဲ့ ချစ်တာပါ မရ"

မရသည် တစ်စုံတစ်ခု ပြောပစ်ဖို့ရာအတွက် ပါးစပ် ကို ဟဖို့ပြင်လိုက်သော်လည်း တိမ်လွှာက မရရဲ့လက်ဖမိုးတစ် ဖက်ကို တင်းထင်းလာရောက်ဆုပ်ကိုင်ထားပြီးဖြစ်သည်။ ဇာနည် က အဲဒီပုံစံကို (မရကို ဆုပ်ကိုင်ထားသော တိမ်လွှာနဲ့ မရရဲ့ တွဲ လက်များကို) ငုံ့ကြည့်နေရင်းမှ ထပ်ပြောသည်။

"အဲဒီအချစ်မျိုးက အကြောင်းမသိရင်တော့ အံ့ဩစရာ နည်းနည်းကောင်းနေပေမယ့် အကြောင်းသိသွားရင်တော့ သိပ်အံ့ဩစရာ မရှိပါဘူးလေ ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အဲဒါက ရိုးရိုးလေးပါ မရ။ စိတ်ထဲမှာ အရိုးသားဆုံးပဲ တွေးထားလိုက်ပါ”

မရသည် ခံစားချက်အမိပ္ပာယ်တွေ ပါဝင်နေသည့် ဇာနည်ထိပ်ထား၏ မျက်နှာကို တအံ့တသြ ငေးနေမိသည်မှာ မျက်တောင်ပင် မခတ်နိုင်ချေ။ အရင်တုန်းက မရသည် ကမ္ဘာ့ထင်ရှားသည့် အမျိုးသမီး အကျော်အမော်များကို အင်မတန် ဒိတ်ဝင်စားခဲ့သည်။ သမ္မတရာထူးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်နေရသော ဟီလာရီကလင်တန်၊ သမ္မတရာထူးအတွက် လုပ်ကြံခံရသော ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို၊ မရသာဆိုလျှင် ချီတောင်ချီချင်မှာ မဟုတ်သည့် အီသီယိုးပီးယားကလေးငယ်မလေး ဇဟာရာကို မွေးစားထားသည့် အင်ဂျလီနာဂျိုလီစသဖြင့် အဲဒီမိန်းမတွေကို မရ အထူးစိတ်ဝင်စားခဲ့သည်။

သို့သော် ဇာနည်ထိပ်ထားနဲ့ စကားပြောအပြီးမှာတော့ သူမကိုသာ စိတ်အဝင်စားဆုံး ဖြစ်ခဲ့တော့သည်။

❖





# ၀

မရသည် ဇာနည်ထိပ်ထား ဆိုသော မိန်းမတစ်ယောက်နှင့် တွေ့ဆုံပြီးသည့် နောက်ပိုင်းတွင် သူမ်ကို အရင်ကထက် သံသယစိတ်တွေ ပို၍များလာခဲ့သည်။ သူမနှင့် တွေ့ဆုံမိတ်ဆက်ခဲ့ရသော်လည်း စိတ်ထဲမှာ သူမကို မိတ်ဆွေတစ်ယောက်အဖြစ်ရော သူငယ်ချင်းတစ်ယောက် အဖြစ်ပါ ခံစားလို့ကို မရချေ။ လူသိတစ်ယောက်လိုသာ သဘောထားနိုင်သည်။ သူမလည်း အဲဒီလိုပဲ ရှိပါလိမ့်မည်။

သူမကို တစ်ခါသာ တွေ့ဆုံဖူးလိုက်သော်လည်း အဲဒီ တစ်ကြိမ်တစ်ခါ အတွင်းမှာ မရက ကောင်းကောင်းတော့ အကဲခတ်နိုင်လိုက်သည်။ တိမ်လွှာနှင့် ဇာနည်ထိပ်ထားတွင် သံသယဝင်စရာ အကောင်းဆုံးလူမှာ ဇာနည်ထိပ်ထားသာလျှင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ သူမနဲ့ တိမ်လွှာဟာ ငယ်ငယ်လေးတည်းက အတူ ကြီးပြင်းလာခဲ့ကြပြီး ရင်ခုန်တတ်စ အရွယ်မှာ ဘာကြောင့်များ ချစ်သူတွေ ဖြစ်မသွားကြတာပါလိမ့် ဆိုတာကို မရ မကြာခဏ တွေးတောမိတတ်သည်။

အခုဆိုလျှင် မရသည် တိမ်လွှာ့ကို စောင့်ကြည့်ရ သည့် အလုပ်တစ်ခုက ပိုလာသည်။ သို့သော် မရ စောင့်ကြည့် နေတာကိုလည်း သူ မသိစေရ။ မရ အတွက် တော်တော်တော့ ခက်ခဲသည့် အလုပ်တစ်ခုပဲ ဖြစ်ပါသည်။ ခိုင်မြဲ ပြောသလို ဓာနည်ထိပ်ထားသည် ထင်မထားသည့် ထောင့်ချိုးတစ်ခုဖြစ်သည်။ တစ်နေ့မှာတော့ မရသည် တိမ်လွှာနှင့် စကားပြောနေတုန်းမှာ နားယားလာသဖြင့် နားကျပ်တံ တောင်းမိသည်။

ထိုအခိုက်မှာ တိမ်လွှာရဲ့ဖုန်း မြည်လာသဖြင့် ...

"မရ ... ကိုယ့်ကျောပိုးအိတ်ထဲမှာ ကြည့်လိုက်"

သူက ဖုန်းပြောဖို့ရာ အနားမှ ထသွားသည်။ မရ က သူ့ကျောပိုးအိတ်ကိုဖွင့်ကာ နားကျပ်တံအထုပ်ကို ရှာဖွေသည်။ အဲဒီမှာပဲ နားကျပ်တံအထုပ်နဲ့အတူ City mart အိတ်အသေးလေး တစ်ခုကို ပိတ်လျက်သား တွေ့လိုက်လျှင် စိတ်ထဲမှာ ထင့်ခနဲဖြစ် သွားသည်။ ဘယ်လို ကိုယ်စောင့်နတ်မျိုးက နှိုးဆော်သလဲတော့ မသိပါ။





မရသည် အိတ်ကို ထိပ်မှာ စုချည်ကာ ပတ်ထား သည့်တိပ်ကို ဆွဲခွာလိုက်ကာ အထဲကဟာကို ဖွင့်ကြည့်လိုက်သည်။ အထဲမှာ ပါတာက O'lay တံဆိပ် နို့ရည်ဘူးဖြစ်လျှင် မရရဲ့မျက် လုံးတွေက ကျုံ့ခနဲ ဖြစ်သွားသည်။ O'lay နို့ရည်ကိုတော့ သူ သုံးမည်မထင်ချေ။ သူ သုံးသော တံဆိပ်က AMBY LANDON (For men) ဖြစ်သည်ဆိုတာ မရ သိသည်။

သူက ဖုန်းပြောပြီး ပြန်လာသောအခါ မရရဲ့လက် ထဲမှပစ္စည်းကို မြင်လျှင် တစ်မျိုးဖြစ်သွားသည်ဟု ထင်သည်။ မရက လက်ထဲမှဘူးကို ထောင်ပြကာ ...

"ဒါ ဘာလဲ တိမ်လွှာ"

"ဪ ... အင်း ... ဟိုဟာလေ O'lay နို့ရည်လေ"

"ဘယ်သူ့ဖို့လဲ"

သူ့မျက်နှာက ရုတ်တရက် ဘယ်လိုဖြေရမှန်းမသိ ဖြစ်သွားပြီးမှ ...

"ဪ ... သူငယ်ချင်း တစ်ယောက်က မှာလို့ပါ"

မရသည် သူ့ကို စိမ်းရှုရှု တစ်ချက်ကြည့်လျက် ...

"အဲဒီ သူငယ်ချင်းဆိုတာ ဓာနည်ထိပ်ထားမှ ဟုတ်ရဲ့လား"

သူက ခေါင်းကို ခပ်လေးလေး ညိတ်ပြရင်း မရရဲ့ အားတွင် ဝင်ထိုင်သည်။ မရက မျက်နှာကို ခပ်တင်းတင်းထား


www.burmeseclassic.com

www.burmeseclassic.com



ကာ နို့ရည်ဘူးကို ကြွပ်ကြွပ်အိတ်ထဲသို့ ခပ်ဆောင့်ဆောင့် ပြန်ထည့်နေလိုက်သည်။

"ဓာနည်က မှာလိုက်တာနဲ့ လမ်းကြုံလို့ ဝင်ဝယ်ပေးတာပါ မရရာ။ သူက ရှော့ပင်းတွေ ဘာတွေ သိပ်မသွားတော့ အဲဒီလိုပဲ ဟိုဟာကြုံ ဟိုဟာမှာ ဒီဟာကြုံ ဒီဟာမှာ အဲဒီလို မှာတာလေ"

မရက အထုပ်ကို သူ့ဘက်သို့ ပြန်ကမ်းပေးရင်းမှ ခနဲ့တဲ့တဲ့ကြည့်ကာ ...

"ဟုတ်လား ... ဘော်လီတို့ ဘရာစီယာတို့ရော လမ်းကြုံရင် မှာတာပဲလား"

"ဟာကွာ ... ကျုပ် ... မရ ဘယ်လိုပြောလိုက်တာလဲ"

သူက မရကို စိတ်တိုသွားသလို ပုံစံနှင့် မေးသည်။ မရကလည်း ကိုယ်မှန်တယ်ထင်ရင် နောက်မဆုတ်တတ်သော သူတစ်ယောက်မို့ သူ့ကို ခပ်တင်းတင်းပဲ ပြန်ကြည့်ကာ ...

"ဟုတ်တယ်လေ၊ ကိုယ်တိုင်မှ ထွက်မဝယ်နိုင်တဲ့လူက ဒါမျိုးတွေရှိတဲ့ နေရာကို ရောက်ရင်လည်း အမျိုးအစားနဲ့ ဆိုဒ်နံပါတ်ပြောပြီး မှာချင် မှာနေမှာပဲ မဟုတ်လား ...

နေစမ်းပါဦး တိမ်လွှာရဲ့။ ရှင့်ကိုရော မရ မေးစမ်းပါရစေဦး။ ရှင်တို့နှစ်ယောက်က ဘာတွေလဲ"





"မရ ... ဘာတွေ ပြောနေတာလဲကွာ။ အခုထိ မရရဲ့ အမြင်တွေ မရှင်းသေးဘူးလား။ ကိုယ်နဲ့ ဓာနည်ဟာ ငယ်ငယ်လေးတည်းက အရမ်းခင်ခဲ့ကြတဲ့ သူငယ်ချင်းတွေ။ မောင်နှမတွေလိုပဲ ခင်တာ ချစ်တာကွာ ...

မရ လုံးဝအထင်မလွဲနဲ့"

"မခင်နဲ့ မချစ်နဲ့။ ရှင်တို့မှာ အဲဒီလို ခင်စရာ ချစ်စရာ ဘာအကြောင်းမှ မရှိဘူး။ ရှင့်လိုပဲ မရမှာလည်း အရမ်းခင်တဲ့ ငယ်သူငယ်ချင်းတစ်ယောက် ရှိတာပဲ။ ရှင်တို့လို နေ့တိုင်းဖုန်းပြောနေရအောင် မကဲဘူး ...

မရလည်း သူ့ကို ရောက်တဲ့အရပ်က ကြွခဲ့ပါဆိုပြီး ဖုန်းဆက်မခေါ်ဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ကိစ္စရှိရင် တိုင်ပင်တယ် တွေ့တယ် ...

ဒါပဲလေ ... မရတို့သိတဲ့ သူငယ်ချင်းဆိုတာ အဲဒါမျိုးပဲ"

"ကျုပ် ... မဆိုင်ဘူးလေ မရရာ။ ခင်တာ မင်တာမှာ အဲဒီလို သီအိုရီတွေမှ မရှိဘဲ။ မရကို မရ သူငယ်ချင်းနဲ့ ကိုယ် သဝန်မတိုဘူးလေ ...

ကိုယ့်ကိုလည်း သဝန်မတိုနဲ့ မရရာ။ ကိုယ်တို့ အေးအေးချမ်းချမ်းလေးပဲ နေသွားကြရအောင်။ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



မရက မဲ့ပြုံး,ပြုံးကာ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းသည်။

"အေးအေးချမ်းချမ်းလေး နေချင်ရင် အေးချမ်းတဲ့ အခြေအနေတစ်ခုကို ဖြစ်အောင် ဖန်တီးပြောင်းလဲမှုရမှာ တိမ်လွှာ ...

ပါးစပ်လေးကနေပြီး အေးချမ်းချင်ပါတယ်လို့ ပြောနေရုံနဲ့ မပြီးဘူးလေ။ ကောင်းပြီ ... ရှင့်စိတ်ကို မရ နားလည်ပေးလိုက်မယ် ...

ဒါပေမဲ့ ဓာနည်ထိပ်ထားရဲ့စိတ်ကိုတော့ နားလည်မပေးနိုင်ဘူး"

"မဟုတ်ဘူး။ မရ လွဲနေပြီ။ နောက်ဆိုရင် မရ ဓာနည့်ကိုပါ နားလည်လာမှာပါ"

"နားလည်တယ်ဆိုတာ နားလည်အောင် ကြိုးစားမှ နားလည်တာ တိမ်လွှာ။ မရ သူ့ကို နားလည်မပေးချင်ဘူး ...

မရ တစ်ခု မေးစမ်းပါရစေဦး။ ရှင် သူ့စိတ်ကို နည်းနည်းလေးမှ မဖတ်တတ်ဘူးလားဟင် တိမ်လွှာ"

သူက မရ ဘာ့ကိုဆိုလိုမှန်း သိသဖြင့် သက်ပြင်းကို မရေမရာချကာ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းသည်။ မရသည် သူ အကြံအိုက် စိတ်ပျက်နေပုံကိုကြည့်ကာ ရင်ထဲတွင် နည်းနည်းတော့ ကရုဏာသက်သွားသည်။ မရကို ပြိုင်မငြင်းသော





ဆန့်ကျင်ဘက် တင်းတင်းမာမာ စကားတွေ မဆိုသော သူ့ကို မရကလည်း နားလည်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

စိတ်ချ တိမ်လွှာ ... ရှင့်ကို နားလည်မပေးနိုင်လို့ ဆုံးရှုံးသွားတယ်ဆိုတဲ့ အဖြစ်မျိုး ဓာနည်ထိပ်ထားရဲ့ အမြင်မှာ မရ အဖြစ်မခံနိုင်ပါဘူး။

မရက သူ့ပခုံးတစ်ဖက်ကို ဖွဖွလေး ဆုပ်ကိုင်ကာ နူးနူးညံ့ညံ့ဖြင့် ...

"သူက ရှင့်ကို ချစ်နေတာလား တိမ်လွှာ"

"အာ ... မဟုတ်တာ မရရာ"

သူ့အသံက စိတ်ပျက်ညည်းညူသံ။ မရက လှို့ဝှက်စွာ တစ်ချက်ပြုံးလိုက်ကာ ...

"မရတော့ အဲဒီလိုပဲ ထင်တယ်။ ရှေ့က ရှင့်ရည်းစားတွေနဲ့ ပြတ်ခဲ့တာတွေကလည်း သူ့စနက်ပဲ မဟုတ်လား"

"မဟုတ်ပါဘူး မရရယ်။ ဓာနည်နဲ့ ဘာမှမဆိုင်ပါဘူး။ ကိုယ် တကယ်မချစ်ခဲ့တဲ့ မိန်းကလေးတွေမို့ ဒီလို လွယ်လွယ်လေး ပြီးသွားခဲ့တာပါ ...

သူတို့ကလည်း ကိုယ့်ကို မလေးနက်ခဲ့ဘူး၊ ကိုယ်ကလည်း သူတို့ကို မလေးနက်ခဲ့ဘူး။ အဲဒါကြောင့်ပဲ။ ဓာနည်နဲ့ ဘာမှမဆိုင်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မရ ... ကိုယ် အရှင်းဆုံးပြောမယ်၊ ဇာနည့်ကို ခေါင်းထဲက ထုတ်ထားလိုက်စမ်းပါကွာ ... နော်”

“မရကို ထုတ်စေချင်ရင် ရှင့်ခေါင်းထဲက သူ့ကို အရင်ထုတ်လိုက်ပါ တိမ်လွှာ။ ဒါဆို မရလည်း သူ့ကို အုံးစားစရာ အကြောင်းမရှိတော့ဘူးပေါ့”

သူ ဘာမှမပြောဘဲ တိတ်ဆိတ်သွားသည်။ ခဏကြာတော့မှ ...

“မရကို ကိုယ် ကတိတစ်ခု ပေးနိုင်ရင် မရ မကျေနပ်ဘူးလားဟင်”

မရက ကိုယ့်နှုတ်ခမ်းပေါ်မှာ လက်ညှိုးတစ်ချောင်းကို တင်လိုက်ရင်း မပြောနဲ့တော့ ဟူသော ပုံစံမျိုး လုပ်ပြလိုက်သည်။

“Promise is to be broken တဲ့ တိမ်လွှာ။ ကတိဆိုတာ ဖျောက်ဖျက်ဖို့အတွက် ဖြစ်ပေါ်လာတာပဲ မဟုတ်လား ...

မရ ကတိစကားတွေကို မကြိုက်တတ်ဘူး။ ကတိဆိုတာ အခြေအနေ တစ်ခုအတွက် ကြိုတင်ပြီး အပေါင်ပေးထားတဲ့အရာလို့ မြင်တယ် ...

အပေါင်ဆုံးသွားရင် ဘာတတ်နိုင်မှာလဲ၊ အဲဒီတော့ အစတည်းက အပေါင်ခံတာ လက်မခံနိုင်ဘူး”





သူက မောတယ် ဟူသော ပုံစံဖြင့် လျှာထုတ်ပြကာ မရရဲ့ ပခုံးတစ်ဖက်ပေါ်သို့ သူ့ခေါင်းကို မှီချလိုက်သည်။ ပြီးတော့ “စကားအရမ်းတတ်တာပဲကွာ”ဟုလည်း ညည်းညည်းညူညူ ပြောသေးလေသည်။

“ဇာနည်ထိပ်ထားမှာ ရည်းစားမရှိဘူးလား တိမ်လွှာ”

“မရှိသေးဘူး”

“ဒါဆို ရှိလာမယ့် သဘောပေါ့။ သူလို မိန်းမတစ်ယောက်ကို ကြိုက်တဲ့လူ မရှိဘူး ဆိုတာတော့ မဖြစ်နိုင်ပါဘူး ...

ဝိုင်းဝိုင်းလည်နေမယ်နဲ့ တူပါတယ်နော်”

“မသိပါဘူး မရရယ်”

သူက စိတ်မပါသလိုသာ ဖြေသည်။ စိတ်မပါသလို မလုပ်နဲ့ တိမ်လွှာ။ ရှင့် ထိပ်ထားအကြောင်းကို ရသလောက်နှိုက်ထုတ်ရမှာ မရ တာဝန်ပဲ။

“သူက တိမ်လွှာ့ကို အချစ်ရေးကိစ္စတွေ ဘာတွေနဲ့ ပတ်သက်ပြီး တိုင်ပင်တာ မရှိဘူးလား”

“ကိုယ်တို့ အဲဒီအကြောင်းကို တစ်ခါမှ မဆွေးနွေးဖူးကြဘူး”

ဘယ်ဆွေးနွေးမလဲ။ သူက ရှင့်ကို ကျိတ်ချစ်နေတာကိုး။ မရက အဲဒီစကားကို စိတ်ထဲမှ ပြောလိုက်မိသည်။

“မရက ကိုယ့်ကို ဇာနည်နဲ့ သဝန်တိုနေတာလားဟင်”



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ပတ်သက်၍ သူ့နှုတ်ဖျားက ထွက်လာသည့် မေးခွန်းမှာ ဒါ ပထမဆုံးပဲ ဖြစ်သည်။ မရသည် အဲဒီမေးခွန်းကို ရုတ်တရက် မဖြေနိုင်ချေ။ သူနဲ့ ဓာနည်ထိပ်ထားကို မရ သဝန်တိုသလား မတိုဘူးလား။ မရက အတွက်တော့ နည်းနည်းကြီးသည်ဟု ထင်သည်။ သူငယ်ချင်း အမည်ခံထားပြီး ချစ်သူရည်းစားတွေ၏ အခွင့်အရေး တစ်ဝက်လောက်ကို အလကားပဲတင်း ထုတ်ယူအသုံးချနေမှုကိုလည်း မရ မကြိုက်ချေ။

ပြီးတော့ ... ကိုယ့်ချစ်သူက ကိုယ်ကလွဲပြီး တခြားမိန်းကလေးတစ်ယောက်ကို အရေးပေး ဂရုစိုက်တာမျိုးကိုလည်း မရ မကြိုက်။ မရကို ပမာမခန့်လုပ်သည်ဟုတောင် ထင်လေသည်။ ဒါပေမဲ့ မရသည် မကြိုက်တာနှင့် သဝန်တိုတာကို အတူတူပဲထားလိုက်သည်။ သိပ်လေးလေးနက်နက် ထွေထွေထူးထူး မစဉ်းစားချင်တော့ပေ။

"အင်း ... သဝန်တိုတာပေါ့။ သဝန်တိုတယ်"

"ဟုတ်လား ... သဝန်တိုတယ်ဆိုတာ ချစ်လို့တဲ့"

"ဖြစ်နိုင်သားပဲ"

သူက မရရဲ့စကားကို တဟက်ဟက်ရယ်သည်။ ပခုံးပေါ်မှာ ခေါင်းမှီရင်းမှ ရယ်နေတာမို့ သူ ရယ်သောအခါ မရရဲ့ပခုံးကို သူ့ပါးရိုးဖြင့် ကြိတ်ချေနေသလို ဖြစ်တော့သည်။





"ချစ်သူဆိုတာ ဒီလို ပခုံးတစ်ဖက်ကို မှီထားခွင့် ရဖို့ပဲ မရှိခဲ့။ သူငယ်ချင်း ဆိုတာတော့ မျှဝေအားပေးဖော်ပဲပေါ့။ မရှေ့မှာလည်း သူငယ်ချင်း ရှိတာပဲကွာ။ နားလည်ပြီး ခံစားပေးတတ်စမ်းပါ ...

တစ်ရက်လောက် အားလုံး ဆုံကြည့်ရအောင်မကောင်းဘူးလား"

"အင်း ... ကောင်းတော့ ကောင်းပါတယ်။ ဒါပေမဲ့ မရ သူငယ်ချင်းက အဲဒီလိုတွေ သိပ်ဝါသနာပါတာ မဟုတ်ဘူး ...

တွေ့ရင်တော့ ကောင်းတာပေါ့လေ။ မရ ပြောကြည့်မယ်"

"အိုကေ ... ပြောကြည့်။ ကိုယ်ကလည်း မရရဲ့သူငယ်ချင်းဆိုတာကို တကယ်ပဲ တွေ့ချင်ပါတယ် ...

မရနဲ့ အေးဆေး ဆိုတဲ့ သူငယ်ချင်းကို မြင်ရင် ကိုယ့်စိတ်ထဲမှာ အေးဆေးနိုင်ပါ့မလား ဆိုတာလည်း ကိုယ်သိချင်သေးတယ်"

မရက တန်ပြန်တိုက်ခိုက်လာသော သူ့အပြောကို အမြင်ကတ်စွာဖြင့် မှီထားသော သူ့ဦးခေါင်းကို ပခုံးဖြင့် တွန်းထုတ်ပစ်လိုက်သည်။ သူက ကိုယ်တစ်ခြမ်းနှင့် တစ်ဖန်ပြန်တိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com

"ကြည့်စမ်း ... သူ ... သူ့ကို ပြောတော့ နာတတ်လိုက်တာ။ သူများကို ပြောရင်တော့ ဒီရုပ် မဟုတ်ပါလား"

"မဟုတ်ဘူး၊ လာမပြောနဲ့ ကြိုက်မှ မကြိုက်တာ"

သူက မရကို တရားကျသလို ပြုံးငေးကာ ...

"မရ ... မရ ... မင်း သိပ်အတ္တကြီးတဲ့ ကောင်မလေးပါနော်"

မရသည် သူ့ကို နှုတ်ခမ်းတစ်ဖက် ရွဲ့ပြသော်လည်း ဘာမှ ပြန်မငြင်းဆန်မိချေ။ အတ္တကြီးတာတွေ ငယ်တာတွေ မရ မသိချေ။ မရ သိသည်မှာ ကိုယ့်ရပိုင်ခွင့်ထဲက သူများကို နည်းနည်းလေးလောက်တောင် ခွဲမပေးချင်တာပဲ ဖြစ်တော့သည်။

အရာရာကို မရ စိတ်တိုင်းကျသာ ဖြစ်လိုလှပါသည်။

❖





# အခန်း ၉

သူတို့အိမ်သို့ သွားရာလမ်းတွင် မရရဲ့နောက်သို့ ဦး၏ရနံ့ကို သယ်ဆောင်လာသော လေပြည်များက အဖော်အဖြစ် ဆိုက်ပါလာပေးသည်။

လေတစ်ချက်အဝှေ့တွင် မိုးလေပြည်မြူးမြူးက မရရဲ့ရှေ့မှ ဖြတ်ပြေးသွားသည်။ မရရဲ့ ဆံပင်တွေကို ကျီစယ်သွားသောကြောင့် လွင့်ခနဲ ဖြာသွားသော ဆံနွယ်များကို ဖမ်းကာ မရက သဘောတကျဖြင့် ဆက်လျှောက်လာသည်။

သဘာဝတရားရဲ့ အလှအပတွေကို ခံစားတတ်သူသာ အနုပညာနှလုံးသား ရှိသူဟု မရ ကြားဖူးသည်။ မရမှာ အနုပညာနှလုံးသား ရှိ,မရှိတော့ မရ မသိချေ။ သဘာဝတရားရဲ့ အလှအပကို ခံစားတတ်တာတော့ သေချာသည်။ မနက်ခင်း


www.burmeseclassic.com

www.burmeseclassic.com



မရဲ့ အိပ်ရာကနိုးလျှင် ခေါင်းရင်းက သစ်ပင်မှာ ငှက်မိသား Breakfast သုံးဆောင်စဉ် ကြွက်ကြွက်ညံနေသော အသံများ လည်း မရ နားဝင်ချိုသည်။ ကောင်းကင်မှာ တိမ်မျှင်တွေ နေတာကိုလည်း မရ သဘောကျသည်။ စာအုပ်တွေထဲမှာ အ လျှားကန် ညနေခင်းက ဘယ်လို၊ မန္တလေးကျုံးရေပြင်က ဘယ် စသဖြင့် သရုပ်ဖော် ရေးထားတာမျိုးကအစ မျက်လုံးထဲ ပုံ ကြည့်ကာ နှစ်ခြိုက်စွာ ခံစားတတ်ပါသည်။

ဒီနေရာမှာတော့ မရက ခံစားတတ်သလော တိမ်လွှာတာ မခံစားတတ်ချေ။ တိမ်လွှာသည် လှကသာ အလှအ ကြိုက်သော်လည်း သဘာဝရဲ့အလှအပကိုတော့ မခံစားတ မြင်လည်း မမြင်တတ်ချေ။ တချို့အလှအပတွေက မြင်တာ ခံစားလို့ရသည်။ တချို့က ကြည့်တတ်မှ ခံစားလို့ရသည်။ တိမ်လွ ကတော့ ဘာကိုမှ မခံစားတတ်သည်မှာ အံ့သြဖို့တော့ ကော လေသည်။

မရသည် တွေးရင်းနှင့် လမ်းလျှောက်လာသည် ခိုင်မြတို့အိမ်သို့ ရောက်လာခဲ့သည်။ အစဉ်အလာအတိုင်းပဲ မပြော လဲစွာ ခိုင်မြကို သစ်ပင်ပန်းပင်တွေကြားမှာ အလုပ်ရှုပ်နေတာကို တွေ့ရပါသည်။ တစ်သက်လုံး ပျော်ချင်သဖြင့် သစ်ပင်စိုက်နေသော ခိုင်မြသည် မရ ရောက်လာတာကို မသိသေးချေ။ မရသည် သ





င်လေးတွေကို ချစ်သူတစ်ယောက်နှယ် ဂရုတစိုက် တမြတ်တနိုး ကြည့်ရှုနေသော ခိုင်မြကိုကြည့်ကာ ကိုယ်ပါ အလိုလို စိတ်ချမ်း သာလာသည်။

"ကိုယ်တိုင်လည်း စိတ်ချမ်းသာချင်ရင် တစ်ပင်လောက်စမ်း ပြီး စိုက်ကြည့်ပါလား"

ရုတ်တရက်မို့ ခြေလှမ်းကို ဖော့ပြီးနင်းလာသော ရမှာ ကြောင်သွားလျက် အေးဘီကိုတောင် ဇဝေဇဝါကြည့်ရှုမိသည်။ ပြီးတော့မှ ခိုင်မြရဲ့အကျင့်ကို သိစွာနှင့် ကိုယ့်ကို ပြောနေတာပဲဟု သဘောပေါက်လိုက်ရသည်။

မရက သူ့ဘေးမှာ ဆောင့်ကြောင့်ထိုင်ချလျက် ...

"ငါ ရောက်လာတာကို သိတာတော့ ထားပါတော့။ နင် က သိုင်းကားတွေ အကြည့်များတော့ သမ္မထစွမ်းအင်တွေ ရနေတယ် မဟုတ်လား ...

ငါ့စိတ်ထဲမှာ တွေးနေတာကျတော့ နင် ဘယ်လို လုပ် သိတာလဲ"

ခိုင်မြက နှုးညံ့စွာပြုံးသည်။ မရသည် သူ ပြုံးနေတာ ကို မထင်မှတ်ဘဲ ကြာကြာကြည့်မိသွားသည်။ ခိုင်မြကို မြင်ရ လျှင် အမြဲငြိမ်းချမ်းနေသည်။ အခုတလော မရမှာတော့ ပူလောင် ရောတွေနှင့် တိုးနေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ငါက စိတ်ချမ်းသာနေတယ်လေ။ ငါ့စိတ်ချမ်းသာမှု နင့်ကို ကူးစက်မှာပေါ့ မရရဲ့။ ဒီတော့ နင် စိတ်ချမ်းသာ တယ်ဆိုတာ ဖြစ်လာမှာပေါ့။ ဒါက တွေးယူလို့ ရပါတယ်"

"နင့်ပြောလိုက်ရင် အတွေးချည်းပဲ"

"များများတွေးတော့ မကောင်းဘူးလား"

"မကောင်းပါဘူး၊ ဆံပင်အနက်ဆေးဆိုးဖို့ ကုန်တယ်"

ခိုင်မြကြ မရရဲ့စကားကို ရယ်ကာ သူ့ရဲ့အပင်က ပြီးဆုံးသွားပြီမို့ လက်သွားဆေးသည်။ ပြီးလျှင် မရရဲ့ဘေးမှ ဝင်ထိုင်ကာ ...

"အခြေအနေ"

ဟု မေးမြန်းသည်။

"ဘာအခြေအနေလဲ"

"ဩော် ... အားလုံးပေါ့။ စီးပွားရေး လူမှုရေး အချစ်ရေး ကျန်းမာရေး"

"စီးပွားရေးကတော့ နင့်လို ကိုယ်တိုင်အလုပ်လုပ်နေရတာ မဟုတ်ဘဲ မိဘဆီ လက်ဖြန့်တောင်းနေရတာ ဆိုတော့ သိပ်အဆင်မပြေဘူးပေါ့ဟာ။ ဝတ်တစ်လှည့် ပြတ်တစ် လှည့်ပေါ့။ ကုန်ဈေးနှုန်းတွေက တက်ပြီး မုန့်ဖိုးက တိုး ပေးတော့ သိပ်မလောက်ချင်ဘူးဟာ၊ ကြွေးတင်တယ်"





ခိုင်မြက ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီးတော့ "လူမှုရေး"ဆိုပြီး စကားဆက်ထောက်ပေးသည်။

"လူမှုရေးကလား ... လူမှုရေးကတော့ အမုန်တွေ ပြော တတ်လွန်းလို့ ရှာပြင်ထုတ်ခံရတော့မယ် ...

ဒါကြောင့် ဝစီပိတ်ကျင့်စဉ် ကျင့်ရင်တောင် ကောင်း မလား စဉ်းစားနေတာ"

"ဒါဆို သေချာပြီ။ အချစ်ရေးအကြောင်း ဆက်မမေးတော့ ဘူး"

"ဘာလို့တုန်းဟ"

"အချစ်ရေးမှာ အဆင်မပြေလို့ နင် အရာရာမှာ အဆင် မပြေ ဖြစ်နေတာလေ၊ အချစ်မှာ အဆင်ပြေနေရင် ကမ္ဘာ ကြီး မီးလောင်နေပေမယ့်လည်း တောက်ပထိန်လင်းနေတာ ပဲဆိုတဲ့ အတွေးနဲ့ ကြည်နူးစရာ ကောင်းနေမှာပဲ မဟုတ် လား ...

ဒီမှာ မရရဲ့ ... မှတ်ထားဦး။ လောကကြီးမှာ အချစ်ရေးမှာ အဆင်ပြေရင် ကျန်တာအားလုံး အဆင်ပြေ တယ်။ အချစ်ရေးမှာ အဆင်မပြေရင် တခြားနေရာတွေ မှာလည်း အဆင်မပြေတော့ဘူး။ ငါပြောတာ ဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ငါ ထင်တာကတော့ နင့်မှာ စိတ်ဆင်းရဲစရာကိစ္စ တော့ မရှိပါဘူး။ စိတ်ရှုပ်စရာလောက်ပဲ ရှိမှာ ...

ဟုတ်တယ် ဟုတ်လား"

"အင်း ... ဟုတ်တယ်။ ငတိမတစ်ကောင်ကြောင့် စိတ်ရှုပ်ရတယ်"

"ဒါများ အုံးစားလို့ဟာ။ ဘာစိတ်ရှုပ်စရာရှိလဲ"

"ရှိတာပေါ့ဟ။ သူငယ်ချင်း သူငယ်ချင်းနဲ့ ရိုးမှမရိုးသားတာ။ မျက်လုံးထဲမှာ လုံးဝခရေ့စ်ပဲ။ အေးလေ ... မျက်လုံးထဲကတော့ တစ်ခါတည်းပါ၊ နှားထဲမှာ ခရေ့စ်ဖြစ်နေတာ"

"ဘာလဲ ... နင့်နှားထဲ ယင်ကောင်ဝင်သွားလို့လား"

"ဟုတ်တယ် ... ယင်ကောင်ပဲ၊ ဒီမိန်းမကို အခုမှပဲ နာမည်ရတော့တယ်။ တစီစီနဲ့ အရမ်းနားငြီးတယ်၊ နားကလော်တယ်။ ခဏ ခဏ လာနားချင်နေတဲ့ ယင်ကောင်တောက်လျှောက်ပဲ"

"ကြည့်ရတာကတော့ ရွှေမေတ္တာတော် တော်တော်ရှိနေပုံပဲ"

"သိပ်ရှိတာပေါ့။ သူသာ အနင်းခံချင်တယ်ဆို လမ်းကြိတ်စက်ကို အခမဲ့တက်မောင်းပေးဖို့ ဆန္ဒရှိတယ်"





"ဟား ဟား ... စိတ်ကိုလျှော့ပါဟာ။ နင် ပြောနေတဲ့လူက ဘယ်သူလဲ၊ သူက တိမ်လွှာနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

မရက မပြောချင်ပါဘူး ဟူသော ပုံစံနှင့် ကျစ်ခဲနဲ့ ခတ်သပ်ကာ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။ မရ ပြောတာတွေကို ခိုင်မြကစူးစူးစိုက်စိုက်နှင့် နားထောင်နေပြီးနောက် အသေအချာ သုံးသပ်နေပုံရသည်။

"ကဲ ... အဲဒါ နင် ဘယ်လိုသဘောရလဲ၊ ငါကတော့ သူ တိမ်လွှာကို မရိုးသားဘူးလို့ ထင်တာပဲဟာ။ ငါ သူ့ကို တစ်ခါ မြင်ဖူးတာတော့ တော်တော်လှပါတယ်၊ မြင်လိုက်တာနဲ့ High Class ကမှန်း သိသာစေတယ် ...

သူ တိမ်လွှာကို ကြည့်တဲ့အကြည့်တွေက အမြဲတမ်း ရှန်းစိုနေတယ်။ တောက်ပနေတယ်။ ပြောတဲ့စကားတွေကလည်း ငါ့ရှေ့မှာတောင် မထိခလုတ် ထိခလုတ်ပဲ၊ ဘယ်လိုကြီးမှန်းကို မသိတာ"

"နင်က အချစ်လွန်ပြီး သဝန်တိုလွန်းတာရော မဖြစ်နိုင်ဘူးလား"

"ဟင့်အင်း ... ငါ့ သဝန်တိုတာ မဟုတ်ဘူး။ သူ့ပုံစံက ငါ သဝန်တိုအောင် ဖြစ်နေတာ။ သူ လိုတိုင်း တိမ်လွှာကို ဖုန်းဆက်ခေါ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ယောက်ကလည်း ရောက်တဲ့နေ့ရာက ပြေး တယ်။ သူ့အတွက်ဆို တိမ်လွှာက အမြဲအဆင်သင့် ဖြစ် နေတတ်တယ်။ ကဲ ... အဲဒီပတ်သက်မှုက ဘာလဲ။ နင့် ရဲ့ ရှေ့ဦးနောက်နဲ့ပဲ အကြံထုတ်စမ်းပါဦး"

ခိုင်မြဲက မျက်ခုံးကိုကျုံ့ကာ စဉ်းစားသည်။ ပြီးတော့ မျက်စိကို စုံမှိတ်ချကာ ပါးစပ်ကနေ ပွစိ ပွစိ ရေရွတ်နေသည်။ ခဏကြာလျှင် မျက်လုံးကို ဖျတ်ခနဲ ပြန်ဖွင့်ကာ ကြည့်သဖြင့် မရက အားတက်သရောနှင့်ပင် ...

"ရပြီလား ... ရပြီလားဟင်"

"ရပြီ ... ရပြီ ... နင့် တိမ်လွှာရော တိမ်လွှာ့သူငယ်ချင်း ရောကို ငါက ရေရေလည်လည် မြင်ဖူးထားတာဆိုတော့ အကြံကောင်း ဉာဏ်ကောင်းတွေ ထုတ်လို့ရပြီ"

ဒီတော့မှ မရသည် ကိုယ့်ကို နောက်နေမှန်းသိသဖြင့် ခိုင်မြဲရဲ့ကျောပြင်ကို အုန်းခနဲ ထုမိတော့သည်။ ခိုင်မြဲက ကျောပြင် ကို ရှုံ့ရှုံ့မဲ့မဲ့နှင့် ပွတ်ကာ ...

"နင့်ရည်းစားကိုလည်း ဒီလိုပဲ ရိုက်တာလားဟင် မရ"

"ငါ့ရည်းစားကိုတော့ ဘယ်ရိုက်မလဲ၊ နင့်ကိုမို့လို့ ရိုက်တာ ပေါ့"





"အေး ... အေး ... တော်တော် အပေါင်းအသင်း လုပ် ချင်စရာကောင်းတဲ့ သူငယ်ချင်းပဲ၊ နောက်နေ့တွေ လမ်း မှာတွေ့ရင် မခေါ်နဲ့တော့နော်"

မရသည် ခိုင်မြဲရဲ့အပြောကြောင့် နှုတ်ခမ်းကို ကိုက် ကာ အသာပြုံးမိသည်။ ထိုအချိန်တွင် မိုးသက်ရနံ့ပါသော လေ အေးက တစ်ချက်စိမ့်တိုက်သွားကာ အအေးလှိုင်းက လူကိုဖျတ် ခနဲ လာရိုက်ခတ်သည်။ ခိုင်မြဲက ထိုင်ရာမှထကာ လက်နှစ်ဖက် ကို ဆန့်တန်းပြီး အကြောလျှော့ကာ ...

"အား ... ရာသီဥတုက ကောင်းလိုက်တာ။ မိုးရွာတော့မယ် နဲ့ တူတယ်"

"ခိုင်မြဲ ... နင်က ငါ့ကိစ္စကို စိတ်မဝင်စားဘူး။ အကြံ ကောင်း ဉာဏ်ကောင်း မပေးဘူးပေါ့လေ"

"ငါပေးရင် နင် တကယ်လုပ်မှာလား"

မရသည် အဲဒီစကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ် သွားသည်။ မိုးရိပ်တွေက ပို၍ညို့မှိုင်းလာကာ လေက နည်းနည်း ကြမ်းလာသည်။ ခိုင်မြဲကတော့ မိုးရွာမှာကို သဘောကျသည့် အလား လက်တွေက ယစ်ပူဇော်သလို ဟိုလွှဲ ဒီလွှဲ လုပ်ကာနေ သည်။ ဘာမှတော့ ထပ်မပြောချေ။ မရသည် တမင်ချေးကိုင်နေ သော သူ့ကျောပြင်ကို ကြည့်ကာ အသည်းယားလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ခိုင်မြဲ ပြောလေ"

"ဘာပြောရမှာလဲ၊ ငါ မေးတာကို နင် ဖြေသေးလို့လား"

"ဟဲ့ ... အဲဒါက နင် ပြောကြည့်ဦးမှကိုး"

"ဟင့်အင်း ... အဲဒါမျိုး ငါ့ အကြံဉာဏ်ကို နားထောင်ပြီး ကြိုက်မှလုပ်မယ်ဆိုတဲ့ ရွေးချယ်တာမျိုး ငါ လက်သင့်မခံနိုင်ဘူး။ တကယ့်ပညာရှင်တွေက အဲဒါမျိုး မလုပ်ဘူးလေ။ မေးပြီးရင် လေးလေးစားစား လိုက်လုပ်တာမျိုးကိုပဲ သဘောကျတယ်"

"အံမာ ... ကြီးကျယ်ပါ့"

"ပညာနဲ့ ပတ်သက်ပြီး ကြီးကျယ်တာ ကောင်းတယ် မဟုတ်ဘူးလား။ ကြီးလည်း ကြီးတယ်၊ ကျယ်လည်း ကျယ်တယ် ဆိုတော့ များများဆန့်တာပေါ့"

"ထွတ် ... အိုက်ဒီယာ အသိုးတွေနဲ့လူ"

"တွေ့လား ... ဆရာကို စော်ကားတဲ့ ကလေးမ။ ငါမှ မကယ်ရင် နင် အသည်းကွဲဖွယ် ရှိတော့မည်"

မရသည် ပြောင်စပ်စပ် ပြောနေသော ခိုင်မြဲရဲ့ပုံစံကို စိုက်ကြည့်ကာ စိတ်ထဲမှာ ပျော်လာသည်။ သူ ခြိမ်းခြောက်သော စကားကို ကြောက်ရမည့်အစား သဘောတကျဖြင့် ရယ်ချင်လို့ လာလေသည်။ ဆံပင်ပုံစံ တိုတိုရှင်းရှင်း၊ အိမ်နေရင်း တီရှပ်အနက်





နှင့် ပုဆိုးကို တိုတိုဝတ်ထားသော ခိုင်မြဲရဲ့ပုံကို ငေးကာ ဘာရယ် မဟုတ်ဘဲ မရ စိတ်ထဲတွင် လှစ်ခနဲ သနားသွားသည်။

ငယ်ရွယ်သူတွေရဲ့ ပျော်ရွှင်မှုတွေကို ဖွန့်လွှတ်ကာ အမေမုဆိုးမနှင့် အစ်မကို လုပ်ကျွေးနေသော သူကောင်းသားလေး။ မရရဲ့ ချစ်လှစွာသော ငယ်သူငယ်ချင်းလေး။ သေချာကြည့်တော့လည်း နေကြာစေ့နဲ့တူကာ ရုပ်မဆိုးရှာပါလား။

"သေချာကြည့်တော့လည်း ငါ့ရုပ်က မဆိုးဘူး မဟုတ်လား"

မရက ခါးထောက်ရင်းမှ ဟက်ခနဲ ရယ်ကာ ...

"မဟုတ်ဘူး။ သေချာကြည့်တော့လည်း ငါ့ရုပ်က မချောဘူး မဟုတ်လားလို့ မေးရမှာ"

"အေး ... ပြန်တော့။ မိုးချုပ်တော့မယ်၊ မိုးမိလိမ့်မယ် ခြူးမရနိုင်။ ပြန်တော့"

"ပြန်မှာပါ။ နင့်ကို ငါ တစ်ခုခုပြောဖို့လာတာ။ အဲဒါကို မေ့နေတယ်။ ကျွတ် ... ဘာပါလိမ့်။ ဪ ... သိပြီ။ နင် အားမယ့်တစ်ရက်ရက်ကို ငါ့ကိုပြော။ တိမ်လွှာက နင်နဲ့ ဆုံချင်တယ်တဲ့။ အဲဒါ ဘယ်နေ့လောက် နင်အားမလဲ"

"ဘာလုပ်မှာလဲဟာ၊ မဆုံချင်ပါဘူး"

"ဘာလို့လဲ၊ တစ်ရက်လောက်ပေါ့ဟာ နင်ကလည်း"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ မိုးပေါက်တွေက တစ်ပေါက် နှစ်ပေါက်ခန့် ကမ္ဘာမြေသို့ အပြေးအလွှား ခုန်ဆင်းလာပြီဖြစ်သည်။ မရက သူ့ထံမှ အဖြေစကား မကြားရသေးသဖြင့် ထွက်ခွာမသွားသေး။

"မိုးကျနေပြီ မရ။ ပြန်တော့ ... ပြန်တော့"

"ဟင့်အင်း ... အဖြေတစ်ခုခုတော့ သိသွားမှဖြစ်မယ်။ ဘယ်လိုလဲ၊ နင် ဘယ်နေ့တွေ့မှာလဲ။ ဒီလိုညနေဘက်ပဲ တွေ့မလား။ နင် အားတဲ့အချိန်လေ"

"ကျွတ် ... မိုးတွေရွာနေပြီ မရရယ်။ ပြန်တော့ပါဟာ"

သူ့ပုံစံက မရ တစ်ယောက် မိုးမိမှာစိုးသဖြင့် စိတ်တိုလာသောပုံစံမျိုး ဖြစ်သည်။ အဲဒီအချိန်မှာ မိုးပေါက်တွေက တဖြောက်ဖြောက်ဖြင့် ခပ်စိပ်စိပ် ကျလို့လာခဲ့ပြီ။ မရကလည်း သူ့ထံက Yes or No အဖြေတစ်ခုခု မရသဖြင့် ခွဲမလျှောချင်သေး။ အို ... No ဟူသော အဖြေကို မရ မလိုချင်ပါ။ မရသည် တစ်ခုခုဆိုလျှင် အမြတ်တစ်ခုခုရမှ ကျေနပ်တတ်သူဖြစ်သည်။

"ငါ မိုးမိတာ အရေးမကြီးဘူး။ နင့်ဆီက date တစ်ခုခု ရသွားဖို့က ပိုလိုအပ်တယ်"

သူ့မျက်နှာ နည်းနည်းတော့ မှုန်တင်းသွားသည်။ မိုးပေါက်များသည် သူ့မျက်နှာပေါ်သို့ တလွှတ်တလပ် ခုန်ပေါက်





ပြေးဆင်းလို့နေသည်။ မရကို အလိုမကျသလို စိုက်ကြည့်နေသော မျက်ဝန်းများထဲတွင် မရ တစ်ခါမှ မမြင်ခဲ့ဖူးသော အဓိပ္ပာယ်တွေ ပါဝင်သည်။ ဘာလဲလို့တော့ မရ အဓိပ္ပာယ်မကောက်တတ်ချေ။

"နင့်ရည်းစားနဲ့ တွေ့ဖို့က အဲဒီလောက်တောင် အရေးကြီးနေလား မရ"

မရ ဖြေရမည့် အဖြေသည် အန္တရာယ်ကြီးသည် ဆိုတာကိုတော့ သိသည်။ သို့သော် မရကလည်း ခေါင်းမာတတ်သူတစ်ယောက် ဖြစ်ပါသည်။

"နင့်အတွက်ကရော အဲဒီလောက် ခက်ခဲနေလို့လား"

သူ့မျက်နှာပေါ်တွင် အရိပ်တစ်မျိုး ဖြတ်ပြေးသွားသည်။ မရသည် အဲဒီအရိပ်ကို အလျင်အမြန် ဖမ်းလိုက်သော်လည်း မြန်လွန်းသောကြောင့် ဖမ်းမမိလိုက်ပါ။ သူက မရကို တစ်ချက်စိုက်ကြည့်နေရာမှ ဖျတ်ခနဲ လှည့်ထွက်သွားသည်။

မိုးစက်များသည် မရရဲ့ကိုယ်ပေါ်သို့ အတားအဆီး ရှိ လွင့်မျောကျလာသည်။ မိုးပေါက်များက ကြီးသဖြင့် မရရဲ့ ညသားအကျီကို ဖောက်ခနဲ ဖောက်ခနဲ နှစ်ဝင်မြုပ်သွားကြသည်။ ရသည် ဒီအတိုင်း ရပ်နေရင်းမှ တစ်ခုခုကို စူးနင့်စွာ တွေးနေ သည်။ သူ မရကို စိတ်များဆိုးသွားတာလား။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မြဲသည် မရကို ဘယ်တုန်းကမှ စိတ်ဆိုးခဲ့ဖူးသူ မဟုတ်ချေ။ အဲဒီအချိန်မှာပဲ အိမ်ပေါ်တက် ပျောက်ကွယ်သွားသော ခိုင်မြဲက မိုးကာအင်္ကျီတစ်ထည်၊ ထီးတစ်ချောင်းနှင့်အတူ ပြန်ရောက်လာသည်။ မရရဲ့လက်ထဲသို့ မိုးကာအင်္ကျီကို ထိုးထည့်ပေးရင်းမှ ...

"မိုးအရမ်းမသည်းခင် ပြန်တော့ မရ။ ရော့ ... ထီးပါ ဆောင်းသွား"

"နင်က လိုက်မပို့ဘူးလား"

"နင့်ကိုပို့ပြီး ငါက ငါ့ဟာငါ ပြန်လာတော့ အများကြီး စိုကုန်မှာပေါ့"

"စိုပြီး အအေးပတ်တော့ မကောင်းဘူးလား။ နင် အနားယူလို့ ရတာပေါ့"

ဒီတစ်ခါတော့ သူ့မျက်နှာ ပြုံးယောင်သမ်းသွားသည်ဟု ထင်သည်။

သူ ပြုံးသွားသဖြင့် စိတ်မဆိုးဘူးဆိုတာ သေချာသွားကာ မရလည်း ကျေနပ်သွားပါသည်။ သူက မရကို မင်း မကောင်းဘူးဟူသော အကြည့်မျိုးဖြင့်ကြည့်ကာ ...

"ကဲ ... မြန်မြန်ဝတ် မရ။ နင့်ကို ငါ လိုက်ပို့မယ်"

"တကယ် ! ဒါဆို မဝတ်တော့ဘူး"





"ဟာ ... ဘာကြောင့်တာလဲဟာ"

"ငါတို့ ငယ်ငယ်က ကျောင်းကအပြန် မိုးရွာထဲမှာ ဒီအတိုင်း လျှောက်ပြန်လာခဲ့တာကို မှတ်မိလား။ အဲဒီအရသာလေးကို ပြန်လိုချင်တယ်ဟာ ...

ဒီအတိုင်းပဲ လျှောက်ပြန်ကြမယ်"

"အိုကေ ... နင့်အတွက် အရူးပါရမီကို ငါ ဖြည့်ပေးမယ်။ ဒါပေမဲ့ ဒီ Rain coat ကိုတော့ နင် ဝတ်မှဖြစ်မယ် မရ"

"အာ ... ဝတ်ချင်ပါဘူး။ အလကား စိုကုန်အောင်"

"နင် ဘယ်လိုမိန်းကလေးလဲ မရ။ နင့်အင်္ကျီက ချည်သားလေ၊ မိုးတွေ အရမ်းစိုသွားရင် ဘယ်လိုလုပ် ကြည့်ကောင်းတော့မလဲ"

မရရဲ့မျက်နှာမှာ နွေးခနဲ ဖြစ်သွားသည်။ သို့သော် တွေ့ထွေ့ထူးထူး ပြန်ပြောမနေတော့ဘဲ မိုးကာအင်္ကျီကို ယူဝတ်လိုက်သည်။ ခိုင်မြဲရဲ့ မိုးကာအင်္ကျီသည် တိမ်လွှာ ဝတ်သော မိုးကာအင်္ကျီလို အကောင်းစား မဟုတ်သော်လည်း လုံခြုံနွေးထွေးမှုကို ရရှိစေပါသည်။ မရနှင့် ခိုင်မြဲသည် မိုးရွာထဲတွင် လမ်းလျှောက်ပြန်လာကြသည်။ ခပ်စိပ်စိပ်ရွာချသော မိုးရေစက်များသည် အင်အားမပြင်းထန်တော့ဘဲ သည်းသည်းလေးဖြင့် အေးမြငြိမ်းချမ်းနေကြသည်။ ချာတိတ်တစ်အုပ်စုက မိုးရွာထဲတွင် ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com



ကန်လျက် ရှိနေကြရာ သူတို့ထံက ပျော်ရွှင်မှုသည် မရတို့ထံကို ကူးစက်၍ လာလေသည်။

တစ်ချို့ မရတို့ထံသို့ ပြေးဝင်လာသော ဘောလုံးကို ခိုင်မြက လုလုပပ ဂိုးဖမ်းကာ ပြန်ပုတ်ထုတ်ပေးလိုက်သည်။

"ကိုကြီး ... ဝင်ကန်ပါလား"

"အေး ... အပြန်ကျမှ"

ခိုင်မြက ပြန်အော်ခဲ့သည်။ မရသည် မိုးစက်ပွင့်များ ထံသို့ မျက်နှာကို မော့အပ်ရင်းမှ လက်ဖဝါးများကိုဖြန့်ကာ မိုး ရေတွေကို ခံစားနေမိသည်။ ခိုင်မြကတော့ ဘေးကနေပြီး အသာ ပြုံးနေသည်။ ပြီးတော့မှ ဘာစိတ်ကူးပေါက်သည် မသိဘဲ "အချစ် အတွက် ကံမကောင်းခဲ့သူ"သီချင်းကို အော်ဆို၍ နေလေသည်။

"မိုးရေတွေ စိုနေတဲ့ မင်းလေးကို ... ငါ စွဲလမ်းမိ ... မင်း အကြည့်နဲ့
မင်းအသံလေးကြောင့် ခဏလေးအတွင်းကိုငါချစ်မိခဲ့ ... နောက်ကျ
သိခွင့်ရတဲ့ မင်းအကြောင်းတွေကြောင့် ငါ ဝမ်းနည်းမိ ... မင်းမှာ ...
အသက်ထက် ချစ်ရမယ့်သူ ... ရှိပြီးသားတဲ့ ... ငါကျရှုံးခဲ့ပြီပဲ ... ချစ်
ခဲ့မိတာ ငါ မှားလားကွာ ... ဖုန်းဆက်လည်း မပြောချင်ဘူးလား ...
အချစ်အတွက် ကံမကောင်းခဲ့သူပါ ..."

မရက သူ ဆိုနေသော သီချင်းတစ်ပိုဒ်ပြီးအောင် နားထောင်ပြီးမှ ...





"နင်က ရည်းစားရှိပြီးသား ဘယ်ကောင်မလေးကို ကြိုက်နေလို့လဲ"

"သီချင်းဆိုတာပါဟာ၊ မိုးရွာနေတော့ မိုးပါတဲ့ သီချင်းကို သတိရသွားပြီ ဆိုတာပါ"

"အဲဒီ သီချင်းထဲကလို ရည်းစားရှိတဲ့ ကောင်မလေးကို ချစ်မိသွားရင် နင် ... ဘယ်လိုလုပ်မလဲ၊ အခုခေတ်ကလည်း နော် ... ရည်းစားမရှိတဲ့သူထက် ရှိတဲ့လူက ပိုများနေတယ်"

"အဲဒီတော့လည်း ဒီသီချင်းလေးကို ခံစားရုံပဲပေါ့"

"အင်း ... အဲဒီလိုမျိုးကျတော့လည်း သနားစရာပဲနော်။ တစ်ခါတလေကျတော့လည်း အချစ်အတွက် ကံမကောင်းတဲ့လူတွေဟာ တော်တော်သနားစရာ ကောင်းတယ်လို့ မြင်တယ်။ ဘယ်လိုလူတွေက ကံမကောင်းတတ်ကြတာလဲ ဟင် ...

ငါတော့ အဲဒီထဲမှာ မပါချင်ဘူးဟာ"

မရက အဲဒီလို ပြောလိုက်လျှင် ခိုင်မြက တဟားဟားနှင့် အော်ရယ်လေသည်။ သူ ရယ်ပုံက ဟာသတစ်ခုကို ကြားပြီး နှစ်နှစ်ခြိုက်ခြိုက် ရယ်ပုံမျိုးမို့ မရက မျက်စောင်းထိုးမိသည်။ သူက ရယ်ပြီးသွားသောအခါမှာလည်း စကားမပြောဘဲ အရယ်လက်ကျန်ဖြင့် ခေါင်းကိုရမ်းနေလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဖြေလေ။ နင်နော် … မေးခွန်းတွေ မေးရင် ဘယ်တော့မှ မဖြေဘူး။ အမြဲတမ်း ဝေ့လည်ကြောင်ပတ် လု ပစ်တယ်၊ ဖြေ … ဖြေ"

"နင့်မေးခွန်းက ရယ်စရာ ကောင်းနေတာကိုးဟ။ အချ မှာ ဘယ်လိုလူတွေ ကံမကောင်းတတ်ကြတာလဲ ဆိုတော ငါက ဘယ်လိုဖြေပေးရမှာလဲ …

ကံ ဆိုမှတော့ ကောင်းချင်တဲ့လူ ကောင်းပြီ မကောင်းချင်တဲ့သူ မကောင်းဘူးပေါ့။ ငါ ထင်တာတော အရမ်းချစ်တတ်တဲ့လူတွေ ကံမကောင်းဘူး"

"ဘာလို့လဲ"

"စီးပွားရေးစကားနဲ့ ပြောရမယ်ဆိုရင် များများရင်းနှီးထာ ရင် များများဆုံးရှုံးတယ်လေ။ နှလုံးသားမှာလည်း ဒီလို ပေါ့၊ များများပုံအောထားရင် များများခံစားရတယ်။ အဲ ပဲ …

အချစ်မှာ ကံကောင်းအောင် လုပ်ယူလို့လည်း မ ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကံက သူများလက်ထဲ ရှိတာကိုး"

"ဟင် … ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ"





"ဘယ်လိုမှ မလုပ်နဲ့။ ကိုယ်က ချစ်နေရရုံနဲ့ပဲ ကျေနပ်လိုက်ရင် ကံကောင်းတယ် မကောင်းဘူးဆိုတာ ရှိမလာနိုင်တော့ဘူးပေါ့ဟာ …

တကယ်တမ်း ကံမကောင်းဘူးဆိုတာက နှစ်ယောက်စလုံး တစ်ယောက်နဲ့ တစ်ယောက် ချစ်နေကြရဲ့သားနဲ့ မဖြစ်နိုင်လို့ လမ်းခွဲရတဲ့သူတွေမှ ကံမကောင်းဘူးလို့ ဆိုနိုင်တာ။ ကိုယ်ကချစ်ပြီး ကိုယ့်ကို ပြန်မချစ်တာလောက်နဲ့တော့ ကံမကောင်းဘူးလို့ ယိုးမယ်ဖွဲ့မနေနဲ့တော့၊ အဲဒါပဲ"

မရသည် ခိုင်မြဲ့ရဲ့စကားတွေကို သဘောကျစွာဖြင့် ဟားခနဲ အော်ဟစ်မိသည်။ ပြီးတော့ "မိုးရေထဲက ဖလော်များ" ဟူ၍လည်း ခေါင်းစဉ်တပ်ပေးလိုက်သေးလေသည်။ အဲဒီနေ့က သူသည် မရကို အိမ်ရှေ့အထိရောက်အောင် ပြန်လိုက်ပို့ပေးခဲ့သည်။ ပြီးတော့ အမြဲတစေ ဂရုစိုက်တတ်သော စကားတို့ကိုလည်း မမေ့မလျော့စွာဖြင့် "ဆေးသောက်ဦး"ဟုလည်း မှာကြားပါသေးသည်။

မရက သူ့ကို ပြောင်စပ်စပ် ပြုံးပြရင်းမှ တံစက်မြိတ်မှ စီးကျနေသော မိုးရေစက်များကို လက်ဖြင့်ခံကာ သူ့မျက်နှာသို့ လှမ်းတောက်လိုက်သည်။ သူက မရှောင်ရှားပဲ …



www.burmeseclassic.com

www.burmeseclassic.com



"တိမ်လွှာနဲ့ သူ့သူငယ်ချင်း မိုးရေထဲမှာ လှမ်းအတူတူ လျှောက်နေတာတွေ့ရင် နင် ဘယ်လိုခံစားရမှာလဲ မရ"

သူ့မေးခွန်းကြောင့် မရသည် ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိပဲ ကြောင်ကာသွားသည်။ ဘယ်လိုမှ အဆက်အစပ်မရှိသော မေးခွန်းကို သူက ထမေးသဖြင့် မရရဲ့ မျက်နှာရှိ ရယ်လက်စ အပြုံးသည် တန်းလန်းကြီး ရပ်တန့်လို့နေသည်။

"တချို့ သံယောဇဉ်တွေက အရှမ်းနက်ရှိုင်းလွန်းတဲ့အခါမှာ ဘာသာပြန်တဲ့လူတွေ လွဲသွားတတ်တာမျိုးလည်း ရှိမှာပါ ...

နင့်စိတ်ကို ပေါ့ပေါ့လေးနဲ့ ပါးပါးလေးပဲ ထားပါ မရ။ ငါ သွားတော့မယ်"

သူ လှည့်ထွက်သွားသည်အထိ မရသည် ဘာစကားမှ မပြောနိုင်ဘဲ ဒီအတိုင်း ကျန်ရစ်ခဲ့သည်။ သူ ပြောသွားသော အဓိပ္ပာယ်ကို မရ ဘာသာမပြန်တတ်ချေ။ သူက မရကို သံသယစိတ်များလွန်းသူလို့ စွပ်စွဲချင်တာလား။ ဒါမှမဟုတ် စေတနာစကားနဲ့ပဲ သတိပေးချင်တာလား။ ရေရေရာရာ မဝေခွဲတတ်တော့သော မရသည် နှာတစ်ချက် ချေလာတော့မှပဲ အိမ်ပေါ်ကိုတက်ဖို့ သတိရတော့လေသည်။





# အခန်း ၁၀

ဘယ်သူတွေ ဘယ်လိုပဲ ဖျောင်းဖျ ဖျောင်းဖျ မရသည် ကိုယ့်ရဲ့အတ္တနဲ့ မာနကို မလျှော့မိခဲ့ချေ။ မရ ဘယ်လိုပဲ ပြောစေကာမူ တိမ်လွှာကလည်း သူ့အချိုးကို မပြင်ချေ။ ယင်ကောင်ဟု နာမည်ပေးထားသော ဇာနည်ကလည်း မရကို နည်းနည်းလေးသော်မှ ဂရုမစိုက်ချေ။ အရင်အတိုင်း ဖုန်းဆက်ခေါ်လိုခေါ်၊ သူ့အသုံးအဆောင် ပစ္စည်းများကို ဝယ်ခိုင်းလိုခိုင်း၊ ညနေဘက် ကြေးအိုးအတူတူ ထွက်သောက်တာမျိုး၊ အကင်အတူတူ သွားစားတာမျိုး စသဖြင့် လေ့ထုံးတွေကိုတောင် ထွင်လိုက်သေးသည်။

တစ်ရက်မှာတော့ ဇာနည်ထိပ်ထားက မရ ဘယ်လိုမှ သည်းမခံနိုင်သော အပြုအမူမျိုးကို လုပ်ခဲ့သည်။ အဲဒီနေ့က မရ



www.burmeseclassic.com

www.burmeseclassic.com



နှင့် တိမ်လွှာတို့ ကျောင်းပိတ်ရက် နံနက်စောစောမှာ ဘုရားတက်ကြတာဖြစ်သည်။ ဘုရားကိုမှ ဦးသုံးကြိမ်ပြည့်အောင် မချရသေး ဖုန်းသံက မြည်လာလျှင် မရသည် စောစောစီးစီး စိတ်မတိုချင်သော်လည်းပဲ မရတော့။ ပါးစပ်ကသာ ဘုရားစာကို တတွတ်တွတ်ရွတ်ဆိုနေရသော်လည်း ဦးချပြီးလျှင်တော့ အသိပဲဟု မောင်းတင်၍ ထားလေသည်။

တိမ်လွှာက မရ အနားမှထကာ ခပ်လှမ်းလှမ်းတွင် ဖုန်းသွားပြောသည်။ မရ ဦးချအပြီးလျှင် သူက သားမှာ အဆင်သင့် ရပ်စောင့်လို့နေသည်။ မရသည် ရန်မဖြစ်ချင်သဖြင့် ဘယ်သူ့ဆီက ဘယ်ဝါ့ဆီက ဖုန်းလဲ ဆိုတာ မေးမနေတော့ပေ။ ဒါပေမဲ့ သူက စတင်ကာ ...

"မရ ... မုန့်စားဖို့ အကြွေးကို နောက်တစ်ပတ်မှ ပေါင်းဆပ်တော့မယ်ကွာ။ ကိုယ် အရေးတကြီးကိစ္စ သွားစရာပေါ်လာလို့"

မရသည် အလိပ်လိုက် ထွက်လာသော ဒေါသများကို အောင့်အည်းချုပ်တီးကာ သူ့ကို ပြုံးပြုံးလေး ပြန်မေးလိုက်သည်။

"ဘာကိစ္စ ပေါ်ပြန်ပြီလဲ၊ ပြောတော့ ဒီတစ်ပတ် အားတယ်ဆို"





"အင်း ... ဒါက အရေးပေါ် ပေါ်လာလို့ပါ။ နော် ... မရ။ မရကို ကိုယ် ပြန်လိုက်မို့ပေးခဲ့မယ်"

မရသည် တဆတ်ဆတ် တုန်လာသော နှုတ်ခမ်းများနှင့်အတူ ဒေါသကို မထိန်းနိုင်တော့ဘဲ လွှတ်ပေးလိုက်မိသည်။ သူ့လက်မောင်းကို ဖျတ်ခနဲ ဆွဲလှည့်ကာ ...

"ရှင် မှန်မှန်ပြောစမ်း တိမ်လွှာ။ ရှင့်ကို အခု ဖုန်းဆက်ခေါ်တာ ဟိုမိန်းမ မဟုတ်လား"

"ကျွတ် ... မဟုတ်ပါဘူးကွာ၊ မရကလည်း"

မရသည် ဘာမပြော ညာမပြောနှင့် သူ့အိတ်ထဲမှ ဟန်းဒ်ဖုန်းကို ဆတ်ခနဲ လှမ်းဆွဲလိုက်ကာ အခုနက ဝင်လာသော ဖုန်းနံပါတ်ကို ထုတ်ဖွင့်စစ်ဆေးကြည့်လိုက်သည်။ သူ ဘယ်လိုမှ ငြင်း၍မရတော့အောင် ဖုန်းနံပါတ်က ဇာနည်ထိပ်ထား၏ ဖုန်းနံပါတ်ဆိုတာ အတိအကျ ညွှန်ပြလို့နေသည်။

မရသည် မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် သူ့ကို ဆတ်ခနဲမော့ကြည့်ကာ သူ့ဖုန်းကို ဘုရားရင်ပြင်ပေါ်သို့ လွှတ်ချပစ်လိုက်လေသည်။ သူ့ထံမှ ဟာခနဲ အသံထွက်လာသည်။

မရက သူ့ကို လက်ညှိုးတစ်ချောင်းထိုးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ရှင် သွားလိုက်တော့။ ရှင် တစ်ခုမှတ်သွားဖို့က ခြူးမရှိနိုင် ဆိုတာ ရှင်က ချန်ခဲ့လို့ ကျန်ခဲ့ရမယ့် မိန်းမမျိုး မဟုတ်ဘူး ဆိုတာပဲ ...

ရှင်တို့ နှစ်ယောက်ကို ကျွန်မ ပြောတယ်။ ရှင်တို့ နားမဝင်ဘူး။ ဒီတော့ ပြောတဲ့လူက အသုံးမကျလို့ပေါ့။ အခု အသုံးကျပြတော့မယ်"

သူက မရကို ပါးစပ်အဟောင်းသားပွင့်ကာ ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ မရသည် အံကိုတင်းတင်းကြိတ်ကာ လှည့်ထွက်လာခဲ့ရင်း လောကကြီးမှာ ဘယ်သူ့ကို စိတ်နာရမှန်းမသိ စိတ်နာလာမိသည်။ အိမ်ကို ပြန်လိုပြန်ရောက်လာမှန်းတောင် မသိတော့ချေ။ အစကတော့ မရဟာ တိမ်ပျော့ကို ယုံကြည်ခဲ့သည်။ အခုတော့ တိမ်လွှာကိုပါ မယုံကြည်တော့ပေ။

ထိုနေ့ တစ်နေ့လုံး မရမှာ ဘာမှ မလုပ်နိုင်ချေ။ တစ်နေကုန် စိတ်ဆင်းရဲ ဒေါသထွက်တာနှင့်ပေါင်းကာ ခေါင်းတွေတောင် ကိုက်လာသည်။ နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားချကာ မရက စတိုးဆိုင်ရှေ့ တယ်လီဖုန်းဆောမှာ ခြေစုံရပ်မိသွားသည်။ ပြီးလျှင် မှတ်မိနေသော ဖုန်းနံပါတ်တစ်ခုကို အငြိုးတကြီး ဖိနှိပ်ပစ်လိုက်သဖြင့် ဖုန်းစောင့်သည့်လူကတောင် မရကို အလန့်တကြား မော့ကြည့်လေသည်။ မရ ခေါ်





ဆိုလိုက်သော ဖုန်းမှာ တစ်ဖက်သို့ ဝင်သွားလျှင် မရသည် ကိုယ့်နှလုံးခုန်သံကို နားနှင့် ပြန်ကြားနေရသည်။

"ဟယ်လို"

တစ်ဖက်က ဖုန်းထူးသံကို မရက ခပ်ကြာကြာ နားစိုက်ထောင်မိသည်။ ဖုန်းထူးတာကိုက ကြာသံပါပါနဲ့ဟု ခပ်ချဉ်ချဉ် တွေးမိလေသည်။ မရက ဘာမှမပြောသဖြင့် သူကနောက်တစ်ခါ ထပ်ထူးသည်။

"ဟယ်လို ... ဘယ်သူပါလဲ"

"အခုပြောနေတာ ဓာနည်ထိပ်ထားလား"

မရရဲ့မေးသံက မသိလျှင် သူဌေးက အလုပ်သမားကို မေးသော ခပ်မာမာလေသံမျိုးဖြစ်သည်။ အလကားနေရင်း ဟောက်စားလာလုပ်နေသော ခပ်မာမာလေသံကြောင့် တစ်ဖက်မှ ခေတ္တတိတ်သွားပြီးမှ ...

"ဟုတ်ပါတယ်၊ အခု ပြောနေတာ ဘယ်သူပါလဲ"

"ခြူးမရှိနိုင်ပါ"

"သြော် ... ခြူးမရှိနိုင်၊ ပြောလေ"

"ကျွန်မ ရှင်နဲ့ တွေ့ချင်တယ်"

"တွေ့ချင်တယ်၊ သြော် ... တွေ့ချင်ရင် တွေ့ခွင့်ရရမှာပေါ့။ ဘယ်တော့ တွေ့ချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အဆင်ပြေတဲ့အချိန် တွေ့လို့ရတယ်"

"ဟုတ်ပြီလေ၊ တွေ့စရာရှိတဲ့ကိစ္စက မြန်မြန်တွေ့လိုက်မှ အဆင်ပြေသွားမှာပေါ့။ ဘယ်နေရာမှာ တွေ့မလဲ"

"စိတ်ထဲကမပါဘဲ အစားအသောက်တစ်ခုခု မှာစားစရာမလိုတဲ့ နေရာဆို ပိုကောင်းလိမ့်မယ်"

"အိုကေ ... တို့လည်း အဲဒါကို ပိုသဘောကျပါတယ်။ ဒါဆို ကန်တော်ကြီးထဲမှာပဲ ဆုံကြတာပေါ့"

"ရတယ် ... ဘယ်နှနာရီလဲ၊ ဘယ်နေ့လဲ"

"မင်းက တိမ်လွှာရဲ့ချစ်သူဆိုတော့ တို့အတွက် အရေးပါတဲ့ လူတစ်ယောက်ပါ၊ ဒီတော့ ဦးစားပေးရမှာပေါ့နော်၊ နေ့လယ်ခင်း တစ်နာရီလောက်ဆို မင်း အဆင်ပြေမလား"

"ရတယ်၊ ရှင်သာ ရောက်အောင်လာခဲ့ပါ ဓာနည်ထိပ်ထား။ ကျွန်မ ရှင့်ထက် ကြိုရောက်နှင့်နေမယ်"

"အိုခေ ... အိုခေ ... ကိုယ် မဖြစ်ဖြစ်အောင်ကို လာခဲ့မှာပါ"

မရက ကတိစကားတစ်ခုကို ကြားပြီးတာနှင့် ဆက်မပြောတော့ဘဲ ဖုန်းကို ခွပ်ခနဲ ချပစ်လိုက်သည်။ သိဘူး ... ရိုင်းတယ်ထင်လည်း ထင်ကြပလေ့စေတော့။ မိန်းမချင်းစကားပြောသော လေသံတွေကိုက ဘာအသံပေါက်နေမှန်းမသိဘဲ ညှနေကလု





နေသော ဒီမိန်းမနှင့် ကြာကြာနေရလျှင် ဒေါမနဿတွေပွားကာ မရ မြန်မြန်အသက်တိုနိုင်သည်ဟု ထင်မိလေသည်။

မရသည် နှုတ်ခမ်းကို တစ်ချက်မဲ့ရွဲ့မိကာ ချာခနဲ လှည့်ထွက်လာခဲ့သည်။

"အစ်မ ... အစ်မ"

ဖုန်းစောင့်သည့်လူက မရကို လှမ်းခေါ်သည်။ မရက လည်ပြန်လှည့်ကြည့်ကာ ...

"ဘာလဲ"

"ဖုန်းပြောခ မပေးခဲ့ရသေးဘူးလေ"

"ကျွတ် ... ဆောရီး။ ဘယ်လောက်လဲ"

"နှစ်ရာပါ"

"ရော့ ... ရော့"

မရက ပိုက်ဆံအိတ်ထဲမှ နှစ်ရာတန်တစ်ရွက်ကို ထုတ်ပေးကာ လှည့်ထွက်လာခဲ့သည်။ စေတနာတစ်ပြားဖိုးမှ မရှိသော မိန်းမအတွက် ထွက်သွားသော နှစ်ရာတန်ကိုပင် နှမြောလှလေသည်။

ဖုန်းဆက်ပြီးမှပင် မရက ဒီကိစ္စကို တိမ်လွှာ မသိစေနဲ့ဟု နှုတ်ပိတ်လိုက်ဖို့ သတိရသည်။ သို့သော် မတတ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သိလည်း ဘာမှအရေးစိုက်စရာမလိုဟု ယူဆလေသည်။ တိမ်လွှာပါ ပါလာလို့ကတော့ ပွဲက ပိုပြီးကြည့်ကောင်းဦးမှာဟုတောင် မျှော်လင့်ခဲ့သည်။ ပြဿနာတစ်ခုခုကို တအုံ့နွေးနွေးထားနေတာနဲ့စာရင် မရ ဆိုသောမိန်းမက တုံးတိုက်တိုက် ကျားကိုက်ကိုက် ဖြေရှင်းပစ်ချင်သောမိန်းမသာ ဖြစ်တော့သည်။

❖





မရသည် ဓာနည်ထိပ်ထားနှင့် ကန်တော်ကြီးထဲတွင် နေ့ခင်းတစ်နာရီမှာ ချိန်းထားသော်လည်း မရက ဆယ့်နှစ်နာရီခွဲ ပြီးလောက်တည်းက ကြိုတင်ရောက်ရှိလို့နေခဲ့သည်။ ဒီနေ့ ရာသီဥတုက အကောင်းဘက်ကကြည့်ရင်တော့ အုံ့အုံ့မှိုင်းမှိုင်းနှင့် မပူပြင်းသဖြင့် သာယာသည်ဟု ပြော၍ရသည်။

အဆိုးဘက်ကကြည့်ရင်တော့ ရွာတော့မလိုဖြစ်နေသော မိုးရိပ် အခြေအနေကြောင့် စိတ်တော့ နည်းနည်းညစ်ဖို့ကောင်းသည်ဟု ထင်သည်။

မရ ကတော့ စိတ်မညစ်ချေ။ မိုးအုံ့မှိုင်းနေသော ရာသီဥတုကို မရက အလွန်နှစ်သက်သည်။ မိုးရနံ့ပါသော လေညင်းကို မက်မောတွယ်တာသည်။ မိုးဖွဲဖွဲလေးတွေ ခပ်သည်းသည်း ကျနေသောရှုခင်းသည် အလွန်လှပသောရှုခင်းဖြစ်သည်ဟု စိတ်မှာမှတ်ယူသည်။ ငွေကုန်ကြေးကျများသော သဘာဝအလှများရှိ



www.burmeseclassic.com

www.burmeseclassic.com



ရာ အပန်းဖြေခရီးတွေကို မထွက်နိုင်သော မရတို့လို လူလတ်တန်းစားတွေအတွက်ကတော့ ဒီလို ရာသီဥတုလေးတွေကပဲ စိတ်အပန်းဖြေဖွယ်ရာ ဖြစ်တော့သည်။

အတွေးထဲမှာ နစ်မြောနေသော တစ်ခဏ၌ မရတွင်ဒေါသနှင့် အလိုမကျစိတ်တို့ လျော့ရဲလျက် ရှိနေတုန်းမှာပင် မရနောက်သို့ ကားတစ်စီးက ထိုးရပ်လာသည်။

ကားပေါ်မှ မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ မျက်နှာထားဖြင့်ဆင်းလာသူက မရ တွေ့ချင်နေခဲ့သော ဇာနည်ထိပ်ထား (ခေါ်)ယင်ကောင် ဖြစ်သည်။

တိမ်လွှာကတော့ သူ့သူငယ်ချင်းမကို ယင်ကောင်ဟုခေါ်လျှင် အလွန်နာတတ်သူ ဖြစ်ပါသည်။

သူမက လျှောက်လာရင်းမှ လက်မှ တန်ဖိုးကြီးနာရီကို ဟန်ပါပါမြှောက်ကြည့်ကာ ...

"တို့ရောက်လာတာ အချိန်ကွက်တိပဲ။ တစ်နာရီတိတိခြူးမရနိုင်ရော ရောက်နေတာကြာပြီလား"

"သိပ်မကြာသေးပါဘူး"

သူမက မရကို ပြုံး[illegible]ကာ ဟုတ်ပါပြီ ဟူသောသဘောဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်သည်။ ရွှေအိုရောင်လွှမ်းလွှမ်း ဆံကေသာကြောင့်လား၊ နဂိုဖြူတာလားတော့မသိသော





သူမရဲ့မျက်နှာသည် မိန်းမချင်း မနာလိုစရာကောင်းလောက်အောင်ကိုပင် နုဖပ်ဝင်းမွတ်နေသည်။ တန်ဖိုးကြီး ရယ်ဒီမိတ်အင်္ကျီတစ်ထည်နှင့် ခြေသလုံးအလယ်လောက်ရောက်သည့် ပိုးကျကျ စကတ်တစ်ထည်ကို ဝတ်ဆင်ထားပုံမှာ တကယ်ကို အထက်တန်းစားပုံစံပေါက်ပါသည်။

ဒီလိုလူမျိုးတွေဟာ နာအောင်ပြောလျှင် သူများထက်နာတတ်ကြသည်ဟု ထင်သည်။

"ကဲ ... ပြော ခြူးမရ။ တို့ကို တွေ့ချင်တာ ဘာအကြောင်းကိစ္စများပါလိမ့်"

"ဘာကိစ္စလို့ ရှင် ထင်သလဲ"

"တို့မှာ သူများစိတ်ထဲကို လိုက်ပြီးကြိုသိနေတဲ့ အရည်အချင်းမျိုး မပိုင်ဆိုင်သေးပါဘူးကွယ်"

မရက သူမ မျက်နှာကို ဖျတ်ခနဲမော့ကြည့်မိသည်။ မရကို ပြုံးကြည့်နေသောအပြုံးများမှာ ငြိမ်းချမ်းသည်ဟုထင်ရသော်လည်း အမှန်တော့ တစ်ဖက်သားကို ကလိတတ် ရိတတ်သောအပြုံးမျိုးဆိုတာကို သိသိကြီးနှင့် တစ်ဖက်ကအပြောကိုမှ စောင့်နားထောင်ချင်သောမိန်းမကို အသေအချာပဲ စိုက်ကြည့်မိကာ ...

"ရှင်နဲ့ ကျွန်မနဲ့ကြားက ပတ်သက်စရာက တိမ်လွှာနဲ့ပတ်သက်ပြီးတော့ပဲ စကားပြောစရာရှိတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... ဒါက မင်းဘက်က အယူအဆလေ။ တို့ဘ
ကတော့ တိမ်လွှာနဲ့ပတ်သက်ပြီး မင်းကို ဘာစကားမှပြော
စရာမရှိပါဘူး"

ဘယ်ရှိမလဲ။ ဟိုအစုတ်ပလုတ်ကလည်း တစ်ချက် လောက် လှမ်းတို့လိုက်တာနဲ့ ငေါက်ခနဲ ထ,ပြေးတတ်တဲ့သူကိုး မရသည် စေ့စေ့တွေး ရေးရေးပေါ်ဆိုသည့်အတိုင်း တွေးကြည့်လေ လေ ဒီနှစ်ယောက် အပေါ်မှာ စိတ်နာမဆုံး ဖြစ်လို့လာလေလေ ပင်။

"ကျွန်မကတော့ ရှိတယ်။ ရှင် တိမ်လွှာကို ဘယ်လိုသဘော
ထားလဲ၊ အဲဒါကို ကျွန်မ ပွင့်ပွင့်လင်းလင်းပဲသိချင်တယ်"

သူမက အာဂပဲဟူသောပုံစံဖြင့် ပခုံးတစ်ချက်ပင့်ကာ ပခုံးကို ဟန်ပါပါတွန့်သည်။

"ဒါ Personal နဲ့ဆိုင်တဲ့မေးခွန်းပဲ ခြူးမရရဲ့။ ဖြေလို့သိပ်
မကောင်းဘူးနဲ့တူတယ်"

မရသည် အဲဒီအပြောကြောင့် ပိုစိတ်တိုသွားကာ သူမ မျက်နှာကို စူးစူးရဲရဲစိုက်ကြည့်မိသည်။ သူမကတော့ ပြော ချင်တာပြောရ၍ ဝမ်းသာသွားသည့်အလား နှုတ်ခမ်းဖျားများကို ကော့တက်နေအောင်ပြုံးကာ ငြိမ်သက်နေသည်။ မရသည် တစ်ဖက် သားရဲ့ အဲဒီအပြုအမူကိုကြည့်ကာ ရင်ထဲမှာ အသည်းတယားယား





ဖြစ်လာသော်လည်း ကိုယ့်ဦးနှောက်က ကိုယ့်ကိုတစ်ချက်သတိပေး သည်။

တစ်ဖက်က ကလိနေတိုင်း မရ အရှူးမလို ပေါတော တော ကြောင်တောင်တောင် လုပ်၍မဖြစ်။ တတ်နိုင်သမျှ ဒေါသကို ထိန်းကာ အတည်ငြိမ်ဆုံးဆက်ဆံနိုင်ရမည်။ မရသည် ကန်ဘက်သို့ လှည့်ကာ အသက်ကို ဝဝရှူလိုက်ပြီးနောက် စိတ်ကို အတတ်နိုင် ဆုံး တည်ငြိမ်အောင် မွေးမြူလိုက်သည်။

"ဒီမေးခွန်းကိုကျတော့ ဖြေလို့မကောင်းဘူး ဆိုပြီးတောင်
ရှင် သိတတ်နေရင် ချစ်သူရှိနေတဲ့ သူငယ်ချင်းတစ်ယောက်
အပေါ်မှာလည်း ဘယ်လိုစည်းစောင့်ရမယ် ဆိုတာ ရှင်
သိတတ်ဖို့ ကောင်းမှာပေါ့"

မရရဲ့အပြောကြောင့် သူမ မျက်နှာပေါ်မှအပြုံးသည် စက္ကန့်ကြာမျှ လှစ်ခနဲ ပျောက်ဆုံးသွားသည်။ ပြီးတော့မှ ဆယ် ယူလိုက်သော မျက်နှာထားဖြင့် ...

"ကိုယ် တိမ်လွှာအပေါ်မှာ ဘာတွေများ စည်းကျော်နေခဲ့
လို့လဲ ခြူးမရ"

"ဟား ... ကျော်တာကတော့ ရက်ရက်စက်စက်ပဲ။ စိတ်
ထဲကခံစားမှုတွေကိုတော့ စိတ်ထဲဝင်ကြည့်လို့မရလို့ မပြော
တတ်ဘူး ...


www.burmeseclassic.com

www.burmeseclassic.com

အပြင်ဘက်မှာတော့ ရှင် အလိုရှိတိုင်း တိမ်လွှာကို လှမ်းလှမ်းခေါ်နေတာ၊ လိုအပ်တာထက် တတွဲတွဲလုပ်နေတာ ဘာသဘောလဲ။ ရှင် သုံးတဲ့ မိတ်ကပ်၊ ရေမွှေး၊ နှုတ်ခမ်းနီ၊ ဖိနပ်ကအစ သူ့ကို ဝယ်ခိုင်းနေတာ ဘာသဘောလဲ ...

ရှင်တို့ဟာရှင်တို့ ဘယ်လောက်ရိုးသားပါတယ်ပြော ပြော လိုအပ်တာထက် ပိုတဲ့ ပတ်သက်ဆက်ဆံရေးတို ကျွန်မ မနှစ်မြို့ဘူး၊ သဘောမကျဘူး ဖာနည်ထိပ်ထား။ ရှင် တိမ်လွှာကို လိုအပ်တာထက်ပိုနေတဲ့ ပတ်သက်မှုမျိုးကို ရပ်တန်းက ရပ်ပေးပါ”

“မင်းမှာ ဒီလို အမိန့်ပေးပိုင်ခွင့်ရှိလို့လား ခြူးမရ”

“ရှိတယ်။ ဘာလို့လဲ ဆိုတော့ ကျွန်မက တိမ်လွှာရဲ့ချစ်သူ ဖြစ်နေလို့ပဲ”

သူမ မျက်နှာတွင် နားလည်ရခက်သော အရိပ်တစ်မျိုး ဖြတ်ပြေး စီးဆင်းသွားသည်။

“မင်းက တစ်ဖက်သားပေါ်မှာ သံသယ တော်တော်ကြီး တတ်တာပဲနော်”

“နောက်ကျမှ သိခွင့်ရလို့ နောင်တနဲ့ ကြုံရတာနဲ့စာရင် သံသယစောစောဖြစ်ကာ ကိုယ့်အတွက် ပြေဆာ့နိုင်စရာ ပိုကောင်းတယ် ဖာနည်ထိပ်ထား ...





ရှင်ဟာ ကျွန်မထက် အဆပေါင်းများစွာ လှပြီး အဆပေါင်းများစွာ ချမ်းသာတဲ့လူပါ။ ရှင့်ဘေးမှာ ဝိုင်းဝိုင်းလည်နေတဲ့ယောကျ်ားတွေကို ရှင့်စိတ်ကြိုက် ခေါင်းခေါက်ရွေးပြီး ခိုင်းခွင့်ရှိပါတယ် ...

ဘာဖြစ်လို့ တိမ်လွှာကိုမှ ရှင် အလိုရှိတိုင်း လှမ်းခေါ်နေရတာလဲ။ ကျွန်မတောင် ကျွန်မ ချစ်သူကို အဲဒီလို တစ်ခါမှ မခေါ်ခိုင်းဖူးဘူး။ ပြီးတော့ ရှင် ခေါ်ခိုင်းသမျှ၊ ကိစ္စရှိတဲ့ အချိန်တွေ အားလုံးဟာ ကျွန်မနဲ့ တိမ်လွှာ အတူတူရှိတဲ့ အချိန်တွေချည်းပဲ ...

တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မကတော့တဲ့ အပြုအမူတွေကို တိုက်ဆိုင်တာပါလို့ သတ်မှတ်ခိုင်းဦးမလို့လား”

မရရဲ့ တရစပ် အပြောတွေကို သူမက ဘာမှ ပြန်ပြောနိုင်ချေ။ အနည်းငယ်တွန့်ချိုးသွားသော မျက်ခုံးသည် စိတ်ရှုပ်နေသည့်သဏ္ဌာန်ကိုတော့ ဖော်ပြနေသည်။ တင်းတင်းစေ့ပိတ်ထားသော နှုတ်ခမ်းများမှာ ဘာစကားမှ ထွက်မလာပေ။

“ကျွန်မ အခုလိုပြောရတာ မိန်းကလေးအချင်းချင်း အားတော့နာတယ် ဖာနည်ထိပ်ထား။ ဒါပေမဲ့ ကျွန်မ ရင်ထဲမှာ ဘယ်လိုမှ မျိုသိပ်မထားနိုင်တော့လို့ပါ”


www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိဘူး ခြူးမရ။ လူဆိုတာ ခံစားချက်အတိုင်း အဲလုပ်လုပ်နေကြတာပါ"

"ဩော် ... ဒါဖြင့်ရင် ရှင်က တိမ်လွှာကို ခံစားချက်နဲ့ တစ်ခုခုဆို လုမ်းသတိရ လှမ်းအောက်မေ့ လှမ်းခေါ်နေတာ ပေါ့နော်"

သူမက အဲဒီစကားကိုလည်း ဘယ်နှယ်မှ နေဟန် မတူဘဲ ခေါင်းတဆတ်ဆတ် ညိတ်ကာ အသာပြုံးနေပါသည်။ ဘယ်လိုမိန်းမမျိုးပါလိမ့်။ ဒီမိန်းမမျိုးကို မရ တကယ်ပဲ နားမလည်နိုင်အောင်ဖြစ်ရသည်။

"တချို့ကိစ္စတွေဟာ ပါးစပ်က ဖွင့်ပြောပြလို့ မရအောင် နူးညံ့သိမ်မွေ့ပြီး နက်ရှိုင်းကြတယ် ခြူးမရ ...

တကယ်တမ်းကျတော့ အချစ်ဆိုတာ ထင်ထားတာ ထက် ပိုပြီးလျှို့ဝှက်တယ်။ တစ်ခါတလေမှာ ကိုယ်က သံယောဇဉ်လို့ ထင်နေတဲ့အရာတွေဟာ အချစ်ဖြစ်ရင်ဖြစ် နေတတ်တယ်။ အလွမ်းဖြစ်ရင်လည်း ဖြစ်နေတတ်တယ်။ ဒါမှမဟုတ် ဘာတစ်ခုမှလဲ မဟုတ်ဘူး ...

ကိစ္စတစ်ခုကို ထင်ထင်ရှားရှား မမြင်နိုင်တော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ထင်တဲ့အခါမှာ နောက်ဆုတ်လိုက်တာ





အကောင်းဆုံးပဲ။ ဘာလို့လဲ ဆိုတော့ နောက်ဆုတ်လိုက် ရင် ရှေ့ကို ပိုမြင်ရတယ်လေ။ ကိုယ်က အစတည်းက ရှေ့ကိုတိုးနေမိရင်လည်း တိုးမိသွားမှာပေါ့။ အခုတော့ ထပ်ပြီး ထင်ထင်ရှားရှား မြင်နိုင်ဖို့အတွက် နောက်ဆုတ်ပါ ဦးမယ်။ ထပ်ပြီးတော့ပေါ့"

မရသည် အဓိပ္ပာယ်များစွာပါဝင်နေသည့် ဆန့်ညည်ထိပ် သား၏စကားတွေကို နားထောင်ရင်းမှ ရင်ထဲမှာ တစ်ခုခုကို နားလည်မလိုလိုနှင့် ပြန်ပျောက်ဆုံးသွားလေသည်။ သူမ ပြောနေ သောစကားတွေဟာ အခုမှ စပီကင်တက်ခါစ မရကို လန်ဒန်မြို့ ကြီးသား တစ်ယောက်က အင်မတန် အဆင့်မြင့်သော အင်္ဂလိပ် စကားနှင့် လာပြောနေသလိုမျိုး ပြောတော့ပြောနေတာပဲ၊ ဘာ ပြောနေမှန်းမသိ ဆိုတာမျိုးဖြစ်နေသည်။

သို့သော် "နောက်ဆုတ်ပါဦးမယ်"ဟူသော စကား ကိုတော့ မရ ကောင်းကောင်းကြီး နားလည်သဘောပေါက်ပါသည်။

"ကျွန်မ ရှင့်စကားတွေကို သိပ်နားမလည်ဘူး။ ဒါပေမဲ့ နောက်ဆုတ်ပါဦးမယ်ဆိုတဲ့ စကားကိုတော့ ကောင်းကောင်း သဘောပေါက်တယ်၊ နောက်ဆုတ်မယ် ဆိုတဲ့ စကားမှာ တခြားအဓိပ္ပာယ်တစ်ခုခု မရှိဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမက အသာပြုံးကာ ခေါင်းယမ်းပါသည်။

"တိမ်လွှာ ထားခဲ့တဲ့ ရည်းစားတွေထဲမှာ ရှင်က စိတ်ဝင်စားဖို့အကောင်းဆုံးနဲ့ သတ္တိအရှိဆုံးပဲ ခြူးမရ။ ရှင့်ကို ကျွန်မ သဘောကျပါတယ်"

"ကျွန်မကတော့ ရှင့်ကို သဘောမကျတာ အမှန်ပဲ"

မရရဲ့ ရှင်းရှင်းနှင့် ဘွင်းဘွင်းပြောသော စကားကို သူမက ဟက်ဟက်ပက်ပက်ကြီးပဲ ရယ်ပါသည်။ ဒီလိုရယ်လိုက်တော့လည်း သူမဟာ တော်တော့်ကိုလှတာပဲ။ အို … သူမက အမြဲတမ်းပဲ လှနေတာပါ။ ဒီလိုမိန်းမတစ်ယောက်ကို တိမ်လွှာက ဘာကြောင့် မကြိုက်ခဲ့တာပါလိမ့်။ အင်း … ကြိုက်ချင်တော့ကြိုက်မှာပါ။ သူတို့ အနေလည်း နီးစပ်သားနဲ့။ သံယောဇဉ်လည်းရှိကြရဲ့သားနဲ့ ဘာကြောင့် ချစ်သူတွေ မဖြစ်ကြတာပါလိမ့်။

"ခြူးမရနိုင် … ခြူးမရနိုင် … ရှင်က တော်တော်ပွင့်လင်းတဲ့ မိန်းကလေးတစ်ယောက်ပါလား။ ဒီလိုပွင့်လင်းတာ ကောင်းပါတယ်လေ …

ရှင့်ရင်ထဲမှာ ဘာမှမြုံမထားတတ်တော့ ပေါ့တာပေါ့။ ဒါနဲ့ ရှင့်ကိုလည်း တို့ တစ်ခုမေးစမ်းပါရစေဦး။ ရှင်က ရော တိမ်လွှာကို တကယ်ချစ်ရဲ့လား"





"ချစ်တာပေါ့"

မရရဲ့ မဆိုင်းမတွ အဖြေကို သူမက ကလေးတစ်ယောက်ရဲ့ ခပ်ပေါ့ပေါ့ဖြေပုံလို သဘောတကျပြုံးကာ …

"ရှင် ပြောတာက သွက်လိုက်တာ။ သေချာလို့လား"

"ဘာ မသေချာစရာရှိလဲ။ ချစ်လို့ပဲ ချစ်သူ ဖြစ်နေတာပေါ့"

"ချစ်သူတိုင်း ချစ်သူတွေ မဟုတ်ကြဘူး ခြူးမရ။ ချစ်သူတွေတိုင်းမှာလည်း တကယ်ချစ်နေကြတယ်လို့လည်း မထင်လေနဲ့ …

တချို့အချစ်တွေဟာ အချစ်နဲ့တော်တော်တူတယ်။ ဒါပေမဲ့ အချစ်မဟုတ်ဘူး"

မရသည် ကြာလာလျှင် ဓာနည်ထိပ်ထားရဲ့ ဖလော်တွေကြားမှာ မူးလာတော့မှာစိုးတာကြောင့် ပြန်ဖို့ရာအတွက် ဆုံးဖြတ်ချက်ချလိုက်သည်။

"ကျွန်မတို့ တွေ့ဆုံမှုဟာ အဆင်တပြေပြေ ရှိတယ်လို့ ယူဆတယ်။ ဒါကြောင့် ရှင့်ကို ကျေးဇူးတင်ပါတယ် ဓာနည် …

ကျွန်မကို ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြန်မှာလဲ ခြူးမရ။ တို့ လိုက်ပို့ပေးပါ့မယ်"

"နေပါစေ ဇာနည်ထိပ်ထား။ ကျွန်မတို့ဟာ ရန်သူမဖြစ်အောင်တောင် တော်တော်ကြီး သည်းခံနေရတာ မဟုတ်လား ...

မိတ်ဆွေတွေလည်း မဟုတ်ကြတဲ့အတွက် ဒီလောက်အနေအထားအတိုင်းပဲ ကောင်းပါတယ်"

မရရဲ့ စကားကို သူမက အသာတိတ်ဆိတ်သွားကာ ဘာမှ ပြန်မပြောပုံထောက် သူမလည်း အဲဒီအတိုင်းပဲ လက်ခံပါလိမ့်မည်။

မရသည် အိတ်ကိုလွယ်ကာ သူမ နံဘေးမှ တိတ်ဆိတ်စွာ ထွက်လာခဲ့သည်။ သိပ်မကြာခင်မှာပဲ မရရဲ့ ဘေးနားက နေ၍ ဇာနည်ထိပ်ထား မောင်းသော ကားလေးဟာ ညင်သာစွာ ဖြတ်သွားသည်။ သူမကတော့ နောက်ဆုတ်ပေးပါမည်တဲ့။ သို့သော် မရ ရင်ထဲတွင် ပျော်ရွှင်ခြင်းကို သိသိသာသာ မခံစားရဘဲ တင်းကျပ်သလို ဖြစ်နေသည်မှာ ဘာကြောင့်ပါလိမ့်။

အို ... သွား၊ စိတ်ရှုပ်တယ်။ လေတစ်ချက်အဝှေ့မှာ မိုးရဲ့ရနံ့ကို ခပ်သဲ့သဲ့ရသည်။ တောင်ဘက်အရပ်မှနေ၍ မိုးသားတွေက တလိပ်လိပ်တက်လာနေသည်။ "တောင်ကလာမှ မိုး"တဲ့။ တောင်ဘက်အရပ်ကို တက်လာသောမိုးဟာ သေချာပေါက်





ရွာလိမ့်မည်တဲ့ပေါ့။ ဒါဆို ဘယ်လိုနှလုံးသားမျိုးကလာ... အချစ်ကမှ အချစ်စစ် ဖြစ်လိမ့်မလဲ။

ဒီမိုးရွာမှာ သေချာပေမယ့် အချစ် ဆိုတာတော့ သေချာမည် မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မရနဲ့ ဇာနည်ထိပ်ထားတို့၏ တွေ့ဆုံမှု ရလဒ်ကတော့ ဇာနည် ဆိုသောတစ်ယောက်ထံက ဖုန်းသံတွေ မရှိတော့လောက်အောင်ကို ကျဲပါးသွားခဲ့ခြင်းဖြစ်သည်။ အဲဒီအတွက် တိမ်လွှာဟာ မရကို တစ်ခုခု သံသယဝင်နေခဲ့သော်လည်း သူ့မှာ ဖွင့်မမေးရဲချေ။ မရကလည်း မပြော။ သူကလည်း မမေး။ ဒီလိုနှင့် မအီမလည်ကြီး ငြိမ်သက်တိတ်ဆိတ်နေသော အခြေအနေတစ်ခု ဖြစ်ခဲ့သည်။

အခါတိုင်း မရတို့နှစ်ယောက် အတူတူ ရှိနေလျှင် ရောက်လာတတ်သောဖုန်းသံကို မကြားရသောအခါ တစ်ခုခုလိုလာတယ်တောင် ထင်ရလေသည်။ အရင်က ဖုန်းလာပြီးလျှင် တိမ်လွှာနှင့် မရမှာ အငြိတမ်း စကားများရလေ့ရှိသည်။ မရက စိတ်တိုကာ အော်ဟစ်လျှင် တိမ်လွှာက ချော့သည်။ တစ်ခါတလေလည်း ရန်ဖြစ်ကြသည်။





မရတို့ နှစ်ယောက်ကြားတွင် ရန်ဖြစ်စရာကိစ္စမှာ ဇာနည်ထိပ်ထားနှင့်သာ ပတ်သက်နေသည်။ သူ့ဖုန်းများကြောင့်သာ ရန်ဖြစ်ရခြင်းဖြစ်ပြီး တခြားဘာကိစ္စမှ မယ်မယ်ရရ ရန်ဖြစ်စရာအကြောင်းမရှိချေ။ အခုတော့ သူမထံမှ ဖုန်းမြည်သံများက တစ်ပတ်လောက် တိတ်ဆိတ်နေသောအခါ ဟိုကိုယ်တော်ချောကတော့ ဘယ်လိုနေမည်မသိ။ ဖုန်းသံကြားလျှင် အလိုလို ဒေါသထွက်လာစမြဲဖြစ်သော မရ တောင် ဖုန်းသံမကြားရသောအခါ နေမထိထိုင်မသာဖြစ်လာလျှင် အဲဒီဖုန်းမြည်သံဟာ ဘယ်လောက်ဆောင်များ လွှမ်းမိုးခဲ့သလဲဆိုတာ သိသာနိုင်ပါသည်။

အခြေအနေ ကြည့်ရတာတော့ ဖုန်းသံမလာသလိုချင်းလည်း တွေ့ရပုံမပေါ်ပေ။ မရသည် နေမထိထိုင်မသာဖြစ်နေသော တိမ်လွှာကိုကြည့်ကာ ဟုတ်မှဟုတ်ရဲ့လားဟူ၍တောင် သံသယဝင်လာသည်။ သူ ဇာနည့်ကိုများ ချစ်နေလို့လား။ အို ... ချစ်နေခဲ့ရင်တောင် သူတို့လောက် ရည်းစားဖြစ်ဖို့ နီးစပ်သွားကြ သူတို့ပဲရှိမည်။

သူတို့နှစ်ယောက်သာ တစ်ယောက်နဲ့ တစ်ယောက် ချစ်နေခဲ့ကြပါက မရနှင့် တိမ်လွှာမှာ တွေ့နေစရာအကြောင်း တောင် မရှိတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အတွေးတွေထဲမှာ လုံးချာလိုက်ရင်း အေးစက်တည်ငြိမ်နေသည့် မရတို့အခြေအနေထဲတွင် လှုပ်ခတ်မှုတစ်ခုက ဖြစ်ပွားခဲ့သည်။ အဲဒီနေ့ညနေက မရသည် စိတ်ရှုပ်ရှုပ်နှင့် ခိုင်မြဲတို့အိမ်သို့ ထွက်လာခဲ့သည်။ အိမ်မှာ ခိုင်မြဲက ပြန်မရောက်သေး။ မရက ခိုင်မြဲရဲ့အမေနှင့်အတူ ကန်စွန်းရွက်ကူသင်ပေးနေတုန်းမှာပဲ ခိုင်မြဲရဲ့အလုပ်ထဲမှ ကောင်လေးတစ်ယောက်က အူယားဖားယားဖြင့် ရောက်လာလေသည်။

"ဒေါ်လေးဆွေ … ဒေါ်လေးဆွေ"–

"ဟဲ့ … နောက်ဖေးထဲကိုဝင်ခဲ့၊ ဘာလို့များ ဒီလောက်တောင် အော်ဟစ်လာရတာတုန်း၊ ခိုင်မြဲရော … နင်တို့ နောက်ဖေး လိုက်တာဟယ်"

"ဒေါ်လေးဆွေ … ဟို … ဟိုဟာလေ … ကိုခိုင်မြဲ ကား တိုက်ခံရလို့"

"ဘာ … အမယ်လေး"

ဒေါ်လေးဆွေက အလန့်တကြား အော်ဟစ်လိုက် ချိန်ဝယ် မရကလည်း ပါးစပ်အဟောင်းသားပွင့်ကာ လန့်ဖျပ်သွား သည်။ ချက်ချင်းပဲ ရင်ထဲမှာ အပူတစ်ခုက ဆောင့်တက်လို့လာ သည်။ ကြည့်စမ်း … စိတ်က ဒီနေ့ညနေမှာ ခိုင်မြဲကိုပဲ သ တရနဲ့ သွားမယ် သွားမယ် ဖြစ်နေတာဟာ တစ်စုံတစ်ရာက





ဆော်တာပဲပေါ့။ ခေါင်းတွေကိုက်နေတာတောင် ဒီရောက်မှ ခိုင်မြဲဆီက ဆေးတောင်းသောက်မယ်ဟူသော ဆုံးဖြတ်ချက်နဲ့အတူ မရရဲ့ ခြေထောက်တွေက ဒီအထိ လှမ်းခဲ့ခြင်းဖြစ်သည်။

အခုတော့ ထင်မှတ်မထားသောသတင်းကို ကြားခဲ့ရပြီ။

"ဟဲ့ … ဘယ်လိုဖြစ်တာလဲ၊ ဘယ်မှာဖြစ်တာလဲ။ ဒုက္ခပါပဲဟယ်၊ အခု သူက ဘယ်မှာလဲ"

လူငယ်ဖြစ်သည့် မရက သွက်သွက်လက်လက်မရှိဘဲ လူကြီးဖြစ်သည့် ဒေါ်လေးဆွေကသာ မေးမြန်းနေရလေသည်။

"အရမ်းမစိုးရိမ်ပါနဲ့ ဒေါ်လေးဆွေ၊ အကြီးအကျယ် မဟုတ်ပါဘူး၊ လမ်းဖြတ်ကူးတုန်း ပွတ်မိသွားတဲ့ သဘောပါ။ ခြေထောက်ပဲ နည်းနည်းထိသွားတာပါ။ စိုးရိမ်စရာမရှိဘူး"

"အေး … ဟုတ်ပါပြီ။ အခု ငါ့သားက ဘယ်မှာလဲဟဲ့"

"အထူးကုဆေးခန်းကြီးတစ်ခုမှာ တင်ထားတယ် ဒေါ်လေး၊ ကားသမားဘက်ကလည်း တာဝန်သိပါတယ်၊ လိုလေသေးမရှိ လုပ်ပေးထားပါတယ် …

အခုလည်း သူ ငှားပေးတဲ့ Taxi နဲ့ ကျွန်တော် လာခေါ်တာ။ ကဲ … ဒေါ်လေး လိုက်မှာမဟုတ်လား၊ မခြူးမရရော"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... လိုက်မယ် ... လိုက်မယ်။ ဒေါ်လေးဆွေလည်း အဖော်မရှိဘူး မဟုတ်လား၊ မရ လိုက်ခဲ့မယ်"

"အေး ... လိုက်ခဲ့ပါဦးကွယ်။ စန္ဒာကလည်း အခုထိပြန်မလာသေးဘူး၊ အေးအိမ်ကိုပဲ မှာခဲ့ရမှာပဲ၊ ကဲ ... သွားရအောင်"

ခိုင်မြဲ့အမေနှင့်အတူ မရက အထူးကုဆေးခန်းကြီးသို့ ရောက်လို့လာခဲ့လျှင် တကယ့်သားနားသောအခန်းမှာ ခိုင်မြကို တင်ထားကြောင်း သိရသည်။ မရသည် ကိုယ်နဲ့ နီးစပ်ရာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ဒီလို ဆေးရုံမျိုး၌ တက်ရောက်ကုသသူ မရှိသဖြင့် ဆေးရုံရောက်တာတောင် ဟိုတယ်ရောက်နေသလိုဖြစ်ကာ အထူးတဆန်း အံ့ဩလို့နေသည်။

ဆေးရုံဆိုလို့ စိတ်မချမ်းသာဖွယ်ရာ၊ စိတ်နောက်ဖွယ်ရာ မြင်ကွင်းမျိုးတွေ မရှိဘဲ ဖိတ်ဖိတ်တောက် သန့်စင်နေပြီး ဘာဆေးရုံအနံ့မှလဲ မရှိ။ အေးစိမ့်၍ လင်းနေသော အဆောက်အအုံကြီးထဲ၌ မရက ဒေါ်လေးဆွေရဲ့လက်ကို တွဲကာ ...

"ဆေးရုံကလည်း အပျံစားပဲနော် ဒေါ်လေး"

"အေးဟဲ့ ... ပိုက်ဆံတော်တော်ရှိတဲ့လူတွေမှ တက်နိုင်တယ်နဲ့တူပါတယ်။ ငါဖြင့် တစ်သက်နဲ့တစ်ကိုယ် အခုမှ ဒီလိုဆေးရုံမျိုး ရောက်ဖူးတော့တာပဲ"





"အင်းနော် ... ခိုင်မြကို ကားနဲ့တိုက်မိတဲ့လူက သူဌေးနဲ့တူတယ်။ မသမာသူဆိုလို့ကတော့ ကောင်းကောင်းငွေညှစ်ပြီးသားပဲ"

"အမယ်လေး ... သံသရာ ကြောက်ပါတယ် ခြုံးမရရယ်။ ဒီလို တာဝန်သိသိနဲ့ လုပ်ပေးထားတာကိုက ကျေးဇူးတင်စရာပါ"

"ဒေါ်လေးဆွေ ... မခြုံးမရ ... အမြန်လာ"

ကောင်လေးက ရှေ့မှ ခပ်သုတ်သုတ်သွားနေရင်းမှ တို့ကို လှည့်ခေါ်သည်။ အခန်းတစ်ခုရှေ့သို့ရောက်လျှင် ကောင်းက ခဏရပ်ကာ တံခါးကိုခေါက်သည်။ ပြီးတော့မှ အခန်းခါးကို ဖွင့်ဝင်လိုက်လျှင် ခုတင်ပေါ်မှာ ညာဘက်ခြေထောက်ကို တ်တီးစီးထားရသော ခိုင်မြကို တွေ့လိုက်ရလေသည်။

ဒေါ်လေးဆွေက သူ့သားထံသို့ပြေးသွားကာ ...

"သား ... ဘယ်လိုဖြစ်ရတာလဲ သားရယ်။ မသေကောင်းမပျောက်ကောင်းပါလား။ အခု ဘယ်လိုနေလဲ သက်သာရဲ့လား"

"သက်သာပါတယ် အမေ။ အရိုးနည်းနည်းအက်သွားတာပါ မကျိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ကျွတ် ... ဒုက္ခပါပဲကွယ်။ ဘယ်လိုများဖြစ်ရတာတုန်း"

"လမ်းကူးတာ အဆင်မသင့်သွားလို့ပါ အမေ။ ကားကလည်း အရှိန်နည်းနည်းများတာလည်းပါတာပေါ့။ သူ့အပြစ်ချည်းတော့လည်း မဟုတ်ပါဘူး"

ခိုင်မြဲက သူ့အမေကိုပြောရင်းမှ မရကိုပါ လှမ်းပြုံးပြသည်။

ခိုင်မြဲရဲ့အခန်းထဲတွင် ကားတိုက်သူကို မတွေ့ရဘဲ နာ့စ်တစ်ယောက်သာရှိသည်။

"နင်က ဘယ်လိုလုပ် ပါလာတာလဲ"

ခိုင်မြဲက မရကို လှမ်းမေးသည်။ အိပ်ရာပေါ်တွင် ပက်လက်ကလေး လှဲနေရရင်း နည်းနည်းနွမ်းသလိုဖြစ်နေသော ခိုင်မြဲကို မရက ကြင်နာစွာဖြင့် ပင့်သက်ရှိုက်မိကာ ...

"ငါက နင့်ဆီကို လာတာလေ။ ဒါနဲ့ နင့်ကို ကားနဲ့တိုက်မိတဲ့သူကရော"

"ရှိတယ် ဆရာဝန်နဲ့ ခဏသွားတွေ့နေတယ်၊ ပြန်လာတော့မှာပါ"

"တခြားဘယ်နေရာတွေ ခိုက်မိသွားသေးလဲဟင်"





"တံတောင်ဆစ်တို့ ဘာတို့က ပွန်းရုံလောက်ပါပဲ။ ခြေထောက်ပဲ ဖြစ်တာပါ။ ဒါလည်း ကြီးကြီးမားမားမဟုတ်တော့ တော်သေးတာပေါ့"

"ဟုတ်လား၊ ဆရာဝန်ကရော ဘာပြောလဲ"

"ဆရာဝန်ကတော့ ဆေးထိုးပေးထားတာပဲ။ ဆေးတွေလည်း ပေးတယ်၊ ကျန်တဲ့ကိစ္စကတော့ မသိသေးဘူး။ ကားပိုင်ရှင် ဆရာဝန်နဲ့ သွားတွေ့နေတယ်"

မရက ခပ်လှမ်းလှမ်းမှာ စာဖတ်နေသော နာ့စ်ကို တစ်ချက်ငဲ့ကြည့်ကာ ခိုင်မြဲရဲ့အနားသို့ တိုးကပ်လျက် နားအနားတွင် လေသံကို နှိမ့်ပြောသည်။

"ဟဲ့ ... နင့်ကို ကားနဲ့တိုက်မိတဲ့လူက ဘောစိလား"

ခိုင်မြဲက တစ်ခုခုပြန်ဖြေဖို့ ပါးစပ်ပြင်တုန်းမှာပဲ အခန်းတံခါးဝက ကျီခနဲ ပွင့်လို့လာလျှင် အာရုံက အဲဒီဘက်သို့ ရောက်သွားကြလေသည်။ မရသည်လည်း ခိုင်မြဲကို မေးနေတုန်း တန်းလန်းမို့ အဲဒီအနေအထားအတိုင်း မပြင်ရသေးချေ။ ခုတင်ပေါ်မှာ လှဲနေသော ခိုင်မြဲရဲ့ ခေါင်းရင်းနားမှာ ကိုယ်ကို တစ်ဝက်ကန်းကိုင်းလျက် မျက်နှာက သူ့နားရွက်အနားသို့ ကပ်နေရာမှ လည်ပြန်လှည့်ကြည့်လိုက်လျှင် မရရဲ့ မျက်လုံးတွေသည် အံ့သြလွန်းသဖြင့် ပြူးကျယ်ဝိုင်းစက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်ဟာလည်း မရကို သေချာမြင်တွေ့သွားသောအခါမှာ အံ့သြမှုက အထင်းသား။ သို့သော် သူက သူ့ရဲ့ကံကြမ္မာကို ထိန်းချုပ်တာ လျင်မြန်သပ်ရပ်ပါသည်။ ပြီးတော့ သူက ပုံမှန်အနေအထားအတိုင်း မတ်တတ်ရပ်ကာ လျှောက်ဝင်လာသူ။ (အေးလေ ... မတ်တတ်ရပ် ဝင်မလာလို့လည်း လေးဖက်ကုန်းဝင်လာရတာမှ မဟုတ်တာ)။

မရကတော့ အခြေအနေအရ ကုန်းကုန်းကိုင်းကိုင်းကြီး ...။ မျက်နှာက ခိုင်မြဲ့ရဲ့ပါးနားမှာကပ်လျက်သားနှင့် အံ့သြစိတ်ပေါင်းကာ ဒီအတိုင်းကြီး Stay (ရပ်သေ) ဖြစ်လို့နေသည်။ ဝင်လာသူကတော့ အနားသို့ရောက်လျှင် ခိုင်မြဲ့ရဲ့အမေကို ဦးစွာပြုံးပြလျက် ခေါင်းညွှတ်နှုတ်ဆက်ကာ ...

"ကိုခန့်ဩရဲ့အမေနဲ့ တူပါတယ်။ ကျွန်မက ကိုခန့်ဩကို ကားနဲ့တိုက်မိတဲ့သူပါ အန်တီ။ ဓာနည်ထိပ်ထားလို့ ခေါ်ပါတယ်ရှင်"

ဒေါ်လေးဆွေက ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ သူမကို ကြောင်ပြီးကြည့်နေလေသည်။ ဟဲဟဲ ဟင်းဟင်းတွေနဲ့ တွေ့ရတာ ဝမ်းသာပါတယ် ပြောရအောင်လည်း ဝမ်းသာစရာကောင်းသည့် တွေ့ဆုံမှုလည်း မဟုတ်ချေ။ ဒေါ်လေးဆွေသည် သူ့သားကို ကားနှင့် တိုက်မိတယ် ဆိုသော သူဌေးသမီးကို ဘယ်လိုဆက်ဆံရမယ်မှန်းမသိ ဖြစ်နေပုံရသည်။





နို့နှစ်ရောင်ပေါ်မှာ စတုရန်းကွက်မှိန်မှိန်လေးတွေပါသော တန်ဖိုးကြီးပိတ်စသည် အကောင်းဆုံး တေလာသမား၏ လက်ရာဖြင့် သူမကိုယ်ပေါ်တွင် ကြွရွလှပနေသည်။ ကုတ်အတို၊ ခြေသလုံးတစ်ဝက်စကတ်အတိုကို ဝတ်ဆင်ထားသော ဆံပင်တိုတိုလေးများနှင့် ခေတ်မီနုသန့်နေသော သူမနှင့် အိမ်နေရင်း တီရှပ်တစ်ထည်ကို လုံချည်ဖြောင်တစ်ထည်ဖြင့် မစုတ်ပြတ်ရုံတမယ် ဝတ်ဆင်လာသော မရရဲ့ပုံစံသည် အကွဲပြားကြီး ကွဲပြားခြားနားလို့နေသည်။

ဖြူဝင်းနုဖပ်နေသော အသားအရေ၊ ပိုနားဒီနား မှန်မှန် မှန်မှန်နှင့် လင်းလက်နေသော စိန်ပွင့်လေးများကြောင့် သူမရဲ့ပုံစံဟာ မြင်လိုက်တာနှင့် သူဌေးသမီးတစ်ယောက်ဆိုတာ သိသာစေသူဖြစ်သည်။ ခိုင်မြဲ့ရဲ့အမေကတော့ နဂိုတည်းကလည်း သည်းခံခွင့်လွှတ်ကာ နားအေးပါးအေးရှိသူပီပီ သူမကို တဩော်ဩော်တအေးအေးဖြင့်သာ ရှိလျက် ဒီထက်လည်း ဘာမှပိုမပြောနိုင်ချေ။

"ကျွန်မ ဆရာဝန်ကြီးနဲ့ တွေ့လာပါပြီ အန်တီ။ ကိုခန့်ဩအတွက်က ဘာမှစိုးရိမ်စရာမရှိပါဘူး။ တစ်ပတ်လောက်နေရင် တော်တော်သက်သာသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကျွန်တော် ဆေးရုံက ဆင်းလို့ရပြီးလား မသိဘူး ခင်ဗျ"

ခိုင်မြဲက ခုတင်ပေါ်မှနေပြီး လှမ်းမေးသည်။ သူမက ခေါင်းလေးဆွေကိုကျော်ကာ ခိုင်မြဲကို ပြုံးပြုံးလေးနှင့် ငဲ့ကြည့်ရင်း_

(ခိုင်မြဲတော့မသိပါ။ မရကတော့ အဲဒီပုံစံကို တမင်ပဲများသည်ဟုထင်သည်။ ဒီမိန်းမရဲ့ အိုက်တင်တွေဟာ သူများနဲ့မတူဘဲ အမြဲကွဲထွက်နေလေ့ရှိသည်။)

"မရဘူးလေ။ ဒီမှာ အနည်းဆုံး တစ်ပတ်လောက် နေရဦးမှာပေါ့"

"ဟာ ... အဲဒီလောက်ကြီး မလိုပါဘူး၊ ကျွန်တော့်အိမ်မှာ နားနေလည်း ရပါတယ်"

"ဪ... အိမ်မှာနားတာနဲ့ ဆေးရုံမှာတက်ကုတာနဲ့ ဘယ်တူပါ့မလဲ ကိုခန့်ဦးရယ်။ တစ်ပတ်လောက်တော့ နေကိုနေရမှာ။ ဒေါက်တာကြီးကလည်း ပြောလိုက်တယ်၊ တစ်ပတ်ကတော့ ဒီမှာသေချာတက်ပြီး ကုမှရမှာတဲ့ ...

ဒီကအန်တီလည်း ဘာမှ စိတ်မပူပါနဲ့နော်။ ကျွန်မ အားလုံးအဆင်ပြေအောင် စီစဉ်ပေးထားပါတယ်။ စပါယ်ရှယ်နာ့စ်လည်း ရှိပါတယ်"





"ရပါတယ် သမီးရယ်။ ကျေးဇူးလည်းတင်ပါတယ်"

"ကျွန်မက တင်ရမှာပါ အန်တီ။ ဘာပြဿနာမှမဖြစ်ဘဲ အေးအေးဆေးဆေး ပြီးသွားလို့ပေါ့။ ကျွန်မကလည်း ပေါ့ဆသွားတာပါ။ အလုပ်ကိစ္စက ခေါင်းထဲ ရောက်နေတာနဲ့ အာရုံက ပျံ့ပျံ့သွားတာလေ"

သူမက ပြောရင်းတန်းလန်းမှ မရကို ပြုံးရင်း ငဲ့ကြည့်လာသည်။ မရက သူမစကားပြောနေတာကို ငေးနေသဖြင့် အကြည့်တွေကို ရှောင်လွှဲချိန် မရလိုက်ချေ။

"ခြူးမရက ကိုခန့်ဦးရဲ့ညီမလား"

အဲဒီမေးခွန်းကြောင့် မရ ရင်ထဲတွင် ဆတ်ခနဲဖြစ်သွားသည်။

သူမမေးပုံက ဘာအရောင်အဆင်းမှမပါသော ရိုးရိုးသားသားမေးပုံမျိုးဖြစ်သည်။ နှုတ်ခမ်းတွေက ပြုံးနေကာ မျက်လုံးတွေက စူးစမ်းရိပ်ဖြင့် တဖျပ်ဖျပ်လက်နေသည်။ မရသည် အဲဒီမျက်လုံးတွေကို သေချာမှတ်ထားလိုက်သည်။

မရရဲ့အဖြေစကားကြောင့် အဲဒီမျက်လုံးတွေ အရောင်ပြောင်းမသွားပါစေနဲ့။

"ခိုင်မြဲနဲ့ ကျွန်မနဲ့က အိမ်နီးချင်းတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



မရသည် သူငယ်ချင်းဆိုသည့် စကားလုံးမပါအော[...] တတ်နိုင်သမျှ ထိန်းပြောလိုက်တာဖြစ်သည်။ သို့သော် ဇာနည်[...] မျက်လုံးတွေသည် မရ၏ ဆုတောင်းမပြည့်အောင်ပင် အရော[...] တွေ ပြောင်းလဲသွားသည်။

“သြော် ... အဲဒီလိုလား၊ လောကကြီးက မမျှော်လင့်တာ[...] တွေ ဖြစ်တတ်တယ်နော်”

ဒေါ်လေးဆွေက မရနှင့် ဇာနည့်ကို အံ့သြလို တ[...] လှည့်စီကြည့်ကာ ...

“မရနဲ့ ဒီက သမီးနဲ့က သိကြလား”

“ဟုတ်ကဲ့ ဒေါ်လေးဆွေ”

“သြော် ... သြော် ... မရတို့ကျောင်းကလား”

“အဲဒီလိုတော့ မဟုတ်ပါဘူး။ အပြင်မှာ သိတာပါ”

မရရဲ့ပုံစံကိုကြည့်ကာ ဒေါ်လေးဆွေက ဆက်မမေး[...] တော့ချေ။ မရသည် ခုတင်ပေါ်မှာရှိသော ခိုင်မြကို တစ်ချက်လှမ်း[...] ကြည့်ကာ ရင်ထဲတွင် တင်းကျပ်လေးလံပြီးလာသည်။ ဘယ်လိုမှ[...] ဆက်စပ်၍မရသော လူနှစ်ယောက်ကို ကံကြမ္မာက ဘာကြောင့်များ[...] ဆုံစည်းပေးလိုက်တာပါလိမ့်။ ကံကြမ္မာသည် မရတို့ကို မထင်မှတ်[...] သောထောင့်မှ လက်သီးပုန်းတွေ ထိုးတတ်သူဖြစ်သည်။





“ခြူးမရလည်း ကူပြောပါဦး၊ ကိုခန့်ဥြာက ဆေးရုံကနေ ဖွတ်ဆင်းမယ် ဖြစ်နေတယ်။ ဒီမှာ တစ်ပတ်လောက်တော့ အေးအေးဆေးဆေး နားနေမှဖြစ်မှာပေါ့ မဟုတ်ဘူးလား”

မရက ဘာပြောရမှန်း မသိစွာနှင့် ဒေါ်လေးဆွေရဲ့ မျက်နှာကိုကြည့်မိသည်။ ဒေါ်လေးဆွေက ခိုင်မြရဲ့မျက်နှာကို ကြည့်သည်။ မရသည် တစ်သက်လုံးက ပေါင်းသင်းလာသောလူတွေရဲ့မျက်နှာထားကို တစ်ချက်မျှ အကဲခတ်ရုံဖြင့် သူတို့စိတ်ထဲမှာ ဘာတွေပြောနေတယ် ဆိုတာကို ချက်ချင်းသဘောပေါက်လေသည်။

တစ်နေ့ တစ်နေ့ အခန်းခကို သုံးလေးသောင်း ပေးမလွှတ်သည့် ဒီလို အထူးကုဆေးရုံကြီးမှာ တစ်ပတ်လောက် တက်ဖို့ဆိုတာက ခိုင်မြတို့အနေဖြင့် တော်တော်စဉ်းစားရမည့်အပိုင်း ဖြစ်သည်။

အားလုံး နှုတ်ပိတ်ဆွံ့နေတုန်းမှာပဲ အတွေးမတုံးသော ဇာနည်ထိပ်ထားက စကားထပ်ဆက်ပြီးလာသည်။

“ဒီကိစ္စမှာ ကျွန်မ တာဝန်အများကြီးရှိပါတယ် အန်တီ၊ ဒါကြောင့် ဆေးကုသမှုစရိတ်အားလုံးကို ကျွန်မ တာဝန်ယူမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



"အို ... အဲဒီသဘောနဲ့ မဟုတ်ပါဘူးကွယ်။ သားရဲ့ဒဏ်ရာက သက်သာရင်လည်း သမီးမှာ ငွေကုန်ကြေးကြ အရမ်းများနေတာကို စိုးတာပါ"

ဒေါ်လေးဆွေ၏စကားကြောင့် သူမက သွားဖြူတန်းလေးများပေါ်အောင် လှစ်ခနဲပြုံးကာ ...

"လူတစ်ယောက်လုံး ကြီးကြီးမားမား ဘာမှမဖြစ်ဘဲ ကျွန်မကို ပြဿနာတစ်ခုခုမလုပ်တာကိုပဲ ကျေးဇူးတင်လွန်းရပါပြီ အန်တီ ...

တစ်ပတ်လောက်ကတော့ တက်ကိုတက်လိုက်ပါ။ Cashier မှာလည်း ကြိုတင်ငွေ သွင်းထားရတာမို့ပါ။ ငွေလည်း သွင်းပြီးပါပြီ အန်တီ"

"ဩော် ... မဟုတ်တာကွယ်၊ အဲဒီလောက်လဲ ..."

ဒေါ်လေးဆွေက ရိုးသားသူပီပီ ဘာပြောရမှန်းမသိဖြစ်နေပုံရသည်။ သာမန်တိုက်ခန်းတစ်ခန်းစာလောက် ကျယ်ဝန်းသော အခန်းထဲတွင် Air Con၊ စလောင်းတီဗီ၊ ရေခဲသေတ္တာ၊ စားပွဲနှင့် ဆိုဖာဆက်တီ စသဖြင့် တန်ဖိုးကြီး အသုံးအဆောင်တွေပါဝင်သော အပြင်အဆင်များကြောင့် အားနာနေဟန်တူလေသည်။

"ကိစ္စမရှိပါဘူး အန်တီ၊ နောက်နေ့တွေလည်း ကျွန်မလာကြည့်ဦးမှာပါ။ အခုလည်း စပါယ်ရှယ်နာ့စ် ငှားပေးခဲ့ပါတယ်။ အန်တီတို့ စောင့်ချင်ရင်လည်း စောင့်လို့ရပါတယ်၊ ဘယ်လိုစီစဥ်ချင်လဲရှင်"

ဒီတစ်ခါတော့ နိုင်မြဲက ဝင်ပြီးပြောသည်။

"အမေ မရနဲ့အတူတူ အိမ်ပြန်လိုက်ပါ။ မနက်မှပဲ လာချင်လာပေါ့။ ကျွန်တော် အောင်နိုင့်ကိုပဲ ခေါ်ထားလိုက်ပါမယ်၊ ဘာမှ အသည်းအသန်ကြီး ဖြစ်တာမှမဟုတ်တာ။ ဒီမှာ ဆရာမလည်း ရှိနေတာပဲ"

"ဟုတ်တယ် ဒေါ်လေးဆွေ၊ မနက်မှပဲ စောစောထ,လာချင်လာခဲ့ပေါ့"

မရကပါ ဝင်၍ တိုက်တွန်းလိုက်လျှင် ဒေါ်လေးဆွေကလည်း လက်ခံသွားသည်။ အားလုံးညှိနှိုင်း၍ အဆင်ပြေသွားလျှင် ဓာနည်က အဆုံးအဖြတ် အပြုံးလေးတစ်ခုဖြင့် ...

"ကဲ ... အားလုံး အဆင်ပြေသွားပြီဆိုရင် ကျွန်မကို ခွင့်ပြုပါဦးနော်။ မနက်ခင်းကျမှ တစ်ခေါက် ထပ်လာခဲ့ပါ့မယ် ...

ကိုခန့်ငြား ခွင့်ပြုပါဦး၊ အန်တီ ခွင့်ပြုပါဦး"

"အေး ... အေး ... ကျေးဇူးတင်ပါတယ် သမီးရယ်"

ဒေါ်လေးဆွေက သူ့သားရဲ့အနားမှာ ကျန်ရစ်ခဲ့ချိန်ဝယ် မရက သူမကို အပြင်ဘက်ထိ လိုက်ပို့ဖြစ်သည်။ ခရိုနိုင်







www.burmeseclassic.com

www.burmeseclassic.com



ဓာနည်ထိပ်ထားသည် အခန်းထဲမှထွက်လာကာ အပြင်ဘက်ကော်ရစ်တာမှာ လမ်းလျှောက်ရင်း သူမက စကားဆက်ပြောသည်။

"သိပ်အံ့သြစရာကောင်းတဲ့ တိုက်ဆိုင်မှုပဲနော် ခြူးမရ"

"ဒီလိုပဲ ဖြစ်တတ်ပါတယ်လေ"

မရက အရေးမပါသည့်ဟန်ဖြင့် ပြန်ပြောလိုက်သော်လည်း သူမက စကားကို ထပ်ဆက်သည်။

"ဒါပေမဲ့ တို့ကတော့ ခြူးမရကို မြင်လိုက်တဲ့အခါမှာ အရမ်းအံ့သြသွားတာပဲ"

လက်စားချေချင်တဲ့ စိတ်တွေရော မပေါ်မိဘူးလား။ ဒီမေးခွန်းကိုတော့ မရက ရင်ထဲမှာပဲ ဘိုးတိုးလေး မေးဖြစ်သည်။ အပြင်မှာသာ မေးလိုက်လို့ကတော့ အမှန်အတိုင်း ပြန်ဖြေမည့် ထိုမိန်းမရဲ့ကောားသံတွေကို မရ မကြားရဲတာဖြစ်ပါသည်။

"ခြူးမရနဲ့ ခန့်ငြားခိုင်မြနဲ့က ငယ်ငယ်တည်းက သူငယ်ချင်းတွေလား"

သူငယ်ချင်းဟူသော စကားတစ်ခွန်းကြားလိုက်ရလျှင် မရရဲ့ နှလုံးသားတစ်ခုလုံး မတ်ခနဲဖြစ်သွားသည်။ လှည့်ပတ်စီးဆင်းနေသော သွေးတွေအားလုံး ကျဉ်ခနဲဖြစ်သွားကာ ဓာနည်ထိပ်ထားရဲ့မျက်နှာကို ဖျတ်ခနဲမော့ကြည့်မိသည်။ မရကို ပြုံးကြည့်နေသောမျက်ဝန်းတွေမှာ အပေါ်ယံအမြင်ကတော့ ပကတိ





ရိုးရိုးရှင်းရှင်းလေးမျှသာ။ သို့သော် အဲဒီအကြည့်တွေရဲ့ တစ်ဆုံးကို မရက လှမ်းမြင်နေရတာက ခက်သည်။

မရသည် ဓာနည်ထိပ်ထား မသိအောင် သက်ပြင်းဘစ်ခုကို ခိုးရှိုက်လိုက်ကာ ...

"ဟုတ်တယ် ဓာနည်ထိပ်ထား။ ကျွန်မနဲ့ ခိုင်မြနဲ့က ငယ်ငယ်လေးတည်းက အတူကြီးပြင်းလာခဲ့ကြတဲ့ သူငယ်ချင်းတွေပါ"

"ဩော် ... ဩော် ..."

အဲဒီ ဩော် ... ဩော် သံသည် ရိုးရှင်းသော ဩော်သံမှ ဟုတ်ပါလေစ။ မရသည် ရှေ့ရေးကို ကြိုတွေးကာ ရင်လေးလာသည်။ ခိုင်မြရယ် ... နင်ဟာ ဒီမိန်းမကားနဲ့ တိုက်တာနဲ့စာရင် မိလ္လာကားနဲ့ တိုက်တာကမှ တော်ဦးမယ်ဟာ။ မသကာ နောက်ဆုံး ချေးမွှန်းရုံပေါ့။

မရသည် ကိုယ့်အတွေးကိုယ် ရယ်လည်းရယ်ချင်ကာ ဘိတ်လည်း ပူက်မိလေသည်။

"ဒါနဲ့ ကိုခန့်ငြားက တို့တွေနဲ့ ရှယ်တူပေါ်နော်၊ သူကရော ဘာလို့ကျောင်းမတက်တာလဲ"

မရဲ နှည်းနှည်းတော့ တင်းလာပြီ။ ဒီမိန်းမ ပေါ်က လွန်ပြီဟု ထင်လေသည်။ သို့သော် မရမှာ သခင်ဆဲလို့



www.burmeseclassic.com

www.burmeseclassic.com



မငို့ဝံ့ဆိုသည့်အတိုင်း တင်းတာကိုတင်းကြောင်း ထုတ်မပြောရဲသေးချေ။ နေနှင့်ဦး မရ သည်းခံနိုင်သလောက်တော့ သည်းခံလိုက်ဦးမယ်။

"ခိုင်မြဲက အဖေ မရှိတော့ဘူးလေ။ အမေ မုဆိုးမကြီးနဲ့ အစ်မကို သူပဲ လုပ်ကျွေးနေရတာ"

"ဩော် ... ဒီလိုလား၊ တော်သားပဲနော်။ ဒါဆို တို့နဲ့ သူနဲ့က ဘဝတူတွေပေါ့။ ဒါပေမဲ့ သူက တို့ထက်စာရင် ကံကောင်းပါတယ်လေ။ အမေတစ်ယောက်ရှိနေတာ၊ အဲဒီအမေကို လုပ်ကျွေးခွင့်ရတယ်ဆိုတာ နည်းတဲ့ကုသိုလ်လား၊ သူ့စေတနာတွေက သူ့ကို ပြန်အကျိုးပေးဦးမှာပါ ... မိဘကို လုပ်ကျွေးတဲ့ သားသမီးဆိုတာ ဘယ်တော့မှ မဆင်းရဲတတ်ဘူးလေ"

ဘာလဲ ချမ်းသာတဲ့ဘဝကို ချက်ချင်းလက်ငင်းရောက်အောင် ရှင်က တော်ကောက်မှာမို့လို့လား။ မရသည် စိတ်ထဲက နေ၍ ခပ်ချဉ်ချဉ်တွေးလိုက်ပြီးနောက် နှာခေါင်းရှုံ့လိုက်သည်။

"တိမ်လွှာနဲ့ရော အဆင်ပြေရဲ့လား ခြူးမရ။ မင်း တောင်းဆိုထားတဲ့အတိုင်း တို့ရဲ့ ဖုန်းသံတောကိုလည်း ရပ်စဲထားတယ်နော်"

"... မပြည့်သေးပါဘူး"





မရရဲ့ ခပ်ဆတ်ဆတ် အပြောကို သူမက ဟက်ဟက်ပက်ပက် ရယ်မောသည်။

"အေးပေါ့လေ၊ မင်း ပြောတာ သဘာဝ ကျပါတယ်။ ဒါပေမဲ့ တစ်ခုခုဆို တိမ်လွှာကို ဖုန်းဆက်မခေါ်ရတော့ ရင်ထဲမှာ တစ်ခုခုလိုနေသလိုခံစားရတယ် သိလား။ တစ်ခါတလေ ဖုန်းနံပါတ်တွေကို ယောင်ပြီးတောင် သွားသွားနှိပ်မိနေတာ ...

အဲဒီလောက်ထိအောင်ပဲ မင်း တကယ်ရက်စက်နိုင်တယ်နော် ခြူးမရ"

မရသည် မိန်းကလေးချင်းတောင် ဘာစကားတွေလာပြောနေမှန်း မသိသည့် ဓာနည်ထိပ်ထားကို စိတ်ပျက်သည့်သဏ္ဌာန်ဖြင့် မော့ကြည့်လိုက်သည်။ သူမက မရကို မကြည့်သဖြင့် မရ ကြည့်တာဟာ အရာမမြောက်ချေ။ တဖြည်းဖြည်းနှင့် သူမကိုလိုက်ပို့လာတာ ဓာတ်လှေကားနား ရောက်လာသည်။ မရက ဆက်မလိုက်တော့ဘဲ ရပ်လိုက်လျှင် သူမကလည်း ရပ်ကာ ဓာတ်လှေကားခလုတ်ကို လှမ်းနှိပ်ရင်းမှ မရကို တည့်တည့်ပြန်ကြည့်သည်။

"လောကကြီးက တရားမျှတမှုတော့ ရှိပါတယ်။ အခုဆို တို့အတွက် မိတ်ဆွေသစ် သူငယ်ချင်းတစ်ယောက် ကောက်ရနေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပြောကြောင့် မရက သူမကို ဆတ်ခနဲ မော့ကြည့်မိသည်။ မရကို တည့်တည့်ပြုံးကြည့်နေသော မျက်လုံးများသည် ရင်ဘတ်ကို ခွဲပြီးဝင်သွားမည့် ဓားသွားများလို စူးရှထက်မြက်နေကြသည်။

မရက သူမကို တစ်ခုခုပြန်ပြောဖို့ ကြိုးစားသော်လည်း မအောင်မြင်ချေ။ မရရဲ့ နှုတ်ဖျားမှ အသုံးကျသော ဘာစကားမှ ထွက်မလာ။

အဲဒီအချိန်မှာပဲ ဓာတ်လှေကားတံခါးက ပွင့်လာသည်။ သူမက ဓာတ်လှေကားထဲသို့ ဖျတ်ခနဲဝင်ရပ်ကာ မရဘက်သို့ မျက်နှာချင်းဆိုင် လှည့်ကြည့်ရင်း ပြုံးသည်။

ပြီးတော့ ...

"ရင်ထဲက တစ်ခုခုကို ဆွဲထုတ်လိုက်ရတဲ့အခါမှာ ဘယ်လိုခံစားရတတ်သလဲဆိုတာ ခြုံးမရနိုင် ကိုယ်ချင်းစာတတ်လာတော့မှာပါ"

အဲဒီစကားကြောင့် မရ ဆတ်ခနဲ ဖြစ်သွားသည်။ သူမကို တစ်စုံတစ်ရာပြောဖို့ ပါးစပ်ဟလိုက်သောအခါ ဓာတ်လှေကားတံခါးက လျှောခနဲ ပိတ်သွားပြီဖြစ်၏။ ဓာနည်ထိပ်ထားသည် ပိတ်သွားသော ဓာတ်လှေကားထဲမှ မရကို အောင်နိုင်သူတစ်ယောက်ရဲ့အပြုံးမျိုးနှင့် ကြည့်ကာသွားသည်။





အပြုံးတွေဟာ ဓာတ်လှေကား ပိတ်သွားသည်အထိ ပြီးဆုံးပျောက်ကွယ် မသွားသေးချေ။ မရသည် အဲဒီအပြုံးတွေကို စိတ်မသက်သာစွာနှင့် ခံယူကာ ခိုင်မြဲရဲ့အခန်းဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ဘာနိမိတ်တွေက ဆောင်ယူလာသလဲတော့ မပြောတတ်ချေ။ ခိုင်မြဲနှင့် ဓာနည်ထိပ်ထား အကြောင်းကို တွေးမိလျှင် မရရဲ့ရင်ထဲ၌ လေးလံတင်းကျပ်ပြီးလာသည်။

အခန်းထဲသို့ မျက်နှာမသာမယာနှင့် ဝင်လာသော မရကို ခိုင်မြဲက ခုတင်ပေါ်မှ တစ်ချက်လှမ်းကြည့်ကာ ...

"လာလေ မရ ... ထိုင်ပါဦး။ နင်က အမေနဲ့ ဘယ်လိုလုပ်ပါလာတာလဲ"

မရက ခိုင်မြဲရဲ့ ခုတင်ဘေးကခုံတွင် အသာဝင်ထိုင်လိုက်သည်။

"နင့်အိမ်ကို ငါ လာတာပေါ့။ အဲဒါ ထားစမ်းပါဦး။ နင်ကလည်း ကားတစ်စီးလုံး တိုက်မိအောင်တောင် မေ့ဆေးရသလား"

ခိုင်မြဲက မရရဲ့ စကားကြောင့် ပြုံးသည်။ သူ့ကိုကရုဏာဒေါသောနှင့် ပြောသည်ထင်၍ မရရဲ့အပြောကို ခွင့်လွှတ်သလိုပြုံးပြီး ...

"ငါက အိမ်ပြန်ချင်စောနဲ့ အမြန်သွားတာကိုးဟ"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်များ မပြန်ဘူးတာ ကျနေတာပဲ။ နင့်ကို မျှော်နေတဲ့ ကလေးနဲ့ အမေလည်း မရှိပါဘူး"

"မဟုတ်ဘူး။ ငါ နင့်ဆီ လာမလို့"

မရ ရင်ထဲ လှစ်ခနဲ ဖြစ်သွားသည်။ မရကလည်း ဒီနေ့ညနေမှ သူ့ဆီ အသည်းအသန် သွားချင်နေခဲ့တာ။ မရ ခိုင်မြဲရဲ့စကားကို မယုံသဖြင့် သေချာစိုက်ကြည့်လိုက်လျှင် သူ့ မျက်လုံးတွေက အမှန်တရားကို ဖွင့်ဆိုပြနေကြသည်။

"လာမလို့ !... ဘာဖြစ်လို့လာမှာလဲ"

"နင်က မေ့နေပြီကိုး"

"ဘာကိုလဲ"

မရက မရှည်သည့်စိတ်ကို ဆွဲဆန့်ထားရင်း မျက်ခုံး တွန့်ချိုးဖြင့်မေးလျှင် ခိုင်မြဲက အသာပြုံးကာ ...

"မနက်ဖြန် ငါ့မွေးနေ့လေ"

"အဲ ... ဟုတ်သားပဲ ဆောရီး၊ နင့်မွေးနေ့ကို အစောကြီး တုန်းက ငါ တစ်ချက်သတိရသေးတယ်ဟ၊ အနီးကပ်ကျ မေ့သွားတာ ...

ငါက ကိစ္စတစ်ခုကို အစောကြီး ကြိုသတိရရင် မေ့ မေ့သွားတတ်တယ်"

"ရပါတယ်ဟာ"





"အေးလေ ... အဲဒါ ဘာဖြစ်လဲ။ နင့်မွေးနေ့ဆိုတော့"

"ဪ ... ငါ့မွေးနေ့မှာ နံနက်စောစော ဘုရားသွားချင်လို့ လေ။ အဲဒါ နင့်ကို လိုက်ခဲ့မလားလို့ လာပြောတာ။ အဲဒါ ပြောမလို့ပေါ့ဟာ"

မရသည် ခိုင်မြဲကို ကြည့်ရင်း ရင်ထဲမှာ နင့်သွား သည်။ စိတ်ထဲမှာလည်း တော်တော်ပဲ မကောင်းဖြစ်သွားလေသည်။ သူ့မှာရော မရမှာပါ ဖုန်းလေး တစ်ယောက်တစ်လုံးစီ ရှိကြလျှင် ဒီလိုဖြစ်စရာ အကြောင်းမရှိဟုထင်သည်။

ဒါမှမဟုတ်လည်း ငါ ရောက်လာမှာပဲ ခိုင်မြဲ ရယ်။

နင် ဇာနည်ထိပ်ထားရဲ့ကားနဲ့ တိုက်မိတာတော့ ဖြစ်သင့်ပါဘူး။

အခုတော့ သူကလည်း မရဆီ လာဖို့ စိတ်ထဲမှာ ရှိထား၊ မရကလည်း သူ့ဆီသွားဖို့ စိတ်ထဲမှာ ရှိထားရက်နှင့် စိတ်ထဲရှိတာတွေသည် အပြင်ဘက်မှာ အရာမရောက်သောအဖြစ် ကို မရ တကယ်ပဲ စိတ်ပျက်မိတော့သည်။ အင်းလေ ... စိတ် အချင်းချင်း ဆက်သွယ်မိရင်လည်း ဂျီအက်စ်အမ်တွေတောင် လိုမှာ မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ ခိုင်မြဲရယ် ... အေးအေးဆေးဆေး လာလည်းရပ တယ်။ အခုတော့ ..."

မရက ကိုယ့်အတွေးနဲ့ကိုယ် ဆက်မပြောချင်စွာဖြင့် ရပ်လိုက်သော်လည်း ခိုင်မြဲကတော့ အဲဒီလိုသဘောမပေါက်။ သူ့အတွက် ထိခိုက်ခံစားသွားရတာကို မလိုလားသောပုံစံမျိုးနှင့် မရကို နှစ်သိမ့်လေသည်။

"အခုလည်း ဘာမှ မဖြစ်ပါဘူးဟာ။ ငါ နေကောင်းပါ တယ်။ နည်းနည်းပါးပါးပဲ ထိမိတာပါ။ ဒါနဲ့ ဇာနည်ထိပ် ထားနဲ့ နင်နဲ့က သိနေကြတာလား"

ခိုင်မြဲရဲ့မျက်နှာက ရိုးရိုးသားသားနှင့် ပကတိအတိုင်း မေးတာဖြစ်သည်။ မရသည် အဲဒီအမေးစကားကို ရုတ်တရက် ဘယ်လိုဖြေရမှန်းမသိ ဖြစ်သွားသည်။ အကြောင်းရင်းစုံကို ပြော ပြလိုက်ရင် ကောင်းမလား။ မပြောဘဲနေတာက ကောင်းမလား။ အခုနက ပျောက်သွားသော ခေါင်းကိုက်ဝေဒနာသည် အခုမှ ပြန်ပေါ်လာသည်။

မရက ကိုယ့်ကို ငေးကြည့်နေသော ခိုင်မြဲရဲ့ မျက်ဝန်းများကို နူးညံ့စွာ စိုက်ကြည့်လိုက်ပြီးမှ ...

"သူက တိမ်လွှာရဲ့သူငယ်ချင်းပဲ ခိုင်မြဲ"





ခိုင်မြဲရဲ့ မျက်လုံးများ နည်းနည်းအရောင်ပြောင်းသွား သည်။ သူလည်း အံ့သြသွားမည်ဟု ထင်ပါသည်။ တိတ်ဆိတ် သွားသော နှုတ်ခမ်းများဟာ ခဏကြာမှ "သြော် ... သူလား" ဟု ထွက်လာပုံထောက် ခိုင်မြဲသည်လည်း ဒီကံကြမ္မာကို ထူးခြား စွာ ခံစားနေပေလိမ့်မည်။

အဲဒီနောက် မရနှင့် ခိုင်မြဲမှာ စကားဆက်မဆိုဖြစ် ကြတော့ချေ။ ခဏကြာတော့မှ ခိုင်မြဲက သူ့အမေကို ပြန်ဖို့ပြော သည်။

"အမေ ပြန်ရင်လည်း ပြန်တော့လေ။ ကျွန်တော်လည်း သက်သာနေတာပဲ။ တော်ကြာ မမက စိတ်ပူနေဦးမယ်"

"အေး ... အေး ... ဒါဆို အမေ မနက်ကျမှ လာမယ်နော် သား"

မရက ခိုင်မြဲကို ပြုံးပြုံးလေးနှင့် လက်ချောင်းလေး တွေ လှုပ်ယမ်းပြကာ ...

"ဟက်ပီဘတ်ဒေး ခိုင်မြဲ။ မနက်ဖြန် နင့်ကိုယ်စား ငါ ဘုရားသွားပေးမယ်။ အဲဒါဆို နင် ကျေနပ်လား"

"ကျေနပ်ပါတယ်ဟာ"

"အိုကေ ... ဒါဆို နင် နေကောင်းအောင်နေနော်"



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မြဲက ပြုံးပြုံးလေးနှင့် ခေါင်းညိတ်ပြသည်။ ...
သည် ခုတင်ပေါ်မှာ အပြုံးနွမ်းနွမ်းဖြင့် ခြေထောက်တစ်ဖက်...
ပတ်တီးဖြူဖြူစည်းထားရသော ခိုင်မြဲကိုကြည့်ကာ ရင်ထဲ၌ ဘာ...
သနားမှန်းမသိ သနားလာသည်။ မနက်ဖြန်လို သူ့မွေးနေ့...
ဒီနေ့မှာ အနာတရ ဖြစ်ရတာကိုလည်း မရ စိတ်မကောင်းဖြ...

ဒီထက်ပိုစွာဖြင့် ဓာနည်ထိပ်ထားဆိုသော မိန်းမတစ်...
ယောက်နှင့် ပတ်သက်သွားတာကိုတော့ ပို၍ စိတ်မကောင်းဆုံး...
ဖြစ်တော့သည်။





# ၁၂

ခိုင်မြဲရဲ့ မွေးနေ့နံနက်ခင်းတွင် မရသည် စောစောနိုးနေကာ သူ့ကိုယ်စား ဘုရားသွားလျက် သူ့မွေးနေ့ထောင့်တွင် ရေသပ္ပာယ်ခြင်း၊ ဆီမီး နံ့သာတိုင်များ ထွန်းကာ ပူဇော်ခြင်း၊ သူ့ကိုယ်စား ပုတီးစိပ်ပေးခြင်း စသဖြင့် ကောင်းမှုကုသိုလ်အဝဝကို ပြုလုပ်ပေးခဲ့ပြီးနောက် ဘုရားရှင်ထံမှာ တိုးတိတ်သော ဆုတစ်ဆုကိုလည်း တောင်းပေးခဲ့ပါသည်။

"အရှင်ဘုရား ... တပည့်တော်မရဲ့သူငယ်ချင်းဟာ မိဘကို လုပ်ကျွေးနေတဲ့ သူတော်ကောင်းလေးတစ်ဦးဖြစ်ပါတယ် ...

ထိုကောင်းမှုကုသိုလ်ကံစေတနာကြောင့် တစ်စုံတစ်ယောက်ရဲ့ အသုံးချခံ၊ တစ်စုံတစ်ယောက်ရဲ့ စိတ်ထွက်ပေါက်၊ တစ်စုံတစ်ယောက်ရဲ့ ဓားစာခံ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေရဘဲ ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝလေးထဲမှာ သူ့အမေ မေတ္တာစစ်မှန်တဲ့ သူမျိုးနဲ့သာ ဆုံတွေ့နိုင်ပါစေ အရှင် ဘုရား"

ဘုရားကတော့ ဘယ်လိုထင်မယ်မသိ။ မရကတော့ ရင်ထဲမှာရှိသော တကယ့်ဆန္ဒစစ်စစ်တစ်ခုကို တောင်းခဲ့တာပင်။ နံနက်စောစော ဘုရားရင်ပြင်ပေါ်တွင် တစ်ပတ် ပတ်ပြီးသည့်နောက် မရရဲ့စိတ်တို့ အတန်ငယ်ငြိမ်းချမ်းလို့သွားသည်။ မရသည် ခိုင်မြဲကိုသာ စိတ်ထဲမှာ ရည်စူးထားသဖြင့် ကိုယ့်အတွက်ကိုယ်တောင် ဆုတောင်းဖို့ သတိမရချေ။

ဘုရားက ပြန်ဆင်းလာသောအခါမှာ မွေးနေ့လက်ဆောင် ဆိုတာတို့ သတိသွားရသောအခါ အခုကျမှတော့ ဘာ ပစ္စည်းမှ ဝယ်ပေးဖို့လည်းမမီတော့။ နံနက်ခုနစ်နာရီခန့်မှာ ဘာဆိုင်မှလဲ မဖွင့်သေးသဖြင့် မရသည် ဘုရားစောင်းတန်းက စံပယ်ပန်းကုံးလေးတွေကိုသာ ဝယ်လိုက်သည်။ သူ့ခုတင်ခေါင်းရင်းမှာ စံပယ်ပန်းလေးတွေ ချိတ်ပေးထားပြီး မွှေးပျံ့တဲ့ရနံ့တွေကို ခံစားနေရရင် တစ်မျိုးစိတ်ချမ်းသာနိုင်တာပဲ မဟုတ်လား။

မွေးနေ့လက်ဆောင်ပစ္စည်းဆိုတာက အဓိကမဟုတ်ချေ။ မရရဲ့ရင်ထဲ၌ နည်းနည်းပေါ့ပါးကာ သက်သာသွားသည်။ မရသည် ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်စိတ်ဖြင့် စံပယ်ပန်းတွေ





ကို အိတ်လေးနှင့်ထုပ်ကာ လွယ်အိတ်ထဲမှာ အသာထည့်လာခဲ့သည်။ ခိုင်မြဲကို ဝင်တွေ့ပြီးမှ မရက ကျောင်းသို့ သွားမှာဖြစ်သည်။

မရသည် ဘုရားမှနေ၍ ခိုင်မြဲတက်နေရာ အထူးကုဆေးခန်းကြီးသို့ ဘတ်စ်ကားစီးကာ ရောက်လာခဲ့သည်။ နံနက်စောစောမို့ လူသိပ်မကျပ်သော်လည်း မှတ်တိုင်မှာ စောင့်ရတာရော၊ လမ်းမှာရပ်တာရောနှင့် ပေါင်းကာ ဆေးခန်းသို့ ရှစ်နာရီထိုးခါနီးလောက်မှ ရောက်သွားသည်။ အခန်းတံခါးကိုခေါက်ကာ ဝင်လိုက်လျှင် အခန်းထဲကလူတွေက ဝင်လာသော မရထံ အာရုံရောက်လာကြသည်။

မရသည် တစ်စုံတစ်ယောက်ကို မြင်လျှင်တော့ အာရုံတွေနောက်သွားရပါသည်။

"ဟော် ... မရတောင် ရောက်လာပြီ။ လာ လာ ညီမလေး။ အစက မရကိုတောင် ဝင်ခေါ်ဦးမလို့၊ အားနာတာနဲ့ ဝင်မခေါ်တော့တာ"

အခန်းထဲတွင် လူစုံတက်စုံဖြစ်သည်။ ဇာနည်ထိပ်သား၊ ခိုင်မြဲရဲ့အမေ ဒေါ်လေးဆွေ၊ ခိုင်မြဲရဲ့အစ်မ၊ ခိုင်မြဲရဲ့အလုပ်မှ ကောင်လေးများ စသဖြင့် အားလုံး ရောက်လို့နေကြသည်။ မရက အားလုံးကို အပြုံးနှင့် ဝေ့ဝဲနှုတ်ဆက်လိုက်ရင်းမှ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



က စားပွဲပေါ်ရှိ တန်ဖိုးကြီး အစားအသောက်များ အစုံအလင်ပါဝင်သော လက်ဆောင်ခြင်းကြီးနှင့်အတူ အင်မတန်လှပကာ တန်ဖိုးသေးမှာမဟုတ်သော သစ်ခွပန်းစည်းကြီးတစ်စည်းကို သွားမြင်တွေ့သည်။

အို ... ဒီအချိန်မှာ မရရဲ့ စံပယ်ပန်းကုံးလေးတွေကို ထုတ်ပေးလိုက်လို့ကတော့ လူရယ်စရာ ဖြစ်နေမှာပဲ။

"မရ ... လာလေ"

ခိုင်မြဲက မရကို လှမ်းခေါ်သည်။ မရသည် မပီပြင်သော အပြုံးတစ်ခုနှင့်အတူ အနားသို့ လျှောက်လာရင်းမှ ဇာနည်ထိပ်ထားကို လျော့ရဲရဲအပြုံးတစ်ခုနှင့် ပြုံးပြလိုက်သည်။ အဲဒီမိန်းမကတော့ အနီရဲရဲဝတ်စုံဖြင့် တောက်ပထင်းထွက်ကာ လှပလွန်းနေသည်။ မရကိုလည်း တောက်တောက်ပပ ပြုံးပြသည်။

"သက်သာလား ခိုင်မြဲ"

"အင်း ... သက်သာပါတယ်။ နည်းနည်းတော့ကိုက်တာပေါ့။ ထိုင်လေ မရ"

မရက အကောင်းစား ဆိုဖာများကို လှည့်တောင်မကြည့်မိဘဲ ခေါင်းကို ဖြည်းညင်းစွာခါယမ်းပြလိုက်သည်။ နံနက်ခင်းစောစော သူ့အတွက် ဘုရားတက်ကာ ဆုတောင်းပေးခဲ့ပုံ၊ သူ့ခုတင်ခေါင်းရင်းမှာထားဖို့ စံပယ်ပန်းကုံးလေးများ ဝယ်လာခဲ့





ပုံကို ဘယ်လိုများ ပြောပြရမှာပါလိမ့်။ တန်ဖိုးကြီး သစ်ခွပန်းစည်းကြီးရှေ့မှာ မရရဲ့ စံပယ်ပန်းကုံးလေးတွေ မျက်နှာငယ်ရမှာကို မလိုလားပါ။

"မရ ဘာစားလာလဲ။ ဒီမှာလေ မထိပ်ထားက ဒင်းဆမ်းဆိုလားကွယ် ဝယ်လာတာ အများကြီးပဲ၊ အားလုံးစားဖို့ဆိုပြီး ...

ကော်ဖီနဲ့ ဒင်းဆမ်း စားသွားပါလား သမီး"

ဒေါ်လေးဆွေကတော့ ပကတိ စိတ်ရင်းအမှန်နှင့် ပြောတာဖြစ်သော်လည်း မရ ရင်ထဲတွင် မနှစ်မြို့နိုင်ဖြစ်သွားသည်။ ဒေါ်လေးဆွေနှင့် မစန္ဒာတို့ဟာ စိတ်ရင်းကောင်းသူတွေဖြစ်ကြသော်လည်း ပုထုဇဉ်ပီပီ ချမ်းသာကြွယ်ဝချောမောလှပသူတစ်ယောက်ကို သည်းသည်းလှုပ် အရေးသယ်နေခြင်းအား မရက အပြစ်မပြောလိုပါ။

သားအမိနှစ်ယောက်လုံးရဲ့ပုံစံဟာ ဇာနည်ထိပ်ထားအပေါ်မှာ အထင်ကြီး လေးစားရိပ်တွေ အထင်းသားဖြစ်သည်။

ခေါ်တာကိုက မထိပ်ထား ဆိုပါလား။ ထိပ်မှာထားမည့်သဘောပေါ့။

"ဟုတ်တယ် မရ။ စားသွားဦးလေ"

"နေပါစေ အစ်မ။ မရ စားခဲ့ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ မထိပ်ထား ဝယ်လာတဲ့မုန့်တွေ၊ အစားအသောက်တွေများ အားနာစရာ ကောင်းလွန်းလို့ ပြောနေတာ ...

ပန်းစည်းကြီးကလည်း ကြည့်ဦး နည်းနည်းနော၊ မဟုတ်တဲ့ သစ်ခွတွေ။ နှမြောလိုက်တာ ... ဟင်း ဟင်း။ ပန်းစည်းတွေဘာတွေ မလိုပါဘူး မထိပ်ထားရယ်၊ အဲဒါတွေမပါလည်း ရပါတယ် ...

အခုလို တကူးတက လာမေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

မစန္ဒာရဲ့အသံက ချိုကာလွင်နေသည်။ အေးပေါ့လေ ဒီလို သူဌေးသမီးတစ်ယောက်က ကိုယ့်မောင်ကို အရေးတယူလုပ်နေတာ ဘယ်သူက မကျေနပ်ရှိမလဲ။ ဒီနေရာမှာ မရက လူပိုဖြစ်နေပြီဟု နားလည်လိုက်ရသည်။

"နှင် ဘုရားကလာတာလား မရ"

ခိုင်မြကမရကို သတိတရနှင့် မေးသောအခါ မရတကယ်မဲ့ဝမ်းသာဝမ်းနည်းဖြစ်သွားခဲ့ရပါသည်။ မရသည် အိတ်ထဲမှ စံပယ်ပန်းလေးများကို သတိရသွားသောအခါ ငိုတောင်ငိုချင်လာလေသည်။ မရ ဘာဖြစ်တာပါလိမ့်။ မရမှာ အဲဒီခံစားချက်မျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးချေ။





ဘာမဆို ပွင့်ပွင့်လင်းလင်း ခံစားတတ်သော မရသည် ဒီတစ်ခါတော့ ရင်ထဲရှိတာတွေ မထုတ်နိုင်ဘဲ မျိုသိပ်နိုင်လွန်းသည်မှာ ဘာကြောင့်မှန်းတော့ မသိခဲ့ရပါ။ အဖြစ်ချင်ဆုံးကတော့ ဒီနေရာကနေ မရ ထွက်ခွာသွားချင်ပြီ ဆိုတာပဲဖြစ်သည်။

မရသည် ခိုင်မြရဲ့အမေးစကားကို ခေါင်းသာတစ်ချက် ဆတ်ပြလိုက်သည်။ သူ့အတွက် ဘယ်လိုပီတိမျိုးနှင့် ဘုရားတက်ခဲ့သည် ဆိုတာကို ငိုကာချဲ့ကာ မပြောပြလိုတော့ပါ။

"နှင် သက်သာတယ်ဆိုရင် ငါ ဝမ်းသာပါတယ်။ ဒါဆို ငါ ကျောင်းသွားတော့မယ်လေ၊ နောက်နေ့မှပဲ ထပ်လာခဲ့တော့မယ် ...

နှင် ဘာစားချင်သလဲ ဘာဝယ်ခဲ့ရမလဲ"

"ရပါတယ်ဟာ"

"အင်း ... ဒါဆို ငါ သွားတော့မယ်၊ ဒေါ်လေးဆွေ မစန္ဒာ မရ သွားလိုက်ဦးမယ်၊ ဇာနည် ကျန်းမ ပြန်လိုက်ဦးမယ်"

မရက မကောင်းတတ်၍ နှုတ်ဆက်လိုက်ရသော ဇာနည်သည် မရကို လက်ပိုက်ထားရင်းမှ စေးစေးပိုင်ပိုင် ပြုံးပြသည်။ သူပြုံးသော အပြုံးတွေထဲ၌ အဓိပ္ပာယ်တွေ အများကြီးပါသည်။ မရသည် မေးကြောတွေကို တင်းနေအောင် ပင့်ထားမိကာ ခိုင်မြကို တစ်ချက်လှမ်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မြဲရဲ့အကြည့်တွေကတော့ အရင်လိုပဲ မပြောင်းလဲဘဲ ငြိမ်းချမ်းအေးဆေးနေပါသည်။ မရသည် ခိုင်မြဲကို အကြည့်တစ်ချက်နဲ့သာ နှုတ်ဆက်လျက် ထိုအခန်းထဲမှ ထွက်ခွာလာခဲ့သည်။ အဲဒီအခန်းထဲက ထွက်ခွာလာခဲ့မှပင် ဝတ်ရုံနက်ကြီးကို နေ့နေပူမှာ ချွတ်ချခွင့် ရလိုက်သူလို ပေါ့ပါးလွတ်လပ်ကာသွားသည်။

ဓာတ်လှေကားနှင့် ဆင်းလာခဲ့ပြီးနောက် ဆေးရုံဝင်းအတွင်းမှာ လမ်းလျှောက်လာသော မရသည် စောစောစီးစီး စိတ်နှင့် ကိုယ်နဲ့ မကပ်စွာဖြင့် ဦးတည်ရာမဲ့ လျှောက်လာရင်းမှ ခုံတန်းလေးတစ်ခုမှာ ဝင်ထိုင်လိုက်ရသည်။

မရရဲ့ရင်ထဲတွင် တစ်ခုခုရဲ့အဖြေကို ရှင်းရှင်းလင်းလင်း သိချင်သော်လည်း သိခွင့်မရဘဲ တနုံ့နုံ့နှင့် အသိဉာဏ်အားလုံး ပိန်းပိတ်မှောင်နေသည်။

မရ ခံစားရတာတွေကို ဘယ်သူ့ကို ဖွင့်ပြောရပါမည်လဲ။ မရ မျက်လုံးထဲတွင် လက်ရှိချစ်သူရည်းစားကို ဖျတ်ခနဲ ပြေးမြင်သည်။ သူ ဒီကိစ္စကို မသိသေး။ မသိသေးဘူးဟုထော ထင်သည်။ ဟိုမိန်းမနဲ့ သူနဲ့ ခါတိုင်းလို ဖုန်းအဆက်အသွယ်ရှိကြရင်တော့ သူဟာ ဒီအကြောင်းကို မလွဲမသွေ သိမှာပဲ။





သိရင် သူ ဘယ်လိုမှတ်ချက် ပေးမှာပါလိမ့်။ မရရဲ့ စိတ်ထဲမှာတော့ ခိုင်မြဲနှင့် ဓာနည်ထိပ်ထားရဲ့ ပတ်သက်မှုသည် ဆေးရုံက ဆင်းပြီးတာနှင့် ပြီးပြတ်သွားမည့် ပတ်သက်မှုမျိုးဟု မထင်ချေ။

အထူးသဖြင့် ဓာနည်ထိပ်ထား ဆိုသော မိန်းမရဲ့ မျက်လုံးနဲ့ အပြုံးတွေကို မရ မကြိုက်ပါ။ ဒီမိန်းမ တည်ငြိမ်နေသော ခိုင်မြဲရဲ့ဘဝကို အနှောင့်အယှက် မပေးစေချင်ပါ။

မရ ဘာလုပ်ရမလဲ ... ဘာလုပ်ရမလဲ။ ခိုင်မြဲကိုတော့ မရ၏ခံစားစာခံ မဖြစ်လိုပါ။ မရကို ပြန်ကျွေးဖို့အကွက်ကောင်းကို စောင့်နေသော ဓာနည်ထိပ်ထားအတွက် ခိုင်မြဲဟာ အစတေးခံသူတော့ မဖြစ်စေရပါ။ မရသည် ဘောင်ဘင်ခတ်နေသော အတွေးများနှင့်အတူ ကျောင်းသို့တောင် ဘယ်လိုရောက်လာခဲ့မှန်း မသိခဲ့ပါ။

အတန်းရှေ့မှာ တိမ်လွှာနဲ့ တွေ့တာတောင် မနှုတ်ဆက်နိုင်ဘဲ ကြောင်တောင်တောင် ဖြစ်လို့နေသည်။ တိမ်လွှာက ကို တစ်ချက်အကဲခတ်ကာ ...

"မရ နေမကောင်းဘူးလား။ အတန်းက လိုပါသေးတယ်။ တန်တင်းသွားရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



မရသည် ခေါင်းတစ်ချက်ညိတ်ပြီးနောက် သူနဲ့အတူ ကန့်တင်းသို့ လိုက်လာခဲ့သည်။ တိမ်လွှာကို အကဲခတ်ကြည့်တော့လည်း သူဟာ လက်တလောကိစ္စတွေကို ဘာမှသိပုံမပေါ်ပါ။ သူ့တောင်ကျသူငယ်ချင်းမလေးက ခပ်စိမ်းစိမ်းလုပ်ထား၍ထင်သည်။ အရင်လို ပဲတွေ အရမ်းမများတော့ဘဲ သာမန်ကြည့်ကောင်းရုံပဲ ပြင်ဆင်ထားသည်။

အခါတိုင်းကလို မြင်လိုက်တာနှင့် တောက်ပလွန်းသော အဝတ်အစားတွေကို သိပ်မဝတ်ဆင်တော့ဘဲ အရောင်မှိုင်းမှိုင်းလေးတွေ ဝတ်ထားခြင်းသည် သူ့ရဲ့စိတ် ဥတု အဟာရကို ဖော်ပြနေပါသည်။ တခြားသူတွေတော့မသိ တိမ်လွှာကတော့ သူဝတ်ထားသော အဝတ်အစားကိုကြည့်ကာ သူ့စိတ်ကို ခန့်မှန်း၍ရသည်။

မရသည် တိမ်လွှာကို အကြည်လင်ဆုံး မျက်လုံးများဖြင့်ကြည့်ကာ ...

"တိမ်လွှာ ... ရှင် ဇာနည်နဲ့ တွေ့ဖြစ်သေးလား"

သူက မရကို အကဲခတ်သလို တစ်ချက်ပြန်ကြည့်သည်။ ပြီးတော့မှ ...

"မတွေ့တာ တော်တော်ကြာပြီ။ ဘာဖြစ်လို့လဲ မရ"

"ဘာမှ မဖြစ်ပါဘူး၊ ရှင် မရကို စိတ်ဆိုးနေလား"





"ကိုယ်က ဘာကို စိတ်ဆိုးရမှာလဲ"

သူက တကယ်ကို နားမလည်သော မျက်လုံးများဖြင့် ပြန်မေးသည်။ ဒီလိုမေးပုံထောက် သူဟာ ဇာနည်ထိပ်ထားနဲ့ ဘာကယ်ပဲ အဆက်အသွယ်ပြတ်နေတယ်ဆိုတာ သေချာပါသည်။ ဇာနည်နှင့် သူမတို့ နှစ်ယောက်တည်း တွေ့ဆုံခဲ့သည့် ကိစ္စကိုလည်း တိမ်လွှာကား သိပုံမရချေ။

မရသည် ဒီတစ်ချက်တော့ ဇာနည့်ကို ချီးကျူးလိုက်သည်။ ဇာနည်သည် မရ၏ ရန်သူဆိုရင်တောင် အဆင့်အတန်းမြင့်သည့် ရန်သူသာလျှင် ဖြစ်ပါမည်။ သူမဟာ ချုံခိုတိုက်ခိုက်သည့် ရန်သူမျိုး မဟုတ်။ စစ်ကြေညာကာ စစ်မျက်နှာပြင်ကို ဘက်ကုန် ရှက်ကုန် ဖွင့်တိုက်မည့် သိက္ခာရှိသော ရန်သူသာလျှင် ဖြစ်သည်။

"ကျွန်မ ညော်လွန်းလို့ ဇာနည်က ရှင့်ဆီဖုန်းမဆက်တော့တာ မဟုတ်လား၊ အဲဒါကို ရှင် စိတ်များခုနေမလားလို့ပါ"

သူက လက်ဖက်ရည်ကို တစ်ငုံ ငုံရင်းမှ မရကို မျက်လုံးလှန်ကြည့်သည်။ ပြီးတော့ ခွက်ကိုပြန်ချကာ ...

"ကိုယ်က တစ်ခုခု ဆိုရင်လည်း စိတ်ထဲမှာ အခုခံမယ့် သူမျိုး မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကြောင့် မရက သူ့ကို ပြန်ကြည့်သည်။ အလှည့်ဖြစ်သည်။ သူက မရကို ဘာအဓိပ္ပာယ်မှန်းမသိ (အမှန်တော့ သိတော့ သိသည်) မျှော်နေသော အကြည့်မျိုးဖြင့် ကြည့်ကာနေသည်။ ခိုင်မြဲနဲ့ ဇာနည်ရဲ့ ဆုံစည်းမှုကို သူ့ကိုပြောပြလိုက်ရင် ကောင်းလေမလား။ မရ စိတ်ထဲက အတွေးတွေသည် ဘောင်ဘင်ရိုက်ကာ ပြေးလွှားနေသည်။

လက်ဖက်ရည်ဆိုင်မှ ဖွင့်နေသော သီချင်းသံသည် မရရဲ့ နားထဲတွင် ဝင်လိုက် ထွက်လိုက်ဖြင့် လှည့်လည်ဆော့ကစားနေသည်။

"ဘာလဲ ... ဒါဆို ရှင် ကိုယ်တိုင်ကလည်း သူနဲ့ ကင်းကင်းနေချင်တယ် ဆိုတဲ့ သဘောလား"

သူ မဖြေချေ။ နှုတ်ဆိတ် နှုတ်ပိတ်ပြီး တစ်ခုခုကို တွေးနေသည်။

မရသည် သူ့ရှေ့က လက်ဖက်ရည်ခွက်ကို အကြည့်အားဖြင့် ရောက်နေသော်လည်း အမြင်အားဖြင့်တော့ ဆေးရုံက အခန်းထဲရှိ သစ်ခွပန်းစည်းကြီး၊ လက်ဆောင်ခြင်း၊ ဇာနည့်ကို အထင်ကြီး လေးစားသော ချစ်ခင်ဖော်ရွေသော မျက်လုံးများဖြင့် ကြည့်နေကြသော ဒေါ်လေးဆွေနှင့် မစန္ဒာ၊ မရကို အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ကြည့်တတ်သော ဇာနည်ထိပ်ထားသေဖြင့် သူတို့ကိုသာ တဝဲလည်လည် မြင်ယောင်လျက်ရှိသည်။

ပြီးတော့ ဇာနည်ထိပ်ထား ပြောခဲ့သော စကား။

[ရင်ထဲက တစ်ခုခုကို ဆွဲထုတ်လိုက်ရတဲ့အခါမှာ ဘယ်လိုခံစားရတတ်သလဲ ဆိုတာ ခြိုးမရနိုင် ကိုယ်ချင်းစာတတ်လာတော့မှာပါ]

မရရဲ့ နှလုံးသားတစ်ထောင့်တွင် အပ်နှင့်အထိုးခံသလို ဆတ်ခနဲ ဖြစ်သွားသည်။ ဇာနည်ထိပ်ထား ဆိုသောမိန်းမရဲ့ နှလုံးသားဟာ ဘယ်လိုဒြပ်မျိုးတွေဖြင့် ပါဝင်ဖွဲ့စည်းထားတာပါလိမ့်။ သူ့နှလုံးသားအကြောင်းကို သိရင်တော့ မရ ခိုင်မြဲအတွက် နည်းလမ်းကို ရှာတွေ့နိုင်မည် ထင်သည်။

"ဇာနည်ထိပ်ထားဟာ ဘယ်လိုမိန်းမမျိုးလဲ တိမ်လွှာ"

မရရဲ့စကားကြောင့် တိမ်လွှာက မရကို ဆတ်ခနဲမော့ကြည့်သည်။ သူ့အကြည့်က မရကို ဘယ်လိုသဘောမျိုးနဲ့မေးတာလဲ ဟူသော အကြည့်မျိုး။

မရသည် ပင့်သက်တစ်ချက်ကို ခိုးရှိုက်လိုက်ကာ ...

"တို့ ရိုးရိုးသားသား သိချင်တာပါ။ အကြောင်းရှိလို့ပါ"

"ကိုယ် မသိဘူး မရ"





www.burmeseclassic.com

www.burmeseclassic.com



မရက သူ့ကို သက်သာမကင်း မော့ကြည့်လိုက်လျှင် –

"ကိုယ် တကယ်ပြောနေတာ မရ။ ကိုယ်နဲ့ သူက ဆယ်နှစ်အရွယ်လောက်တည်းက အရှမ်းခင်ခင်မင်မင် ပေါင်းလာကြတာ။ ဒီနေ့ ဒီအချိန်ထိပဲ ...

ကိုယ်တို့ရဲ့ ပတ်သက်မှုက အရှိန်အဟုန်နဲ့ စီးဆင်းနေတဲ့ ရေတံခွန်လိုပဲ။ အခု မရနဲ့ တွေ့ပြီးတဲ့နောက်ပိုင်းမှ နည်းနည်းတန့်သွားတဲ့ သဘောပဲ ရှိတယ် ...

ဒါပေမဲ့ ဆယ့်ငါးနှစ်လောက် ရင်းရင်းနှီးနှီး ပေါင်းလာတဲ့ အချိန်အတွင်းမှာ သူ့အကြောင်းကို ကိုယ် မသိဘူး"

"မဖြစ်နိုင်တာ"

မရက တိုးဖွဖွ ရေရွတ်မှုကို သူက ခေါင်းဖြည်းဖြည်းချင်း ယမ်းကာ တုံ့ပြန်သည်။

"ဖြစ်နိုင်တယ် မရ။ သူ့အကြောင်းဆိုတာ သူ့ရဲ့ပုဂ္ဂိုလ်ရေး ဘဝ၊ သူ့အဖေ ဘယ်သူ၊ သူ့အမေ ဘယ်သူ၊ ယုတ်စွအဆုံး သူဒီနေ့ ဘာစားတယ် ဆိုတာကအစ ကိုယ်သိတယ်လေ၊ ဒါပေမဲ့ သူ့စိတ်ထဲက တကယ့်အတွင်းသဘောကို ကိုယ် မသိဘူး၊ နားမလည်ဘူး ...





မရ သိချင်တာလည်း အဲဒါမျိုးပဲ မဟုတ်လား။ ကိုယ် ထင်တာတော့လေ ဒီကမ္ဘာပေါ်မှာ အတွင်းသဘောနားလည်ရ အခက်ဆုံး မိန်းမဟာ ဇာနည်ထိပ်ထားပဲ"

သူ့အဖြေကြောင့် မရ ရင်ထဲတွင် ဟိုက်ခနဲ ဖြစ်သွားလေသည်။

သွားပြီ။ မရ အဖို့ကတော့ လမ်းဆုံးသွားပြီဖြစ်သည်။ ဒီလောက် အရိပ်တကြည့်ကြည့် နေကြသည့် သူ့နှစ်ဦးမှာမှ တစ်ယောက်ကတောင် ဒီလိုမှတ်ချက် ပေးနေပြီ ဆိုမှတော့ မရဟာ နိုင်မြဲအတွက် ရင်လေးသထက် လေးလာခဲ့ပြီဖြစ်သည်။

"မရက ဒီနေ့မှ ထူးထူးခြားခြား သူ့အကြောင်းကို ဘာလို့ မေးရတာလဲ"

"သူ့ကို တွေ့ခဲ့လို့ပါ"

မရက ရိုးရိုးစင်းစင်းလေးပဲ ဖြေလိုက်သည်။ သူက မရရဲ့မျက်နှာကို ဆတ်ခနဲ မော့ကြည့်ကာ တစ်ခုခု မေးချင်ပုံရသော်လည်း မမေးပေ။ အဲဒီပုံစံကို မရ မကြိုက်ပါ။ စိတ်ထဲမှာ တစ်ခုခုကို ပြောစရာရှိရင် ပြောပါလား။ သိချင်တာရှိရင် မေးပါလား။ အဲဒီလို မျိုသိပ်ထားတာကိုက ပုံမှန်မဟုတ်ဟု ယူဆသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... သူ မမေးတော့လည်း မရက ပြောပြရတော့ပေါ့။ သာမန်အချိန်မှာ မြန်မာပြည်က ရုပ်ရှင်မင်းသမီး ကလေးမွေးတာတောင် မဟုတ်ဘဲ နိုင်ငံခြားက ရုပ်ရှင်မင်းသမီး ဂျနီဖာလိုပက်စ် အမြွှာပူးမွေးတာတောင် တခုတ်တရ ပါးစပ်ထဲ ထည့်ပြောနေသော သူက ဒီလိုသတင်းမျိုးကို ထိမ်ချန်ထားသည် ဆိုလျှင် နောင်အခါ၌ သေလောက်တဲ့အပြစ်ကို လုပ်ခဲ့မိသူလို စွဲချက်တင်၍မဆုံး ဖြစ်သွားပေလိမ့်မည်။

နောက်တစ်ခုကတော့ မရ တစ်ယောက်တည်း အ
လည်လည် အစာမကျေ ဖြစ်နေတာထက်စာရင် သူ့ကိုလည်း မျှဝေပေးချင်လိုက်တာလည်း ပါသည်။ သူ့သူငယ်ချင်းမအကြောင်းကို သူလည်း သိသွားတာပေါ့လေ။

"သူ့ကို မရ (......)ဆေးရုံမှာ တွေ့ခဲ့တာ"

သူ့မျက်နှာက ဇဝေဇဝါ ဖြစ်သွားသည်။ ဘာမှတော့ ဆက်မမေးဘဲ မရ ပြောတာကိုသာ နားထောင်နေလေသည်။

"မရရဲ့ သူငယ်ချင်း ခန့်ငြားနိုင်မြင့်ကို သိတယ်မဟုတ်လား အေး ... သူ့ကို ဇာနည်ထိပ်ထားက ကားနဲ့တိုက်မိတော့ တိမ်လွှာ"

သူက မရကို အံ့သြတကြီးပုံစံမျိုးဖြင့် မျက်မှောင်ကြုတ်ကာ ကြည့်သည်။ သူ့မျက်မှောင်ဟာ တော်တော်နှင့် ပြေ





လာသဖြင့် သူလည်း တစ်ခုခုကို တွေးနေပြီဆိုတာ ရိပ်မိလိုက်ရပါသည်။ မရက သူ့ကို အကဲခတ်ကြည့်သည်။ ပြီးတော့ နောက်ဆက်တွဲ အကြောင်းအရာတွေကိုပါ ထပ်ပြောသင့် မပြောသင့် စဉ်းစားသည်။ ဒီလောက်နဲ့ပဲ လုံလောက်ပြီလား။ ဘာထပ်ထည့်ရင် ကောင်းမလဲ။

မရ စဉ်းစားနေတုန်းမှာပဲ သူ့ထံက စကားသံ ထွက်လာသည်။

"ဒဏ်ရာများသလား၊ ပြဿနာတွေ ဘာတွေရော တက်သေးလား"

"ဒဏ်ရာက သိပ်မများပါဘူး။ ညာဘက်ခြေထောက် အရိုးအက်သွားတယ်။ နည်းနည်းပါးပါး ပွန်းပဲ့ရုံလောက်ပါ။ ပြဿနာတော့ မတက်ဘူး"

"ဇာနည်က ကားမောင်းတာ ဆော့ဖ်ဖြစ်ပါတယ်။ ဘာဖြစ်လို့များပါလိမ့်"

သူပြောတဲ့ပုံက ခြေလျင်လျှောက်တဲ့ လူကပဲ လမ်းလျှောက်တာ ဆော့ဖ်မဖြစ်သည့်ပုံ။

မရက သူ့မျက်နှာကို ခပ်ချဉ်ချဉ်ဖြင့် စိုက်ကြည့်နေမိသည်။ ချဉ်သွားသဖြင့် မပြောတော့ဘူးဟု ရည်ရွယ်ထားသည့် စကားကိုတောင် ထုတ်ပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဆေးရုံက ပြန်ခါနီးမှာ ကျွန်မကို စကားတစ်ခွန်း ပြောသွားတယ် တိမ်လွှာ။ အဲဒီစကားကို ကျွန်မ နားမလည်ဘူး။ သူ ဘာအဓိပ္ပာယ်နဲ့ ပြောတယ်ဆိုတာ ရှင်ရော နားလည်လား"

"ဘာပြောသွားတာလဲ"

မရက သူ့မျက်လုံးများထဲသို့ တည့်တည့်စိုက်ကြည့်လိုက်သည်။ ပြီးလျှင် တည်တည်ငြိမ်ငြိမ်လေး ပြုံးပြလိုက်ကာ –

"ရင်ထဲက တစ်ခုခုကို ဆွဲထုတ်လိုက်ရတဲ့အခါမှာ ဘယ်လိုခံစားရတတ်သလဲဆိုတာ ခြုံမရနိုင် ကိုယ်ချင်းစာတတ်လာတော့မှာပါ ... တဲ့ ...

ကဲ ... အဲဒါ ဘာလဲ။ ဘာသဘောနဲ့ သူက အဲဒီစကားကို ဆေးရုံမှာ ပြောခဲ့ရတာလဲ"

သူ့မျက်နှာ နည်းနည်းပျက်သွားသည်ဟု မရ ထင်သည်။ မဖြေတော့ဘဲနဲ့ ကျွတ်ခနဲ စုတ်သပ်လိုက်ပုံထောက် သူလည်း အဲဒီစကားကို ထိတ်လန့်စိတ်ပျက်သွားမည်ဟု ထင်ပါသည်။ အဲဒီနောက် သူနဲ့ မရ ကြားတွင် စကားသံတို့ တိတ်ဆိတ်သွားကြသည်။

"မရက သူ့ရင်ထဲက ဘာကိုများ ဆွဲထုတ်လိုက်မိပါလိမ့်နော်"





သူက မရကို တစ်ချက်မော့ကြည့်သည်။ ပြီးနောက် ဘာအဓိပ္ပာယ်မှန်း မသိဘဲ ခေါင်းကိုသာ ဖြည်းဖြည်းချင်း ယမ်းနေမိတော့သည်။ သူ့မျက်နှာသည် တဖြည်းဖြည်းနှင့် ပြိုတော့မည့် မိုးလို မှိုင်းလာသည်။ တစ်ခုခုကို ခြေရှုသေချာချာတွေးကာ သဘောပေါက်လာသလိုဖြင့် ခံစားချက်တို့က မျက်နှာပေါ်တွင် ထင်လာသည်။

တစ်စုံတစ်ရာကို ဆုံးရှုံးသွားမှာစိုးသည့် အရိပ်အကဲများ ပေါ်လို့လာလေသည်။

"သူတို့နှစ်ယောက် တွေ့ဆုံမှုက ထူးခြားတဲ့ တိုက်ဆိုင်မှုလို့ မထင်ဘူးလား တိမ်လွှာ"

"ဒီလိုပဲ ဖြစ်တတ်ပါတယ် မရ"

သူက စကားကို ဖော့ပြောသည်။ သူ မမြင်နိုင်မှန်း သိသဖြင့် မရက နှုတ်ခမ်းကို မဲ့ရွဲ့မိလေသည်။

"အင်းလေ ... လောကကြီးမှာ ဖြစ်တတ်တဲ့ သဘောတွေက အများကြီးပဲ ရှိတတ်တာပဲ။ ဘာမဆို ဖြစ်တတ်တာပဲလို့ နှလုံးသွင်းနိုင်ရင်တော့ အကောင်းဆုံးပေါ့ ...

မရကတော့ ရှင့်ကို ပြောပြရမယ့် ဝတ္တရားရှိတယ် ထင်လို့ ပြောပြတာပါ။ ရှင် သိသင့်တယ် ထင်လို့လေ။ ဓာနည်ထိပ်ထားက ရှင့်ကို မပြောပြဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူက မရကို ဟန်ပါပါဖြင့် တစ်ချက်ကြည့်ကာ ဘာမှမပြောချေ။ သူ့ပါးစပ်က ဘာမှမပြောသော်ငြားလည်း သူ့စိတ်ထဲမှာတော့ အတွေးတွေ ပျံ့ကျဲပြေးလွှားနေပြီဆိုတာ မရ ရိပ်မိလိုက်သည်။ တစ်လက်စတည်းမှာပဲ မရသည် သူ့ကိုငေးကြည့်နေရင်းမှ တစ်စုံတစ်ရာကို ထူးထူးခြားခြား ဆင္ခြမအာရုံဖြင့် သိမြင်လို့လာပါသည်။

မရသည် တစ်ခုခုကို သတိရသွားသောအခါ အိတ်ထဲမှ စံပယ်ပန်းထုပ်လေးကို ထုတ်ယူလိုက်သည်။ ကြွပ်ကြွပ်အိတ်ထဲမှာ အလုံပိတ်၊ လွယ်အိတ်ထဲမှာ အပူမိပြီး ပိတ်မိနေသောကြောင့် စံပယ်ပန်းလေးတွေဟာ ဝယ်ကာစလို မလန်းဆန်းတော့ဘဲ ခပ်ညှိုးညှိုး ဖြစ်နေကြသည်။

မရသည် ပန်းကုံးလေးတွေကို အိတ်ထဲမှ ထုတ်ယူလိုက်ကာ တစ်ချက် နမ်းမွှေးလိုက်သည်။ သူက မရကို ဘာလုပ်ပါလိမ့်ဟူသော သဘောဖြင့် ကြည့်နေလေသည်။ မရက ပန်းကုံးလေးတွေကို လက်ခုပ်ထဲမှာယည့်ကာ သူ့ကိုပင့်ပြလိုက်ရင်း ...

"မနက်ခင်းတုန်းကတော့ အရမ်းမွှေးတယ် တိမ်လွှာ။ အခုလည်း ညှိုးနေပေမယ့် နည်းနည်းတော့ မွှေးနေတုန်းပါပဲ။ ဒါပေမဲ့ သိပ်မကြာခင်မှာတော့ မွှေးတော့မှာမဟုတ်ဘူးလေ ...





အချစ်ဆိုတာလည်း တစ်ခါတလေမှာ အဲဒီလို ဖြစ်တတ်တယ်နဲ့ တူတယ်နော်"

သူက လက်ဖက်ရည်ခွက်ကို နှုတ်ခမ်းမှာတေ့ကာ မသောက်နိုင်ဘဲ မရကိုသာ ငေးစိုက်ပြီး ကြည့်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ❦ ၁၃ ❦

ခိုင်မြဲသည် အထူးကုဆေးခန်းကြီးမှာ တစ်ပတ်ကြာခဲ့သည်။ အဲဒီအတောအတွင်းမှာ ဆေးရုံကို မရ သုံးကြိမ်ပဲရောက်ခဲ့ပါသည်။ ရောက်တိုင်းလည်း ဇာနည်ထိပ်ထား၏ အရိပ်တွေနှင့် မကင်းလွတ်သည်မို့ နောက်နေ့တွေကျတော့ မသွားဖြစ်တော့။ ခိုင်မြဲ့အမေနဲ့ အစ်မက ဇာနည်ထိပ်ထားရဲ့ ဗတနှာသဒ္ဒါတရား ထက်သန်ပုံတွေကို ရွှန်းရွှန်းဝေအောင် ပြောပြနေချိန်မှာ မရက သူ့မွေးနေ့မှာ ဘုရားတက်ပေးတာကို လုပြောဖို့ရာ အခွင့်အရေး မပေးတော့ချေ။

အခုချိန်မှာတော့ ဆေးရုံက ဆင်းလာတာလည်း သုံးလေးရက်လောက် ရှိခဲ့ပြီမို့ အိမ်မှာ ရှိနေလောက်မှာပါဟုသော





အတွေးဖြင့် မရက ခိုင်မြဲတို့ အိမ်ဘက်သို့ ထွက်လာခဲ့သည်။ သူတို့အိမ်သို့ သွားရာလမ်းမှာ ဆွေးစရာကောင်းသည်ဟု ထင်သည်။ ပင်လယ်ပြင်မှာ မုန်တိုင်းရှိနေသဖြင့် မှိုင်းညို့နေသော ရာသီဉတုနှင့်အတူ မိုးလေအေးတွေက တဖျန်းဖျန်း တိုက်ခတ်လို့နေသည်။

မရသည် သူတို့အိမ်၏ ခြံဝင်းတံခါးလေးရှေ့တွင် ခြေစုံရပ်မိနေရင်းမှ အတိတ်ကာလကို ဖျတ်ခနဲ သံဘိရကာသွားသည်။ အခါများစွာက ဒီနေရာမှာ ခြေစုံရပ်လိုက်မိတိုင်း မရ၏ နှလုံးသားထဲတွင် ပျော်ရွှင်ချမ်းမြေ့မှုတို့က လှိုက်ခနဲနေအောင် ခံစားသွားရလေ့ရှိသည်။ အတွေးအခေါ်တွေပါသော ခိုင်မြဲ့စကားတွေကို ရယ်မောငြင်းခုန်နေရသော မရနှင့် သစ်ပင်တွေကို ပြုစုရင်း ဂရုစိုက်စောင့်ရှောက်နေသော ခိုင်မြဲတို့၏ ပုံရိပ်ကို ဝင်းခြံတံခါးပေါက်ဝမှနေ၍ ရုပ်ရှင်ပြကွက်တွေကို ကြည့်နေရသလို ပြန်မြင်ယောင်ပြီးလာသည်။

ကောင်လေးက တစ်သက်လုံး စိတ်ချမ်းသာချင်၍ အပင်စိုက်နေချိန်မှာ ကောင်မလေးက တစ်ခဏတာ ပျော်ချင်၍ ရည်းစားထားခဲ့သည်။ ရည်းစားထားတာဟာ တကယ်ရော ပျော်ရလို့လား။ မရက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းမိသည်။ တစ်ချိန်က ညနေခင်းလေးတွေမှာ လက်ဖက်သုပ်တစ်ပွဲနှင့် ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်စွာ ငြင်းခုန်စကားပြောခဲ့သော အမှတ်တရတွေနှင့် ဘာကိုမှ မရ မလဲချင်တော့ပြီ။

"တီ ... တီ ... တီ ... တီ"

ရုတ်တရက် နောက်ပါးဆီမှ ဟွန်းတီးသံကြောင့် မရက နည်းနည်းလန့်သွားကာ နောက်သို့ လှည့်ကြည့်မိသည်။ ကားတစ်စီးက ရပ်နေကာ ကားပေါ်မှ ခိုင်မြဲက ဆင်းလာသည်။ မရ၏ ခြသေ့်လည်ပြန် အကြည့်ကို ကားထဲမှ ဇာနည်ထိပ်ထားက ငုံ့ကာ ပြုံးပြသည်။ မရ ရင်ထဲတွင် ဖျဉ်းခနဲ ဖြစ်သွားသည်။

"မထိပ်ထား ... အိမ်ထဲ ဝင်ထိုင်ဦးလေ"

ခိုင်မြဲက ညှေ့သည်ကို ဖိတ်ခေါ်သည်။ သူမက အပြုံးနှင့် ခေါင်းကိုယမ်းကာ နောက်မှဟု ပြောသည်။ ပြီးလျှင် ...

"ခြူးမရ မတွေ့တာတောင် ကြာပြီ။ နေကောင်းတယ်နော်"

မရသည် ပထမတော့ မြင်တဲ့အတိုင်းပဲဟု ပြောမိမလို ဖြစ်သွားပြီးမှ ပါးစပ်ကို အမြန်ဘရိတ်အုပ်လိုက်ရသည်။ မပြောချင်သော စကားတချို့ကို ဖုစ်ညှစ်ကာ ပြောလိုက်ရသည်။

"နေကောင်းပါတယ်"

"အိုခေ ... အိုခေ ... အဲဒီလိုမျိုးပဲကြားချင်ပါတယ်။ နောက်မှ ဆုံကြတာပေါ့။ ခန့်ငြားရေ ... တို့ သွားတော့မယ်နော်"





"ဟုတ်ကဲ့ မထိပ်ထား။ ဖြည်းဖြည်းမောင်းနော်"

သူမက ထွက်တော့မည့်ဟန်ပြင်ပြီးမှ မထွက်နိုင်သေးဘဲ ခိုင်မြဲ့ရဲ့စကားကို အသာရယ်မောလိုက်သေးသည်။ ဖြူဝင်းသော သွားတက်လေးတစ်ခုက လှစ်ခနဲ ပေါ်လာပြီး ရယ်မောပုံဟာ ယောကျ်ားတစ်ယောက်ကို ရင်ခုန်အောင် ပြုစားစေနိုင်ပါသလား။ သူမရဲ့ ချိုလွင်သော ညှဉ်းသွဲ့သွဲ့ ရယ်သံကို မရက တကယ်ပဲ လန့်လှလေသည်။

"စိတ်ချပါ၊ ခန့်ငြားကို ကားနဲ့တိုက်မိတည်းက တို့ အရမ်းသတိရှိလာတယ်။ အရေးကြီးရင် စောစောလုပ်တယ်၊ ဘာမှ စိတ်မပူနဲ့"

"ဟုတ်ပါပြီဗျာ"

"အိုခေ ... အိုခေ ... ဘိုင့်ဘိုင် ... သွားပြီနော်"

သူမက လက်ချောင်းလေးများကို လှုပ်ခတ်ပြရင်းမှ ကားကို လျှောခနဲ မောင်းထွက်သွားသည်။ ခိုင်မြဲက ကားနောက်မြီးကို လိုက်ကြည့်နေတာကို မရက ငေးမောနေရင်းမှ ရင်ထဲမှာ မှန်းလာသည်။ အသက်ရှူမဝတဲ့ ညနေခင်းပါလား ခိုင်မြဲရယ်။ အရင်က တို့ ညနေခင်းတွေထဲမှာ ဇာနည်ထိပ်ထား မပါခဲ့ပါဘူး။

"နင်က အိမ်ထဲမဝင်ဘဲ အပြင်မှာ ဘာရပ်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မြကြ မရကို လှမ်းမေးသည်။ မရသည် ခိုင်မြ ရဲ့မျက်နှာကို ငေးကြည့်ကာ သူ့မျက်နှာပေါ်တွင် ပုံမှန်မဟုတ်သော အရာတစ်ခုကို ရှာဖွေနေမိသည်။ ခိုင်မြကြ ခြံတံခါးကို လှမ်းဖွင့်ကာ အရင်ဝင်သွားသည်။ မရသည် သူ့နောက်မှ တိတ်ဆိတ်စွာ လှမ်းဝင်လာရင်း အရင်က သူတို့အိမ်ထဲသို့ရောက်လျှင် အာကျယ် အာကျယ် အော်တတ်သော ခြူးမရနိုင် တစ်ယောက်ကို လိုက်ရှာနေမိသည်။

အရင်က ခြူးမရနိုင်ဟာ ခိုင်မြကို လူကြားထဲမှာ ဟဲ့ ... နင့်ပုဆိုး ဖင်ပေါက်ကြီးနဲ့ ဟူ၍လည်း အော်ပြောဖို့ ဝန်မလေးခဲ့သူ ဖြစ်သည်။

အခုတော့ နင် ဘယ်ကပြန်လာတာလဲဟင် ဟူသော စကားလေးကိုတောင် နှုတ်ဖျားက တော်တော်နှင့်မထွက်။

"မရ ... နင် ဘာဖြစ်နေတာလဲ"

ခိုင်မြကြ တန်းလျားပေါ်မှာ ဝင်ထိုင်ရင်း မရကို မေးဆတ်ကာ လှမ်းမေးသည်။ သူလည်း ဇာနည်ထိပ်ထားနဲ့ မရနဲ့ပတ်သက်မှုကို မသိသေးဘူး ထင်သည်။ ဘယ်လိုဖြစ်တာလဲ။ ဒီကမ္ဘာကြီးမှာ ကိစ္စအားလုံးဟာ မရနဲ့ပဲ ပတ်သက်နေတော့တာပဲလား။





ခိုင်မြနဲ့မရ၊ မရနဲ့ တိမ်လွှာ၊ တိမ်လွှာနဲ့ ဇာနည်၊ နောက် ဇာနည်နဲ့ မရ၊ ပြီးတော့ အခု ဇာနည်နဲ့ ခိုင်မြ။

ဘာကြောင့် ပတ်လည်ရိုက်နေရတာလဲ။ ကံကြမ္မာဟာ မရကို အကျီစားသန်သည်ဟု ထင်သည်။

မရက ခုံတစ်ခုံမှာ နွမ်းလျစွာပင် ဝင်ထိုင်လိုက်သည်။

"နင် ဘယ်ကပြန်လာတာလဲ ခိုင်မြ"

"ဩော် ... မထိပ်ထားလေ၊ အပြင်မှာ မုန့်လိုက်ကျွေးတာ တဲ့ဟာ၊ ဘယ်လိုမှ ငြင်းမရတာနဲ့ အားနာပြီး လိုက်သွားရတာ ...

ကြေးအိုးသောက်ချင်တယ် ဆိုတာနဲ့"

"သူနဲ့ နင့်ရဲ့ ဆုံတွေ့မှုက တိုက်ဆိုင်မှုတစ်ခုလို့ နင်ထင်သလား ခိုင်မြ"

ခိုင်မြကြ မရကို ဇဝေဇဝါ ပြန်ကြည့်ကာ "ဘာဖြစ်လို့လဲ"ဟု မေးသည်။ မရကတော့ ဒါကို တိုက်ဆိုင်မှုတစ်ခုဟု မထင်တော့ပါ။ ပြုံးပြုံးလေးနှင့် စကားတွေကို ဆိုတတ်သော ဇာနည်ထိပ်ထားသည် သူ့ကို တိမ်လွှာနဲ့ ဝေးဝေးနေဖို့ ပြောခဲ့သော မရကို နင်လို ပါချီပါချက်မကများဟူ၍ အငြိုးတကြီးဖြင့် လက်စားချေ မတုံ့ပြန်ဘူးဟု မပြောနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တွေးရင်းနဲ့ မရ အရမ်းတုန်လှုပ်လာသည်။ ခိုင်မြ ကို မရရဲ့ဓားစာခံအဖြစ် မခံနိုင်ပါ။ သူ့ကို မရ တတ်စွမ်းသမျှ ကာကွယ်ပေးရမည်။ ပြီးတော့ သူ့ကို ကာကွယ်ပေးနေတယ်ဆို တာကိုလည်း သူ နားလည်ဖို့ လိုပါမည်။

"နင် သူ့ကို သတိထား ဆက်ဆံဖို့ လိုမယ်လို့ ငါထင် တယ် ခိုင်မြ"

"နင်နဲ့ သူနဲ့ကြားမှာ ဘယ်လိုအကန့်မျိုးတွေ ရှိနေလို့လဲ"

"သူက ငါ့ကို စိတ်အနှောင့်အယှက် အမြဲတမ်းပေးနေတဲ့ မိန်းမတစ်ယောက်ပေါ့ ခိုင်မြ။ သူနဲ့ တိမ်လွှာကြားက တစ်စုံတစ်ရာကို ငါ ခေါင်းစဉ်မတပ်နိုင်ဘူး ...

ပြီးတော့ ... သူ့ကို ဘယ်သူမှ လိုက်မမီဘူး။ အဲဒီ မိန်းမက အရမ်းထူးဆန်းတယ်။ နားလည်ရခက်တယ် ...

ဘယ်လောက်တောင်များ ခက်သလဲဆိုရင် တစ် လောကလုံးမှာ သူ့ကို နားအလည်ဆုံးပါလို့ ထင်ထားတဲ့ တိမ်လွှာကတောင် သူ့ကို နားမလည်နိုင်ဘူးတဲ့"

"ငါကတော့ နားလည်ပါတယ်"

မရသည် အဲဒီစကားကြောင့် ဆတ်ခနဲတောင် တုန် သွားသည်ဟု ထင်သည်။ ခိုင်မြရဲ့မျက်နှာကို အလန့်တကြားမော့





ကြည့်လိုက်လျှင် ခိုင်မြက မရကို ခပ်ပြုံးပြုံး စိုက်ကြည့်နေသည်။

အို ... ခိုင်မြရယ်၊ အဲဒီလို မကြည့်ပါနဲ့၊ ငါက နင်နဲ့တစ်သက် လုံး ပေါင်းလာတဲ့ သူငယ်ချင်းပါ။

နင့်အကျိုးကို လိုလားတဲ့သူပါ။

မရသည် အဲဒီအပြုံးကို မခံချင်ဖြစ်သွား၍ ခပ်ဆတ် ဆတ် အော်မိသည်။

"နင်က ဘာနားလည်တာလဲ။ နင်က မနေ့တစ်နေ့ကမှ သူနဲ့တွေ့တဲ့သူပါ ခိုင်မြရဲ့။ ငါက သူနဲ့ လူချင်းမတွေ့ခင် ကတည်းက သူ့အကြောင်းကို ကြားထားတဲ့သူ ...

နင့်ကို ဆက်ဆံနေတဲ့ပုံစံဟာ သူ့ရဲ့ ပကတိရုပ် အမှန် မဟုတ်ဘူး"

ခိုင်မြက မဟုတ်သေးပါဘူး ဟူသော ပုံစံဖြင့် ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းသည်။

"ပကတိရုပ် အမှန်ဆိုတာ ဘာကိုပြောတာလဲ မရ"

ခိုင်မြရဲ့ အမေးစကားကြောင့် မရမှာ ငိုချင်စိတ်ကို ပေါက်သွားသည်။

ခိုင်မြ ဒီမိန်းမကို ငြိနေတာလား။ နိုး ... ဒါလည်း ဖြစ်နိုင်ပါ၏။ ဒါပေမဲ့ ယောကျ်ားတစ်ယောက် အနေနဲ့ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမနဲ့ ပတ်သက်ပြီး သူ့မှာ ကြည်နူးမှုဆိုတာ ရှိကိုရှိနိုင်သည်ဟု မရ ယုံကြည်လေသည်။

"လူတစ်ယောက်ရဲ့ ပကတိရုပ် အမှန်ဆိုတာ အဲဒီလူ ကိုယ်တိုင်ပဲ သိတဲ့ လျှို့ဝှက်ချက်တစ်ခုပါ မရ။ ဘယ်သူမှ ကိုယ့်ပကတိရုပ်အမှန်ကို ထုတ်မပြကြဘူး။ နောက်ဆုံး လင်မယားတွေမှာတောင်မှ ပကတိရုပ်အမှန်ကို မသိနိုင်တဲ့ လူတွေ အများကြီးပဲ ...

နင်တောင်မှ အရက်သမားတစ်ယောက်ကို ဆက်ဆံ တာနဲ့ နင်တို့ကျောင်းက ကျောင်းသားတစ်ယောက်နဲ့ ဆက်ဆံတာချင်း တူလား။ အဲဒီတော့ နင့်ရဲ့ပကတိရုပ် အမှန်က ဘယ်မှာလဲ၊ ဘယ်ကို သွားရှာရမှာလဲ"

"ကျွတ် ... ဒီမှာ ခိုင်မြ၊ ဒီအချိန်ဟာ နင့်ရဲ့ဒဿနတွေ ကို ဖွင့်နေရမယ့် အချိန် မဟုတ်ဘူးနော် ...

နင့်ထုံးစံအတိုင်း အမြင့်ကြီးတွေ စဉ်းစားမနေနဲ့ ငါပြောချင်တဲ့ အဓိပ္ပာယ်က ရိုးရိုးလေးပဲ။ ဇာနည်ထိပ်ထား က ငါ့ကို မကြည်ဘူး။ အဲဒီအတွက် နင့်ကိုအသုံးချသွား မှာစိုးလို့ ငါ ပြောနေရတာ ...

နင် သဘောပေါက်လား"





"ငါ့အတွက် စိုးရိမ်ပေးဖော်ရတဲ့အတွက် ကျေးဇူးတင်ပါ တယ်။ ဒါပေမဲ့ နင် ငါ့အတွက် စိတ်မပူပါနဲ့ မရ"

"နင် သူ့ကို စိတ်ဝင်စားနေသလား ခိုင်မြ"

မရသည် ဒီမေးခွန်းကို အရဲစွန့်ကာ မေးလိုက်ရသော်လည်း အဖြေကို ပြန်ကြားနာဖို့ရာ အသက်အောင့်ထားမိသည်။ ခိုင်မြက မရရဲ့ အမေးကြောင့် လက်ခဲနဲ ပြုံးလိုက်ရင်း ...

"သူက စိတ်ဝင်စားမယ် ဆိုရင်လည်း စိတ်ဝင်စားဖို့ ကောင်းတာပဲလေ"

မရရဲ့ ရင်ထဲတွင် ဒြောာ်ခနဲ မြည်တမ်းသွားသည်။ အင်းလေ ... သူလည်း ယောကျ်ားထဲက ယောကျ်ားတစ်ယောက် ပဲ။ ဒီအချက်ကို အစတည်းက မရ ထည့်တွက်ဖို့ ကောင်းခဲ့ပါသည်။

"နင် စိတ်ဝင်စားနေတာလားလို့ပဲ မေးတာပါ"

ဒါကိုတော့ ခိုင်မြက မဖြေဘဲ ပြုံးနေပါသည်။ အဲဒီ အပြုံးသည် မရကို ပိုပြီးအခဲရခက်စေသည်။ ပြီးတော့ နာကျင်စေပါ သည်။

"သူ ငါ့ဘက်ကို အာရုံရောက်နေတာ နင် ဝမ်းသာရမယ့် ကိစ္စ မဟုတ်ဘူးလား မရ။ အစက နင် အမြဲတမ်းစိတ် ရှုပ်နေရတာ မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ နင် တိမ်လွှာနဲ့ အေးအေးဆေးဆေး နေ
နိုင်ပြီပဲ”

“ဒါပေမဲ့ သူ ပတ်သက်နေတဲ့လူက နင် ဖြစ်နေတဲ့အတွက်
ငါ မအေးဆေးနိုင်ဘူး ခိုင်မြ”

မရရဲ့ ပြတ်သားသော စကားကြောင့် ခိုင်မြရဲ့မျက်နှာ
တွင် အရောင်တွေ ပြောင်းလဲသွားသည်။ ဟုတ်တယ် ... ဒါအမှန်
ဆုံးပဲ။

ဒီစကားကို မရ အမှန်အကန်ကျိန်ဆိုပြီး ပြောရဲသည်။
ဖြစ်နိုင်လျှင် မရ စာနည်ထိပ်ထားနှင့် ဘယ်လိုမှ မပတ်သက်ချင်။
သူဟာ တိမ်လွှာနဲ့ ကင်းကင်းနေတယ် ဆိုပေမယ့် ခိုင်မြနဲ့ ပတ်
သက်ရမှ ကင်းနိုင်သော အဖြစ်မျိုးကိုလည်း မရ မလိုလားခဲ့ပါ။

“နင် သိပ်လောဘမကြီးနဲ့ မရ”

သူ့စကားကြောင့် မရ ခံစားသွားခဲ့ရသည်။ ငါဟာ
လောဘကြီးတယ်ဆိုရင်လည်း နင့်အတွက် ကြီးရတာပါ ခိုင်မြ
ရယ်။

“နင့် စေတနာကို ငါ နားလည်ပါတယ်၊ ဒါပေမဲ့ စေတနာ
သည် လူတိုင်းနဲ့မတန် ဆိုတဲ့စကားကို နင် ကြားဖူးတယ်
မဟုတ်လား ...





ကိုယ့်စေတနာဟာ တစ်ဖက်လူက အသိအမှတ်
မပြုရင် အလကားပဲ မရ။ ထပ်ခါ ထပ်ခါ ပြောနေရင်
စေတနာမဟုတ်ဘဲ ဝေဒနာ ဖြစ်သွားတတ်တယ် ...

လူတိုင်းမှာ အခွင့်အရေးကိုယ်စီ ရှိကြတယ်။ လောက
ကြီးက လူတွေကို ပေးထားတဲ့ အခွင့်အရေးတွေထဲမှာ
မှားဖို့ အခွင့်အရေးက အများဆုံးပဲ။ တစ်ခါတလေကျတော့
လည်း မှားခဲ့ဖူးတာကိုက အမှန်တရားကို မြန်မြန်သိစေ
တတ်တယ် ...

နင် ငါ့အပေါ်မှာ သံယောဇဉ် ရှိသလောက် ငါလည်း
နင့်ကို သံယောဇဉ်ရှိပါတယ်။ ငါ တစ်ခုခု ဖြစ်မှာကို နင်
စိုးရိမ်သလို နင် ရည်းစားထားတော့လည်း ငါ မစိုးရိမ်ခဲ့
ဘူးလို့များ နင် ထင်သလား ...

ဒါပေမဲ့ နင့်မှာ အခွင့်အရေး ရှိတယ်လေ၊ ဒါကြောင့်
ငါ တားခဲ့သလား၊ အခု ငါက ယောကျာ်းလေးပါဟာ။
နင် စိုးရိမ်ရမယ့် အခြေအနေမျိုး မဟုတ်ပါဘူး ...

စိုးရိမ်ခဲ့ရင်တောင် အထက်မှာ ငါ ပြောခဲ့သလိုပဲ
နင့်စိတ်ထဲမှာ မှတ်ပေးပါ။ ဘယ်သူ့အတွက်မှ စိတ်ရှုပ်မခံ
ပါနဲ့ မရ ...



www.burmeseclassic.com

www.burmeseclassic.com



နင်က ငါ့ထက် ပျော်တတ်တဲ့လူပါ။ ပျော်အောင် နေပါ”

မရသည် ခိုင်မြဲရဲ့စကားအဆုံး၌ ဘာပြန်ပြောရမှန်း မသိအောင် ရင်ထဲမှာ လစ်ဟာ၍ သွားလေသည်။ တစ်စုံတစ်ရာကို ဆုံးရှုံးသွားသလိုမျိုး ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်း၍ သွားသည်။ ဝမ်းနည်းစိတ်သည် ဝမ်းနည်းကြောင်း ဦးနှောက်ကို သတင်းပို့လိုက်သောအခါမှာ ထွက်ပေါက်အဖြစ် မျက်ရည်ဂလင်း ဘွကို လက်တို့ပေးဖို့ ပြောလိုက်ဟန်တူသည်။

မျက်ဝန်းထဲမှာ မျက်ရည်စတွေက ဝေ့သီပြီး လာသဖြင့် အလျင်အမြန် ပုတ်ထုတ်လိုက်ရသည်။ လွမ်းလိုက်တာကွယ်၊ တစ်ချိန်တုန်းက လက်ဖက်သုပ်ညနေခင်းလေးကို။ ကောင်လေးတစ်ယောက်ရဲ့ အပင်ပြုစုနေတဲ့ လက်တွေကို။ နွေးထွေးကြင်နာတဲ့ အပြုံးတွေကို။ ဘယ်မိန်းမတစ်ယောက်ကိုမှ စိတ်မဝင်စားတဲ့ စိတ်ဓာတ်ကို ... ကို ... ကို ... ကို ...။

ဒါတွေကို မရ ဘယ်မှာပြန်ရှာဖွေရမလဲ။ ဘာနဲ့အလဲအထပ် ပြန်လုပ်ရမှာလဲ။ ခပ်ချောချော ရည်းစားတစ်ယောက်ကို စိတ်မမှန်တဲ့ မိန်းမတစ်ယောက်ထံ ပါဆယ်လ်ထုပ်ပြီး ပြန်ပို့ပေးရမှာလား။ ကံကြမ္မာကပဲ မတရားတာလား။ မရကပဲ လောဘ





ကြီးနေတာလား။ အချစ်ဆိုတာကရော ဘယ်လိုမျိုးကြီးလဲ။ ရည်းစားက အချစ်လား ... သံယောဇဉ်ဆိုတာက အချစ်လား။

သံယောဇဉ်၊ ရည်းစား၊ အချစ် ... အားလုံးက အတူတူပဲလား။ ရောနေတာလား။ ဘုရား ... ဘုရား။

ပျော်ပျော်နေနိုင်သော သူငယ်ချင်းကြောင့်ပဲ မရ မပျော်နိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဇာနည်ထိပ်ထားရဲ့ အတွင်းသဘောကို မရ တစ်ယောက် ဖမ်းဖို့ကြိုးစားနေတုန်းမှာပဲ အဲဒီမိန်းကလေးရဲ့ ခြေလှမ်းတွေက စိပ်သထက် စိပ်လာတာကို သတိပြုမိလာရလေသည်။ ဘယ်လောက်တောင် ခြေလှမ်းစိပ်သလဲ ဆိုလျှင် မရရဲ့အမေက တောင် မေးယူရသည်အထိပင်။ အကောင်းစားကားကို ကိုယ်တိုင်မောင်းပြီး လာတတ်သော ခပ်ချောချော မိန်းကလေးတစ်ယောက်ကို ရပ်ကွက်ထဲက တွေ့ရဖန်များလာသောအခါ ဒီအကြောင်းကို စိတ်မဝင်စားဘဲ မနေနိုင်ကြတော့။

မိန်းမကြိုက်တော့ ဆိုက်ဆိုက်လာဆိုသည့် စကားကို ပြောင်းလဲပစ်ဖို့ ဇာနည်ထိပ်ထားက ကြိုးပမ်းနေချိန်မှာ မရကတော့ နိုင်မြကို ဘယ်လိုကယ်တင်ရမလဲ ဆိုတာ စဉ်းစားနေချိန်ဖြစ်သည်။ မရသည် အဲဒီအတွေးနှင့် အမြဲတမ်း စဉ်းစားရကျုပ်လေ့ရှိပါသည်။





"ဟဲ့ ... သမီး။ ဟိုကောင်မလေးက နိုင်မြနဲ့ ဘယ်လိုတုံး ဟဲ့"

"ဘယ်လိုမှ မတုံးပါဘူး အမေရယ်"

"ကောင်မလေးက တော်တော်တော့ ချမ်းသာတယ်လို့ ကြားတယ်။ နိုင်မြကိုလည်း အရေးသယ်လိုက်တာတဲ့။ မဆွေတို့ကတော့ သဘောတွေ ကျနေတာ မပြောနဲ့တော့ ဟေ့၊ စန္ဒာ ဆိုတာလည်း မတော်ရသေးတဲ့ ယောက်မလောင်းအကြောင်းကို ကြွားလိုက်ရတာ အမော ...

အမေကို လုပ်ကျွေးတဲ့ သားသူတော်ကောင်းလေးမို့ ကောင်းစားတော့မယ်ပေါ့။ ဒီလို သူဌေးသမီးတစ်ယောက်က ဖူးဖူးမှုတ်နေတာ နည်းတဲ့ကုသိုလ်ကံလားပေါ့ ...

အို ... သူဌေးသမီးတောင် မဟုတ်ပါဘူး။ မိဘတွေကလည်း မရှိကြတော့ဘူးတဲ့။ မောင်နှမနှစ်ယောက်ကို အမွေခွဲပြီး ကိုယ့်စီးပွား ကိုယ်လုပ်နေကြတော့ ကိုယ်တိုင်က သူဌေးမပေါ့ဟဲ့ ...

ညည်းတို့သူငယ်ချင်းတော့ ကောင်းစားတော့မယ်နဲ့ တူပါတယ်"

မရက သက်ပြင်းကိုချကာ ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းမိသည်။ ကောင်းစားဖို့ မဟုတ်ဘူး အမေရေ၊ နိုင်မြက



www.burmeseclassic.com

www.burmeseclassic.com



စားစားခံ။ မရသည် ဒီစကားကို ရင်ထဲမှာ အကျယ်ကြီး အော်နေမိသည်။ မရလည်း သူတို့နှစ်ယောက်ကို မြို့ထဲမှာ နှစ်ကြိမ်လောက် အတူတွဲ၍ တွေ့ဖူးသည်။ ရယ်မောပြုံးရွှင်နေသော မျက်နှာထားများထဲတွင် ခိုင်မြဲရဲ့မျက်နှာက အစစ်ဖြစ်သော်လည်း ဇာနည်ထိပ်ထားရဲ့ မျက်နှာထားကိုတော့ အစစ်ဟု မထင်ပါ။

တစ်နေ့တော့ အဲဒီမိန်းမနှင့် မရမှာ မျက်နှာချင်းဆိုင် ထိုင်စကားပြောဖို့ အကြောင်းက ဖန်လာခဲ့သည်။ ထိုနေ့က ခိုင်မြဲတို့အဖေအတွက် ရည်စူးကာ ဆွမ်းကျွေးကုသိုလ်လုပ်သောနေ့ ဖြစ်သည်။ အဲဒီမတိုင်ခင်ကလည်း ခိုင်မြဲထံ မရောက်တာကြာပြီဖြစ်သဖြင့် မရက လာခဲ့ရသော်လည်း စိတ်က သိပ်မပါချေ။ ဟိုရောက်တော့လည်း ချောင်ကျကျ စားပွဲဝိုင်းတစ်ဝိုင်းမှာ တစ်ယောက်တည်း ထိုင်နေတုန်း ရှိစဉ်မှာပဲ ဘုရင်မတစ်ပါး ကြွလာသလို ဟိုမိန်းမက ဝင့်ဝင့်ကြွားကြွား ရောက်ရှိလာခြင်းဖြစ်သည်။

ဒေါ်လေးဆွေနှင့် မစန္ဒာက ပွေ့ချီမတတ် ခေါ်လာကာ မရရဲ့ဘေးမှာ နေရာချပေးလေသည်။ သူတို့စကား အပြောအဆိုအရ အချိုပွဲတွင် အသုံးပြုသော ဧည့်ခံကျွေးမွေးသောကျောက်ကျော၊ ဆနွင်းမကင်း၊ လက်ဖက်ပွဲများမှာ သူမ၏ဒါနဖြစ်သည်ဟု သိရလျှင် မရသည် အဲဒါတွေကို လက်ဖျားနှင့် တို့ချင်စိတ်တောင် မရှိတော့ချေ။





"နို့စိမ်းကျောက်ကျောကရော အဆင်ပြေရဲ့လား အန်တီ"

"အို ... ပြေတာပေါ့။ ပြေလွန်းလို့ သမီးရယ်။ လူတွေများစားလိုက်ကြတာ ကောင်းလွန်းလို့ ကောင်းလွန်းလို့ ဆိုပြီး။ အစက ပိုမယ်တောင် ထင်နေတာ။ အလကား အများကြီးလုပ်ပို့တယ်ပေါ့ ...

အခုတော့ လိုတောင်လိုမယ့်သဘော။ သမီး စေတနာကောင်းလွန်းလို့နဲ့ တူပါတယ်"

"ဟုတ်တယ် ညီမလေး၊ လက်ဖက်ပွဲကလည်း အရီးတောင်ကဆိုတော့ ရပ်ကွက်ထဲက ကြိုက်လိုက်ကြတာ၊ ဟင်း ဟင်း ...

ကဲ ... ဒီတော့ ညီမလေးက အစ်မတို့လက်ရာ နန်းကြီးသုပ်ကိုသာ အားပေးသွားပါတော့။ မရရေ မထိပ်ထားကိုလိုတာကြည့်ပေးလိုက်ပါဦး"

"ရတယ် မစန္ဒာ၊ တခြားလူတွေကိုသာ ဧည့်ခံလိုက်ပါ၊ ဇာနည် ခြူးမရနဲ့ အေးအေးဆေးဆေး စကားပြောလိုက်ပါဦးမယ်"

ဒီလို ပေါ်တင်နှင်ထုတ်တော့မှပင် သွားတိုက်ဆေးကြော်ငြာရိုက်နေသော မစန္ဒာကား အနားက ခွာသွားတော့သည်။ ဘယ်သူမှ မရှိတော့ဘူး ဆိုမှပင် ဇာနည်က မရကို ပြုံးကြည့်ပြီးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းတယ်နော် ခြူးမရ"

မရသည် သည်းခံချင်သည့်စိတ် တော်တော်ကုန်ခန်းသွားပြီ ဖြစ်သောကြောင့် ဒီလို မျက်နှာပြောင်တိုက်သည့် မိန်းမကို စိတ်ထဲရှိသည့်အတိုင်းသာ ဆက်ဆံဖို့ ဆုံးဖြတ်လိုက်သည်။

"အပိုတွေ မေးမနေစမ်းပါနဲ့ ဇာနည်ထိပ်ထား။ ပြောချင်တာတွေကိုသာ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

သူမက ဟက်ခနဲ တစ်ချက်ရယ်ကာ မလွယ်ဘူးဟူသော ပုံစံဖြင့် ခေါင်းကို ဖြည်းဖြည်းခါယမ်းသည်။ မရကတော့ စောင့်ထိန်းရမည့် လူ့ကျင့်ဝတ်တွေ စည်းကမ်းတွေကို ခွာချလိုက်ကာ စိတ်ထဲရှိသည့်အတိုင်း ပြောဖို့ ဆုံးဖြတ်လိုက်စဉ်ဝယ် သူမကရော အတွင်းသဘောကို ဘယ်အချိန်ကျမှ ထုတ်ဖော်မှာပါလိမ့်။

"တို့က မင်းကို ဘာတွေများ ပွင့်ပွင့်လင်းလင်း ပြောရမှာပါလိမ့်။ တို့မှာ ဘာမှဖုံးကွယ်ထားတာ မရှိပါဘူး။ တို့ အမြဲတမ်း ပွင့်လင်းတယ် ...

ဒါလည်း ခြူးမရ အသိပဲ မဟုတ်လား"

"သိပ်သိတာပေါ့။ ရှင် ပွင့်လင်းတယ် ဆိုတာက အများတွေကို ပွင့်လင်းပြတာလေ။ အမှန်တရားကို လက်ခံပြီး ပွင့်လင်းတာမှ မဟုတ်တာ ...





"ကျွန်မ ရှင့်ကို ရှင်းရှင်းပဲ မေးတော့မယ် ဇာနည်ထိပ်ထား၊ ရှင် ဘာဖြစ်ချင်တာလဲ ဘာဖြစ်ရမှ ရှင် ကျေနပ်မှာလဲ"

"တို့ ဖြစ်ချင်နေတာတွေလား။ တို့ ဖြစ်ချင်တဲ့ ဆန္ဒကတော့ တို့ စက်မှုစုန်ထုတ်တဲ့ ကားတွေက TOYOTA ကုမ္ပဏီကထုတ်တဲ့ ကားတွေထက် သာစေချင်တာပဲ ...

အဲဒါ တို့ ကျေနပ်တယ်။ သာဖို့ အခွင့်အလမ်းကိုလည်း တို့ မြင်နေရပါပြီလေ။ ခန့်ငြားက စက်မှုပညာနဲ့ ပတ်သက်ရင် အရမ်း talent ရှိတယ်၊ တော်တယ်၊ သူနဲ့ တို့နဲ့ idea ချင်း ပေါင်းလိုက်လို့ကတော့ အရမ်းအောင်မြင်သွားမယ်လို့ ထင်တယ် ...

သူ့လိုလူတစ်ယောက်က မီးခဲပြာဖုံးနေတဲ့ သဘောမျိုးပဲ။ တင်ပေးရင် တင်ပေးသလောက် အရောင်ထွက်လာမယ့်သူပေါ့။ သူ့ကို တို့ အရမ်းသဘောကျတယ်"

"မေးမိလို့လား"

"ဟား ဟား ဟား ... ခြူးမရရယ်။ မင်းက တကယ့်ကို ကလေးလိုကြီးပါပဲလား။ ဒါကြောင့်လည်း တိမ်လွှာက ပြောတာ။ မင်းက တစ်ခါတလေမှာ ချစ်ဖို့ကောင်းသလောက် တစ်ခါတလေကျတော့လည်း စိတ်ပျက်ဖို့ ကောင်းတယ်တဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



မရသည် ဇာနည်ထိပ်ထားကို စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် စိုက်ကြည့်နေမိသည်။ စိတ်ထဲရှိတာတွေသာ အကောင်အထည်ဖော်ကြေးဆိုလျှင် ရှေ့က ဟင်းရည်ပန်းကန်နှင့်သာ မျက်နှာကို ပက်ပစ်ချင်တော့သည်။ မရနှင့် ပတ်သက်သော လူနှစ်ဦးကို သူ ပိုင်ဆိုင်သော လူတွေသဖွယ် သဘောထားနေခြင်းကို မရ မနှစ်မြို့နိုင်ချေ။

အထူးသဖြင့် မရကို လက်စားချေချင်သောစိတ်ဖြင့် နိုင်မြကို အသုံးချနေတာကို မရ လက်သင့်မခံနိုင်ပါ။ ဒါတွေကို လိုက်ရှင်းပြနေရင်လည်း ဘယ်သူကမှ ယုံမှာမဟုတ်ချေ။ မနာလိုသောစိတ်ဖြင့်သာ အပုပ်ချသည်ဟု ထင်ကြမှာမလွဲ။ လောကမှာ ပိုက်ဆံရှိသူတွေကို ပိုက်ဆံမရှိသူတွေက အပြစ်ထောက်ပြလျှင် မနာလိုတာဟု စွပ်စွဲခံရတာလောက် အသည်းနာစရာကောင်းတာ မရှိတော့ပြီ။

"ရှင့်ကို ကျွန်မစကားတွေ ရှည်ရှည်ဝေးဝေး မပြောချင်ဘူး ဇာနည်ထိပ်ထား အထူးသဖြင့် ကျွန်မတို့ပြောတဲ့ စကားတွေဟာ ယောကျ်ားလေးနှစ်ယောက်ကို ဦးတည်ထားပြီး ပြောနေရတာလောက် ရှက်စရာကောင်းတာ မရှိတော့ဘူး ...

အဲဒီတော့ ရှင် ဘာဖြစ်ချင်နေသလဲ ဆိုတာကိုသာ ပွင့်ပွင့်လင်းလင်း ပြောပါ"





သူမက မျက်ခုံးနှစ်ဖက်ကို လှပစွာ ပင့်ချီကာ ...

"တို့ ပြောတော့ရော မင်းက ဖြည့်ဆည်းပေးနိုင်မှာ မို့လို့လား"

အဲဒီစကားကြောင့် မရ ရင်ထဲ၌ အေးခနဲ ဖြစ်သွားသည်။ ဦးနှောက်ထဲမှာလည်း အချက်ပေး ခေါင်းလောင်းသံတွေ ဆူညံလို့ လာပါသည်။ မရရဲ့ မျက်လုံးတွေက အေးစက်မှုန်မှိုင်းတင်းမာသွားကြကာ ...

"ရှင်လို မိန်းမတစ်ယောက်ကို ကျွန်မက ဖြည့်ဆည်းပေးနိုင်စရာ အကြောင်းရှိလား ဇာနည်ထိပ်ထား"

မရရဲ့စကားကြောင့် သူမရဲ့ နှုတ်ခမ်းတွေက ခပ်လွှင့်လွှင့် ပြုံးသွားကြသည်။ မရကို ကြည့်သော အကြည့်များသည် မင်း မေးတတ်ပါပေတယ် ဟူသော အကြည့်မျိုး ဖြစ်လေသည်။

"ရှိရင်တော့လည်း ရှိမှာပေါ့လေ၊ ဒါပေမဲ့ မင်း ကြည့်ရတာ ကိုယ့်ကို မကျေမနပ် ဖြစ်နေတဲ့ပုံပဲလို့ ကိုယ်ထင်တယ် ...

အဲဒါ ဟုတ်များ ဟုတ်နေမလား"

"ရှင့်ကို ပုဂ္ဂိုလ်ရေးအရတော့ မကျေမနပ် ဖြစ်စရာ ဘာအကြောင်းမှ မရှိပါဘူး ဇာနည်ထိပ်ထား ...

အဲဒီစကားကို ကျွန်မကသာ ရှင့်ကို မေးရမှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင် ကျွန်မအတွက်နဲ့ ခိုင်မြဲကို အသုံးမချပါနဲ့ အဲဒီကိစ္စဟာ ဘယ်လိုမှ မကောင်းနိုင်ဘူးဆိုတာ ရှင်လည်း သိမှာပါ”

“ဘယ်လို … ဘယ်လို … ကိုယ်က ခိုင်မြဲကို အသုံးချတယ် ဟုတ်လား”

သူမ မျက်ဝန်းတွေ လက်ခနဲ ဖြာသွားပုံထောက် သူမသည်လည်းပဲ အဲဒီမေးခွန်းကို ရှောရှိသွားပါလိမ့်မည်။

“အသုံးချတယ်လို့ ကျွန်မ မစွပ်စွဲသေးပါဘူး။ အသုံးမချပါ နဲ့လို့ပဲ ကြိုတင်မေတ္တာရပ်ခံနေတာပါ”

“အဓိပ္ပာယ်မရှိတာ …။ ကိုယ်က မင်းအတွက်နဲ့များ ခန့်ငြား ကို ဘာကြောင့် အသုံးချနေရမှာလဲ”

“ဇာနည်ထိပ်ထား … တချို့ အမှန်တရားတွေဟာ လ… ဆုပ်လက်ကိုင် မပြနိုင်တာတွေ ရှိတယ်။ ရှင် သေအော… ခံငြင်းနေလည်းပဲ ကျွန်မက ရှင့်ရင်ထဲက အမှန်တရား… ဆွဲထုတ်ပြလို့မှ မရတာ …

ဒါပေမဲ့ ရှင့် မျက်လုံးထဲမှာတော့ ကျွန်မက မြင်… ရပါတယ်”

“ဟုတ်လား … သမာဓိအားတွေ တော်တော်ကောင်းနေ… တယ်နဲ့ တူတယ်နော်”





“မရှိပါနဲ့ ဇာနည်ထိပ်ထား။ ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ ခိုင်မြဲဟာ တစ်သက်လုံး အေးအေးဆေးဆေး နေလာတဲ့သူပါ …

သူ့ဘဝလေးက အရမ်း အေးချမ်းပါတယ်။ သူ့ မိသားစုကလည်း ရိုးသားပါတယ်။ ပုံမှန်အတိုင်းဆို ရှင်ဟာ သူ့လိုလူတစ်ယောက်ကို လှည့်ကြည့်စရာအကြောင်းတောင် မရှိပါဘူး။ ဒီလောက်ထိ ပတ်သတ်စရာအကြောင်းလည်း မရှိပါဘူး …

ကျွန်မအတွက်ကြောင့် ရှင် သူ့ကို ပတ်သက်နေရတာပါ။ ဒါတွေကို ရပ်တန်းက ရပ်လိုက်ပါတော့ ဇာနည်။ ဆက်မလုပ်ပါနဲ့တော့”

“ဟာဟ … မင်းကိုယ်မင်း တစ်ဆိတ်တော့ တရားလွန်နေပြီလို့ မခံစားမိဘူး ခြူးမရနိုင် …

မင်းက တို့ကို တိမ်လွှာနဲ့ ကင်းကင်းနေဖို့ မပတ်သက်ဖို့ ပြောခဲ့တယ်။ မင်းရဲ့ reason က မင်းဟာ သူ့ ချစ်သူမို့ပါတဲ့။ ကဲ … အခုလည်း ခန့်ငြားနဲ့ ပတ်သက်တာတွေကို မပတ်သက်ဖို့ မင်းက တောင်းဆိုနေပြန်ပြီ။ အဲဒါကရော ဘာအကန့်နဲ့ မင်းက တောင်းဆိုနေရတာလဲ”

“သူက ကျွန်မရဲ့ သူငယ်ချင်းလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... သူငယ်ချင်း ... အယား ဟား ဟား"

မရရဲ့စကားကို သူမက ဟက်ဟက်ပက်ပက်နှင့် အူလှိုက်သည်းလှိုက်ကြီးကို ရယ်မောနေလျှင် မရသည် သည်းခံစိတ်တွေကို အတော်ကြီး အောင့်အည်းထိန်းသိမ်းထားရလေသည်။ အဲဒီလို ရယ်ပုံမျိုးကို မရ အသည်းအယားဆုံးနှင့် အမုန်းဆုံး၊ အခံရ အခက်ဆုံးပဲ ဖြစ်တော့သည်။

"တရားကျစရာ ကောင်းလိုက်တာ ခြူးမရရယ်။ မင်းနဲ့ နိုင်မြကြ သူငယ်ချင်းတွေ ဟုတ်လား။ ကိုယ်နဲ့ တိမ်လွှာကလည်း သူငယ်ချင်းတွေပဲလေ ...

ကိုယ်နဲ့ တိမ်လွှာတို့ရဲ့ ပတ်သက်မှုကို မင်း ဘယ်လိုအာဏာသုံးပြီး ဖယ်ရှားခဲ့လဲ။ မင်းကိုယ်မင်း တရားရဲ့လားလို့ ပြန်စဉ်းစားကြည့်လိုက်စမ်းပါဦး"

"ဘာမှ စဉ်းစားစရာ မလိုဘူး ဇာနည်ထိပ်ထား။ ဖြစ်စဉ်အတိုင်း ပုံမှန်စဉ်းစားရင်တော့ ကျွန်မက ရှင့်ကိုပဲ လိုက်ငြိနေတယ်လို့ ထင်စရာရှိမယ် ...

တကယ်တမ်း ခံစားချက်ပါတဲ့ ကိစ္စတွေကို ဘယ်သူကမှ လက်မခံနိုင်ဘူး။ ကျွန်မ အမုန်တွေပြောရင် ရှင်မနာနဲ့။ ရှင်နဲ့ တိမ်လွှာရဲ့ ပတ်သက်မှုကရော ရိုးသားပါတယ်လို့ အာမခံနိုင်လို့လား။ ရှင်တို့ ပတ်သက်မှုက သောင်ကျော်နေလို့ ကျွန်မက ပြောတော့ ရှင်က အနာပေါ် တုတ်ကျတယ် ...

အခွင့်ရတဲ့အချိန်မှာ ရှင်က ကျွန်မကို ပြန်ဆော်တယ်။ နိုင်မြနဲ့ ကျွန်မ သိပ်ရင်းနှီးမှန်းသိလို့ နိုင်မြကို အသုံးချမှာကို ကျွန်မ ကြိုသိနေတယ် ဇာနည်ထိပ်ထား။ ကျွန်မ ရှင့်လို ဈေးကွက်စီးပွားရေးတွေ၊ တစ်ကွက်ကျော်နှစ်ကွက်ကျော်တွေ နားမလည်ပါဘူး။ ဒါပေမဲ့ ခံစားချက်တွေကိုတော့ နားလည်တယ်"

မရ ပြောတာတွေကို စူးစိုက်နားထောင်နေသော ဇာနည်ထိပ်ထားရဲ့ မျက်လုံးတွေက ဒေါသရှိန်တွေဖြင့် တရူးရူးလက်နေကြသည်။ အဲဒီမျက်ဝန်းထဲကသာ မြားတွေ ထွက်လာမည်ဆိုလျှင် မရရဲ့ ရင်ဘတ်တစ်ခုလုံး စုတ်ပြတ်သတ် မွကြေသွားနိုင်ပါသည်။

"မင်းက တို့ကို အမြဲတမ်း ထိခိုက်စော်ကားနေတဲ့ မိန်းကလေးတစ်ယောက်ပဲ ခြူးမရ ...

ဒီ့အတွက် မင်းကို တစ်ခုခု တုံ့ပြန်သင့်တယ်လို့ မထင်ဘူးလား"







www.burmeseclassic.com

www.burmeseclassic.com



"အခုလည်း ရှင် တုံ့ပြန်ဖို့ ကြိုးစားနေတာပဲ မဟုတ်လား။ ဒါပေမဲ့ မဆိုင်တဲ့ လူကိုတော့ ပွဲထဲကို ဆွဲမထည့်ပါနဲ့ ဇာနည်ထိပ်ထား ...

ဒီလုပ်ရပ်က ဆိုးရွားပါတယ်။ ရှင် ကျွန်မကို မကျေနပ်ရင် ကျွန်မနဲ့ပဲ ဖြေရှင်းပါ"

သူမက မဲ့ပြုံးတစ်ချက် ပြုံးကာ ...

"မင်းက ကိုယ် ဖြေရှင်းလောက်စရာ ကိစ္စမှ မဟုတ်တာ"

"ဒါဖြင့်ရင် ရှင်က ဘယ်သူ့ကို အသုံးချချင်နေတာလဲ ဇာနည်ထိပ်ထား"

"အသုံးချတယ် !... အသုံးချတယ် ဆိုတဲ့ စကားကို မင်း ခဏ ခဏ မသုံးနဲ့ ခြူးမရ။ ကြာရင် တို့ သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်သွားလိမ့်မယ်"

"မဟုတ်ရင် ရှင် ဘာလို့ ခိုင်မြဲကို ဒီလောက်ထိ ပတ်သက်နေရတာလဲ"

"ဘာလဲ ... အဲဒါလည်း မင်းက မကြိုက်ဘူးလား"

"မကြိုက်ဘူး"

"မကြိုက်ဘူး !။ မကြိုက်ဘူး ဆိုတော့ မင်းက ..."





သူမ စကားကို ဆက်မပြောဘဲ မရကို ကလိသလိုလို နှင့် ခပ်ထေ့ထေ့ ပြုံးကြည့်သည်။ အဲဒီအကြည့်သည် သူမ ပြောချင်သော စကားတို့ကို ဆက်ပြောလိုက်သော အကြည့်တို့လည်း ဖြစ်လေသည်။

အဲဒီအချိန်မှာပဲ ခိုင်မြဲက အိမ်ပေါ်သို့ တက်လာကာ မရတို့နားသို့ လှမ်းလာချိန်လည်း ဖြစ်သည်။ ဇာနည်ထိပ်ထားက မျက်ဝန်းများကို မှေးစင်းကာ ကြည့်ရင်းမှ ...

"မင်း လောဘတော့ သိပ်ကြီးလို့ မရဘူး ခြူးမရ။ သူငယ်ချင်းရော ချစ်သူရောကို တစ်ချိန်တည်းမှာပဲ အပိုင်သိမ်းထားချင်လို့ မရနိုင်ဘူးနော် ...

တစ်ခုခုကိုတော့ ရွေးချယ်ရမှာပဲ"

"တောက်"

မရက တက်တစ်ချက်ကို ခပ်တိုးတိုး ခေါက်လိုက်စဉ်မှာပဲ ခိုင်မြဲက အနားသို့ ရောက်လာခဲ့သည်။ ခိုင်မြဲသည် ဇာနည်ထိပ်ထား၏ ဘေးဘက်မှာ ဝင်ထိုင်လိုက်သောကြောင့် သူမနှင့် ပိုနီးကပ်သလို ဖြစ်သွားသည်။ တစ်နေရာက လှမ်းကြည့်လျှင် ဇာနည်ထိပ်ထားကို အလယ်မှာထားကာ အားလုံးဝိုင်းဖွဲ့ စုထိုင်သလို ဖြစ်နေသည်။

ခိုင်မြဲက ဇာနည်နှင့် မရကို ဖြဲပြီးပြုံးပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မရက ထိပ်ထားကို ညှော်ခံထားတာကိုး။ စားကောင်းရဲ့လား မရ ...

ထိပ်ထားရော အဆင်ပြေလား"

"ပြေပါတယ် ခန့်ဩရဲ့"

အဲဒီမိန်းမရဲ့ အသံက ချိုလွင်နေသလောက် မရက တော့ မျက်နှာအနေအထားကို လုံးဝပြင်၍ မရတော့ချေ။ မရက ဟန်ဆောင်တတ်သူတစ်ယောက် မဟုတ်ပါ။ ခိုင်မြသည် မရရဲ့ မျက်နှာထားကို ကြည့်ကာ တစ်စုံတစ်ခုကို သဘောပေါက်သွားဟန်တူသည်။

သူ တစ်ခုခု ပြောမည့်ဟန် ပြင်တုန်းမှာပဲ မရက ထုတ်ပြောလိုက်သည်။

"ငါ ပြန်တော့မယ် ခိုင်မြ"

"ဟာ ... နေပါဦး။ နင်ကလည်း စားလို့ဝပြီလား။ ထမင်းလွှတ် စားသွားလေ"

"ထမင်းလွှတ်ပါတယ်"

မရက ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောတာကို ခိုင်မြက ဘယ်လိုနားလည် သဘောပေါက်သွားလဲတော့ မသိချေ။

"ဟာ ... နင်စားတာ တစ်ပန်းကန်တည်းပါ။ ဘယ်လိုလုပ် ထမင်းလွှတ်မှာလဲ"





"ဗိုက်ပြည့်မှ ထမင်းလွှတ်တာ မဟုတ်ပါဘူး။ စိတ်အနှောင့်အယှက် ဖြစ်စရာကြုံလည်း နင်ပြီး ထမင်းမစားနိုင် ဖြစ်တတ်တာပဲ မဟုတ်လား ...

ကဲ ... ငါသွားတော့မယ် ခိုင်မြ"

"ဪ ... အေး ... အေး"

ခိုင်မြက ကြောင်တောင်တောင်ဖြင့် ဆက်မတားနိုင်ခင်မှာပဲ မရက စားပွဲဝိုင်းမှ ထထွက်လာခဲ့သည်။ မရ ရင်ထဲတွင် ဒေါသနှင့် မခံချင်စိတ်ရောကာ ပူပြင်းတောက်လောင်ပြီးနေသည်။ ကိုယ့်ကြောင့် ခိုင်မြ ဒုက္ခရောက်မှာ၊ အသုံးချခံရမှာကို မရ မလိုလားချေ။

ဟိုမိန်းမကတော့ ဖြစ်ချင်ရာဖြစ် ရှေ့တိုးတော့မည့် သဘောမှာရှိသည်။ "တစ်ယောက်ယောက်ကို ရွေးရမှာပဲ၊ လောဘကြီးနဲ့"ဟူသော စကားသံသည် အိမ်အပြန်လမ်းတစ်လျှောက် မရရဲ့ နားထဲတွင် ပဲ့တင်ထပ်လို့နေသည်။ ဒါဟာ မရကို အတိအလင်း စိန်ခေါ်သော စကားပဲဖြစ်သည်။ ခိုင်မြနှင့် တိမ်လွှာတွင် တစ်ယောက်ယောက်ကို မရ လက်လွှတ်ပေးရလိမ့်မည်။

ခိုင်မြကို မရ လက်လွှတ်ပေးနိုင်ပါသလား။ ဟင့်အင်း ... အမှန်တော့ ဒီလိုမဟုတ်ချေ။ ခိုင်မြကို အစတည်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း မရ မပိုင်ဆိုင်ပါ။ တိမ်လွှာကိုလည်း ဆိုင်ရုံလောက်သာ ရှိလျက် မပိုင်ချေ။ တိမ်လွှာကို လက်လွှတ်ပေးလိုက်ရုံဖြင့် မရက နိုင်မြဲကို မရသွားနိုင်ချေ။ ရှိပြီးသားတောင် ဆုံးရှုံးသွားနိုင်သည်။

သို့သော် တစ်ဖက်က ပြန်စဉ်းစားတော့လည်း နိုင်မြဲက ကြားထဲက အသုံးချခံရမည့်သူ ဖြစ်သည်။ အသုံးချတာတောင် ရိုးရိုးအသုံးချခံ မဟုတ်ဘဲ ဘဝနဲ့ချီပြီး အသုံးချခံဖြစ်သည်။ နိုင်မြဲတင် မဟုတ်ဘဲ နိုင်မြဲရဲ့အမေ၊ အစ်မတို့ပါ အဖျားရိုက်ခတ်သွားနိုင်သည်။ အကျော်ကြားကြီး ကျော်ကြားပြီးမှ ဟိုကအသာလေး ရှောင်ထွက်သွားလည်း လိုက်ပြီးတရားစွဲလို့ ရတာမဟုတ်ချေ။ ဟိုက မိန်းကလေးမနေရှင်ဖြစ်၍ နိုင်မြဲတို့က ယောကျာ်းလေး သာမန်လူတန်းစား ဖြစ်လို့နေသည်။

မရသည် တွေးရင်းနဲ့ ရင်လေးလို့လာသည်။ ဓာနည် ထိပ်ထားသည် မြားတစ်စင်းနှင့် ငှက်တစ်အုပ်လုံးကို ပစ်နေသည့် အပေါက်မျိုး ဖြစ်သည်။ သူ အဓိက ရည်ရွယ်သူမှာ လင်းတမ ဟု အမည်တပ်ချင် တပ်ထားနိုင်သော မရ ဖြစ်ပြီး မရ၏ဒဏ်ကို ခံရမည့်သူက မဆီမဆိုင် နိုင်မြဲ ဖြစ်သည်။ နိုင်မြဲရဲ့ဒဏ်ကိုတော့ အမေနှင့် အစ်မဖြစ်သူက ခံရမည်။





မရသည် တွေးလေလေ ဒီကိစ္စကြီးဟာ ဘယ်လိုမှ မဖြစ်မလာနိုင်လေလေ ဆိုတာကို သိသောအခါ အားလုံးအတွက် ကောင်းမည့်နည်းလမ်းကို ရှာဖွေရသည်။ ဒီနေရာမှာ မရ တစ်ယောက်တည်းရဲ့အားနဲ့ မရတော့ချေ။ မီးဆိုတာ လောင်နေမှ အသည်းအသန် လိုက်ငြိမ်းတာထက် မလောင်ခင်က ကြိုတင်ကာကွယ်တာက အကောင်းဆုံးပဲ ဖြစ်သည်။

မရသည် ကိုယ့်ကို ကူညီနိုင်မည့် တစ်စုံတစ်ယောက်ကို ပြေးမြင်လို့လာသည်။ သူပဲ ရှိတယ်လေ။ သူလည်း ခုလောက်ဆို တော်တော် သွေးပျက်နေလောက်ပါပြီ။

❥ ❖ ❥



www.burmeseclassic.com

www.burmeseclassic.com

## ၁၅

မရသည် ဒီနေရာလေးသို့ရောက်လျှင် ရင်ထဲမှာ နာကျင်မသွားသော်လည်း တစ်မျိုးလေးတော့ ဆွတ်ပျံ့သွားသည်ဟု ထင်သည်။ ဆွတ်ပျံ့တယ်ဆိုရာမှာ နှစ်မျိုးရှိသည်။ တစ်မျိုးက ကြည်နူးစွာ ဆွတ်ပျံ့ခြင်းနှင့် တစ်မျိုးကတော့ ဝမ်းနည်းဆွတ်ပျံ့ခြင်းတို့ဖြစ်သည်။ မရကတော့ ဘယ်လို ဆွတ်ပျံ့ခြင်းမျိုးနဲ့ ဆွတ်ပျံ့သလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် မသိပါ။

ဒီနေရာလေးဟာ တိမ်လွှာနဲ့ မရတို့ ပထမဦးဆုံး အကြိမ် ချစ်သူများအဖြစ် ချိန်းတွေ့သော နေရာလေးဖြစ်သည်။ နောက်ပိုင်း တခြားနေရာတွေသို့ အတူတူသွားဖြစ်ကြသော်လည်း ဒီနေရာလေးသို့တော့ ထပ်မရောက်ဖြစ်ကြတော့။ အခုအကြိမ်ဟာ ချစ်သူများအဖြစ် နောက်ဆုံးအကြိမ်ရောက်သည် ဆိုလျှင်လည်း မရအတွက်က ဝမ်းနည်းဖွယ်ရာ မရှိတော့ပြီ။





ဘယ်သူနဲ့ချိန်းချိန်း အနည်းဆုံး ငါးမိနစ်လောက်တော့ ကြိုရောက်နေတတ်သော မရသည် အခုလည်း တိမ်လွှာထက် စောရောက်နေပြန်သည်။ ကိုယ်ပိုင်ကားမရှိသော သူတွေဆိုတော့လည်း သူများထက် ဝီရိယပိုရတာ ဖြစ်သည်။ သိပ်မကြာခင်မှာပဲ တိမ်လွှာ ရောက်လာပါသည်။ တိမ်လွှာက မရကို တစ်ချက်အကဲခတ်ကာ ရောက်နေတာ ကြာပြီလားဟု မေးသည်။ မရသည် ခေါင်းကို ဖြည်းညင်းစွာခါယမ်းရင်းမှ တိမ်လွှာရဲ့မျက်နှာကို စူးစိုက်ကြည့်မိသည်။

သူ့မျက်နှာပေါ်က အမှန်တရားတစ်ခုကို မရ ရှာဖွေနေတာပါ။

"မရ ဘာပြောစရာရှိလို့လဲ၊ ပွင့်ပွင့်လင်းလင်းပြောပါ"

"ရှင် ဓာနည့်ဆီကို ပြန်သွားလိုက်တော့ တိမ်လွှာ"

အဆက်အစပ်မရှိသော မရရဲ့စကားကြောင့် တိမ်လွှာ နည်းနည်း ကြောင်သွားသည်။ အဲဒါကိုပဲ အခွင့်ကောင်းယူကာ မရက ဆက်ပြောလိုက်လေသည်။

"ရှင်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မာနပြိုင်ပြီး အချစ်စမ်းနေတာ အရေးမကြီးဘူး တိမ်လွှာ။ ကြာရင် ထဲက နိုင်မြဲက ဒုက္ခရောက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ရှုပ်သည့်ပုံစံကြားမှ အဲဒီစကားကြောင့် မျက်ခုံးတွန့်ကာ ပြုံးသေးသည်။ ပြီးတော့ မရဘက်သို့ ပြုံးငြိမ့်ငြိမ့်ဖြင့် လှည့်ကြည့်ကာ ...

"မင်း သူငယ်ချင်းကို ဒုက္ခရောက်မှာတော့ ကြောက်လား မရ"

"ကျွန်မ သူငယ်ချင်းမှ မဟုတ်ဘူး၊ ဘယ်သူမဆို ကိုယ့်ပယောဂကြောင့် ဒုက္ခရောက်သွားမှာကို ကျွန်မ ကြောက်တယ်။ အခုကိစ္စက တကယ်တမ်းပြောရရင် ကျွန်မကလွဲလို့ ကျန်တဲ့သုံးယောက်စလုံး ဒုက္ခရောက်ရတော့မယ်"

"ဘာဒုက္ခလဲ၊ ဘယ်က သုံးယောက်လဲ"

မရက သူ့ကို နားလည်စွာဖြင့် တစ်ချက်ပြုံးပြကာ ...

"ရှင်၊ ဇာနည်ထိပ်ထား နောက် ကျွန်မ သူငယ်ချင်း ခန့်ငြားခိုင်မြ၊ ဘာဒုက္ခရောက်မှာလဲဆိုတော့ ရှင်နဲ့ ဇာနည်ထိပ်ထားက တစ်ယောက်နဲ့တစ်ယောက် အချစ်ကြီးချစ်ရဲ့သားနဲ့ နားလည်မှုမရှိလို့ ဝေးရတော့မယ့် ကွေကွင်းရခြင်းဆင်းရဲဒုက္ခပေါ့ ...

ခန့်ငြားခိုင်မြကတော့ မဆီမဆိုင် ကြားထဲကနေ အသုံးချခံရတော့မယ့်ဒုက္ခကို ရောက်မှာ။ အဲဒီဒုက္ခဟာ





သူတင်မကဘူး သူ့အမေနဲ့ အစ်မကိုပါ ရိုက်ခတ်တော့မယ်၊ တိမ်လွှာ ... ရှင် ဇာနည့်ကို အမြန်ဆုံး ထိန်းသိမ်းပါတော့"

"မင်း ဘာတွေပြောနေတာလဲ မရ"

"အမှန်တရားတွေကို ပြောနေတာပါ။ ကျွန်မ သူငယ်ချင်းက ကျွန်မကို အကြံပေးဖူးတယ်။ ရည်းစားထားရင် မျောမနေဘဲနဲ့ ကိုယ့်ရည်းစားကို 'အမြဲသီးဆစ်လုပ်နေပါတဲ့ ...

ကျွန်မ အဲဒီစကားလေးကို ရှင်နဲ့တွေ့တိုင်း အမြဲသတိရနေတတ်ပါတယ်၊ တိမ်လွှာ ... ကျွန်မ ရှင့်ကို နားလည်ပါတယ်။ ရှင်ဟာ ဇာနည့်ကို ဆယ့်ငါးနှစ်လောက် အပေါင်းအသင်းလုပ်လာပြီး သူ့စိတ်ကို နားမလည်နိုင်ပေမယ့် ကျွန်မစိတ်ကိုတော့ ရှင် နားလည်နိုင်မှာပါ ...

ကျွန်မကို ရှင့်ရင်ထဲမှာ ရှိသမျှ ဖွင့်ဟလိုက်ရင် ကျွန်မဟာ ရှင့်အတွက် တစ်သက်လုံး သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်သွားမှာပါ။ အသုံးမဝင်တဲ့ ရည်းစားတစ်ယောက်အဖြစ် မက်မောမနေတော့ဘဲ ... အဖိုးတန်လွန်းတဲ့ သူငယ်ချင်းကောင်းအဖြစ် ပြောင်းလဲခံစားလိုက်ပါလား တိမ်လွှာ"

မရရဲ့စကားကြောင့် သူ ငြိမ်သက်သွားသည်။ ပြီးတော့ ဘဖြည်းဖြည်းချင်း ပြုံးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကိုယ်က ဇာနည့်ကို ဆယ်တန်းလောက်တည်းက ချစ်သွားခဲ့တာ မရရဲ့။ အဲဒီမှာ Propose လုပ်တော့ သူက အရမ်းစိတ်ဆိုးတယ်။ ဒေါသတွေ အရမ်းထွက်ပြီး နေမကောင်းတောင် ဖြစ်သွားတာ ...

ဒါဟာ အချစ်မဟုတ်ဘဲ နီးစပ်မှုတစ်ခုပါ ဆိုပြီး ဒီလိုပြောရကောင်းလားလို့ဆိုပြီး ကိုယ့်ကို ပယ်ပယ်နယ်နယ်ကို တွယ်တာ ...

ကိုယ့်အချစ်ကို သူက ရွံစရာလို့တောင် သဘောထားခဲ့တာ။ ကိုယ့်ကိုလည်း အချစ်မဟုတ်ဘူးတဲ့။ အဲဒါ စိတ်ကစားတာဆိုပြီး တဖွဖွပြောတယ် ...

နောက်တော့ ကိုယ်လည်း ရည်းစားတွေ လျှောက်ထားပစ်ခဲ့တယ်၊ သူ ပြောသလို နီးစပ်မှုကြောင့်လားဆိုပြီး ကိုယ့်ကိုယ်ကိုယ် အဖြေရှာတာလည်း ပါတာပေါ့ ...

ယောကျ်ားတစ်ယောက်ရဲ့အချစ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက်တော့ ပုံစံမတူကြဘူး မရ။ တချို့က အချစ်ကို အချိန်ကာလနဲ့ စောင့်ဆိုင်းဆုံးဖြတ်ကြတယ်။ တချို့ယောကျ်ားတွေကတော့ မိန်းကလေးတစ်ယောက်ကိုတကယ်ချစ် မချစ်ဆိုတာ တခြားမိန်းကလေးတွေနဲ့ ရည်းစားအများကြီးထားပြီး ဆုံးဖြတ်ကြည့်ကြတယ် ...





ကိုယ်က ဒုတိယအမျိုးအစားပေါ့ မရ။ ဒါပေမဲ့ ဘယ်ရည်းစားကမှ ကိုယ့်ကို ကျေနပ်လောက်တဲ့ အဆုံးအဖြတ်မျိုး မပေးနိုင်ခဲ့ဘူး ...

မရကတော့ ကိုယ် ထားခဲ့တဲ့ ရည်းစားတွေထဲမှာ ဉာဏ်ရည်အထက်မြက်ဆုံး ရည်းစားတစ်ယောက်လို့ပြောရမယ်။ အထူးသဖြင့် ကိုယ့်ရဲ့ပိတ်နေတဲ့ စိတ်တံခါးကို ဖွင့်ပေးနိုင်ခဲ့သလို ဇာနည့်ရဲ့ အိပ်ပျော်နေတဲ့ နှလုံးသားကိုလည်း လှုပ်နှိုးနိုင်ခဲ့တယ် ...

ဇာနည်ဟာ မရနဲ့တွေ့တော့မှ သူ ကိုယ့်ကို ချစ်တယ်ဆိုတာ သေချာသွားခဲ့တယ်"

မရက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းမိလေသည်။

"ဪ ... ဒါနဲ့များတောင် သူက ခိုင်မြကို ဒုက္ခပေးဦးမယ်တဲ့"

"အမှန်တော့ သူက မရကို လက်စားချေတာမဟုတ်ပါဘူး။ သူ့ကိုယ်သူ အပြစ်ပေးတာပါ။ ပြီးတော့ မရနဲ့ ခိုင်မြမှာလည်း ကိုယ်တို့လိုပဲ သံယောဇဉ်တွင်းနက်နက်ကြီးရဲ့အောက်ခြေမှာ အချစ်ရှိနေသလိုမျိုးများ ဖြစ်နေမလားလို့ တွေးမိလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတော့ မရ တစ်ယောက် မဖြေနိုင်ဘဲ ငေးငိုင်သွားပါသည်။

"ဘယ်လိုပဲဖြစ်ဖြစ်လေ … ရှင်တို့နှစ်ယောက် နားလည်မှုနဲ့ ညှိယူလိုက်ကြပါတော့။ ဇာနည်ကပြောတယ် … ကျွန်မကို လောဘမကြီးနဲ့တဲ့ … တစ်ယောက်ယောက်ကိုတော့ ရွေးချယ်ရမယ်တဲ့လေ"

ဒီစကားကြောင့် သူက ဆတ်ခနဲ ပြုံးကာ …

"မရက ဘယ်သူ့ကို ရွေးမှာလဲ"

"ဘယ်သူဟာ ဘယ်သူ့အတွက်ဆိုတာ အဖြေထွက်နေပြီပဲ တိမ်လွှာရယ်။ တကယ်တော့လေ ရှင်တို့နှစ်ယောက်က မကောင်းတာပါ …

ရှင်တို့ပြဿနာထဲကို ကျွန်မတို့က ကန့်လန့် ကန့်လန့် ဝင်ပါရတာ။ ထားပါလေ ရှိစေ … ရှိစေ …

အဓိက,က ချစ်တဲ့သူချင်း ပေါင်းဆုံသွားရရင် ကျွန်မက အစမ်းသပ်ခံဖြစ်လည်း ကျေနပ်တာပဲ"

"မင်းလည်း ဖွတ်ငြင်းမနေနဲ့နော် မရ။ တစ်ခုခုကို သဘောပေါက်သင့်တယ်။ ခိုင်မြဲတစ်ယောက် အသုံးချခံဖြစ်သွားမှာကို သေမလောက်စိုးရိမ်နေတဲ့ မင်း ရင်ထဲမှာလည်း ဘာရှိ





တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် နည်းနည်းလောက် မဆန်းစစ်ကြည့်မိတော့ဘူးလား"

"ရှင် စပ်စုမနေနဲ့၊ ရှင်သာ ဇာနည်မကို နိုင်အောင်ထိန်းပေတော့။ ကျွန်မကတော့ လွှတ်ပေးလိုက်ပြီနော်"

သူက ရှုးချင်ယောင်ဆောင်ပြီး မဖြေသည့် မရကို တဟားဟားနှင့် အော်ရယ်လေသည်။

"ခြူးမရ … ခြူးမရ … မင်းဟာ တကယ်စိတ်ဝင်စားဖို့ ကောင်းတဲ့ ဘော်ဒါကြီးပါပဲကွာ။ ရည်းစားတွေထဲမှာတော့ မင်းက ချစ်ဖို့အကောင်းဆုံး ရည်းစားကြီးပါပဲ"

မရက သူ့အပြောကို မျက်စောင်းတစ်ချက် ထိုးတာ …

"ဟွန်း … လာကြောင်မနေနဲ့နော်၊ ပြောရရင် ဒီနေ့ဟာ ကျွန်မတို့ ရည်းစားဘဝက ပြတ်စဲတဲ့နေ့၊ အဲဒါကို သဘောပေါက်ရဲ့လား"

"ဟား ဟား … ပေါက်ပါတယ်ကွာ။ မင်းလို မိန်းကလေးမျိုးကို လေးစားလွန်းလို့ပါ။ အံ့သြစရာကြီးနော်၊ ဒီလို ပျော်ပျော်ရွှင်ရွှင်နဲ့ စစ်စစ်မှန်မှန် လမ်းခွဲတာမျိုး ဘယ်အတွဲတွေမှာ ရှိသေးလဲ မသိဘူး …



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးရည်းစားကနေ အချစ်ရဆုံး သူငယ်ချင်းအဖြစ် ပြောင်းလဲသွားပြီ။ အဲ ... အချစ်ဆုံးသူငယ်ချင်းလို့ ထင်ထားတဲ့တစ်ယောက်ကတော့ အချစ်ရဆုံးချစ်သူဖြစ်လာလိမ့်မယ်၊ လောကကြီးက ထင်မထားတာတွေချည်း ကျွေးတယ်ကွာ ...

ကိုယ်ဟာ ဇာနည့်ကို ပြန်ပိုင်ဆိုင်ရတာနဲ့ ထပ်တူ မင်းလို သူငယ်ချင်းကောင်းတစ်ယောက်ကို ထပ်ပိုင်ဆိုင်ရတာကိုပါ အရမ်းဝမ်းသာမိပါတယ် ...

မင်းကို တကယ်ကျေးဇူးတင်ပါတယ် မရ"

"ကျေးဇူးတင်ရင် ဇာနည့်အပေါ်မှာ သစ္စာရှိရှိနဲ့ ချစ်ပါ တိမ်လွှာ။ ဇာနည့်ကို ဘယ်လောက်ချစ်ကြောင်း တခြား မိန်းကလေးတွေနဲ့ ထပ်ပြီး မစမ်းသပ်ပါနဲ့တော့"

"အာ ... အေးပါကွာ အေးပါ။ မင်းလည်း လှုပ်ရှားတော့ လေ။ တို့တွေ တစ်နေ့နေ့မှာ စုပြီး ဆုံကြရအောင်"

"ရှင်တို့နှစ်ယောက်ပဲ ပျော်ရွှင်မှုရဲ့အရသာကို အပြည့်အဝ ခံစားလိုက်ကြပါဦး တိမ်လွှာရယ်၊ အေးအေးဆေးဆေးပေါ့ ကဲ ... ကျွန်မ သွားတော့မယ်"

မရက လက်ပြပြီး နှုတ်ဆက် ထွက်ခွာလာလျှင် တိမ်လွှာက ပြုံးကာ ကျန်ရစ်ခဲ့သည်။ အားလုံး ပြီးစီးသွားပြီး





စိတ်ချမ်းသာသွားသော မရရဲ့မျက်နှာသည် လောကကြီးကို ကျေနပ်မှုအပြည့်ဖြင့် လျှောက်လာခဲ့သည်။ တစ်ခါတစ်ရံမှာ အချစ်ဟာ သံယောဇဉ်ကို မတော်လှန်နိုင်တာမျိုး ရှိတတ်သည်။ သံယောဇဉ်တွေ အရမ်းများနေသောအခါ အချစ်သည် တော်တော်နှင့် ခေါင်းပြူမထွက်နိုင်ချေ။

တချို့က သံယောဇဉ်တွေကြောင့် ချစ်သွားကြသည်။ တချို့က ချစ်သောကြောင့် သံယောဇဉ်တွေ ဖြစ်သွားကြသည်။ သံယောဇဉ်မှာ အချစ်မရှိ၍ဖြစ်သော်လည်း အချစ်မှာတော့ သံယောဇဉ်တွေရှိပါမှ မြဲမြံနိုင်လိမ့်မည်။ ဤသည်ကား ခြွင်းမရနိုင်၏ ဒဿနပင် ဖြစ်တော့သည်။

❥❖❥



www.burmeseclassic.com

www.burmeseclassic.com



## တစ်လခန့်ကြာသော...



## ၁၆

မရသည် တိမ်လွှာနှင့်ပျော်ရွှင်စွာ၊ ပြီးတော့ အမိပွာယ် ရှိစွာ လမ်းခွဲပြီးသည့်နောက်ပိုင်းတွင် ခိုင်မြနှင့် မတွေ့တော့ချေ။ မတွေ့ဖြစ်ဆို မရကလည်း သူ့ထံသို့ မသွားသလို ခိုင်မြကလည်း မရဆီ မလာပါ။ မရကတော့ စာမေးပွဲလည်း နီးနေသဖြင့် အခု မှ စာတွေကျုံးလုပ်နေရတာလည်းပါသည်။ စာမေးပွဲကိုပဲ ခေါင်း ထဲထည့်ထားကာ ကျန်တာတွေ ဘာမှမစဉ်းစားနိုင်ချေ။

စာမေးပွဲပြီးတော့မှပဲ ခိုင်မြဆီ အေးအေးဆေးဆေး သွားတော့မည်ဟူသော အတွေးပေါ်လာသဖြင့် သူ့ကို ခေါင်းထဲက ခဏထုတ်ထားလိုက်ရသည်။ သို့သော် သူ ကိုယ့်ဆီ ရောက်မလာ တာကိုတော့ နည်းနည်းအံ့အားသင့်ရပါသည်။ စာနည်ထိပ်အား



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စနဲ့ပတ်သက်ပြီး မရကို စိတ်ပုပ်မ ဟုထင်ကာ စိတ်များနာသွားပြီလား။ အဲဒီလိုထင်မယ် ဆိုရင်တော့ မရ တကယ် စိတ်မကောင်းချေ။

သူ မရကို အထင်တော့ လွဲနေမှာပါပဲ။ မတတ်နိုင်တော့ချေ။ မရမှာ သူ့ကို သက်သေပြစရာ ဖြေရှင်းစရာစကားတွေကတော့ အဆင်သင့်ရှိသည်။ တော်ကြာ မသွားဘဲနေလျှင် ကိုယ်ကပဲ မဟုတ်တာလုပ်ထားသည့်သဘောမျိုး ဖြစ်မှာစိုးသဖြင့် စာမေးပွဲပြီးဆုံးသွားသော နောက်တစ်နေ့တွင်ညနေပိုင်း၌ မရက သူတို့အိမ်သို့ ထွက်လာခဲ့သည်။

ပင်လယ်ပြင်တွင် မုန်တိုင်းရှိသဖြင့် အယ်လ်နီညိုဝင်နိုင်သည်ဟု မိုးလေဝသမှ ကြေငြာထားသောကြောင့် ရာသီဥတုမှာ နည်းနည်း လွမ်းမောစရာ ကောင်းနေသည်။ ဒီမုန်တိုင်းပြီးသွားလျှင်တော့ မိုးကလည်း မရတို့ကို အပြီးတိုင် နှုတ်ဆက်လက်ပြသွားတော့မည်ဟု မရ ထင်သည်။ မရသည် ခပ်စိမ့်စိမ့်လေးအေးလာသော ရာသီဥတုကြောင့် လက်နှစ်ဖက်ကို တင်းတင်းပိုက်ကာ ပုံမှန်လမ်းလျှောက်လာခဲ့သည်။ မိုးလေပြည်သည် မရကို ပွတ်သပ်ကျီစယ်သွားသည်။ မရက ရုတ်တရက်ဆိုသလိုပင် ဇာနည်နဲ့ တိမ်လွှာကို ဖျတ်ခနဲ သတိရသွားသည်။





သံယောဇဉ်ကို အချစ်ဟု ဘာသာလွဲပြန်မိမှာ စိုးရိမ်သော ဇာနည်နှင့် အချစ်ကို သံယောဇဉ်လားဟု သံသယရှိခဲ့ဖူးသော တိမ်လွှာတို့သည် ခုချိန်မှာ ရင်ဘတ်ချင်း ဖလှယ်ပြီးသားဖြစ်သဖြင့် ပျော်ရွှင်စွာရင်ခုန်နေကြတော့မည်။ ဘာပဲပြောပြော စစ်မှန်စွာ ချစ်ကြသူချင်း ပေါင်းဆုံသွားသည့်အတွက် မရ ဝမ်းသာပါသည်။

တစ်ခါတစ်ရံမှာ တချို့အချစ်တွေသည် စမ်းသပ်စရာမလို။ ပီပီသသ ထင်ထင်ရှားရှားရှိသည်။ တချို့အချစ်တွေကတော့ ပုံမှားရိုက်တတ်သဖြင့် စစ်ဆေးကြည့်ဖို့တော့လိုပါသည်။ ယောက်ျားလေးတွေက အချစ်ကို ပုံစံနှစ်မျိုးနဲ့ စစ်ဆေးသတဲ့။ တိမ်လွှာကတော့ ပြောပြသွားသည်။ ခိုင်မြသာ ဆိုရင်ရော ဘယ်လိုစစ်ဆေးမှာပါလိမ့်။

"မရ"

လက်ပိုက်ရင်း အတွေးတွေ တလှေကြီးနှင့်အတူ ငိုက်စိုက် ငိုက်စိုက် လျှောက်လာသော မရသည် ခေါ်သံတစ်ခုကြောင့် ဆတ်ခနဲ ခေါင်းမော့ကြည့်လိုက်လျှင် ပူဆွေးသော အပြုံးတစ်ခုနှင့် စိုက်ကြည့်နေသော ခိုင်မြကို တွေ့လိုက်ရသည်။ ခိုင်မြနှင့် မရမှာ မျက်နှာချင်းဆိုင် တည့်တည့်အနေအထားဖြစ်လျက် လူချင်းက ရင်ဘတ်ချင်း တိုးမိဖို့ရာ တစ်ပေလောက်သာလိုတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေများ အတွေးနက်နေလို့ မျက်နှာချင်းဆိုင်က လူတစ်ယောက်လုံး လာတာတောင် မမြင်ရတာလဲ"

"အေး … ဒီလိုပါပဲဟာ၊ နင် ဘယ်သွားမလို့လဲ"

"နင့်ဆီလာနေတာလေ"

"ဟုတ်လား၊ ငါလည်း နင့်ဆီကို လာနေတာပဲ"

"ဒါပေါ့၊ ဆုံမှတ်နှစ်ခုက တစ်နေရာစီက ရွေ့လာရင် အမှတ်စက်တစ်ခုမှာ ဆုံမှာပဲလေ"

"ကဲပါ … အိုင်းစတိုင်းရယ်၊ လမ်းပေါ်မှာ မတ်တတ်ကြီး။ လာ … နင့်ကို ငါ ကြံ့ရည်တိုက်မယ်"

မရက မလှမ်းမကမ်းရှိ ကြံရည်ဆိုင်လေးသို့ ညွှန်ပြလိုက်လျှင် သူက ခေါင်းညိတ်ပြီး အသာတကြည်ပဲ လိုက်ပါလို့လာသည်။ သူရော မရရောသည် ဗာဒံပင်အောက်က ကြံရည်ဆိုင်လေးတွင် အတူထိုင်မိကြသည်။ သူက ကြံရည်နှစ်ခွက် တစ်ခွက်က သံပုရာသီးနှစ်စိပ်ညှစ်ပေးဟု မှာလိုက်ချိန်ဝယ် မရက ပြုံးမိသွားသည်။ တစ်လက်စတည်းမှာပဲ သူ မရကို စိတ်ဆိုးမနေဘူးဆိုတာကိုပါ နားလည်သွားပြီး ဖြစ်လေသည်။ ဒါပေမဲ့ မရက အဲဒါနဲ့ပဲ စကားကို စလိုက်သည်။

"ငါက နင် ငါ့ကို စိတ်ဆိုးနေတယ်လို့ ထင်နေတာ"

"ငါက နင့်ကို ဘာစိတ်ဆိုးရမှာလဲ"





"ဪ … ဓာနည်"

"တော်စမ်းပါဟာ"

သူက စကားကိုတောင် ဆုံးအောင် အပြောမခံဘဲ ဖြတ်ပြောသည်။ မရက သူ့ကို အလန့်တကြားကြည့်လိုက်လျှင် …

"နင် … ငါ့ကို အဲဒီလောက် လျှော့တွက်ထားတယ်ပေါ့ ဟုတ်လား"

"လျှော့တွက်တာတော့ မဟုတ်ဘူးပေါ့ဟာ။ ဒါပေမဲ့ ကြားထဲမှာ နင်က ငါ့ဆီမှ ပေါ်မလာဘဲ။ ဒီတော့ အခြေအနေက ပြောင်းလဲသွားပြီလို့ပဲ ထင်တာပေါ့"

"ငါမလာတာ နင် စာမေးပွဲနီးနေလို့ပါ"

သူက မပွင့်တပွင့် ပြောသည်။ မရက သူ့ကို မျက်စောင်းကြီးတစ်ခု အားရပါးရထိုးရင်း …

"အမယ်လေး … စာမေးပွဲက နောက်မှပါနော်။ နင် ပေါ်မလာတာ ရှေ့ထဲကပါ။ နင်နဲ့ငါ မတွေ့တာ တစ်လတောင် ကြာသွားပြီ"

"မဟုတ်ဘူး၊ သုံးဆယ့်ခြောက်ရက်ရှိပြီ"

သူ့အပြောကြောင့် မရက မျက်ခုံးပင့်သွားကာ ရင်ထဲမှာလည်း ပွစိပွစိ လှုပ်ရှားလိုလာခဲ့ပါသည်။ သူ့မျက်နှာသည်လည်း ခါတိုင်းလို မဟုတ်ဘဲ အရိပ်တစ်မျိုးဖြင့် လဲ့ဖြာလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် နင် ..."

မရက ဆက်မေးမည့်စကားကို မထွက်သော်လည်း သူက ခေါင်းတစ်ချက်ညိတ်ကာ ဆက်ဖြေပါသည်။

"ငါ့ကို ဇာနည်ထိပ်ထားက ပြောသွားတယ်ဟ။ ကိစ္စတစ်ခုကို ထင်ထင်ရှားရှား မမြင်နိုင်တော့ဘူးလို့ ကိုယ်ကိုယ်ကိုယ် ထင်တဲ့အခါမှာ နောက်ဆုတ်လိုက်တာ ကောင်းတယ်တဲ့။ ဘာလို့လဲဆိုတာ နောက်ဆုတ်ရင် ရှေ့ကို ပိုမြင်ရတယ်တဲ့လေ။ ဒီတော့ ငါလည်း ကိစ္စတစ်ခုကို ရှင်းရှင်းလင်းလင်း သိချင်တာနဲ့ သုံးဆယ့်ခြောက်ရက်လောက် နောက်ဆုတ်ကြည့်တဲ့ သဘောပါပဲ"

"ဟုတ်လား ... သုံးဆယ့်ခြောက်ရက် နောက်ဆုတ်ကြည့်တော့ ဘာတွေ့လဲ"

"အလွမ်းတွေ တွေ့တာပေါ့"

အဲဒီအပြော့ကြောင့် မရ ရင်ထဲ၌ ဒိုင်းခနဲ တစ်ချက်ဆောင့်ခုန်သွားသည်။ ရှေ့မှာ လာချပေးထားသော ကြံရည်ကို ဟန်မပျက် ပိုက်နဲ့ စုပ်သောက်နေသော်လည်း မရ ရင်ထဲမှာ လွင့်မျောမျော ဖြစ်ချင်နေသည်။

"တကယ်တော့ ငါက ဟိုးအစောကြီးတည်းက နောက်ဆုတ်ကြည့်နေခဲ့ပြီးသားပါ။ ငါ နောက်ဆုတ်ကြည့်လေလေ





နင့်ကို ချစ်နေတယ်ဆိုတာ ထင်ထင်ရှားရှား သိမြင်လာရလေလေပဲ မရရယ်"

"ခိုင်မြဲ နင် ဘာတွေ ပြောနေတာလဲ"

မရက ရှက်ကိုးရှက်ကန်း တစ်ချက် ထအော်လိုက်လျှင် သူက မရ နှလုံးသားကို နားလည်သော မျက်ဝန်းများဖြင့် ချော့မြှူလို့ လာလေသည်။

"ငါ ဘာတွေပြောနေလဲဆိုတာ နင် နားလည်ပါတယ် မရရယ်။ ဟန်ဆောင်ခြင်းဆိုတာ တို့နှစ်ယောက်ကြားမှာ မရှိသင့်ပါဘူး ...

တကယ်တော့လေ အချစ်မှာ စိတ်တူကိုယ်တူ ချစ်မိတယ်ဆိုတာ မဟုတ်ဘူး။ အမှန်တော့ စိတ်မတူ ကိုယ်မတူလို့ ချစ်မိကြတာ ...

တကယ်တမ်း နင် ပြန်စဉ်းစားကြည့်စမ်း၊ နင်နဲ့ စိတ်တူတာ ဘယ်သူလဲ၊ မင်းတိမ်လွှာပဲပေါ့။ နင်က မိန်းကလေးဖြစ်နေလို့သာ အချစ်ကို သူ့လို မစမ်းသပ်တာ ...

ငါနဲ့ စိတ်တူတာက ဇာနည်ထိပ်ထားပဲ။ ဇာနည်ဟာ တိမ်လွှာ့ကို သံယောဇဉ်ရှိတယ်လို့ပဲ ထင်တယ်။ အဲဒါဟာ အချစ်လို့ သူ လက်မခံဘူး။ သေချာသိချင်တဲ့အတွက် တိမ်လွှာ့ရဲ့ အချစ်ကို ငြင်းပစ်လိုက်တယ်၊ နောက်ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ်။ အဲဒီမှာ သူ့နှလုံးသားသူ ပြန်မြင်လာရတယ်၊ ငါလည်း အဲဒီလိုပဲ ...

နှင့်ကို ချစ်မိနေတာ ကြာလှပြီပဲ မရရဲ့။ ဒါပေမဲ့ ငါကလည်း ငါ့ကိုငါ မယုံဘူး။ ဒါကြောင့် ငါ့ရင်ထဲက တစ်စုံတစ်ရာဟာ သူငယ်ချင်းသံယောဇဉ်လား အချစ်လား ငါ့ကိုယ်ငါ ဝေခွဲနေခဲ့ရတာပါ"

မရသည် ခိုင်မြဲ့ရဲ့ စကားတွေကြောင့် ရင်ဘတ်ထဲမှာ နင့်သွားရပါသည်။ မချင့်မရဲလည်း ဖြစ်သွားမိကာ ...

"ခိုင်မြဲရယ် ... အချစ်မှာ နောက်ကျလို့ မရဘူးဆိုတာ နင် မသိဘူးလား။ တကယ်လို့များ အချစ်ကို ဆုံးရှုံးသွားခဲ့ရင် နင် ဘယ်လိုဖြေမှာတဲ့လဲ"

ခိုင်မြဲက အဓိပ္ပာယ်ရှိစွာ ပြုံးကာ ...

"ဆုံးရှုံးတယ်ဆိုတာ ဘာကိုပြောတာလဲ။ ကိုယ့်ရင်ဘတ်ထဲက အချစ်တစ်ခုက ဆုံးရှုံးစရာအကြောင်းရှိလို့လား။ ဆုံးရှုံးတယ် ပိုင်ဆိုင်တယ် ဆိုတာထက် ကိုယ့်ရင်ဘတ်ထဲက အချစ်တစ်ခုက အချစ်စစ်ဖြစ်နေဖို့သာ အရေးကြီးတာပါဟာ ...

နင် မကြားဖူးဘူးလား မရ။ အချစ်စစ်မှန်ရင် မဝေးဘူးတဲ့။ ကဲ ... ဘယ်လိုလဲ"





သူက တစ်သက်နဲ့တစ်ကိုယ် မလုပ်ဖူးစွာ မျက်စိတစ်ဖက်ကို မှိတ်ပြလျက်ပြောလျှင် မရသည် အံကိုကြိတ်ကာ မျက်ရည်တွေ လှဲလာရလေသည်။ သူ့ကိုလည်း မျက်စောင်းတစ်ချက် ကျိတ်ထိုးရင်းမှ ...

"သွား ... ကြောင်"

"မသွားပါရစေနဲ့ဟာ။ မရ နင်နဲ့ မတွေ့ရတဲ့ရက်တွေမှာ လေ နင့်ကို ငါ အရမ်လွမ်းတာပဲဟာ သိလား"

"အပိုတွေ ပြောမနေစမ်းပါနဲ့။ လွမ်းရင် နင် လာတွေ့လို့ရတာပဲ"

"ဟား ... အဲဒီအလွမ်းက တန်ဖိုးကြီးလွန်းလို့ ထွေးပိုက်ထားရတာဟ။ တို့နှစ်ယောက်ကြားမှာရှိတဲ့ သံယောဇဉ်ကြီးက နက်ရှိုင်းလွန်းတဲ့အခါမှာ ...

တော်ရုံအံလွမ်းက အနားကို မကပ်နိုင်ဘူး။ လွမ်းတယ်ဆိုတာ ဘာမှန်းမသိဘူး ဖြစ်နေတယ်။ တစ်ခါတလေကျတော့လည်း အရမ်းချစ်တဲ့အခါမှာ မလွမ်းမိတော့ဘူး။ ရင်ထဲမှာ အမြဲရှိနေတာကိုး ...

ကဲ ... မှန်မှန်ဖြေ၊ နင်ရော အခုတစ်ခေါက် ငါ့ကို မလွမ်းဘူးလား ပြော"



www.burmeseclassic.com

www.burmeseclassic.com

မရသည် သူ့ကို နက်ရှိုင်းစွာ တစ်ချက်စိုက်ကြည့်ပြီးနောက် မျက်နှာလွှဲကာ ကြည်ကြည်နူးနူးလေး ရယ်မိလေသည်။ ပြီးတော့မှ လက်ညှိုးကို ရေဆွတ်ကာ စားပွဲပေါ်တွင် လွမ်းတယ်ဟူသော စာလုံးကို ရေးဖို့ပြင်လိုက်သည်။ သို့သော် လ,အက္ခရာကိုပဲ ရေးရသေးကာ ဆက်မရေးနိုင်တော့ချေ။

အဘယ်ကြောင့်ဆိုသော် သူက မရရဲ့လက်ဖမိုးလေးကို ခပ်ဖွဖွလေး လာရောက်ဆုပ်ကိုင်လိုက်သောကြောင့် ဖြစ်လေသည်။

BURMESE CLASSIC .com

ဆုမြတ်မွန်မွန်
12:25 (P.M)
March. 25th. 2008

www.burmeseclassic.com